The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 39
တနင်္လာနေ့တိုင်းထုတ်ဝေသည်
October 12 , 2015



# ရွာထဲရောက်အောင် တိုးဝင်လာတဲ့ ကမ္ဘာ

လေ့လာရေးရွာသားတစ်ဦး ၂၀

## မဲခေါင်သိပ္ပံ မှသည် မြန်မာနိုင်ငံသို့

MEKONG INSTITUTE DEVELOPMENT & COOPERATION

NEW ZEALAND FOREIGN AFFAIRS & TRADE Aid Programme

၁၄

Hitachi နှင့် SEM တို့ပူးပေါင်း၍ အရည်အသွေးမြင့် ထရန်စဖော်မာ (Amorphous Transformer) များကို ထုတ်လုပ်မည် ၁၅

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအလွန်ကာလ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အခြေအနေ ဆွေးနွေးပွဲကျင်းပ ၁၃

# The Commerce Journal

## တွင်

## ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်

## ကြော်ငြာခနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅" × ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |




**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) – ၀၉ ၇၃၀၅၅၃၅၃၁

ဂျာနယ်တိုက် – ၀၁– ၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

# ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Trade Development Programme-TDP) စတင်ခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အဖွင့်အမှာစကားပြောကြား




ဥရောပသမဂ္ဂအဖွဲ့(EU) နှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်းကူညီထောက်ပံ့သည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် Trade Development Programme (TDP)လုပ်ငန်းစဉ် စတင်ခြင်းအခမ်းအနားကို အောက်တိုဘာ ၆ ရက်တွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TDP)သည် မြန်မာနိုင်ငံအတွက် များစွာအကျိုးအမြတ်ရရှိမည်ဟု အခိုင်အမာယုံကြည်မျှော်လင့်မိပါကြောင်း၊ EU အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်ခဲ့သည့် နှစ်နှစ်ခန့်မှစ၍ စီမံချက်ထားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု TDP လုပ်ငန်းစဉ်တွင် EU နှင့် ဂျာမနီနိုင်ငံတို့မှ ယူရိုငွေ ၁၀ ဒသမ ၅သန်း အကူအညီပေး၍ GIZ မှ အောင်မြင်စွာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရသစ်တက်လာပြီးနောက် မြန်မာနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှု အဝန်းအဝိုင်းတွင် တက်ကြွစွာ ပြန်လည်ပါဝင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုးတက်မှုများလည်းရှိပါကြောင်း၊ Public Sector နှင့် Private Sector များအနေဖြင့်ကုန်လွန်ခဲ့သည့် နှစ်များအတွင်း ထိတွေ့မှု အားနည်းခဲ့သည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ TDPအနေဖြင့် ကုန်သွယ်မှု မူဝါဒ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ကုန်သွယ်မှု မြှင့်တင်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေး၊ အစားအသောက် လုံခြုံစိတ်ချရမှု၊ စားသုံးသူကာကွယ်ရေး၊ အရည်အသွေးစံချိန်စံညွှန်းကိစ္စများကို အဓိကပံ့ပိုးကူညီအထောက်အကူပြုသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် TDP လုပ်ငန်းစဉ်များကို အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊TDP သည် အကျိုးရှိပြီးထိရောက်သည့် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး၊ မိမိတို့အနေဖြင့် TDP လုပ်ငန်းစဉ်မှတစ်ဆင့် နိုင်ငံတကာကုန်သွယ်မှု အသိုင်းအဝိုင်းတွင် အပြည့်အဝ ပူးပေါင်းပါဝင်၍ ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသွားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂအဖွဲ့မှ သံအမတ်ကြီးဖြစ်သူ H.E Mr. Roland Kobia က ၂၀၁၄ ခုနှစ်၌ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုသည် တိုးတက်မှုရှိခဲ့ပါကြောင်း ဥရောပသမဂ္ဂ၏ ရည်ရွယ်ချက်ဖြစ်သောကုန်သွယ်မှု ပိုမိုကျယ်ပြန့်လာစေရန်နှင့် ကုန်သွယ်မှုစနစ်မှအကျိုးအမြတ်ရရှိစေရေးကို အကောင်အထည်ဖော်နိုင်ရန် ဥရောပသမဂ္ဂမှ နည်းပညာ အထောက်အပံ့ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှလည်း ကုန်စည်နှင့် ဝန်ဆောင်မှုပေးစေလိုပါကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် Win–Win Situation သို့ ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဆက်လက်ပြောကြားခဲ့ပါသည်။

ထို့နောက်ကုန်သွယ်မှုအတားအဆီးများ၊ နယ်စပ်ထိန်းချုပ်မှုများနှင့် အကောက်ခွန်လျှော့ချရန် လိုအပ်နေခြင်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂသည် အလွန်ကြီးမားသောဈေးကွက်ဖြစ်ပြီး ထိုဈေးကွက်သို့ ဝင်ရောက်နိုင်ရန်အတွက် သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်ညီညွတ်မှုစသည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံမှုရှိရန် ကြိုးပမ်းသင့်ပါကြောင်း၊ ထိုမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ သက်ဆိုင်ရာကဏ္ဍများအတွက် လိုအပ်သော ဓာတ်ခွဲခန်းများ ထောက်ပံ့ပေးမည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း လွတ်လပ်စွာရပ်တည်နိုင်သော အနေအထားသို့ရောက်ရှိစေရေး ကြိုးပမ်းရာတွင်လိုအပ်သောအကူအညီများကို ဆက်လက်ကူညီဆောင်ရွက်မည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) ၏ Head of Programme ဖြစ်သူ Ms. Irina Scheffmann က TDP လုပ်ငန်းစဉ်နှင့်ပတ်သက်၍လည်းကောင်း၊ TDP၏ Team Leader ဖြစ်သူMr.Frits Hendirks က TDP လုပ်ငန်းစဉ်အသေးစိတ်အားလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ဥရောပသမဂ္ဂအဖွဲ့ (EU) နှင့် ဂျာမနီသမ္မတနိုင်ငံတို့ ပူးပေါင်း၍ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Trade Development Programme-TDP) ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ TDP အစီအစဉ်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဘောင် (FESR) ၏ရည်မှန်းချက်အတွက် အကောင်အထည်ဖော်လျက်ရှိသည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ လူမှုရေးနှင့် စီးပွားရေး၊ ကုန်သွယ်မှုကဏ္ဍတို့အား ဦးစားပေးထောက်ပံ့လျက်ရှိသည့် EU၏ထောက်ပံ့ကူညီပေးမှု မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် TDP ကိုဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Trade Development Programme (TDP) အစီအစဉ်တွင် ကုန်သွယ်မှုမူဝါဒနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများ၊ ကုန်သွယ်မှုလွယ်ကူလျင်မြန် ချောမွေ့စေရေးနှင့် အကောက်ခွန်ဆိုင်ရာကိစ္စများ၊ အစားအသောက် ဘေးကင်းလုံခြုံမှုနှင့် အပင်၊ လူနှင့် တိရစ္ဆာန်တို့အတွက် ပိုးမွှားကင်းစင်ကျန်းမာသန့်ရှင်းမှုဆိုင်ရာကိစ္စများ၊ အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Trade Development Programme (TDP) လုပ်ငန်းစဉ် စတင်ခြင်းအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့် ဆက်စပ်နေသောဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့မှ သံအမတ်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ (Trade Sector Working Group- TSWG) နှင့် Trade Development Programme(TDP) တွင်ပါဝင်သည့် ဆက်စပ်ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအခြေစိုက် သံရုံးများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူကိုယ်စားလှယ်များစုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇာနည်(WTO)**

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေးဌာနခွဲ၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၇)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ညီလာခံခန်းမ၊ ပဥ္စမထပ်၊ ရန်ကုန်တိုင်းဒေသကြီးရုံးအမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၌ အောက်တိုဘာလ ၁၆ ရက် (သောကြာနေ့)၊ နံနက် ၀၉:၃၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၃၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.39 Monday October 12 2015

# ရန်ကုန်ဆန်စျေးကွက်မှာ ပေါ်ဆန်းနှင့်ဆန်ကြမ်း စျေးတန့်သလို အရောင်းအဝယ်လည်း ပါးနေ

ရန်ကုန်ဆန်စျေးကွက်သို့ နယ်စုံမှ ဆန်မျိုးစုံ တစ်ရက်ကိုပျမ်းမျှအိတ်ရေ ၄၀၀၀၀ နီးပါးဝင်ရောက်နေပြီး၊ အဲဒီအထဲမှာ မိုးဆန် (သစ်) တွေလည်း အိတ်ရေ ရာဂဏန်းမျှဝင်ရောက်လာကြောင်းသိရပါတယ်။ ပေါ်ဆန်းဆန် ကတော့ မြို့တွင်းမှာ စားသုံးသူများတာကြောင့် အရောင်းရော၊ အဝယ်ပါ ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ် အနေဖြင့် ဖျာပုံပေါ်ဆန်း (ထိပ်စ) တစ်အိတ်ကို ၃၈၅၀၀ ကျပ်၊ ဖျာပုံ(ပေါ်ဆန်း) (လတ်စ) တစ်အိတ်ကို ၃၇၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်း (အောက်စ) တစ်အိတ်ကို ၃၆၀၀၀ ကျပ် စျေးဖြင့် လည်းကောင်း၊ မြောင်းမြပေါ်ဆန်း (ထိပ်စ) တစ်အိတ်ကို ၄၀၀၀၀ ကျပ်၊ မြောင်းမြပေါ်ဆန်း (လတ်စ) တစ်အိတ်ကို ၃၉၅၀၀ ကျပ်၊ မြောင်းမြ (ပေါ်ဆန်း) အောက်စတစ်အိတ်ကို ၃၉၀၀၀ ကျပ်စျေးဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဆန်ချော ပေါ်ဆန်းအနေဖြင့် အရောင်းရော၊ အဝယ်ပါ ပုံမှန်ရှိပေမယ့် စျေးအနေဖြင့် အတက်အကျမရှိဘဲ စျေးတန့် နေကြောင်း စျေးကွက်အတွင်းမှသိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ ၂၅ မှတ်ဆန်အနေဖြင့် တရုတ်လိုင်းကလည်း စျေးမကိုက်သလို ပြည်တွင်းဖြုန်းအားကလည်း ပါးတာကြောင့် ဆန်ကြမ်းစျေးက အေးနေသလို အရောင်းအဝယ်လည်း ပါးနေကြောင်းသိရပါတယ်။ လတ်တလော အရောင်းအဝယ်ဖြစ်နေတဲ့စျေးက ဧည့်မထ ၂၅ မှတ် တစ်အိတ် (လတ်စ) ကို ၂၀၅၀၀ ကျပ်စျေးဖြင့် စျေးတန့်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်း၊ လက်ရှိစျေးကွက်သို့ မိုးဆန်(သစ်)တွေ အိတ်ရေ ၁၀၀ ခန့်ဝင်ရောက်လာပြီး၊ ဒီလကုန်ရင်တော့ အဝင်ပိုလာနိုင်ပြီး အဟောင်းလည်း အဟောင်းစျေး၊ ဆန်သစ်လည်း ဆန်သစ်ပေါက်စျေးနှင့် အရောင်းအဝယ်ဖြစ်နိုင်ပေမယ့် စျေးကဆက်လက်အေးနိုင်ဖွယ်ရာရှိကြောင်း စျေးကွက်အတွင်းမှသိရပါတယ်။

**MIRT-YGN**



# စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်းနဲ့ ကုန်သွယ်ရေးစခန်းများမှ ဆန်တန်ချိန် ငါးသောင်းကျော်နဲ့ ဆန်ကွဲတန်ချိန် တစ်သောင်းငါးထောင်ကျော်တင်ပို့

ဆန်တင်ပို့မှု ပြန်လည်ခွင့်ပြုပြီးနောက် စက်တင်ဘာလ အတွင်း ပင်လယ်ရေကြောင်းမှ ကန်ဒေါ်လာ ၂ ဒသမ ၁၂ သန်းဖိုးရှိ ဆန်တန်ချိန် ၅၂၃၉ တန်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံတွေကတော့ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ အီးယူနိုင်ငံများဖြစ်ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုအခြေအနေကို ကြည့်ပါက စက်တင်ဘာလလယ် ပြန်လည်တင်ပို့ခွင့်ပြုချိန် လကုန်အထိမှ ကန်ဒေါ်လာ ၁၅ ဒသမ ၀၃၅ သန်းဖိုးရှိ ဆန်တန်ချိန် ၄၄၉၈၅ တန်ကျော်ကို မြန်မာ-တရုတ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။

စခန်းအလိုက် တင်ပို့မှုအခြေအနေကိုကြည့်ပါက မူဆယ် ၁၀၅ မိုင်မှ ငစိန်ဆန် ၆၈၂၁ တန်၊ ဧည့်မထဆန် ၂၂၉၁၇ တန်၊ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် ၁၀၀၄၆ တန်ကျော်၊ ချင်းရွှေဟော်စခန်းမှ ဧည့်မထဆန် တန် ၅၂၀၀ ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းနဲ့ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုစုစုပေါင်းမှာ ဆန်တန်ချိန် ၅၀၂၂၄ တန် ဖြစ်ပါတယ်။

ဆန်ကွဲတင်ပို့မှုကတော့ ပင်လယ်ရေကြောင်းမှ ဆန်ကွဲ ၅၇၄၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၆၇၅ သန်းနဲ့ ကုန်သွယ်ရေးစခန်းများမှ ဆန်ကွဲ ၉၃၂၉ တန်ခန့်၊ တန်ဖိုး ကန်ဒေါ်လာ ၃ ဒသမ ၀၆၄ သန်းဖိုး ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းမှ ဆန်ကွဲကို တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ အီးယူနိုင်ငံများကို တင်ပို့ခဲ့ပြီး၊ ကုန်သွယ်ရေးစခန်းမှ တင်ပို့မှုကတော့ မူဆယ် ၁၀၅ မိုင်မှ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။

နည်းလမ်း နှစ်မျိုးနဲ့ ဆန်ကွဲတင်ပို့မှု စုစုပေါင်း ၁၅၀၆၉ တန်ခန့်ဖြစ်ကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၈-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၅၉ | ၃၇၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၀ | ၃၇၂ | △ | ၃၂၅ | ၃၂၅ | □ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၃ | ၃၆၀ | △ | ၃၁၅ | ၃၁၅ | □ | ၃၁၅ | ၃၁၅ | □ | ၂၉၀ | ၂၉၀ | □ |
| ပေါင်းဆန် | ၃၄၀ | ၃၄၀ | □ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၈-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၃၀ | ၅၃၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၉-၁၀-၂၀၁၅) ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၆၀ | △ | ၂၄၀၀၀ | □ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | △ | ၂၃၀၀၀ | □ | ၈၃၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၂၀၀ | □ | ၂၂၅၀၀ | ▽ | ၁၃၅၀၀ | ▽ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၇၅၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၈၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၈၀၀ | □ | ၂၅၈၀၀ | ▽ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၂၀၀၀ | □ | ၈၂၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | ▽ |
| ဘားအံ | ၅၅၀၀ | □ | ၂၄၅၀၀ | □ | - | - | ၃၀၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၉၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်စျေးများ ဖြစ်ပါသည်။

# ရွှေဘိုခရိုင်အတွင်း စက်တင်ဘာ စတုတ္ထပတ်အထိ ရွှေဘိုပေါ်ဆန်းမွှေး စပါးကေ သုံးသိန်းကျော် စိုက်ပျိုးခဲ့

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်းမိုးစပါး စိုက်ရန်လျာထားဧက ၈၅၆၇၀၀ အနက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ စတုတ္ထပတ်အထိ ၈၄၉၇၀၉ ဧက စိုက်ပျိုး နိုင်ခဲ့ပြီး၊ မြို့နယ်အလိုက်စိုက်ပျိုးမှုမှာ ရွှေဘို ၁၁၃၄၄၅ ဧက၊ ဝက်လက် ၁၄၀၉၈၉ ဧက၊ ခင်ဦး ၁၀၀၈၃၅ ဧက၊ ရေဦး ၈၇၀၁၂ ဧက၊ တန့်ဆည် ၉၉၀၆၃ ဧက၊ ဒီပဲယင်း ၁၂၆၂၁၃ ဧက၊ ကန့်ဘလူ ၁၄၇၀၀၇ ဧက၊ ကျွန်းလှ ၃၁၂၀၂ ဧကနှင့် ကျောက်မြောင်း ၃၉၄၃ ဧကတို့ဖြစ်ကြပါတယ်။

စပါးမျိုးကွဲအလိုက် စိုက်ပျိုးမှုမှာ ရွှေသွယ်ရင် ၁၄၈၆၄၁ ဧက၊ မနောသုခ ၂၅ ဧက၊ IR ၇၄၇ ၂၉၁၁၃ ဧက၊ ပုလဲသွယ် ၄၅၇ ဧက၊ ရာမင်း ၂၆၉၆၁၁ ဧက၊ မနော်ဟရီ ၇၈၄၅၇ ဧကနှင့် ရွှေဘိုပေါ်ဆန်းမွှေး ၃၂၃၄၀၅ ဧက စိုက်ပျိုးခဲ့ပြီး ရွှေဘိုပေါ်ဆန်းမွှေးစပါးမျိုးမှာ အများဆုံးစိုက်ပျိုးထားကြောင်း သိရပါတယ်။

ရွှေဘိုခရိုင်အနေဖြင့် ရွှေဘိုပေါ်ဆန်းမွှေးစပါး ၃၂၃၄၀၅ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ခရိုင်စိုက်ပျိုးမှု လျာထားချက် ၈၅၆၇၀၀ ဧကအပေါ် ၃၇ ဒသမ ၇၅ ရာခိုင်နှုန်း စိုက်ပျိုးထားကြောင်း တွေ့ရပါတယ်။ ရွှေဘိုမြို့နယ်အနေဖြင့် ရွှေဘိုပေါ်ဆန်းမွှေး ၈၉၃၈၀ ဧက စိုက်ပျိုးပြီး၊ မိုးစပါးလျာထားချက် ၁၁၈၈၅၀ ဧကအပေါ် ၇၅ ဒသမ ၂၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဝက်လက်မြို့နယ်တွင် ရွှေဘိုပေါ်ဆန်းမွှေးစပါးဧက ၇၃၃၆၃ စိုက်ပျိုးပြီး၊ မိုးစပါးလျာထားချက် ၁၄၅၀၀၀ ဧကအပေါ် ၅၀ ဒသမ ၆၀ ရာခိုင်နှုန်း၊ ခင်ဦးမြို့နယ်တွင် ရွှေဘိုပေါ်ဆန်းမွှေးစပါးဧက ၆၂၃၄၉ စိုက်ပျိုးပြီး၊ မိုးစပါးလျာထားချက် ၁၀၀၈၀၀ ဧကအပေါ် ၆၁ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဒီပဲယင်းမြို့နယ်တွင် ရွှေဘိုပေါ်ဆန်းမွှေး စပါးဧက ၅၄၄၈၁ စိုက်ပျိုးပြီး၊ မိုးစပါးလျာထားချက် ၁၂၉၄၈၅ ဧကအပေါ် ၄၂ ဒသမ ၀၇ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ကြောင်း သိရပါတယ်။

ရွှေဘိုပေါ်ဆန်းမွှေးဆန်မှာ နေပြည်တော်၊ ရန်ကုန်မြို့များတွင် စျေးကွက်ဝင်ဆန်ဖြစ်၍ ရွှေဘိုခရိုင်တွင်းရှိ မြို့နယ်များတွင် တစ်နှစ်ထက်တစ်နှစ်ပို၍ စိုက်ပျိုးလာကြောင်း လေ့လာသိရှိရပါတယ်။

**ညိုညို-ရွှေဘို**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၁၀-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂/၁၀ | ၉/၁၀ | ပြောင်းလဲမှု | ၂/၁၀ | ၉/၁၀ | ပြောင်းလဲမှု | ၂/၁၀ | ၉/၁၀ | ပြောင်းလဲမှု | ၂/၁၀ | ၉/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၄၇၀ | ၃၈၄၆ | ▲ | - | - | - | ၃၃၀၀ | ၃၃၅၀ | ▲ | - | ၃၅၀၀ | - |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | ၁၇၅၀ | ၁၇၅၀ | ■ | - | ၃၃၅၀ | - |
| ၃ | ပဲတီစိမ်း | ၂၃၆၅ | ၂၅၀၀ | ▲ | ၂၁၈၇ | ၂၀၄၄ | ▼ | ၂၃၁၆ | ၂၃၆၀ | ▲ | ၁၉၅၀ | ၂၀၅၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၂၀၀ | ၂၂၅၀ | ▲ | - | - | - | - | - | - | ၁၇၁၀ | ၁၇၉၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၄၀၀ | ၁၄၁၅ | ▲ | ၁၃၃၃ | - | - | - | - | - | ၁၂၁၀ | ၁၁၆၀ | ▼ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၅၅ | ▲ | ၉၆၀ | ၉၄၂ | ▼ | - | ၈၄၂ | - | ၈၀၀ | ၇၁၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၉-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁/၁၀ | ၈/၁၀ | ပြောင်းလဲမှု | ၁/၁၀ | ၈/၁၀ | ပြောင်းလဲမှု | ၁/၁၀ | ၈/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၇၀ | ၁၈၂၀ | ▲ | ၁၅၅၆ | ၁၇၆၅ | ▲ | ၁၆၇၈ | ၁၆၁၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၄၀၀ | ၁၅၇၀ | ▲ | ၁၅၈၇ | ၁၇၀၄ | ▲ | ၁၅၈၇ | ၁၇၀၁ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၈၀ | ■ | ၁၁၄၄ | ၁၁၆၄ | ▲ | ၁၂၆၆ | ၁၃၀၅ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၈၀၁ | ၈၄၀ | ▲ | ၇၅၉ | ၈၀၂ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၂၆·၉·၁၅)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၃·၁၀·၁၅)ထိ | ပြည်ပတင်ပို့မှု (၁·၄·၁၅) မှ (၃·၁၀·၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၃၃၅၉ | ၄၃၄၇ | ၃၇၀၈၆၇ |
| ပဲတီစိမ်း | ၂၀၂၄ | ၂၉၁၉ | ၉၈၅၃၂ |
| ပဲစင်းငုံ | ၈၈ | ၄ | ၁၁၁၄၉၅ |
| ကုလားပဲ | - | ၁၆ | ၂၃၁၄၂ |
| ပဲလွန်းဖြူ | ၁၆၇ | ၁၄၃ | ၁၁၅၈၀ |
| မြေထောက်ပဲ | ၃၅၄ | ၂၆၆ | ၁၁၁၉၉ |

## ကလေး၊ တမူးမြို့နယ်များသို့ ဆောင်းမြေပဲစိုက်ပျိုးရန် မျိုးမြေပဲများ ထောက်ပံ့ရန်စီစဉ်ဆောင်ရွက်နေ

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့လမ်းညွှန်မှုဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရသည့် ကလေး၊ တမူးခရိုင်အတွင်း၌ မြေပဲအစားထိုး စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနမှ သိရှိရပါတယ်။

ပံ့ပိုးမည့်စိုက်ဧကများမှာ ကလေးမြို့နယ်တွင် ၇၂၂ ဧက၊ တမူးမြို့နယ်တွင် ၈၀၃ ဧက စုစုပေါင်းဧက ၁၅၂၅ ဧကစာအတွက် မျိုးမြေပဲတင်းပေါင်း တစ်ဧက ၆ တင်း နှုန်းဖြင့် ၉၁၅၀ တင်း ဆောင်းစိုက်အမှီ ပံ့ပိုးသွား မည်ဖြစ်ကြောင်းသိရပါတယ်။

မျိုးမြေပဲများကို အရာတော်၊ ရွှေဘို၊ မြောင်မြို့နယ်များမှ ထွက်ပေါ်လျက်ရှိပြီး မိုးမြေပဲမျိုးများမှ စိုက်ပျိုးရန် သင့်တော်မည့်မျိုးများ ဝယ်ယူရေးအတွက် ကော်မတီအဖွဲ့များဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

အရာတော်၊ ရွှေဘို၊ မြောင်မြို့နယ်များတွင် စိုက်ပျိုးသော မိုးမြေပဲများမှာ မကွေး ၁၁၊ ဆင်းပဒေသာ ၁၁၊ SP ၁၂၁ မျိုးများဖြစ်ပြီး၊ မျိုးမြေပဲတစ်တင်းဈေးမှာ အရည်အသွေးအလိုက် ၁၂၀၀၀ ကျပ်၊ ၁၅၀၀၀ ကျပ်၊ ၁၆၀၀၀ ကျပ် ဈေးအသီးသီး ဖြစ်ပေါ်လျက်ရှိကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

## မန္တလေးကုန်စည်ဒိုင်မှာ ပဲ၊ ပြောင်း၊ နှမ်းအများစု ဈေးမာပေမယ့် အရောင်းအဝယ်အေးလျက်ရှိ

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း )မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) သီးနှံစုံအမယ်ပေါင်း ၈၀ ကျော် အရောင်းအဝယ်ဖြစ်တဲ့အနက် အရောင်းအဝယ်အသွက်လက်ဆုံးပဲ၊ ပြောင်း၊ နှမ်းများရဲ့ ၂၀၁၅ ခုနှစ်အတွင်း အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများနဲ့ ယခု ၂၀၁၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများ အရောင်းအဝယ်ဖြစ်မှုပမာဏကို နှိုင်းယှဉ်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
|---|---|---|---|---|---|---|---|---|---|---|
| ပဲတီစိမ်းကြီး | ၁၉၇၃ | ၁၆၈၉ | ၁၈၆၇ | - | ၂၁၈၇ | ၂၁၃၃ | ၂၁၃၃ | ၁၉၇၃ | ၁၉၅၆ | ၂၂၂၂ * |
| ပဲတီစိမ်းရွှေဝါ | - | ၁၉၃၈ | ၂၀၄၄ | ၂၁၅၁ | - | ၂၂၇၆ * | - | - | - | - |
| ပဲလွန်းဖြူ | ၁၀၈၃ | ၁၀၆၇ | ၁၀၆၇ | ၁၁၆၇ | ၁၀၀၀ | ၂၃၁၁ * | ၁၁၆၇ | ၁၁၆၇ | ၁၃၃၃ | ၁၃၃၃ |
| ပဲကြီး | ၁၃၅၇ | ၁၀၈၆ | ၁၃၅၇ | ၁၂၈၅ | ၁၂၃၁ | ၁၃၃၉ | ၁၆၂၉ | ၁၈၁၀ | ၁၉၀၀ | ၁၉၀၀ * |
| ပဲနီပြား | ၉၅၀ | ၉၉၅ | ၁၀၈၆ | ၁၁၄၀ | ၈၈၇ | ၉၀၅ | ၁၀၆၈ | ၁၁၇၆ | ၁၁၇၆ | ၁၂၆၇ * |
| ပဲပုပ်(ရှမ်း) | ၉၀၁ | ၈၈၃ | ၈၄၅ | ၉၃၉ | ၉၀၁ | ၈၄၁ | ၈၆၄ | ၁၀၅၂ * | ၉၉၅ | ၉၉၅ |
| ပဲပုပ် (ဗမာ) | ၁၀၁၄ | ၈၄၅ | ၉၃၉ | ၉၁၁ | ၉၁၁ | ၉၁၁ | ၉၃၉ | ၁၁၈၃ * | ၁၀၃၃ | ၁၀၅၂ |
| ပဲယင်း | ၁၀၆၇ * | ၈၅၀ | ၈၆၇ | ၈၆၇ | ၇၆၇ | ၈၀၀ | ၈၃၃ | ၈၆၇ | ၈၃၃ | ၉၁၇ |
| ထောပတ်ပဲ | ၁၆၀၀ * | ၁၁၀၂ | ၁၂၀၉ | ၁၀၃၁ | ၉၇၈ | ၉၀၇ | ၉၂၄ | ၁၀၂၂ | ၉၉၆ | ၁၀၁၃ |
| နိုင်လွန်ပဲ | - | ၁၀၃၀ | ၈၉၅ | ၈၉၅ | ၈၇၈ | ၈၇၈ | ၈၇၈ | ၁၀၆၃ | ၁၀၆၃ | ၁၀၉၇ * |
| မြေထောက်ပဲ | ၁၁၆၇ | ၁၁၀၂ | ၁၀၉၃ | ၁၀၃၇ | ၁၁၈၅ | ၁၀၇၄ | ၁၁၃၀ | ၁၂၉၆ * | - | ၁၁၃၀ |
| မတ်ပဲ | ၁၄၃၃ | ၁၂၆၇ | ၁၄၁၇ | ၁၅၅၀ | ၁၈၈၃ | ၂၃၃၃ | ၂၁၆၇ | ၂၁၈၃ | ၂၅၃၃ | ၃၃၆၇ * |
| ကုလားပဲဖြူကြီး | ၈၅၆ | ၈၀၃ | ၉၃၄ | ၉၂၆ | ၁၁၇၉ | ၁၂၂၃ | ၁၂၁၄ | ၁၄၄၁ | ၁၆၂၄ * | - |
| ကုလားပဲထိုင်ဝမ် | ၇၈၂ | ၇၄၇ | ၉၀၇ | ၉၀၇ | ၁၁၇၃ | ၁၂၄၄ | ၁၃၃၃ | ၁၄၅၈ | ၁၆၀၀ | ၁၇၇၈ * |
| ပဲစင်းငုံနီ | ၁၂၉၂ | ၁၃၃၃ | ၁၄၅၈ | ၁၅၇၈ | ၁၈၆၇ | ၂၁၃၃ | ၂၀၀၀ | ၂၂၅၀ | ၂၆၆၇ * | ၂၆၆၇ * |
| ပဲစင်းငုံနီရွှေ(ဖြူ) | ၁၂၅၈ | ၁၃၅၀ | ၁၄၅၈ | ၁၅၉၂ | ၁၈၈၃ | ၂၁၅၀ | ၂၁၃၃ | ၂၂၅၀ | - | - |
| ပြောင်းဖူးစေ့(ရှမ်း) | ၃၆၅ | ၄၃၃ | ၃၇၀ | ၃၉၄ | - | ၅၂၈ | ၅၀၉ | ၅၉၃ * | ၅၉၃ | ၄၃၅ |
| ပြောင်းဖူးစေ့ (ဗမာ) | ၃၅၇ | ၃၇၀ | ၃၄၃ | - | ၄၁၇ | ၄၆၃ | ၄၈၁ | - | - | - |
| ပြောင်းဖူးစေ့ (စီပီ) | ၃၇၀ | ၃၈၀ | ၃၇၀ | ၃၉၄ | ၄၅၄ | ၅၃၇ | ၅၀၉ | ၆၁၁ * | ၆၀၂ | ၄၃၅ |
| အထွက်တိုးပြောင်း | ၃၈၇ | ၄၁၅ | ၃၉၆ | ၄၄၃ | ၄၇၂ | ၅၀၀ | ၅၂၈ | ၆၀၄ | ၆၂၃ * | ၆၂၃ * |
| ဆန်ပြောင်း | ၃၅၄ | ၄၁၄ | ၄၀၅ | ၄၃၉ | ၄၅၆ | ၄၆၄ | ၄၇၃ | ၄၉၈ | ၅၄၉ | ၅၅၇ * |
| နှမ်းဖြူ | ၂၅၇၈ | ၂၃၃၃ | ၂၂၆၇ | ၂၂၈၉ | ၂၄၄၄ | ၂၄၄၄ | ၂၄၀၀ | ၂၄၈၉ | ၂၆၆၇ * | ၂၅၅၆ |
| နှမ်းညို | ၂၁၁၁* | ၂၀၆၇ | ၂၀၀၀ | ၁၉၇၈ | ၂၀၆၇ | ၂၀၃၃ | ၁၈၄၄ | ၂၀၀၀ | ၂၀၈၉ | ၂၀၄၄ |
| နှမ်းနက် | ၃၆၆၇ | ၂၃၅၆ | ၃၅၅၆ | ၄၂၂၂ * | ၂၀၀၀ | ၂၀၀၀ | ၃၃၃၃ | ၄၂၂၂ * | ၃၇၇၈ | ၃၆၆၇ |
| နှမ်းနက်(စမုံ) | ၄၆၆၇ | ၄၅၅၆ | ၄၄၄၄ | ၄၇၇၈ | ၄၆၆၇ | ၄၆၆၇ | ၄၃၇၈ | ၄၄၄၄ | ၄၉၅၆ * | ၄၈၈၉ |
| ပန်းနှမ်း | ၁၀၈၉ | ၁၁၄၄ | ၁၂၆၇ | ၁၄၆၇ | ၁၈၀၀ | ၂၄၄၄ | ၂၂၂၂ | ၂၈၈၉ | ၂၆၆၇ | ၂၈၈၉ * |
| မြေပဲဆန်(S1 ) | ၂၅၅၀ | ၂၂၀၀ | ၂၃၅၀ | ၂၄၅၀ | ၂၅၇၅ | ၂၇၂၅ | ၃၂၀၀ | ၄၀၀၀ * | ၂၉၀၀ | ၂၈၀၀ |

*** လတ် အမြင့်ဆုံးဈေးနှုန်းဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။**

ပြည်ပ (တရုတ်) ဝယ်လက်၊ ပြည်တွင်းရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်းဝယ်လက်များ ဝယ်ယူမှုသွက်လက်လျက်ရှိတဲ့ ပဲတီစိမ်းကြီးရဲ့ ဈေးနှုန်းမှာ တစ်နှစ်တာကာလအတွင်း အမြင့်ဆုံးဈေးနဲ့ ယခုအပတ်မှာ တစ်ပိဿာ တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ၁၃၆၀၇၁၁ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းရွှေဝါမှာ ပစ္စည်းပြတ်နေတာကြောင့် အရောင်းအဝယ်မရှိသလောက် ရှားပါးနေပါတယ်။ ယခုတစ်ပတ်မှာ ပဲလွန်းဖြူတစ်ပိဿာ ၁၃၃၃ ကျပ် (တစ်တန် ၈၁၆၃၁၆ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်နေပေမယ့် ယခုနှစ် ဇွန်လရဲ့ ဈေးနှုန်းအောက် ၉၇၈ ကျပ် (တစ်တန် ၅၉၈၉၁၇ ကျပ်) ဈေးအေးသွားကြောင်း သိရပါတယ်။

အောက်တိုဘာလ ပထမပတ်မှာ အမြင့်ဆုံးဈေး (တစ်နှစ်လုံးလအလိုက်)နဲ့ အရောင်းအဝယ်ဖြစ်တဲ့ ပဲများမှာ ပဲကြီး၊ ပဲနီပြား၊ နိုင်လွန်ပဲ၊ မတ်ပဲ၊ ကုလားပဲ(ထိုင်ဝမ်)နဲ့ ပဲစင်းငုံနီတို့ဖြစ်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ပဲကြီးတစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲနီပြား တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၇၈ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့်၊ နိုင်လွန်ပဲ တစ်ပိဿာ ၁၀၉၇ ကျပ် (တစ်တန် ၆၇၁၇၇၂ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀ ခန့်၊ မတ်ပဲ တစ်ပိဿာ ၃၃၆၇ ကျပ် (တစ်တန် ၂၀၆၁၉၁၇ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော်၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန် ၁၀၈၈၈၂၉ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲစင်းငုံနီ တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန် ၁၆၃၃၂၄၄ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ကျန်ပဲများဖြစ်သော ပဲပုပ်၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲနှင့် ကုလားပဲဖြူလုံးကြီးများရဲ့ အရောင်းအဝယ်ဖြစ်မှုနဲ့ ဈေးနှုန်းများမှာ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၉၉၅ ကျပ် (တစ်တန် ၆၀၉၃၂၈ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၅၂ ကျပ် (တစ်တန် ၆၄၄၂၃၄ ကျပ်)နဲ့ ပဲပုပ် နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၉၁၇ ကျပ် (တစ်တန် ၅၆၁၅၆၂ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၂၀ ခန့်၊ ထောပတ်ပဲတစ်ပိဿာ ၁၀၁၃ ကျပ် (တစ်တန် ၆၂၀၃၅၂ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၁၃၀ ကျပ် (တစ်တန် ၆၉၂၀၀၁ ကျပ်)နဲ့ ဈေးဖွင့်ထားပေမယ့် အရောင်းအဝယ်နည်းပါးလျက်ရှိပါတယ်။

ပြောင်းဖူးစေ့များဖြစ်တဲ့ ပြောင်းဖူးစေ့ (ရှမ်း) နဲ့ ပြောင်းဖူးစေ့ (စီပီ)များမှာ ယခင်ဩဂုတ်လဈေးနှုန်းအောက်နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပြောင်း (ရှမ်း) နဲ့ ပြောင်းဖူးစေ့ (စီပီ) နှစ်မျိုးစလုံး တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန် ၂၆၆၃၉၀ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀၀ ကျပ်၊ အထွက်တိုးပြောင်း တစ်ပိဿာ ၆၂၃ ကျပ် (တစ်တန် ၃၈၁၅၁၉ ကျပ်)နဲ့ ယခုနှစ် တစ်နှစ်တာကာလအတွင်း အမြင့်ဆုံး ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်သလို ဆန်ပြောင်းမှာလည်း တစ်ပိဿာ ၅၅၇ ကျပ် (တစ်တန် ၃၄၁၁၀၁ ကျပ်)နဲ့ တစ်နှစ်တာကာလအတွင်း အမြင့်ဆုံးဈေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံများရဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ပထမပတ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ နှမ်းညို တစ်ပိဿာ ၂၀၄၄ ကျပ် (တစ်တန် ၁၂၅၁၇၂၅ ကျပ်)၊ နှမ်းဖြူ တစ်ပိဿာ ၂၅၅၆ ကျပ် (တစ်တန် ၁၅၆၅၂၆၉ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၆၆၇ ကျပ် (တစ်တန် ၂၂၄၅၆၃၄ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၈၈၉ ကျပ် (တစ်တန် ၂၉၉၃၉၇၅ ကျပ်)နဲ့ အဆိုပါနှမ်း ၄ မျိုး နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ ဒေသတွင်း ဆီစက်နဲ့ ရန်ကုန်ဝယ်လက်အဆွဲရှိတဲ့ ပန်းနှမ်းမှာ တစ်ပိဿာ ၂၈၈၉ ကျပ် (တစ်တန် ၁၇၆၉၁၉၅ ကျပ်)နဲ့ ယခုတစ်နှစ်တာကာလအတွင်း အမြင့်ဆုံးဈေးနဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပြည်ပ (တရုတ်) ဝယ်လက်နဲ့ ဒေသတွင်း ဆီစက်များမှ ပုံမှန်ဝယ်ယူမှုရှိနေတဲ့ မြေပဲဆန် (S1 လုံးဆန်)မှာ တစ်ပိဿာ ၂၈၀၀ ကျပ် (တစ်တန် ၁၇၁၄၆၉၂ ကျပ်)နဲ့ ဈေးအနည်းငယ်အေးပေမယ့် နေ့စဉ် သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပဲ၊ ပြောင်း၊ နှမ်းများရဲ့ ဈေးနှုန်းများက တစ်နှစ်တာကာလအတွင်း စက်တင်ဘာလနဲ့ အောက်တိုဘာလများမှာ အမြင့်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ယခင်နှစ် စက်တင်ဘာလနဲ့ အောက်တိုဘာလမှာ ပြောင်းဖူးစေ့ မျိုးစုံ နေ့စဉ်သုံးတင်းအိတ် ၁၀၀၀၀ ကျော်မှာ အရောင်းအဝယ်ဖြစ်ပေမယ့် ယခုနှစ်မှာ ၂၀၀၀ ကျော်မျှသာ အရောင်း အဝယ်ဖြစ်ကြောင်း၊ နှမ်းရောင်စုံများမှာမူ ပုံမှန်အရောင်းအဝယ်ရှိကြောင်း ကုန်သည်ကြီးတစ်ဦးက ပြောကြားခဲ့ပါတယ်။

**စိုးအောင်-မန္တလေး**

Vol: 15, No.39 Monday October 12 2015

## ပြည်လက်လီဈေးကွက်မှာ ပဲနီပြား အရောင်းအဝယ်သွက်

ယခုလဆန်းရက် ပြည်လက်လီပဲဈေးကွက်မှာ အရာင်းအဝယ်သွက်နေတဲ့ပဲကတော့ ပဲနီပြားသီးနှံဖြစ်ပါ တယ်။ တစ်ရက်လျှင် အိတ် ၄၀ မှ ၅၀ ကျော်ထိ လက်လီသမား အဝယ်သွက်နေခဲ့ပါတယ်။ ယခင်လက လဆန်းရက်မှာ တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ပြီး၊ လလယ်မှစလို့ လက်ကျန်နည်းလို့ ဈေးမြင့်လာခဲ့ကာ ယခုချိန်ထိ ၎င်းဈေးအတိုင်း တစ်တင်း ၂၄၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်ကလည်း တစ်တင်းကျပ် နှစ်သောင်းအထက် ရရှိခဲ့လို့ ယခုနှစ် ပဲနီပြားဈေးနှုန်းဟာ ယခင်နှစ်ထက် ဈေးမပိုခဲ့သော်လည်း ဈေးလျော့နည်းသွားခြင်းမျိုး မရှိခဲ့ဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာစားတော်ပဲ (ကနေဒါ) ဈေးကွက် အဝင်သွက်ပေမယ့်ဈေးကျ

မုံရွာကုန်စည်ဒိုင် အောက်တိုဘာပထမပတ် စားတော်ပဲဈေးကွက်မှာ ဒေသတွင်း လက်လီအသုံးသာမက ကုလားပဲအစားထိုးအဖြစ် လုပ်ငန်းသုံးသမားတွေ အဝယ်လိုက်ခဲ့လို့ပြီးခဲ့တဲ့လတုန်းက တစ်တင်း ၂၉၀၀၀ ကျပ်အထိ အမြင့်ဈေးရောက်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ အိန္ဒိယနဲ့ တရုတ်ဘက်က ပဲအဝင်သွက်လာခဲ့တဲ့အတွက် ဈေးအနည်းငယ်ကျသွားခဲ့ရာ တစ်တင်း ၂၅၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်ကဆိုပါတယ်။

ကုလားပဲနဲ့အသုံးပြုရတဲ့ ကြာဆံသမားတွေအနေနဲ့ ကုလားပဲက ပစ္စည်းရှား၊ ဈေးမြင့်နေလို့ ဈေးသက်သာပြီး၊ ပစ္စည်းပေါတဲ့ စားတော်ပဲကို အချိုးအစားအနည်းငယ်ရောစပ်ဖို့ ဝယ်လိုအားရှိခဲ့သလို၊ ပဲကြော်သမားတွေကတော့ ကုလားပဲအစားစားတော်ပဲကို အစားထိုးအသုံးပြုကြတဲ့အတွက် အခုလိုဝယ်လိုအားကောင်းနေခြင်းဖြစ်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

မုံရွာဈေးကွက်ထဲမှာ စားတော်ပဲ (ကနေဒါ) ပစ္စည်းပေါနေပေမယ့် ပေါက်ဈေးအရ လုပ်ငန်းသုံးသမားတွေ ဝယ်လိုအားတိုးခဲ့တဲ့အတွက် တစ်ရက်အိတ် ၃၀၀ မှ ၄၀၀ကြားသာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဒိုင်ရပ်ကွက်ကသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲပုပ် ဈေးပိုလာသော်လည်း ယခင်နှစ်ဈေးထက်လျော့နေ

ယခု အောက်တိုဘာလဆန်းတွင် ပဲဈေးကွက်၌ ပဲသီးနှံများအားလုံးလိုလို လက်ကျန်နည်းသွားပြီဖြစ်လို့ လက်လီသမား ဝယ်လက်အနည်းငယ်နှင့်အရောင်းအဝယ်ဖြစ်နေတဲ့ ပဲပုပ်သီးနှံဟာ တစ်ရက် ၁၀ အိတ်ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

စက်တင်ဘာလအတွင်း တစ်တင်း ၁၇၅၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်ထိ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲပုပ်သီးနှံဟာ ယခုလအစမှာ ၁၉၀၀၀ ကျပ်ဖြင့် ဈေးအနည်းငယ်မြင့်လာခဲ့သလို ယခင်လက ဈေးကွက်မှာ ဈေးအနိမ့်ဆုံးရတဲ့ပဲဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ထောပတ်ပဲသီးနှံထက် ဈေးပိုရလာကြောင်း သိရပါတယ်။ ယခင်နှစ်က အောက်တိုဘာလဈေးနှုန်းမှာ တစ်တင်း ၂၁၀၀၀ ကျပ်ရရှိလို့ ယခုနှစ် ပဲဈေးအေးတဲ့နှစ်ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## အောက်တိုဘာ ပထမပတ် ပခုက္ကူကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ရှုခင်း

အောက်တိုဘာ ပထမပတ် ပခုက္ကူကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံများအနေနဲ့ စွန်တာနီ (ကျွန်း)၊ နှမ်းနက် (ဂွ)၊ ပြောင်းဖူးစေ့ (စီပီ)၊ နှမ်းညို၊ နှမ်းနက်၊ ပဲယင်း(မြစ်ခြေ)၊ ပဲတီစိမ်း (သေး)၊ နှမ်းနက် (ယော)၊ နှမ်းဝါ (ယော)၊ ကုလားပဲဝါ စသည်တို့ အရောင်းအဝယ်ဖြစ်နေတာကို လေ့လာတွေ့ရှိရပါတယ်။

**စွန်တာနီ (ကျွန်း)**

တစ်ပိဿာ ၉၀၅ ကျပ်၊ တစ်တင်း ၁၇၂၀၀ ကျပ်ပါ၊ ယခင်နှစ်များမှာ တစ်တင်း ၁၅၀၀၀ ကျပ် အထက် မှာလည်း ရှိနေခဲ့တာဆိုတော့ ဒီနှစ်အဖို့ ဈေးမြောက်နေတယ်လို့ သုံးသပ်ရမှာပါ။

**နှမ်းနက်မျိုးစုံ**

နှမ်းနက်ဆိုတာ နှမ်းနက်၊ နှမ်းနက် (ဂွ)၊ နှမ်းနက် (ယော)၊ နှမ်းဝါ (ယော)၊ နှမ်းညိုဆိုပြီး သုံးမျိုးသုံးစား အရောင်းအဝယ်ဖြစ်နေတာကို လေ့လာရပါတယ်။

| | | | | | |
|---|---|---|---|---|---|
| ၁။ | နှမ်းနက် (ဂွ) | တစ်ပိဿာ | ၂၇၀၀ ကျပ် | တစ်တင်း | ၄၀၅၀၀ ကျပ် |
| ၂။ | နှမ်းနက် | တစ်ပိဿာ | ၃၇၂၅ ကျပ် | တစ်တင်း | ၄၉၁၀၀ ကျပ် |
| ၃။ | နှမ်းနက်(ယော) | တစ်ပိဿာ | ၃၂၆၅ ကျပ် | တစ်တင်း | ၄၈၉၇၅ ကျပ် |
| ၄။ | နှမ်းညို | တစ်ပိဿာ | ၂၀၀၀ ကျပ် | တစ်တင်း | ၃၀၀၀၀ ကျပ် |
| ၅။ | နှမ်းဝါ(ယော) | တစ်ပိဿာ | ၂၁၆၅ ကျပ် | တစ်တင်း | ၃၂၄၇၅ ကျပ် |

နှမ်းရောင်စုံအနေနဲ့ သုံးသပ်ရရင် ရောင်စုံနှမ်းခင်းအကြားမှာ ဈေးနှုန်းလိပ်ပြာမြင့်မြင့်ပျံသန်းနေတာကြောင့် ဈေးကောင်းနေတယ်လို့ ပြောရမှာပါ။

**ပြောင်းဖူးစေ့ (စီပီ)**

ပြောင်းဖူးစေ့ (စီပီ) အနေနှင့် ယခုအရောင်းအဝယ်ဖြစ်နေတာ တစ်ပိဿာ ၄၄၅ ကျပ်၊ တစ်တင်း ၈၀၀၀ ကျပ်၊ ပြောင်းဖူးစေ့အနေနဲ့ တစ်တင်း ၁၀၀၀၀ ကျပ်ကျော်ကနေ ပြန်လည်ဈေးဆင်းလာတယ်လို့ သုံးသပ်ရမှာ ဖြစ်ပေမယ့် ယခင်နှစ်များကလည်း တစ်တင်း ၇၀၀၀ ကျပ်-၇၅၀၀ ကျပ်-၈၀၀၀ ကျပ် တစ်ပတ်လည်မှာ ဆိုတော့ နှိုင်းယှဉ်ကြည့်ရင် မဆိုးဘူးလို့ ပြောရမှာပါ။

**ပဲယင်း(မြစ်ခြေ)**

တစ်ပိဿာ ၉၃၀ ကျပ်၊ တစ်တင်း ၁၈၆၀၀ ကျပ်ပါ၊ သူလည်းဘဲ ယခင်နှစ်များနှင့် ယှဉ်ရင်တော့ အမြင့်ဈေးမှာ ရပ်တည်နေတယ်လို့ ပြောရမှာပါ။

**ပဲတီစိမ်း (သေး)**

တက်ရိပ်တစ်ဆက်တည်း ပြနေပါတယ်။ စက်တင်ဘာလအတွင်းက တစ်ပိဿာ ၂၂၀၀ ကျပ်၊ တစ်တင်း ၄၄၀၀၀ ကျပ်နဲ့ ဈေးစွာနေခဲ့ရာမှ အောက်တိုဘာလအတွင်းမှာ တစ်ပိဿာ ၂၄၀၀ ကျပ်၊ တစ်တင်း ၄၈၀၀၀ ကျပ်အထိ ဈေးမြင့်တက်လာပါတယ်။ ယခုအနေအထားမှာ မြိုင်၊ ရေစကြိုကထွက်နေတာလို့ လေ့လာသုံးသပ်ရပါတယ်။ ပဲတီစိမ်းထွက်ရှိမှု များလာသလို ဝယ်လိုအားလည်း ရှိနေတာကြောင့် အပြိုင်ဆွဲကြရင်း တစ်တင်းကို ကျပ် ၄၈၀၀၀ ရှိနေတာလို့ သိရပါတယ်။

**ကုလားပဲဝါ**

တစ်ပိဿာ ၁၇၉၀ ကျပ်၊ တစ်တင်း ၃၄၀၀၀ ကျပ်ပါ၊ ကုလားပဲတစ်တင်း ယခင်နှစ်က ၁၅၀၀၀ ကျပ်-၁၇၀၀၀ ကျပ် တစ်ပတ်လည်ရှိနေတာကနေ ဒီနှစ်ဈေးမြင့်လာတာကို တွေ့ရပါတယ်။ အရောင်းအဝယ် သဘောတရားအရ ဝယ်လိုအားမြင့်တက်လာတာကြောင့် လို့ သုံးသပ်ကြပါတယ်။

အောက်တိုဘာ ပထမအပတ် ပခုက္ကူကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ရှုခင်းကတော့ ပြီးပြည့်စုံအောင် လှပနေတယ်လို့ ပြောရမှာပါ၊ ပဲမျိုးစုံ၊ နှမ်းမျိုးစုံ၊ ကုန်စိမ်း၊ စားဖိုဆောင်သုံးသီးနှံ၊ ကြက်သွန်နီ စသည်ဖြင့် အတက်ဈေး၊ အထက်ဈေးနှင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ အရောင်းအဝယ်ရဲ့ သဘောတရားထွက်ရှိမှု၊ ဝယ်လိုအား ဈေးကွက်၊ တောင်းဆိုမှုဆိုတာတွေ ပြည့်စုံနေလေတော့ ပခုက္ကူကုန်စည်ဒိုင်ရဲ့ အရောင်းအဝယ်ရှုခင်း ပြီးပြည့်စုံစွာ လှပနေကာ အရောင်းအဝယ်ရဲ့ မင်္ဂလာပါလို့ ပြောပါရစေ။

**မြင့်ဦး-ပခုက္ကူ**

## ဈေးအနည်းငယ်အေးသွားသလို အရောင်းအဝယ်လည်းအေးနေတဲ့ မန်းဒိုင်မှပြောင်းဖူးစေ့မျိုးစုံ

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ အနယ်နယ်အရပ်ရပ်မှ သီးနှံကုန်သည်၊ ပွဲစား၊ စက်ပိုင်များလာရောက် အရောင်းအဝယ်ပြုပြီး ၎င်းတို့အနက် ပြောင်းဖူးစေ့များ အသစ်ဝင်ရောက်ပေမယ့်လည်း အရောင်းအဝယ်အေးလျက်ရှိပါတယ်။

စက်တင်ဘာလ နောက်ဆုံးပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၄၄ ကျပ်၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၄၄ကျပ်၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၅၄ ကျပ်၊ အထွက်တိုးပြောင်း တစ်ပိဿာ ၆၄၂ ကျပ်၊ ဆန်ပြောင်း တစ်ပိဿာ ၅၇၄ ကျပ်နဲ့ အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခင်လကာလတူ ဩဂုတ်လ နောက်ဆုံးတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၆၁၁ ကျပ်၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၅၇၄ ကျပ်၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၆၂၀ ကျပ်၊ ထွက်တိုးပြောင်း တစ်ပိဿာ ၆၂၃ ကျပ်၊ ဆန်ပြောင်းတစ်ပိဿာ ၅၂၃ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခင်လကာလတူနဲ့ ဈေးနှုန်းနှိုင်းယှဉ်ပါက ဈေးအေးသွားကြောင်း သိရပါတယ်။

ပြောင်းဖူးစေ့တွေ အသစ်ပေါ်လာလို့ ဈေးအေးသွားခြင်း မဟုတ်ကြောင်း၊ အရည်အသွေး ကောင်းပါက ဈေးကောင်းပေးပြီး ဝယ်နေကြောင်း၊ အခုအချိန်မှာ အရည်အသွေးကောင်းပေမယ့် အစိုဓာတ်များနေရင်တော့ ဈေးချပြီး ဝယ်ရမှာဖြစ်ကြောင်း၊ အစိုဓာတ် ကျဆင်းအောင် နေလှန်းအခြောက်ခံတဲ့အခါ လုပ်သားခစရိတ်၊ သိုလှောင်မှုစရိတ်နဲ့ သီးနှံအလေးချိန် လျော့နည်းမယ့်စရိတ်တို့ကို တွက်ချက်ပြီး ဝယ်ယူနေရကြောင်း၊ ယခုလလယ် (၂၀၁၅ ခုနှစ် စက်တင်ဘာလလယ်) မှစတင်ပြီး ပြောင်းဖူးဈေးနှုန်း တရိပ်ရိပ် ကျဆင်းလျက်ရှိကြောင်း၊ လှောင်လက်များ၊ တရုတ်ဝယ်လက်များနဲ့ တိရစ္ဆာန်အစာစပ်လုပ်ငန်းများမှ ဝယ်ယူသို လှောင်လိုပေမယ့် သီးနှံအစိုဓာတ်များနေတာကြောင့် ဝယ်ယူဖို့ လက်တွန့်နေသလို ယခုရက်ပိုင်းမှာလည်း မန္တလေးမှာ နေ့စဉ်နီးပါး မိုးရွာသွန်းတာကြောင့် အခက်အခဲအနည်းငယ်ရှိကြောင်း ကုန်သည်ပွဲစားကြီးတစ်ဦးမှ ပြောကြားခဲ့ပါပါတယ်။

ဈေးအေးသော်လည်း မန်းကုန်စည်ဒိုင်တွင် နေ့စဉ် ပြောင်းမျိုးစုံ သုံးတင်းအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

**၅-၁၀-၂၀၁၅ မှ ၉-၁၀-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 210 | 9,076,955.175 |
| 2 | Form D | 27 | 1,046,345.370 |
| 3 | Form E | 80 | 1,062,407.650 |
| 4 | Korea GSP | 1 | 40,200.000 |
| 5 | Form AK | 93 | 3,914,785.930 |
| 6 | Form AJ | 7 | 226,508.030 |
| 7 | Form AI | 39 | 2,019,094.910 |
| 8 | Form AANZ | 1 | 3,063.600 |
| 9 | Form DFTP | - | - |
| Grand Total | | 458 | 17,389,360.665 |

## ချင်း



### အောင်ပန်းချင်း ပြည်တွင်းသုံး အရောင်းအဝယ်သွက်

အောင်ပန်းဈေးကွက်မှာ ချင်းအသစ်တွေ အဝင်လှိုင်ပေမယ့် ဟိုပုံးချင်းကတော့ အဝင်လုံးဝမရှိသေးပါဘူး၊ ဒီဇင်ဘာ၊ ဇန်နဝါရီမှသာ အဝင်ရှိတော့မယ်လို့ သိရပါတယ်။ အဝင်မရှိသလို လက်ကျန်လည်းမရှိတာကြောင့် ဈေးကွက်မှာလည်း အရောင်းအဝယ်မရှိတော့ဘူးလို့ သိရပါတယ်။ ဟိုပုံးချင်းက အထွက်နည်းပြီး အရည်အသွေးလည်း ကောင်းတာကြောင့် ပေါ်ပြီးတာနဲ့ သိပ်မကြာခင်မှာ ပစ္စည်းပြတ်လေ့ရှိပါတယ်။ ပြည်ပဝယ်လက် မရှိရင်တောင် ဒေသသုံး ပြည်တွင်းသုံးတွေက အဝယ်များတာကြောင့် ပေါ်ပြီးတာနဲ့ ကုန်လေ့ရှိပါတယ်။ ချင်းခြောက်လည်း လက်ကျန်မရှိတော့လို့ ဈေးကွက်မှာ အရောင်းအဝယ်မရှိတော့ပါဘူး။

အောင်ပန်းဈေးကွက်မှာတော့ ချင်းအသစ်ဝင်ရောက်မှု များနေပါတယ်။ ငါးရက်တစ်ဈေးကို ပိဿာချိန် ၇၀၀၀၊ ၈၀၀၀ ခန့် အဝင်ရှိနေတယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် အခုအချိန်ထိတော့ ပြည်ပဝယ်လက်က မရှိသေးပါဘူး၊ ပြည်တွင်းသုံး ဝယ်လက်တွေဖြစ်တဲ့ ချင်းထိုးသမားတွေကသာ အဝယ်ရှိနေပြီး အမြဲတမ်းဝယ်လက်ဖြစ်တဲ့ ရန်ကုန်၊ ပြည်၊ မုံရွာ၊ မကွေး၊ စတဲ့ မြို့တွေက ဝယ်ယူနေလို့ တစ်ပတ်အတွင်း ချင်းပိဿာချိန် ၈၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ချင်းအသစ်က တစ်ပိဿာ ၄၀၀ ကျပ်မှ ၅၀၀ ကျပ်၊ ချင်းဥမက ၆၀၀ ကျပ်မှ ၇၀၀ ကျပ်ရှိပြီး၊ ချင်းခြောက်ကတော့ ၂၈၀၀ ကျပ်၊ ၃၀၀၀ ကျပ် ဈေးရှိတယ်လို့ အောင်ပန်းပွဲရုံတွေက သိရပါတယ်။ **ဧခိုင်-တောင်ကြီး**

### နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ချင်းစို တင်ပို့မှု လျော့ကျ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း ကန်ဒေါ်လာ ၃၀၄၀ တန်ဖိုးရှိ ချင်းစို ၄ တန်သာ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က စစ်တွေမှ ၈ တန်၊ တာချီလိတ်မှ တန် ၃၀ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ချင်းစိုတင်ပို့မှု လျော့ကျသွားခဲ့ပါတယ်။ စက်တင်ဘာလ တစ်လလုံး နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ချင်းစို တန်ချိန် ၈၀ နဲ့ ချင်းခြောက် ၂၁ တန် တင်ပို့မှုရှိခဲ့တယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်။ **မော်မော်အောင်**

### ပြည်ချင်းဈေးကွက်ဈေးငြိမ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ချင်းဥမများ ကျန်ရှိနေသေးသည့်အတွက် အောင်ပန်းနှင့်တောင်ကြီးဘက်တွင် ချင်းတက်များပေါ်ထွက်နေပြီးဖြစ်သော်လည်း အဝင်ကတော့ နည်းနေပါသေးတယ်။ ချင်းဥမက အထားခံပေမယ့် ချင်းသစ်ကတော့ အပုပ်မြန်တဲ့အတွက် အထားမခံလို့ မှာယူတင်သွင်းမှုနည်းနေပါတယ်။ ပွဲရုံများသို့ ချင်းတက်အသစ်များ ပိဿာ ၃၀ ဝင်အိတ် ၂၀ ခန့်အဝင်ရှိပြီး ယခင်အပတ်များထက် အဝင်နည်းသွားပါတယ်။

ချင်းဥမ တစ်ပိဿာကို ၁၃၀၀-၁၅၀၀ ကျပ်၊ ချင်းတက် တစ်ပိဿာ ၁၀၀၀-၁၂၀၀ ကျပ်ဈေးရှိပြီး၊ ချင်းဓါးလှီးသမားများ လက်လီ၊ လက်ကားရောင်းဝယ်သူများနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်သို့ တင်ပို့မှုအပါအဝင် ပွဲရုံများ၌ ပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ယခင်ကာလများထက် အရောင်းပါးလျက်ရှိကြောင်း သိရပါတယ်။ **ဝင်းဝင်းခိုင်-ပြည်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၁၆ တန်ခန့်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂ ရက်အတွင်းကန်ဒေါ်လာ သုည ဒသမ ၀၉၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်ခန့် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၉ တန်ခန့် လျော့နည်းခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်က ယခုတစ်ပတ်အတွင်း တင်ပို့နိုင်ခြင်းမရှိခဲ့ပေမဲ့၊ ယခင်တစ်ပတ်က သီဟိုဠ်စေ့ ၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းက ယခုတစ်ပတ်တွင် တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်မှာလည်း တင်ပို့နိုင်ခြင်း မရှိခဲ့ဘူးလို့ သိရပါတယ်။ **ခင်မြနွယ်**

## နနွင်း

### စက်တင်ဘာလမှာ နနွင်းတန်ချိန် ၄၇၀ ကျော်တင်ပို့နိုင်

စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက်သီတင်းပတ်အတွင်း နနွင်း ၉၈ ဒသမ ၉၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၇၀၇၆၀ တန်ဖိုးရှိ နနွင်း ၉၈ တန်ကျော်ကို စင်ကာပူနိုင်ငံကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၁၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၄၇ တန် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် စက်တင်ဘာလမှာ နနွင်း ၄၈၁ ဒသမ ၁၇ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့နိုင်ငံများမှာ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဘူလ်ဂေးရီးယားနဲ့ ယူအေအီးနိုင်ငံများကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၃၇၆၉၉ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### နယ်စပ်စခန်းအသီးသီးမှ နနွင်းတက်ပိုမိုတင်ပို့

စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၅၃၅၈ တန်ဖိုးရှိ နနွင်းတက် တန် ၅၀၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၀၆၅၀ တန်ဖိုးရှိ နနွင်းတက် ၁၅ တန် တင်ပို့မှုရှိခဲ့ပါတယ်။ နယ်စပ်စခန်းအသီးသီးမှ စက်တင်ဘာလအတွင်း နနွင်းတက် တန်ချိန် ၂၆၇ တန်ကျော်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ဟိုပုံးနနွင်း မူဆယ်ဝယ်လက်အဝယ်သွက်

ဒီနှစ်ထွက်တဲ့ ရှမ်းနနွင်းမှာ အောင်ပန်းနနွင်းထက် ဟိုပုံးနနွင်းကပိုပြီး အရောင်းသွက်နေပါတယ်။ မူဆယ်ဝယ်လက်တွေက အပတ်စဉ် ဆက်တိုက်ဝယ်နေတာ မျိုးမဟုတ်တာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်က ဖြစ်လိုက်၊ မဖြစ်လိုက်ပါပဲ။ ဒါပေမယ့် ဒီတစ်ပတ်မှာတော့ မူဆယ်ဝယ်လက်တွေ နနွင်းတက်ကို ခြေဦးလှည့်လာခဲ့ကြပါတယ်။ နနွင်းအသစ်ကတော့ ဖေဖော်ဝါရီလ မတ်လခန့်မှသာ စပြီးဝင်လာတော့မှာဖြစ်တာကြောင့် လက်ကျန်အဟောင်းတွေကိုသာ ရောင်းနေရပါတယ်။ အသစ်မဝင်သေးပေမယ့် ဟိုပုံးဈေးကွက်မှာ နနွင်းပိဿာချိန် ၂ သိန်းကျော်ခန့်ကျန်ရှိသေးတယ်လို့လည်း ဈေးကွက်က သိရပါတယ်။

မူဆယ်ဝယ်လက်တွေကတော့ အောင်ပန်းနနွင်းထက် ဟိုပုံးနနွင်းကို အရည်အသွေးပိုကောင်းလို့ ကြိုက်ကြပါတယ်။ အခုတစ်ပတ်လည်း မူဆယ်ဝယ်လက်တွေက ဟိုပုံးနနွင်းကို တစ်ပိဿာ ၁၇၀၀ ကျပ်ဈေးနဲ့ ပိဿာချိန် တစ်သောင်းခန့် ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းအဝင်မရှိတော့သလို အရောင်းအဝယ်လည်းမဖြစ်ဘူးလို့ သိရပါတယ်။ ချင်းတွေ အရောင်းအဝယ် အေးနေသလို နနွင်းလည်း အရောင်းအဝယ်မဖြစ်သလောက် ရှိနေပါတယ်။

ဈေးနှုန်းတွေကတော့ အောင်ပန်းစက ၁၄၀၀ ကျပ်၊ ၁၅၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းက ၂၀၀၀ ကျပ်မှ ၂၁၀၀ ကျပ်ဈေးရှိပါတယ်။ **ဧခိုင်-တောင်ကြီး**

## ကြက်သွန်နီ

### နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကြက်သွန်နီတင်ပို့မှု သိသိသာသာလျော့ကျ

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှစက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃၁၄၂၈ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၆၅ တန်၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁၂၅၇၇ တန်ဖိုးရှိကြက်သွန်နီ ၅၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မြဝတီ၊ တာချီလိတ်၊မူဆယ်နဲ့ စစ်တွေစခန်းလေးခုမှ ကြက်သွန်နီ ၁၂၁ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုတစ်ပတ်ရဲ့ ကြက်သွန်နီ တင်ပို့မှုမှာ ၁၂၁ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခုတစ်ပတ်ရဲ့ ကြက်သွန်နီတင်ပို့မှုမှာ သိသိသာသာလျော့ကျသွားခဲ့တာတွေ့ရပါတယ်။

တာချီလိတ် ကုန်သွယ်ရေးကတော့ ပုံမှန်တင်ပို့နေကျ ကြက်သွန်ဖြူ တန် ၅၀ ကို ကန်ဒေါ်လာ ၆၇၄၉၆ ဖိုး တင်ပို့ခဲ့ပါတယ်။နယ်လက်ကျန်နည်းလို့ တောင်သူတွေ ဈေးကောင်းမျှော်ခဲ့ရတဲ့ ကြက်သွန်နီဈေးမှာ တစ်ပတ်အတွင်း တစ်ပိဿာလျှင် ၃၅၀ ကျပ်ကျော်ထိ မြင့်တက်လာပါတယ်။ စက်တင်ဘာလကုန်ပိုင်းမှစ၍ ဈေးစတင်မြင့်တက်လာတဲ့ စားဖိုဆောင်သီးနှံ ကြက်သွန်နီမှာ ပြည်တွင်းဈေးကွက်ရဲ့ လိုအပ်ချက်မြင့်မားမှုနဲ့အတူ အဝယ်လိုက်တာကြောင့် ဈေးဆက်လက် မြင့်တက်လာခဲ့ကြောင်း ကြက်သွန်နီဈေးကွက်အတွင်းမှ သိရပါတယ်။ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ကြက်သွန်နီဈေး မြင့်တက်ခြင်းနဲ့အတူ နယ်ဈေးကွက်များတွင်ပါ လိုက်လံမြင့်တက်လျက်ရှိကြောင်း ကြက်သွန်နီလုပ်ငန်းရှင်များက ပြောကြားကြပါတယ်။ **မော်မော်အောင်**

## မန်ကျည်း

### မန်ကျည်းပြန်လည်တင်ပို့

စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၉၇ တန်ကို ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၂၇၅၀ တန်ဖိုးရှိ မန်ကျည်း ၅၀ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်းကောင်း ကန်ဒေါ်လာ ၉၅၂၆ တန်ဖိုးရှိ မန်ကျည်း ၄၇ တန်ကို စင်ကာပူနိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်ပို့မှု ပျောက်ခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် စက်တင်ဘာလ မန်ကျည်းတင်ပို့မှုမှာ စုစုပေါင်း တန်ချိန် ၂၉၇ တန် ရှိခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ ဘူလ်ဂေးရီးယားနဲ့ စင်ကာပူတို့ဖြစ်ပါတယ်။ ဝင်ငွေက ကန်ဒေါ်လာ ၃၃၅၂၆ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## ပရဆေး

### စခန်းစုံမှ ပရဆေး ကုန်ကြမ်းများ တင်ပို့

မူဆယ် ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၉၆ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၆၅၂ တန်ခွဲတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်တွေကတော့ ဆီးဆံ၊ ဆီးသီးခြောက်၊ ဝဥခြောက်၊ တောချင်း၊ တောဂျုံးမြစ်၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ နေလဲစေ့၊ မိချောင်းကွမ်းဖတ်စေ့၊ မာလာဥ၊ မာလာဥခေါင်း၊ နနွင်းတက်၊ ကွမ်းစားဂမုန်း၊ ရွှေးရွက်၊ ဆေးမြင်းခွာ၊ ဒရင်ကောက်မြစ်၊ ချဉ်ပေါင်ဖာလာနဲ့ တောင်လုံးကျော်တို့ဖြစ်ပါတယ်။ စက်တင်ဘာလတစ်လလုံးအနေနဲ့ တရုတ်ပြည်ကို ပရဆေးကုန်ကြမ်း ၅၃၄၄ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးကတော့ ကန်ဒေါ်လာ ၂၅၀၂၅တန်ဖိုး ကြက်ဆူစေ့ ၃၆ တန်နှင့် စစ်တွေကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၄၀၆၀ တန်ဖိုးရှိ ဖန်ခါးသီးခြောက် တန် ၂၀၀ တင်ပို့ခဲ့ကြပြီး တမူးကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၇၈၇၇ တန်ဖိုးရှိ တောင်လုံးကျော် တစ်တန်ကို တင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# ခေါင်းဆောင်ကောင်း ဖြစ်မယ့်သူတွေ စာဖတ်တယ်

| ခင်မောင်ညို(ဘောဂဗေဒ) |



ပြောမယ့်သာပြောရတယ် "စာဖတ်ကြပါ" ဆိုတဲ့ စကားကို ပြောရင် ပြောတဲ့သူကပဲ ခေတ်မမီတော့သလိုလို၊ တစ်ခုရှိတာက "စာဖတ်ပါ" လို့ ပြောတဲ့သူတွေက စာဖတ်တဲ့သူ မဟုတ်လို့လား၊ မပြောတတ်ဘူး။

တကယ်တော့ တစ်ကမ္ဘာလုံးမှာ စာဖတ်ကြတာ လျော့လာနေတယ်။ ဒါပေမယ့် ဆက်ပြောလို့ မကောင်းတာက စာဖတ်တဲ့သူ နည်းလာတာဟာ ခေါင်းဆောင်ကောင်းတွေ နည်းလာမယ့် အဓိပ္ပါယ် ထွက်နေလေတော့ ကြောက်စရာကောင်းတယ်။ စာဖတ်တဲ့သူဟာ ခေါင်းဆောင်ကောင်း ဖြစ်လာနိုင်တယ်။ မှန်ပါတယ်။ ဘယ်လို စာအုပ်မျိုးတွေကို ဖတ်သလဲဆိုတာလည်း အရေးကြီးတာပေါ့။ စာဖတ်ပြီး အသိပညာတွေ စုစည်းကြတဲ့ ထင်ရှားတဲ့ခေါင်းဆောင်တွေ အများကြီးပါ။ စာဖတ်တာနဲ့ ခေါင်းဆောင်တာ ဘယ်လိုပတ်သက်သလဲ?

**၁။ လူမှုဆက်ဆံရေး ပိုကောင်းတယ်**

သုတေသနအရ စာဖတ်နေတဲ့အချိန်မှာ ဦးနှောက်က ဇာတ်ကောင်တွေနဲ့ စကားပြောကြကြောင်း တွေ့ရတယ်။ စာအုပ်ကို ရက်အတော်ကြာကြာ ပြန်မကြည့်မိတာတောင်မှ ဦးနှောက်က ဇာတ်ကောင်တွေရဲ့ လုပ်ပုံကိုင်ပုံတွေ အတွေ့အကြုံတွေကိုပြန်ပြောင်း သတိရနေတတ်တယ်။ စာအုပ်တွေ (ဝတ္ထုတွေ)ထဲက ဇာတ်ကောင်တွေ အများကြီးနဲ့ ဆက်ဆံနေရတော့ ခံစားမှုအရည်အသွေး (Emotional intelligence) ထက်မြက်လာပြီး လူတွေနဲ့ ဆက်ဆံနိုင်စွမ်း ပိုရှိလာတယ်။ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆက်ဆံတဲ့အခါမှာ ဒီလိုလူမှုဆက်ဆံရေး အရည်အသွေးကောင်းမွန်တာဟာ ခေါင်းဆောင် တစ်ယောက်အတွက် အရေးကြီးတယ်။

**၂။ ဝေါဟာရ ပိုကြွယ်ဝတယ်**

စာဖတ်တဲ့သူဟာ ခံစားချက်တွေကိုလည်း ပီပီပြင်ပြင်ရရှိပြီး သုံးနှုန်းတတ်လာတယ်။ စာဖတ်လေ ဝေါဟာရတွေ ကြွယ်လေ။ သူ့ရဲ့ဆန္ဒတွေ အတွေးတွေကို ပိုပြီးဖော်ပြနိုင်စွမ်းရှိတယ်။ ကိုယ်ဖြစ်ချင်တာတွေ ပီပီပြင်ပြင် ပြောနိုင်တယ်။ ကိုယ်သွားချင်တဲ့ ပန်းတိုင်ကို ဆွဲခေါ်သွားနိုင်တယ်။

**၃။ အမြင်မကျဉ်းဘူး၊ ဘက်စုံကြည့်တတ်တယ်**

လောကကြီးကိုကိုယ်ကြည့်ချင်တဲ့တစ်ထောင့်တစ်နေရာကနေ မကြည့်ဘဲ ဘက်ပေါင်းစုံက ကြည့်တတ်တယ်။ စာဖတ်တော့ စာအုပ်တွေထဲက နေရာမျိုးစုံကို ရောက်ရတယ်။ လူပေါင်းစုံနဲ့ စကားပြောရတယ်။ ဇာတ်လမ်း ဇာတ်ကွက်အမျိုးမျိုးထဲမှာ ဝင်ပါရတယ်။ ဘက်စုံထောင့်စုံက မြင်တွေ့နေရတော့ အမြင်မကျဉ်းဘူး။ လောကကြီးဟာ ဖြစ်နိုင်တာတွေ စိန်ခေါ်မှုတွေအများကြီးပဲဆိုတာ သဘောပေါက်လာတယ်။

**၄။ အပေါင်းအသင်းဆံ့တယ်**

ဝေါဟာရတွေအမျိုးမျိုး ရွေးချယ်ပြီး သုံးနှုန်းနိုင်စွမ်းရှိတဲ့ သူတွေနဲ့ ဆက်သွယ်ရ ဆက်ဆံရတာကို လူတွေက သဘောကျကြတယ်။ စကားပြောကြည့်တဲ့အခါ လူတွေကိုပိုပြီး ဂရုစိုက်တတ်ကြောင်း ဗဟုသုတ ကြွယ်ဝကြောင်း တွေ့လာရတယ်။ လူတွေက သူတို့နဲ့ သဘောထားချင်းတိုက်ဆိုင်တဲ့သူတွေနဲ့ ပြောဆိုရဆက်ဆံရတာကို သဘောကျကြတော့ ဒီကနေတစ်ဆင့် ကိုယ်ဖြစ်ချင်တာ ပြောချင်တာတွေကို ဆွဲခေါ် သွားနိုင်တယ်။

**၅။ သောကနည်းတယ်**

စာဖတ်တာဟာ သောကတွေ စိတ်ဖိစီးမှုတွေကို လျော့ကျစေတယ်။ လမ်းလျှောက်တာ သီချင်းနားထောင်တာ လက်ဖက်ရည်တစ်ခွက် သောက်တာမျိုးတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် မိနစ်အနည်းငယ်အတွင်းမှာ နှလုံးခုန်နှုန်းနှေးသွားပြီး စိတ်ဖိစီးမှုတွေ လျော့သွားစေနိုင်တယ်။ သောကနည်းပြီး အေးအေးဆေးဆေးရှိတော့ အကောင်းမြင်တတ်တယ်။ အာရုံစိုက်နိုင်တယ်။

**၆။ အတွေးအခေါ်ကောင်းတယ်**

စာဖတ်တဲ့သူတွေဟာ ပိုပြီးအတွေးအခေါ် ကောင်းတဲ့သူတွေ ဖြစ်တယ်။ စာဖတ်တော့ ဆင်ခြင်တုံတရား ပိုမြင့်လာတယ်။ ပြဿနာတွေကို ပိုပြီးဖြေရှင်းနိုင်တယ်။ ကိုယ်နဲ့သဘောထားချင်း မတိုက်ဆိုင်တဲ့ စာတစ်ခုခုကို ဖတ်မိတဲ့အခါ ကိုယ့်ရဲ့စဉ်းစားတွေးခေါ်မှုနဲ့ ဖန်တီးနိုင်စွမ်းကို ကောင်းကောင်းကြီး အထောက်အကူပြုတယ်။

**၇။ အတိတ်ကိုပြန်ပြောင်း သတိရစေတယ်**

တစ်ခါတစ်ရံ စာဖတ်တာဟာ မှန်ကြည့်ရတာနဲ့ တူတယ်။ ကိုယ်ဘယ်လိုလူလဲဆိုတာ ပေါ်လွင်စေတယ်။ တချို့စာအုပ်တွေကို ဖတ်လိုက်တော့ ဟိုတုန်းကကိုယ်သိထားတာတွေကို ပြန်ပြောင်း သတိရစေတယ်။ ကိုယ့်အတွေးတွေကို ပြန်ပြီးစစ်ထုတ်လိုက်သလို ဖြစ်သွားတယ်။ အာရုံတွေ ပိုကောင်းလာတယ်။ အရေးကြီးတဲ့ သဘောတရားတွေကို ပြန်နွှေးပေးသလို ဖြစ်စေတယ်။

**၈။ ခွန်အားဖြစ်၊ ရည်ရွယ်ချက် ရှိစေတယ်**

စာဖတ်တော့ ပိုပြီးခွန်အားတွေ ပြည့်လာစေတယ်။ အကောင်းမြင်တတ်လာတယ်။ ကိုယ့်ကိုကိုယ် ပိုပြီးယုံကြည်မှုရှိတယ်။ အောင်မြင်မှု ရစေနိုင်တဲ့ နည်းလမ်းအသွယ်သွယ် ရှာဖွေတတ်တယ်။ ထက်မြက်တက်ကြွတဲ့ စိတ်ဓာတ်ကို ဖြစ်စေတယ်။

**၉။ အာရုံကောင်းကောင်းစိုက်နိုင်တယ်**

အမြဲတမ်း စာဖတ်နေတဲ့ စာဖတ်တဲ့သူဟာ အာရုံကောင်းကောင်း စိုက်နိုင်တယ်။ ရေရှည်လုပ်ရမယ့် လုပ်ငန်းတွေကို အာရုံစိုက်နိုင်တယ်။ စာဖတ်နေတဲ့သူတွေဟာ ဘေးကအနှောင့်အယှက်တွေကို မကြိုက်ဘူး။ ဖတ်နေတဲ့ စာအုပ်ကို လက်ကမချချင်ဘူး။ ခေါင်းဆောင်တစ်ယောက်အတွက်လည်း ရေရှည်လုပ်ငန်းစဉ်ကို အာရုံစိုက်နိုင်ဖို့ အရေးကြီးပါတယ်။

**၁၀။ အချိန်ကို စီမံခန့်ခွဲတတ်တယ်**

စာဖတ်ဝါသနာပါတဲ့ သူတစ်ယောက်အတွက် ဘယ်အချိန် ဘယ်နေရာမဆို စာဖတ်လို့ရတယ်။ ပျင်းရိနေဖို့ စောင့်ဆိုင်းနေဖို့ မလိုဘဲ စာဖတ်နိုင်တယ်။ အချိန်ကို တန်ဖိုးရှိရှိ အသုံးချပြီး အလုပ်တွင်အောင် လုပ်နိုင်တယ်။ တစ်မိနစ်မျှ အချိန်မဖြုန်းဘဲ စာဖတ်ရင်း တန်ဖိုးရှိရှိ အချိန်ကိုအသုံးချနိုင်တယ်။ ခေါင်းဆောင်တစ်ယောက် အတွက် တစ်မိနစ်တိုင်းဟာ အရေးကြီးတယ်။ သူတို့ရဲ့ ရည်မှန်းချက်ကို ဖြည့်ဆည်းဖို့ တစ်မိနစ်တိုင်း အရေးကြီးတယ်ဆိုတာ ခေါင်းဆောင်တွေကသဘောပေါက်တယ်။

(Lifehacker, 10 Reasons why people who read a lot are more likely to be good leader)

## Medical Myanmar 2015 ကုန်စည်ပြပွဲကျင်းပ




တတိယအကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းဆိုင်ရာပြပွဲဖြစ်သော Medi-cal Myanmar 2015 ကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၈ ရက် နံနက် ၉း၃၀ နာရီတွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်း အနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ စီမံကိန်း နှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ Myanmar Pharmaceuticals & Medical Equipment Association (MPMEEA) ဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူ၊ Myanmar Medical Association ဥက္ကဋ္ဌ Rai Mra; Myanmar Fireworks Trade Media Pte Ltd မှ Mr.Danen Soo နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြပါသည်။ အဆိုပါပြပွဲတွင် ပိုလန် နိုင်ငံရှိ ဆေးနှင့်ဆေးပစ္စည်း၊ ဆေးရုံသုံး ပစ္စည်းများအား ပြခန်းပေါင်း ၅၀ ခန်းဖြင့် ခင်းကျင်းပြသခဲ့ကြပါသည်။ ခေတ်မီခွဲစိတ်ကိရိယာများနှင့် နှလုံးတိုင်းတာသည့်စက်ကိရိယာများပါဝင်သော ဆေးရုံသုံးကုတင်ကြီးများကိုပါဝင်ပြသခဲ့ပါသည်။ အများပြည်သူများ၏ ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများတိုးတက်ကောင်းမွန်လာစေရေးနှင့် ကျန်းမာရေး အသိပညာဗဟုသုတများ ဖလှယ်ခွင့်ရရှိရန် ရည်ရွယ်၍ ပြသခဲ့ခြင်းဖြစ်ပြီး အဆိုပါပြပွဲအား အောက်တိုဘာလ ၈ရက်နေ့မှ ၁၀ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ ဆေးဘက်ဆိုင်ရာ ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်သူပညာရှင်များ၊ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များ၊ ဆေးတက္ကသိုလ် ကျောင်းသား/ ကျောင်းသူများ စီးပွားရေး လုပ်ငန်းရှင်များနှင့် အများပြည်သူများ လာရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီတစ်မျိုးတည်းသာဝင်

စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၃ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဓာတ်ဆီ ၁၂ဒသမ ၀၇၄တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်အဝင်မရှိခဲ့ဘဲ နှစ်ပတ်ဆက်တိုက် အဝင်နားခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီက ယခင်တစ်ပတ် အဝင်ပျောက်ခဲ့ပြီး ဒီတစ်ပတ်မှာ ပြန်လည်တင်သွင်းခဲ့ပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဩဂုတ်လမှာ ဒီဇယ်၊ ဓာတ်ဆီအဝင်စုစုပေါင်းမှာ တန်ချိန် ၃၃၇၀ ကျော်ရှိခဲ့ပြီး စက်တင်ဘာလမှာ တန်ချိန် ၁၀၅၀ ကျော်ရှိခဲ့တာကြောင့် စက်တင်ဘာ လမှာ ၂၃၂၀တန်ကျော် အဝင်လျော့ခဲ့တယလို့သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၉ ရက်အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများ က တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ ၄၀၀၀ ကျပ်နီးပါးဈေးမြင့်လာပြီး ဒီဇယ်ဈေးမှာအတက်တကျ ကျပ် ၂၀၀၀ ဝန်းကျင် နဲ့ဈေးကစားခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်ရှိ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း (95) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊အောက်တိန်း (92) ၆၉၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၅ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၅၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ရက်များတွင် တဖြည်းဖြည်း ဈေးတက်ခဲ့ရာ ၈ရက်တွင် ဝယ်ဈေး ၁၅၅၀၀၀ကျပ်၊ ရောင်းဈေး ၁၅၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရ ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ၃၀၀၀ ကျပ်နီးပါး ဈေးမြင့်ခဲ့ပါတယ် ။ ဒီဇယ်ဈေးမှာ အောက်တိုဘာလ ၅ ရက်မှာဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ရောင်းဈေး ၁၂၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ အတက်အကျ၂၀၀၀ ကျပ်ဝန်းကျင်နဲ့ ဈေးကစားခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ်၆၄၅ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၉၀ ကျပ်နဲ့ရောင်းချနေပါတယ်။ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ အောက်တိုဘာ ၇ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာ ၅ ရက် ဝယ်ဈေး ၁၅၁၀၀၀ ကျပ်၊ရောင်းဈေး ၁၅၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၈ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၅၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊အောက်တိန်း၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## Energy NYMEX 9-10-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 50.19 | 0.76 | 1.54 |
| Brent Crude Futr (USD/bbl) | 53.62 | 0.57 | 1.07 |
| Gasoline Rbob Fut (Cent/gal) | 142.06 | 1.28 | 0.91 |
| Natural Gas Futr (USD/MMBtu) | 2.48 | -0.01 | -0.06 |
| Heating Oil Futr (Cent/gal) | 161.18 | 1.00 | 0.62 |

# ပြည်တွင်းငွေလဲဈေးကွက်တွင် ဈေးနှုန်းငြိမ်သက်စွာဖြင့် ရောင်းဝယ်လျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်း ငွေလဲဈေးကွက်အတွင်းတွင် ဈေးနှုန်းငြိမ်သက်စွာဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဈေးနှုန်းငြိမ်သက်မှုကြောင့် ယခင်ကထက် အရောင်းအဝယ်များပိုကောင်းလာကြောင်း၊ ဈေးကွက်အတွင်းတွင်လည်း ယခင်ရက်များကထက်အရောင်း အဝယ်များ ပိုမိုသွက်လက်လာကြောင်း၊ ဈေးအနည်းငယ်မြင့်နေသော်လည်း ယခုကဲ့သို့ ဈေးအငြိမ်ဖြင့် ရောင်းဝယ်နေရပါက အဆင်ပြေပါကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

“ဈေးက အတက်အကျ သိပ်မရှိတော့ ရောင်းရဝယ်ရတာ တော်တော်လေးကို အဆင်ပြေတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကထက် ဒီတစ်ပတ်မှာဈေးအတက်အကျက တော်တော်လေးကို နည်းသွားတယ်။ တစ်ကျပ်စွန်းစွန်းလောက်ပဲ အတက်အကျရှိတာဆိုတော့သိပ်မပြောပလောက်ပါဘူး။ ဈေးငြိမ်နေတယ်ဆို ရင် အရောင်းအဝယ်က ကောင်းတာပဲ။ ကုန်သည်တွေလည်း အခုလို ဈေးငြိမ်နေရင် ပိုပြီးအဆင်ပြေကြမှာပါ။ သွင်းကုန်သမားတွေလည်း ရေဘေးကာလလွန်လာပြီဆိုတော့ တော်တော်လေးကို ငြိမ်သွားပါပြီ။ အဲဒါကြောင့်လည်း ဈေးငြိမ်နေတာဖြစ်မယ်လို့ ထင်ပါတယ်” ဟု ဈေးကွက်အတွင်း လှုပ်ရှားနေသည့် ငွေလဲစင်တာတစ်ခုမှ ပြောကြားချက်များအရ သိရသည်။

ပြည်တွင်းငွေလဲဈေးကွက်များတွင် အောက်တိုဘာ ၅ရက်က ရောင်းဈေး ၁၂၉၁ ကျပ်၊ ဝယ်ဈေး ၁၂၈၇ကျပ် ရှိခဲ့ပြီး အောက်တိုဘာလ ၉ရက်တွင် ရောင်းဈေး ၁၂၉၀ ကျပ်၊ ဝယ်ဈေး ၁၂၈၆ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိ ကြောင်းသိရသည်။ ထို့အတူ ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ရည်ညွှန်းငွေလဲနှုန်းသည်လည်း ယခုတစ်ပတ်အတွင်း ၁၂၈၇ ကျပ်သတ်မှတ်ခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

# ပြည်တွင်းရွှေဈေး တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် မြင့်တက်

ပြည်တွင်း ရွှေဈေးကွက်တွင် တစ်ပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်တစ်သောင်းကျော် မြင့်တက်သွားကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်း ရွှေဈေးကွက်အတွင်း ရွှေဈေးများ မြင့်တက်နေသော်လည်း အရောင်းအဝယ်မှာ ပုံမှန်အတိုင်းသာ ရှိနေကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာ့ရွှေဈေး မြင့်တက်မှုကြောင့် မြန်မာ့ရွှေဈေး လိုက်ပါမြင့်တက်ခဲ့ချိန်တွင် ပြည်တွင်းငွေလဲနှုန်းသည် အနည်းငယ်သာ ကျဆင်းခဲ့သဖြင့် ရွှေဈေးများ ပြန်လည်မြင့်တက်ခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်။

“ကမ္ဘာ့ရွှေဈေး မြင့်တက်လာတော့ပြည်တွင်းရွှေဈေးကလည်း မြင့်တက်လာတယ်။ အဲဒီလိုအချိန်မှာ ပြည်တွင်း ငွေလဲနှုန်းကလည်း သိသိသာသာ ကျမသွားတဲ့အတွက် ရွှေဈေးတက်လာရတာပါ။ ရွှေဈေးတက်လာပေမယ့်လည်း အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပဲရှိနေပါတယ်။ ရွှေဈေးတက်လာတော့ အထည်ဈေးကွက်မှာ အရောင်းအဝယ် နည်းသွားတယ်။ ခါတိုင်းနှစ်တွေနဲ့ယှဉ်ရင်တော့ တော်တော်လေးကို ရောင်းအား ကျသွားတယ်လို့ဆိုရမယ်။ ဒီနှစ်က ရေကြီးတာရော ရွေးကောက်ပွဲရော ဆုံနေတဲ့နှစ်ဆိုတော့ အထည်ပိုင်းမှာ အရောင်းအဝယ်မကောင်းဘူး”ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

မြန်မာ့ရွှေဈေးသည် အောက်တိုဘာလ ၅ ရက်နေ့က ကျပ် ၇၇၇၀၀၀ ရှိခဲ့ပြီး အောက်တိုဘာ ၆ရက်နေ့တွင် ကျပ် ၇၈၀၀၀၀ သို့ မြင့်တက်ခဲ့သည်။ အောက်တိုဘာ ၇ ရက်တွင် ကျပ် ၇၈၅၅၀၀ သို့မြင့်တက်ခဲ့ပြီး အောက်တိုဘာ ၉ရက်တွင် ကျပ် ၇၈၂၀၀၀ သို့ အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာလ ၅ရက်နေ့တွင် ၁၁၃၇ ဒေါ်လာ ရှိခဲ့ပြီး အောက်တိုဘာလ ၇ရက်နေ့တွင် ၁၁၄၅ ဒေါ်လာဖြင့် ဈေးစတင်ဖွင့်ခဲ့သည်။ သို့သော် နေ့လယ်ပိုင်းတွင် ၁၁၅၂ ဒေါ်လာသို့ ရုတ်ခြည်းမြင့်တက်ခဲ့ပြီး အောက်တိုဘာလ ၈ရက်နေ့ဈေးကွက်စတင်ဖွင့်ချိန်တွင် ၁၁၄၆ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။

အောက်တိုဘာ ၉ ရက်နေ့ ဈေးပိတ်ချိန်တွင် ၁၁၄၂ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5- October | 15.21 | 1703.07 | 1583.23 | 5236.22 | 915.00 |
| 6- October | 15.63 | 1640.58 | 1557.70 | 5183.14 | 917.00 |
| 7- October | 15.95 | 1660.96 | 1571.58 | 5251.68 | 943.00 |
| 8- October | 15.62 | 1687.39 | 1578.98 | 5248.99 | 934.00 |
| 9- October | 15.95 | 1820.90 | 1629.60 | 5430.43 | 973.00 |

Source:kitco.com

## Currency Exchange Rate

October 9, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 77.84 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.35 |
| EUR | Euro | 0.88 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 64.84 |
| IDR | Indonesia Rupiahs | 13415.95 |
| JPY | Japan Yen | 120.12 |
| MYR | Malaysia | 4.13 |
| PKR | Pakistan Rupees | 104.38 |
| PHP | Philippines Pesos | 45.91 |
| RUB | Russia Rubles | 61.33 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1145.01 |
| LKR | Sri Lanka Rupe | 140.69 |
| THB | Thailand Baht | 35.54 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 22197.60 |

*Source : xe.com*

## World Gold Price

October, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1135 | 1135 | 1135 |
| 6 | 1137 | 1136 | 1137 |
| 7 | 1148 | 1148 | 1149 |
| 8 | 1140 | 1142 | 1140 |
| 9 | 1150 | 1151 | 1150 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-10- 2015 | 777.50 | 777.60 |
| 6-10- 2015 | 780.80 | 780.50 |
| 7-10- 2015 | 785.50 | 786.50 |
| 8-10- 2015 | 784.00 | 783.00 |
| 9-10- 2015 | 785.50 | 785.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 28 | 6 .36 | 36.39 | 77.40 | 65.27 |
| 29 | 6. 36 | 36.38 | 77.73 | 65.42 |
| 30 | 6 36 | 35.96 | 77.63 | 65.20 |
| 1 | 6 .35 | 35.93 | 77.87 | 65.14 |
| 2 | 6.35 | 35.54 | 77.84 | 64.84 |

# ဘိလပ်မြေ

## ဒီတစ်ပတ် ဘိလပ်မြေ တန်ချိန် ကိုးသောင်းကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက် သီတင်းပတ်အတွင်း တန်ဖိုး ကန်ဒေါ်လာ ၇၇၇၅၆၅၀ ရှိဘိလပ်မြေ ၉၃၃၅၃ဒသမ ၈၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၃၃တန်၊ ထိုင်းနိုင်ငံမှ ၆၈၂၃၄ဒသမ၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၂၄၉၈၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေ အဝင်မှာ တန်ချိန်ငါးသောင်းငါးထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် သုံးသောင်းခုနစ်ထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဩဂုတ်လ ဘိလပ်မြေစုစုပေါင်းအဝင်မှာ တန်ချိန် နှစ်သိန်းတစ်သောင်းကျော်ရှိခဲ့ပြီး စက်တင်ဘာလမှာ တန်ချိန် နှစ်သိန်း ကိုးသောင်းကျော်ရှိခဲ့တာကြောင့် စက်တင်ဘာလမှာ တန်ချိန်ရှစ်သောင်းကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းသွက်

စက်တင်ဘာလ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှဘိလပ်မြေအဝင်မှာ ၉၃၃၅၃ တန် ကျော် ရှိခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၅၅၅၀၄ တန် ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၃၇၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၁၆၃၅ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ၂၀၇၀၄ တန် ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၀၆၈ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာတော့ ဘိလပ်မြေက အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးက ငြိမ်နေတာကြာနေပြီ။ ဈေးကွက်ထဲ ပစ္စည်းအဝင်အထွက်မျှနေတာကြောင့်လည်း ဈေးကငြိမ်နေတာလို့ ဘိလပ်မြေအရောင်းဆိုင်က သိရှိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၆၁၀၀ကျပ်၊ စိန်(ထိုင်း)၆၀၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အနီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း) ၅၂၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေကဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် အရောင်းသွက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပုံမှန်ပြန်ဖြစ်သွားတယ်။ ဒီတစ်ပတ်မှာ ဘိလပ်မြေဈေး ငြိမ်နေတယ်လို့ သိရပါ တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း)၅၁၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အေသုံးလုံးက ၂၀၀ ကျပ်၊ မြန်မာဆင်က ၃၀၀ကျပ်ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများကယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၆၀၀ကျပ်၊ မြန်မာဆင် ၄၈၀၀ကျပ်၊ဆင်မင်း(ကျောက်ဆည်)၄၆၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၀၀၀ကျပ်၊ စိန်(ထိုင်း) ၆၉၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

# ဓာတ်မြေဩဇာ

## နိုင်ငံစုံမှ မြေဩဇာ တန်ချိန် နှစ်ထောင့်တစ်ရာကျော်ဝင်

စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက် သီတင်းပတ်အတွင်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၁၃၉၇၁၂ တန်ဖိုးရှိမြေဩဇာ ၂၁၇၇ ဒသမ ၆၄၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၃၂ ဒသမ ၄၂၃ တန်၊ ဂျာမနီနိုင်ငံမှ ၁၀၀၄ ဒသမ ၁၄၄ တန်၊ အိန္ဒိယနိုင်ငံမှ ၂၁ တန်၊ အီရန်နိုင်ငံမှ ၂၁ တန်၊အစ္စရေးမှ ၁၅၀ဒသမ ၀၈၇တန်၊ မလေးရှားမှ ၇၅ ဒသမ ၅၀ တန်၊ ထိုင်းမှ ၃၇၃ဒသမ ၄၈၈တန်နဲ့ ဗီယက်နမ်မှ တန်ချိန် ၅၀၀ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၉၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဩဂုတ်လအတွင်း မြေဩဇာအဝင်တန်ချိန်မှာ တန်ချိန်နှစ်သောင်းရှစ်ထောင်ကျော်ရှိခဲ့ပြီး စက်တင်ဘာလမှာ တန်ချိန်တစ်သောင်း ကိုးထောင်ကျော်ရှိခဲ့တာ စက်တင်ဘာလမှာ ၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## မြေဩဇာဈေးကွက်မှာ ဈေးငြိမ်ပြီးအရောင်းသွက်လာ

စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၂၁၇၇တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၂၅၈ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၂၆၆၆၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၃၅၈၂၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၀၆၀တန်ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာက မိုးအကုန်ဆောင်းအကူး ဆောင်းသီးနှံအတွက်လည်း စတင်ပြီးစိုက်ပျိုးလာတာကြောင့် အဝယ်ရှိသလို မိုးနောက်ဆုံးသီးနှံအတွက်လည်း အဝယ်ရှိတာကြောင့် အရောင်းအဝယ်ကလိုက်တယ်။ ဒီတစ်ပတ် ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) က ၅၀၀ ကျပ်ဈေးမြင့်ပြီး ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၂၉၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ-ထိုင်း)၂၈၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အာမို ၁၀း၁၀း၅ က ၃၀၀ကျပ်၊ အာမို၁၆း၁၆း၈ က ၅၀၀ ကျပ်ဈေးကျခဲ့ပြီး ကျန်ဈေးများက ငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃)(အပြာ) ၁၇၂၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၆၄၀၀ ကျပ်၊ အာမို ၁၀း၁၀၅ ၁၇၀၀၀ကျပ်၊အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၀၀၀ကျပ်၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၅၃၀၀ ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၀၀၀ ကျပ်၊ တီစူပါ ၂၂၄၀၀ ကျပ်၊ တောင်သူမ ၁၆၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းသွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ မြေဩဇာဈေးများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ -တရုတ်)၂၄၅၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်)၂၂၀၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ၃၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိနေခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးက ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၅၅၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည်(တရုတ်) ၃၇၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၇၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၇၀၀ ကျပ်၊ပိုတက်(တရုတ်) ၂၆၈၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

# နှံ့ဆီ

## မာရီဂိုးနှံ့ဆီ တစ်မျိုးသာဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၂၇၉၆ တန်ဖိုးရှိ နှံ့ဆီ ၁၄၅ဒသမ ၄၁၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ နှံ့ဆီအဝင်မှာ ၁၂ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်၁၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မာရီဂိုးနှံ့ဆီတစ်မျိုးသာဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၄၆၅၃၆၇ တန်ဖိုးရှိ နှံ့မှုန့် ၆၅ ဒသမ ၉၉၉ တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် အဝင်နဲ့ယှဉ်ရင် ၁၀ တန်နီးပါး အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၆/၉ မှ ၂/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၉/၉ မှ ၂၅/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၄၅.၃၀ | ၇၉၂.၀၀ | (-) | ၁၄၆.၇၀ |
| ၂။ | လွယ်ဂျယ် | ၇၀၄.၀၀ | ၄၃၈.၀၀ | (+) | ၂၈၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၃၃.၀၀ | - | (+) | ၃၃၃.၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၆၂၄.၀၀ | ၂၁၈၆.၀၀ | (-) | ၅၆၂.၀၀ |
| ၅။ | တာချီလိတ် | ၅၀၀.၀၀ | ၅၀၀.၀၀ | | - |
| ၆။ | မြဝတီ | ၂၁၅၆.၈၈ | ၃၆၃၆.၀၀ | (-) | ၁၄၇၉.၁၂ |
| ၇။ | ကော့သောင်း | ၅၆၂၂.၀၀ | ၁၀၀၈၂.၀၅ | (-) | ၄၄၆၀.၀၅ |
| ၈။ | မြိတ် | ၅၀.၀၀ | ၃၀၉၀.၀၀ | (-) | ၃၀၄၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၁၆၃၅.၁၈ | ၂၀၇၀၄.၀၅ | (-) | ၉၀၆၈.၈၇ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၆/၉ မှ ၂/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၉/၉ မှ ၂၅/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၁၂၀၅.၆၀၀ | ၃၀၄၈၆.၀၀၀ | (-) | ၉၂၈၀.၄၀၀ |
| ၂။ | လွယ်ဂျယ် | ၁၅၉.၀၀၀ | ၁၃၉.၀၀၀ | (+) | ၂၀.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၆၈၅.၂၅၀ | ၇၂၀.၅၀၀ | (-) | ၃၅.၂၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၄၁၀၂.၁၉၆ | ၃၈၃၄.၃၀၀ | (+) | ၂၆၇.၈၉၆ |
| ၆။ | ကော့သောင်း | ၁၂၀.၀၀၀ | - | (+) | ၁၂၀.၀၀၀ |
| ၇။ | မြိတ် | ၁၄၃.၀၀၀ | ၁၅၀.၀၀၀ | (-) | ၇.၀၀၀ |
| ၈။ | ရိုဒ် | ၂၅၀.၀၀၀ | ၅၀၀.၀၀၀ | (-) | ၂၅၀.၀၀၀ |
| | စုစုပေါင်း | ၂၆၆၆၅.၀၄၆ | ၃၅၈၂၉.၈၀၀ | (-) | ၉၁၆၄.၇၅၄ |

တင်တင်ထွန်း MIRT (DCCA)

# နှမ်း/မြေပဲ

## ပြည်ဆီထွက်သီးနှံဈေးကွက် ဈေးအနည်းငယ်ပြန်ကျလာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးနဲ့အတူနှမ်းဈေးပါ အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မြေပဲဆန်ဈေး ကျသွားသဖြင့် နယ်ဘက်မှ တစ်နေ့လျှင်အိတ် ၄၀၀-၅၀၀ သာ ဝင်ရောက်မှုရှိတာ တွေ့ရပါတယ်။ မြေပဲဆန်လုံးဆန်ကို ဝယ်လက် အကြိုက်မတွေ့သဖြင့် အဝယ်မရှိတဲ့ဆီဆန်ကို ဆီစက်သမားများက ဆီကြိတ်ရန် အဝယ်ရှိနေတာဖြစ်ပါတယ်။ နှမ်းကို လည်း မင်းတုန်း၊ မြန်အောင်နှင့်ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် အိတ် ၇၀၀-၈၀၀ သာအဝင်ရှိပေမယ့် နှမ်းဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ နှမ်းနက်ကို မန္တလေးဝယ်လက်များက အဝယ်ရှိသလို နှမ်းနီကို ဆီစက်များက အဝယ်ရှိနေသော်လည်း ဝယ်လက်များက ဈေးချဝယ်ယူနေသဖြင့် ဈေးအနည်းငယ်ကျနေတာဖြစ်ပါတယ်။ ယခုတစ်ပတ် ဆီထွက်သီးနှံဈေးနှုန်းများကို ကြည့်ရင် မြေပဲဆန် (ဆီဆန်) တစ်ပိဿာကို ၂၂၀၀ ကျပ်၊ မြေပဲဆန် (လုံးဆန်) တစ်ပိဿာကို ၂၆၅၀ ကျပ်ဈေးဖြစ်ပြီး၊ နှမ်းနီတစ်တင်းလျှင် ၃၄၀၀၀ ကျပ်၊ နှမ်းနက် (ရိုးရိုး)တစ်တင်းလျှင် ၄၅၀၀၀ ကျပ်နဲ့ စမုံနက်တစ်တင်းလျှင် ၇၀၀၀၀ ကျပ်ဈေးဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## မုံရွာကုန်စည်ဒိုင် အောက်တိုဘာပထမပတ်
## ဆီထွက်သီးနှံဈေးကွက်မှာ နှမ်းမျိုးစုံထက် မြေပဲက ပိုမိုအရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် အောက်တိုဘာ ပထမပတ် ဆီထွက်သီးနှံဈေးကွက်မှာ နှမ်းမျိုးစုံဒိုင်ဝင်ရောက်မှုနည်းပြီး အရောင်းအဝယ်ပါးခဲ့ပေမယ့် မြေပဲဆန်က ဒိုင်အဝင်ရော အရောင်းအဝယ် ပါ သွက်ခဲ့တယ်လို့ သိရပါတယ်။

မုံရွာဝန်းကျင်က မိုးမြေပဲတွေ နေ့စဉ် ဒိုင်ကို တစ်ရက် ၂၅ ပိဿာဝင် အိတ် ၅၀၀ မှ ၁၀၀၀ ကြား ပုံမှန်ဝင်ရောက်နေပြီး ဝင်သလောက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးမှာ မြေပဲဆန်(နီ) တစ်ပိဿာ ၃၂၀၀ ကျပ်နဲ့ မြေပဲဆန် (ဖြူ) တစ်ပိဿာ ၂၇၀၀ ကျပ်ဈေးမှာ ငြိမ်နေပြီး ဒေသခံဆီစက်သမားနဲ့ မန်းဝယ်လက်ပုံမှန်ရှိခဲ့တယ်လို့ သိရပါတယ်။

နှမ်းဈေးကွက်မှာတော့ ရာသီဥတုကြောင့် ဒေသစိုက်နှမ်းတွေ အထွက်လျော့ခဲ့ပြီး ဒိုင်အဝင်လည်း ပါးလာတယ်လို့ ဆိုပါတယ်။ ပေါက်ဈေးအားဖြင့် ယခုတစ်ပတ်အတွင်း နှမ်းညို တစ်တင်း ၃၀၅၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၃၆၇၀၀ ကျပ်နဲ့ နှစ်ဝါတစ်တင်း ၂၉၀၀၀ ကျပ် အသီးသီး အမြင့်ဈေးပေါက်ခဲ့ပြီး ပေါက်ဈေးအရ ရောင်းသူပါးခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ လှောင်လက်သမားတွေအနေနဲ့ ယောဘက်ကလာတဲ့ နှမ်းဝါကို တစ်တင်း ၃၀၀၀၀ ကျပ်အထိ ဈေးမြှင့်ဝယ်ယူမှုရှိပေမဲ့ ရောင်းသူရှားတယ်လို့ သိရပါတယ်။

စားသုံးဆီဈေးကွက်မှာတော့ ပဲဆီတစ်ပိဿာ ၅၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၃၉၀၀ ကျပ်နဲ့ ငြိမ်နေပြီး၊ စားအုန်းဆီက တစ်ပိဿာ ၁၅၇၀ ကျပ်မှ ၁၅၈၀ ကျပ်သို့ အနည်းငယ်တက်လာခဲ့တယ်လို့ ဈေးကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# စားအုန်းဆီ

## ရင်းဂစ်တန်ဖိုးပြန်လည်မြင့်တက်ခြင်းကြောင့် မလေးရှားစားအုန်းဆီဈေးကျဆင်း

မလေးရှားနိုင်ငံသုံးငွေကြေး ရင်းဂစ်တန်ဖိုးမြင့်တက်လာခြင်းကြောင့်လည်းကောင်း၊ ယခင်လက ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် စားအုန်းဆီဝယ်လိုအားက အင်ဒိုနီးရှားနိုင်ငံဘက်သို့ ပြောင်းရွှေ့သွားခြင်းကြောင့် လည်းကောင်း၊ မလေးရှား စားအုန်းဆီကြိုရောင်းဈေးက အောက်တိုဘာ ၈ ရက်နေ့မှာ ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့ကြောင်း ဘီရိုကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange )မှာ ဒီဇင်ဘာအတွက် စားအုန်းဆီကြိုရောင်းဈေးက အောက်တိုဘာ ၈ ရက် နေ့လယ်ဈေးကွဲချိန်မှာ ၂ ဒသမ ၂၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၃၁၉ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၀ ဒသမ ၁၈) နှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် စားအုန်းဆီဈေးက အောက်တိုဘာ ၇ ရက်က တစ်တန်ကို ၂၄၄၄ ရင်းဂစ်နှုန်းရှိခဲ့ ပါတယ်။

“ဒီနေ့မှာ ရင်းဂစ်တန်ဖိုး ပြန်တက်လာတဲ့အတွက် စားအုန်းဆီဈေး ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲပုပ်ဆီဈေးကလည်း ထူးထူးခြားခြားမြင့်တက်လာတာ မတွေ့ရတဲ့အတွက် ကုန်သည်တွေက ဈေးရခိုက် စားအုန်းဆီကို ရောင်းချလာတာ တွေ့ရပါတယ်”လို့ ကွာလာလမ်ပူအခြေစိုက် နိုင်ငံခြား ကုန်စည်အကျိုးဆောင်လုပ်ငန်းတစ်ခုမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

စုစုပေါင်း ရောင်းချရတဲ့ စားအုန်းဆီပမာဏက ၂၅ တန်ရှိအတွဲ ၄၉၉၃၅ တွဲရှိတဲ့အတွက် တစ်ရက် နေ့စဉ်ပျမ်းမျှရောင်းချရနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ ထက်ကျော်လွန်နေတာကို တွေ့ရပါတယ်။

မလေးရှားရင်းဂစ်တန်ဖိုးက အောက်တိုဘာ ၈ ရက်မှာ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး ရက်သတ္တပတ် ငါးပတ်အတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။ စားအုန်းဆီရောင်းဝယ်မှုမှာ အသုံးပြုတဲ့ ရင်းဂစ်ငွေကြေး တန်ဖိုးကျဆင်းမှုသာ စားအုန်းဆီတင်ပို့မှုကို အထောက်အကူဖြစ်စေပါတယ်။

ရောင်းလိုအားမြင့်တက်မှုက စားအုန်းဆီကြမ်း(CPO) ဈေးနှုန်းများမတက်အောင် အဟန့်အတား ဖြစ်နေတဲ့အတွက်လည်းကောင်း၊ စားအုန်းဆီထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုကို ကျဆင်းလာတဲ့အတွက်ကြောင့်လည်းကောင်း၊ စားအုန်းဆီထုတ်လုပ်သူများအတွက် ချေးငွေရရှိမယ့် အလားအလာကို ကျဆင်းစေခဲ့ကြောင်း Mood's Investors Service အေဂျင်စီက ပြောပါတယ်။

စားအုန်းဆီကြမ်းရဲ့ ပျမ်းမျှဈေးနှုန်းက ၂၀၁၂ ခုနှစ် ဒုတိယသုံးလပတ်က ရှိခဲ့တဲ့နှုန်းနဲ့ နှိုင်းယှဉ်ရင် ယခုနှစ် ဒုတိယသုံးလပတ်တွင် ၃၀ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၁၉၁ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ဇူလိုင်-ဩဂုတ်ကာလအတွင်း ပျမ်းမျှဈေးနှုန်းက တစ်တန်ကို ၂၀၆၇ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

“ဟင်းသီးဟင်းရွက်ဆီရဲ့ ရောင်းလိုအားက ပိုလျှံနေပြီး ဝယ်လိုအားက ကျဆင်းနေတဲ့အတွက် စားအုန်းဆီကြမ်းဈေးနှုန်းကလာမယ့် ၁၈ လအတွင်း ဆက်လက်ကျဆင်းနေဦးမှာဖြစ်ပါတယ်” လို့ Mood's အေဂျင်စီရဲ့ ဒုတိယဥက္ကဋ္ဌ အေလန်ဂရင်းက ပြောပါတယ်။

ရင်းဂစ်တန်ဖိုးကျဆင်းမှုက ပို့ကုန်ဝင်ငွေ၊ မတည်ရင်းနှီးငွေစီးထွက်မှုနဲ့ မလေးရှားစီးပွားရေးအပေါ် ယုံကြည်မှုကျဆင်းလာစေခြင်းစတဲ့ အကြောင်းတရားများရဲ့ လက္ခဏာတစ်ရပ် ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံခြားငွေနဲ့ ပေးချေရမယ့် မလေးရှားအစိုးရရဲ့ ကြွေးမြီအချိုးအစားက နိမ့်ကျနေတဲ့အတွက် ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့် တိုက်ရိုက်ဖြစ်ပေါ်တဲ့ ဂယက်ကို ထိန်းသိမ်းချုပ်ကိုင်လို့ရနိုင်မယ့် အခြေအနေရှိကြောင်း အေဂျင်စီက ပြောပါတယ်။

စုဆောင်းရရှိတဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ စားအုန်းဆီဈေးက တစ်တန်ကို ၂၃၄၉-၂၄၆၄ ရင်းဂစ်ကြားမှာရှိမယ်လို့ ရိုက်တာသတင်းဌာနရဲ့ ကုန်စည်နဲ့ စွမ်းအင်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။ အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဒီဇင်ဘာကြိုရောင်းစာချုပ်ဈေးက သုည ဒသမ ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

**UNT**

## ပြည်တွင်းဆီဈေးနှုန်းများ (၉-၁၀-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၆၅၀ | △ |
| ရန်ကုန် | ၇၀၀၀ | ၆၂၀၀ | ▽ | ၅၅၀၀ | ၄၈၀၀ | ▽ | ၁၄၄၀ | ၁၄၂၅ | ▽ |
| မန္တလေး | ၅၀၀၀ | ၄၅၀၀ | ▽ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၃၀ | ၁၅၄၀ | △ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၅၁၀၀ | ၅၂၀၀ | △ | ၁၄၈၀ | ၁၅၂၀ | △ |
| မကွေး | ၅၅၀၀ | ၅၃၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| မုံရွာ | ၅၀၀၀ | ၄၈၀၀ | ▽ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၇၀ | ၁၅၇၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၅-၁၀-၂၀၁၅ မှ ၉-၁၀-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၅-၁၀-၂၀၁၅ | ၆၂၀ |
| (၂) | ၆-၁၀-၂၀၁၅ | ၆၃၀ |
| (၃) | ၈-၁၀-၂၀၁၅ | ၆၂၂ |
| (၄) | ၉-၁၀-၂၀၁၅ | ၆၁၈ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၁၀-၂၀၁၅ US$/Ton

| အမျိုးအစား | စက်တင်ဘာလပဥ္စမပတ် | အောက်တိုဘာလပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၉.၅၀ | ၅၅၆.၀၀ | △ |
| RBD P.Olein | ၅၄၄.၅၀ | ၅၆၉.၀၀ | △ |
| RBD P.Strarin | ၄၂၆.၀၀ | ၄၅၇.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉- ၁၀ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၉၉.၆၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၀၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၄.၀၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၅.၃၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၄၃.၄၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၉-၁၀-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၁၈ ဒေါ်လာ၊ FOB ၅၉၃ ဒေါ်လာ နှင့် USD ဈေး ၁၂၈၇ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၉-၁၀ - ၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စင်ကာပူနိုင်ငံ၌ နိုင်ငံခြားအလုပ်သမား ငှားရမ်းမှုဆိုင်ရာမူဝါဒနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်

စင်ကာပူနိုင်ငံ၊ အလုပ်သမားဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းကဏ္ဍပေါင်းစုံမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နိုင်ငံခြားအလုပ်သမား ငှားရမ်းခြင်းအပေါ် ကောက်ခံလျက်ရှိသော စည်းကြပ်ခွန်များနှင့်ပတ်သက်၍ ဖြေလျှော့မှုများပြုလုပ်ရေး စဉ်းစားသုံးသပ်မည်ဖြစ်ကြောင်း ပြောကြားပါသည်။

အောက်တိုဘာ ၅ ရက်နေ့က ပြုလုပ်သော အဆိုပါ ဆွေးနွေးပွဲသို့ လက်လီရောင်းဝယ်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေး လုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်ဝန်ဆောင်မှုနှင့် စားသောက်ဆိုင်လုပ်ငန်းများ အပါအဝင် လုပ်ငန်းကဏ္ဍ ၂၄ ခုမှ ကိုယ်စားလှယ်များ၊ စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် (SBF) နှင့် အစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲ၌ ပြည်ပလုပ်သား ငှားရမ်းခန့်ထားခြင်းအပေါ် အခွန်စည်းကြပ်မှုနှင့်ငှားရမ်းခွင့်ဝေစုသတ်မှတ်ချက်၊ အလုပ်သမားလက်မှတ်သက်တမ်းတိုးလဲလှယ်ရာ၌ အနိမ့်ဆုံး လုပ်အားခနှုန်းထားသတ်မှတ်ချက်စသည့်အစိုးရမူဝါဒများနှင့်ပတ်သက်၍ ပြန်လည်ချိန်ညှိဆောင်ရွက်မှုပြုရန် လုပ်ငန်းရှင်များဘက်မှ တောင်းဆိုခဲ့ကြရာ စင်ကာပူအလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. TeoSer Luck ကဌာနအနေ ဖြင့်မည်သို့ဆောင်ရွက်ပေးနိုင်မည်ကိုပြန်လည်သုံးသပ်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောပါသည်။

စင်ကာပူနိုင်ငံရှိအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(SMEs) များသည် ငှားရမ်းခနှုန်းထားများကြီးမြင့်မှုနှင့်လုပ်သားအင်အား ကျဆင်းမှုအကျပ်အတည်းများနှင့်ကြုံတွေ့နေရကြောင်းလုပ်ငန်းရှင်များက ပြောကြားလျက်ရှိပါသည်။ ၎င်းတို့၏ အဆိုအရ စင်ကာပူရှိ လက်လီအရောင်းလုပ်ငန်းများ၏ အလုပ်သမားငှားရမ်းမှုကုန်ကျစရိတ်မှာ ဟောင်ကောင်ဒေသနှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းကျော် ပိုမိုများပြားကြောင်း၊ အလားတူ ဟိုတယ်လုပ်ငန်းကဏ္ဍတွင်လည်းထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စသောဒေသတွင်းနိုင်ငံများ၌ ဝန်ထမ်းခန့်ထားရမှုစရိတ်သည် လုပ်ငန်း စုစုပေါင်းကုန်ကျစရိတ်၏၁၅ ရာခိုင်နှုန်းမျှသာရှိသော်လည်း စင်ကာပူနိုင်ငံတွင် ၂၅ မှ ၃၀ ရာခိုင်နှုန်း အကြားတွင် ရှိကြောင်း သိရှိရပါသည်။

SBF ၏ဥက္ကဋ္ဌ Mr. TeoSiong Seng က ဆွေးနွေးပွဲ တက်ရောက်လာသည့် ကိုယ်စားလှယ်များ အားလုံးသည် နိုင်ငံခြားအလုပ်သမားငှားရမ်းခွင့် ခွဲတမ်းသတ်မှတ်ချက်အပေါ် စိုးရိမ်ကြောင့်ကြမှုမရှိသော်လည်း ဤသို့ငှားရမ်းခြင်းအပေါ် အခွန်စည်းကြပ်မှုက ကုမ္ပဏီ လုပ်ငန်းများစွာအတွက် အခြေခံလုပ်ငန်းပိုင်း၌ ပိုမိုကုန်ကျမှုများဖြစ်ပေါ်စေလျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံ၌ စီးပွားရေးလုပ်ဆောင်မှုများကျဆင်းလျက် လေဆန်ခရီးကြမ်းအား ရင်ဆိုင်နေရချိန်တွင် စည်းကြပ်အခွန်များလျှော့ပေါ့ပေးရန် သို့မဟုတ် စည်းကြပ်ကောက်ခံရငွေများအား လုပ်ငန်းများ တိုးတက်စေရေး အထောက်အပံ့ပြုရာ၌ သုံးစွဲမှုပြုရန် အစိုးရကစဉ်းစားဆောင်ရွက်ပေးနိုင်ကြောင်း၊ ၎င်းတို့အနေဖြင့်အလုပ်သမားသမဂ္ဂ၊ အစိုးရနှင့် လုပ်ငန်းရှင်ဟူသောအဖွဲ့အစည်းသုံးရပ်၏ ပူးပေါင်းဆောင်ရွက်မှု ပြန်လည်အားကောင်းလာပြီး ကုန်ထုတ်လုပ်မှုမြှင့်တင်ရာတွင် လုပ်သားအင်အားစုမှတက်ကြွစွာ ပါဝင်လာမည်ဟု မျှော်လင့်ထားကြောင်း ပြောကြားပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ၌ နိုင်ငံခြားအလုပ်သမား ငှားရမ်းမှုခွဲတမ်းနှင့် အခွန်စည်းကြပ်မှုကိစ္စရပ်များ အပြင် အောက်တိုဘာ ၁ ရက်နေ့မှ စတင်ဆောင်ရွက်သည့် LED ခေါ် လေလွင့်မှု အနည်းဆုံးဖြင့် လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၊ အလုပ်ချိန်နာရီပမာဏ သတ်မှတ်ချက်၊ သုံးဦးသုံးဖလှယ်ပူးပေါင်း ဆောင်ရွက်မှုနှင့် ပြည်တွင်းလုပ်သား အင်အားမဏ္ဍိုင်ပြု ဆောင်ရွက်မည့် သဘောထား ရပ်တည်ချက်သည် အလုပ်သမားမူဝါဒ၌ မည်သို့ကိုက်ညီမှုရှိနိုင်မည် စသည့် ကိစ္စရပ်များကိုပါ ဆွေးနွေးခဲ့ကြပါသည်။

အလုပ်သမားငှားရမ်းခန့်ထားမှု ကုန်ကျစရိတ်များမှာလုပ်ငန်းကဏ္ဍ အလိုက်အနည်းအများ ကွာခြားခြင်း ရှိသည့်အလျောက် စင်ကာပူအလုပ်သမားဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြား အလုပ်သမား ငှားရမ်းခြင်းအပေါ် အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းနယ်ပယ်အသီးသီးမှ သဘောထား တုံ့ပြန်ချက်များရယူလျက် မူဝါဒပိုင်း သုံးသပ်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## အင်ဒိုနီးရှားနိုင်ငံသို့ ဘယ်လ်ဂျီယံစီးပွားရေးကိုယ်စားလှယ်အဖွဲ့ သွားရောက်မည်

ဘယ်လ်ဂျီယံနိုင်ငံ ဘုရင့် သမီးတော်၊ မင်းသမီး Astrid ဦးဆောင်သော ဘယ်လ်ဂျီယံ စီးပွားရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့နှင့်ဘန်ဒေါင်းမြို့သို့ ၂၀၁၆ ခုနှစ် မတ်လ ၁၂ မှ ၁၉ ရက် အထိ သွားရောက်မည်ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံနှင့်ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် အဓိကလုပ်ငန်းကဏ္ဍများမှာ ပင်လယ်ရေကြောင်းလုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေး/အခြေခံအဆောက်အအုံ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှု/ဆေးဝါး လုပ်ငန်းကဏ္ဍ၊ စွမ်းအင်လုပ်ငန်းကဏ္ဍ၊ သန့်စင်နည်းပညာလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ၊ အဝတ်အထည်လုပ်ငန်းကဏ္ဍနှင့်သတင်း အချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာလုပ်ငန်းကဏ္ဍစသည်တို့ဖြစ်ကြပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အမေရိကန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးဈေးနှုန်းမြင့်တက်

အမေရိကန်နိုင်ငံတွင် ယခုနှစ်နွေရာသီ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် ဆန်၊ ပြောင်းနှင့်ပဲပုပ်စေ့အထွက်နှုန်းများကျဆင်းကာ ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ယခုနှစ်တတိယသုံးလပတ်တွင် ချီကာဂိုဈေးကွက်၌ ကြိုရောင်းစာချုပ် ဆန်ဈေးနှုန်းသည် ၂၂ ရာခိုင်နှုန်းမြင့် တက်ခဲ့ကြောင်း Bloomberg သတင်းများအရ သိရှိရပါသည်။

ယခုနှစ်ဩဂုတ်လ ၁ ရက်နေ့တွင် စတင်သည့်ရိတ်သိမ်းရာသီ၌ ဆန်အထွက်နှုန်းမှာ ၁၄ ရာခိုင်နှုန်း ကျဆင်းကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အမေရိကန်နိုင်ငံသည် ဆန်အထွက်နှုန်းမမြင့်မားသော်လည်း ၂၀၁၅-၁၆ ခုနှစ်တွင် ပဉ္စမမြောက်အများဆုံးဆန်တင်ပို့နိုင်မည်ဟု ခန့်မှန်းကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ဆန်အထွက်နှုန်းသည် တတိယမြောက်နှစ်အဖြစ် ဆက်လက်ကျဆင်းနေကြောင်း၊ ထိုင်းနိုင်ငံတွင် ရာသီဥတုခြောက်သွေ့မှုကြောင့် ဆန်အထွက်နှုန်းကျဆင်းရာ ၁၉ နှစ်အတွင်း အနိမ့်ဆုံးဖြစ်ကြောင်း၊ ဆယ်စုနှစ် နှစ်စုအတွင်း အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်မှုမှာ အပြင်းထန်ဆုံးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ် သက်ရောက်နိုင်မှုများကို အခြားသော အာရှနိုင်ငံများကလည်း လေ့လာစောင့်ကြည့်နေကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ဇီဝလောင်စာဆီအတွက် ထိုင်းနိုင်ငံက ထောက်ပံ့မှု မြှင့်တင်ပေး

စွမ်းအင်မူဝါဒချမှတ်သူများသည် အီသနောရောထားသော ဓာတ်ဆီ E85 နှင့် E20 အတွက် ထောက်ပံ့ငွေ တိုးမြှင့်ပေးရန် အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ဇီဝလောင်စာဆီ ပိုမိုအသုံးပြုစေရန် ဖြစ်ကြောင်း၊ ထိုသို့ဖြင့် လယ်သမားများကို သွယ်ဝိုက်သောနည်းဖြင့် ထောက်ကူပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

လောလောဆယ်တွင် E20 အတွက် ထောက်ပံ့မှုသည် တစ်လီတာလျှင် ၂ ဒသမ ၄၀ ဘတ်နှင့် E85 အတွက် ထောက်ပံ့မှုသည် ၉ ဒသမ ၂၃ ဘတ်ဖြစ်ပါသည်။ ယခင်က E20 တစ်လီတာလျှင် ၁ ဒသမ ၉၀ ဘတ်နှင့် E85 တစ်လီတာလျှင် ၇ ဒသမ ၂၃ ဘတ် ထောက်ပံ့ပေးခဲ့ပါသည်။

ပုံမှန်အားဖြင့် ဇီဝလောင်စာဆီ ထုတ်လုပ်မှုစရိတ်သည် ရုပ်ကြွင်းလောင်စာဆီ ထုတ်လုပ်မှုစရိတ်ထက် မြင့်မားရာ ဇီဝလောင်စာဆီအတွက် ထောက်ပံ့ငွေပေးခြင်းသည် ဇီဝလောင်စာဆီ ထုတ်လုပ်သူများအတွက် ထုတ်လုပ်စရိတ်မြင့်မားခြင်း၏ ဒဏ်ခံရမှုသက်သာစေရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ E20 နှင့် E85 ဈေးနှုန်းများနှင့် ရုပ်ကြွင်းလောင်စာဆီတို့၏ ဈေးနှုန်းကွာဟမှုသည် ယာဉ်အသုံးပြုသူများအား အီသနော ရောထားသည့် ဓာတ်ဆီပိုမိုအသုံးပြုရန် တွန်းအားပေးနိုင်ပါသည်။ အီသနောရောထားသည့် ဓာတ်ဆီ ဝယ်လိုအားမြင့်တက်လာသည်ကို ကြည့်ခြင်းအားဖြင့် ကြံဝယ်လိုအား မြင့်မားလာသည်ကို ဖော်ပြနေပါသည်။ သို့ဖြစ်ရာ အီသနောရောထားသည့် ဓာတ်ဆီသုံးစွဲမှု မြင့်တက်လာခြင်းသည် လယ်သမားများအတွက် သွယ်ဝိုက်သော နည်းဖြင့်အထောက်အကူဖြစ်စေပါသည်။

E20 နှင့် E85 ဈေးနှုန်းများ လျှော့နည်း သက်သာသွားသည့်အတွက် ဇီဝလောင်စာဆီ ဝယ်လိုအားကိုမြင့်တက်စေသင့်ကြောင်း ဝန်ကြီး မစ္စတာ အနန်တာပွန်က သုံးသပ်ခဲ့ပါသည်။ E85 ဝယ်လိုအားသည် ပြီးခဲ့သည့်နှစ်၌ တစ်နေ့လျှင် လီတာ တစ်သန်းရှိခဲ့ရာမှ ၈၇၀,၀၀၀ လီတာသို့ ကျဆင်းခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် E20 ဝယ်လိုအားသည် တစ်နေ့လျှင် လီတာသုံးသန်းရှိခဲ့ရာမှ လီတာ ၄ ဒသမ ၁၃ သန်းသို့ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

မြင့်တက်လာသော အီသနောဆိုင်ရာ ထောက်ပံ့မှုစရိတ်ကို နိုင်ငံတော်လောင်စာဆီရန်ပုံငွေမှ အသုံးပြုမည်ဖြစ်ကြောင်း၊ အောက်တိုဘာလအတွက် အညွှန်းဈေးနှုန်းများမှာ အီသနောတစ်လီတာလျှင် ၂၆ ဒသမ ၃၃ ဘတ်၊ ဇီဝဒီဇယ်အစစ် (Pure biodiesel) တစ်လီတာလျှင် ၂၅ ဒသမ ဝ၄ ဘတ်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အနန်တာပွန် ကပြောကြားခဲ့ပါသည်။

လာမည့်နှစ် အစောပိုင်းတွင် E85 အသုံးပြုနိုင်သော ယာဉ်များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထူးအခွင့်အရေးများ ပေးမည်ဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်များ အနေဖြင့် ဇီဝလောင်စာ သုံးယာဉ်အဖြစ် ပြောင်းလဲစေရေး တွန်း အားပေးရန် excise tax ကို ၃၀ ရာခိုင် နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲအလွန်ကာလမြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အခြေအနေ ဆွေးနွေးပွဲကျင်းပ

စင်ကာပူနိုင်ငံ၌အောက်တိုဘာ ၁ ရက်နေ့တွင် (၈) ကြိမ်မြောက် အာဆီယံ -အာရှဖိုရမ်ဆွေးနွေးပွဲကို နိုင်ငံတကာ ရေးရာစင်ကာပူသိပ္ပံဌာန (SIIA) မှစီစဉ် ကျင်းပခဲ့ရာ Gearing up to Myanmar's 2015 General Elections – What next? ဟူသောခေါင်းစဉ်ဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအလွန်ကာလ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အခြေအနေနှင့်ပတ်သက်သည့် သဘာပတိ အဖွဲ့ဆွေးနွေးပွဲ တစ်ရပ်ပါဝင်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပုဂ္ဂိုလ် ဒေါက်တာ အောင်ထွန်းသက် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကို ကာလကြာရှည်စွာ ကြုံတွေ့ခဲ့ရသော်လည်း စီးပွားရေးပြုပြင် ပြောင်းလဲမှု လုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်၍ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုလုပ်ကိုင်စေလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ ပြည်ပအရင်း အနှီးများစီးဝင်မှုမှာ ယခင်ဘဏ္ဍာနှစ်တွင် မျှော်မှန်းထားသည်ထက် ပိုမို၍ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော် ရောက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွား ရေးလုပ်ငန်း ကဏ္ဍပေါင်းစုံတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ GDP တိုးတက် နှုန်းမှာ၈ ဒသမ ၅ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ အထူးသဖြင့် တယ်လီဖုန်းဆက်သွယ်မှု ကဏ္ဍမှာလျင်မြန်စွာ တိုးတက်လျက်ရှိပြီး နှစ်နှစ်တာကာလ အတွင်းမိုဘိုင်းဖုန်းအသုံးပြုနိုင်မှုသိပ်သည်းဆမှာ ၅၀ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရာတွင် လုပ်ကိုင်နိုင်စွမ်းရည်နိမ့်ကျမှုမှာ အဓိကစိန်ခေါ်နေသည့် အချက်ဖြစ်ကြောင်း၊ ပြည်ပလုပ်ငန်းရှင်များအနေဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့၊ လျှပ်စစ်စွမ်းအား၊ အခြေခံတည်ဆောက်ရေးနှင့်ကုန်ထုတ်လုပ်ငန်းကဏ္ဍများ၌ အလေးပေးရင်းနှီးမြှုပ်နှံမှုများပြားကြောင်း၊ စွမ်းဆောင်ရည်မြင့်မားစေမည့် ပညာရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရန်လိုအပ်လျက် ရှိကြောင်း၊ အလားတူမြန်မာနိုင်ငံ၌ စတော့အိတ်ချိန်းဈေးကွက်ကိုလည်း ယခုနှစ်ကုန်တွင် ထူထောင်မည်ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နိုင်ကြောင်း၊ နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နှင့်ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ဦးရေ ၆၀၀၀ ကျော်ရှိပါကြောင်း၊ ရွေးကောက်ပွဲမှ မည်သည့်ရလာဒ်ထွက်ပေါ်လာသည်ဖြစ်စေ၊ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များမှာ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် နောက်ကြောင်းပြန်လှည့်မည့် အခြေအနေမရှိကြောင်း၊ မိမိတို့၏ဆန္ဒမှာ ကမ္ဘာ့စီးပွားရေးပတ်ဝန်းကျင်နှင့် ဆက်လက်ချိတ်ဆက် ဆောင်ရွက်ရန် လိုလားခြင်း ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအလွန်ကာလ၌ တည်ငြိမ်မှု ရှိသောအစိုးရ တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးနိုင်ငံများ စာရင်းမှ လွန်မြောက်ရန်ရည်မှန်းပြီး အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကာလတွင် စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ များစွာ ဖြစ်ထွန်းစေမည့် အထူးစီးပွားရေးဇုန်သုံးခုကိုလည်း တည်ထောင်လုပ်ကိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိသည့် အားလျော်စွာ ဈေးကွက်အတိုင်း အဆပမာဏမှာပြည်တွင်းရှိလူဦးရေ သန်း၅၀ ကျော်သာမက အဆိုပါဒေသများရှိစားသုံးသူဈေးကွက်သို့ပါ တိုးချဲ့နိုင်သည်အထိကြီးမား ကျယ်ပြန့်မှုရှိကြောင်း၊ သို့ပါ၍ ပြည်ပလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းများ၌ ဝင်ရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းစသည်ဖြင့် ပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲ၌ နိုင်ငံတကာရေးရာ စင်ကာပူသိပ္ပံဌာန၏ ဥက္ကဋ္ဌ Mr. Simon Tay မှ သဘာပတိအဖြစ် ဆောင်ရွက်လျက်ဒေါက်တာ အောင်ထွန်းသက်၊ စင်ကာပူနိုင်ငံရှိ OCBC Bank ၏ နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးဘဏ် လုပ်ငန်းဌာနအကြီးအကဲ Mr. Linus Goh ၊ စင်ကာပူအခြေစိုက် RVi Institute မှ အမှုဆောင်အရာရှိချုပ် Mr. Argus Ang နှင့် ရိုးမဦးပိုင်လီမိတက်မှ အမှုဆောင်အရာရှိချုပ် Mr. Melvyn Pun တို့က မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှုနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအလားအလာများကို ပါဝင်ဆွေးနွေးကြပါသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများနှင့် ဂျပန်၊ တရုတ်စသည့်နိုင်ငံများ၏ ကူညီထောက်ပံ့မှုများမှာများစွာအရေးပါကြောင်း၊ ပြောင်းလဲမှုဖြစ်စဉ်များမှာ စီးပွားရေးလုပ်ငန်းပိုင်းအပြင် သတင်းမီဒီယာရေးသားထုတ်ဖော်ပြောဆိုခွင့်တို့ပါဝင်သည့် အမှန်ပြောင်းလဲမှုများဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် အခြေခံတည်ဆောက်ရေးကဏ္ဍ၌ ရေတိုရေရှည်လုပ်ငန်းလိုလားချက်များရှိနေကြောင်း၊ ပြည်ပလုပ်ငန်းရှင်များဘက်မှ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အခြေခံလိုအပ်ချက်များပြည့်စုံလုံလောက်မှုရှိရန် လိုလားနေချိန်တွင် ပြည်တွင်းလုပ်ငန်းရှင်များကလည်းအရင်းအနှီးနှင့်နည်းပညာပိုင်း၌ ယှဉ်ပြိုင်နိုင်စွမ်း နည်းပါးမှုအပေါ် စိုးရိမ်ကြောင့်ကြမှုများရှိနေကြောင်း စသည်ဖြင့် ရိုးမဦးပိုင်လီမိတက်မှ Mr. Melvyn Pun က ပြောဆိုပါသည်။

OCBCဘဏ်မှ Mr. Linus Goh ကမူလက်ရှိကာလမြန်မာ နိုင်ငံ၌ ပြည်ပဘဏ်လုပ်ငန်းများအနေဖြင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများကိုသာ ရန်ပုံငွေကြေးပံ့ပိုးမှု လုပ်ဆောင်နိုင်ပြီးအခြားသောငွေကြေးဝန်ဆောင်မှုများ လုပ်ကိုင်နိုင်ရန် မျှော်လင့်လျက်ရှိ နေကြကြောင်း၊ သို့ရာတွင်ကုမ္ပဏီများနှင့် သက်ဆိုင်သည့် ဥပဒေနှင့်လုပ်ထုံးလုပ် နည်းများစွာကို ထုတ်ပြန်နိုင်ရေးမှာရွေး ကောက်ပွဲပြီးဆုံးသည့်ကာလတိုင်အောင် စောင့်ဆိုင်းရဖွယ် ရှိကြောင်းပြောကြားပါ သည်။

RVi Institute မှ Mr. Argus Ang က ယခုကျင်းပမည့် အထွေထွေရွေး ကောက်ပွဲမှာပါတီကြီး နှစ်ခုကသာ အဓိကယှဉ်ပြိုင်ရမည့် အနေအထားဖြစ်ပြီးလွတ်လပ်၍ မျှတမှုရှိရန် မျှော်လင့်ရကြောင်းပြောဆိုပါသည်။ အဆိုပါ လုပ်ငန်းရှင်သုံးဦး က ၂၀၁၅ခုနှစ် ရွေးကောက်ပွဲ အလွန်ကာလမြန်မာနိုင်ငံ၌ အစိုးရအဖွဲ့သစ်မှ ပြည်တွင်းလုပ်ငန်းရှင်များအား အကာအကွယ်ပေးမှုကို ဦးစားပေးသည့် မူဝါဒများချမှတ်နိုင်ခြေရှိမရှိ ဆွေးနွေးကြပါသည်။

နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အောင်ထွန်းသက် က မြန်မာနိုင်ငံ၌ ပြည်တွင်းပြည်ပကုမ္ပဏီများမှတ်ပုံတင်မှု ရင်း နှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုမှုတို့နှင့် ဆက်စပ်သည့် လုပ်ငန်းများကို ယခင်ကထက်ပိုမိုလျင်မြန်စွာလုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းနှင့် ပြည်ပလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အမြင်ကွဲပြားမှုမရှိစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ကို ပေါင်းစည်းလျက် ရင်းနှီးမြှုပ်နှံမှုဥပဒေ တစ်ရပ်တည်းကိုသာ ပြင်ဆင်ထုတ်ပြန်နိုင်ရေး မူကြမ်းရေးဆွဲထားရှိပြီးဖြစ်ကြောင်း၊ လက်ရှိကာလတွင် လွှတ်တော် အတည်ပြုချက် ရရှိနိုင်ရေးဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အလွန် ကာလ၌ ပြဋ္ဌာန်းနိုင်မည်ဟု မျှော်မှန်းရကြောင်း၊ ကိုယ်ကျိုးစီးပွား ကာကွယ်မှု ရှေးရှုဆောင်ရွက်မှုရှိမည် မဟုတ်ဘဲ၎င်း အစား ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်တင်မှုမှာပိုမိုအရေးပါလာမည်ဖြစ်ကြောင်း၊ ထို့အပြင် ကော်ပိုရေးရှင်းများ၏ လူမှုပတ်ဝန်းကျင်ရေးရာ တာဝန်ယူဆောင်ရွက်မှု (Corporate Social Responsibility) လုပ်ငန်းစဉ်များအား ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ အားလုံးက လိုက်နာဆောင်ရွက်လာစေရန်မှာ အရေးကြီးကြောင်း၊ ယခုအခါ မြန်မာနိုင်ငံအတွင်း ကုမ္ပဏီလုပ်ငန်းပေါင်း ၂၀၀ ကျော်မှ အဆိုပါ CSR လုပ်ငန်းဆောင်ရွက်မှုများကို လုပ်ဆောင်နေပြီ ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

စင်ကာပူနိုင်ငံရှိ Singapore Institute of International Affairs (SIIA) သည် ASEAN & Asia Forum ကို ၂၀၀၇ ခုနှစ်မှစတင်၍ တစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ရာတွင် ဒေသတွင်းနိုင်ငံများမှအစိုးရအရာရှိများ၊ စီးပွားရေးပညာရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များအားဖိတ်ကြားလျက် အာဆီယံနှင့်အာရှဒေသအတွင်းနိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အလားအလာများကို သုံးသပ်ဆွေးနွေးလျက်ရှိပါသည်။ ယခုနှစ် ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအလွန် စီးပွားရေး အခြေအနေအပါအဝင် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး အခြေအနေ၊ အာဆီယံ စီးပွားရေး အသိုက်အဝန်း ၂၀၁၅ နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၌ အမေရိကန်၊ တရုတ်နှင့်ဂျပန်နိုင်ငံတို့၏ အရေးပါမှုကဏ္ဍများကို ဆွေးနွေးခဲ့ရာ စင်ကာပူနိုင်ငံရှိ စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီလုပ်ငန်းများ၊ ကုန်သွယ်ရေးရုံးများနှင့်နိုင်ငံခြားသံရုံးများမှ ပုဂ္ဂိုလ်စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြပါသည်။ **နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## သီးနှံမျိုးစုံ စိုက်ပျိုးရန် တွန်းအားပေးမည့် အစီအစဉ်ကို ထိုင်းနိုင်ငံချမှတ်

ထိုင်းနိုင်ငံ၌ မိုးခေါင်မှုသည် လာမည့်နှစ်တွင် ပိုမိုဆိုးရွားဖွယ်ရှိရာ အစိုးရအနေဖြင့် စပါးစိုက်ပျိုးသည့် လယ်သမားများအား လယ်မြေများ အငှားချထားပေးခြင်း၊ ၎င်းတို့အား အခြားသီးနှံများ စိုက်ပျိုးရန် ငွေထုတ်ပေးခြင်း စသည်တို့ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

အဆိုပါ အစီအစဉ်သည် စပါးစိုက်ပျိုးသည့် လယ်သမားများအား တိုက်ရိုက် ငွေကြေးထောက်ပံ့ပေးခြင်းထက် ပိုမိုကောင်းမွန်ကြောင်း၊ ၎င်းတို့အနေဖြင့် အခြားသီးနှံများကို မည်သို့စိုက်ပျိုးရသည်ကို သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ရေရှည် တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍအား စဉ်ဆက်မပြတ် တိုးတက်စေမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွမ်ကစ်ကပြောကြားခဲ့ပါသည်။ ဝန်ကြီးချုပ် ပရာယွတ်အစိုးရသည် ပြီးခဲ့သည့်နှစ်၌ လယ်သမားများအား အိမ်ထောင်စုတစ်စုလျှင် အများဆုံး ၁၅ ရိုင်အတွက် တစ်ရိုင်လျှင် ဘတ် ၁၀၀၀ နှုန်းဖြင့် တိုက်ရိုက်ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါ သည်။

ဘတ် ဘီလီယံ ၄၀ သုံးစွဲမည့် လယ်သမားများအား ငွေကြေးတိုက်ရိုက်ထောက်ပံ့ပေးသည့် အစီအစဉ်သည် အစိုးရ၏ ပြည်တွင်းသုံးစွဲမှု မြှင့်တင်ရေးလှုံ့ဆော်အားပေးမှု အစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ လယ်သမားများအား ထောက်ပံ့ပေးမည့် စီမံချက်များ၊ နည်းလမ်းများတွင် ကိုယ်ပိုင်စပါးကျီရှိသူများအား အတိုးနှုန်းသက်သာသော ချေးငွေထုတ်ချေးပေးခြင်း၊ ဈေးနှုန်းများမြင့်တက်လာစေရန် သမဝါယမများအား ဈေးကွက်ရောင်းလိုအား၏ ပမာဏတစ်ခုကို ထိန်းထားစေ ခြင်း စသည်တို့ ပါဝင်ပါသည်။ ထိုင်းနိုင်ငံ အစိုးရအနေဖြင့် စိုက်ပျိုးရေးဇုန် စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ စပါးစိုက် လယ်သမားများအား အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် ဆွဲဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရငွေစုဘဏ် (GSB) နှင့် လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ် (BAAC) တို့သည် အဓိကဌာနများအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် လယ်ယာထွက်ကုန်များအတွက် ဈေးကွက်ရှာဖွေပေးခြင်းနှင့် ဒေသစီးပွားရေးလုပ်ငန်းများကို ထောက်ကူပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# မဲခေါင်သိပ္ပံမှသည် မြန်မာနိုင်ငံသို့

|ဝင်းသန်းကျော်(ကုန်စည်ပြပွဲ)|

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှာပါဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒါကြောင့်လည်း မဟာမဲခေါင်ဒေသတွင်းမှာရှိတဲ့နိုင်ငံများမှ ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများမှာ ပါဝင်လုပ်ဆောင် နေတဲ့လုပ်ငန်းရှင်များ၊ ကုန်သည်များကို ဖိတ်ခေါ်ပြီး မဲခေါင်သိပ္ပံမှာ ဇူလိုင်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့တဲ့ Modular Training Program on Trade Events Promotion သင်တန်းကို တက်ရောက်ခဲ့ပါ တယ်။

မဲခေါင်သိပ္ပံဟာ ထိုင်းနိုင်ငံ၊ ခွန်ခမ်း မြို့ (Khon Kaen)မှာ တည်ရှိပါတယ်။ အဲဒီသင်တန်းကို မဲခေါင်ဒေသတွင်း နိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့မှ သင်တန်းသားများအပြင် တရုတ်နိုင်ငံ(ယူနန် ပြည်နယ်နှင့်ကွမ်းရှီးပြည်နယ်)နဲ့ ထိုင်းနိုင်ငံတို့မှ သင်တန်းသားသင်တန်း သူ ၃၃ ဦးတက်ရောက်ခဲ့ကြပါတယ်။

အာဆီယံဒေသတွင်း နိုင်ငံတွေ ဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ထိုင်းနိုင်ငံ၊ မဲခေါင်မြစ်ဝှမ်း ဧရိယာအတွင်းမှာရှိနေပြီး အာဆီယံ ဒေသတွင်းနိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ တရုတ်နိုင်ငံရဲ့ယူနန်ပြည် နယ်နဲ့ကွမ်းရှီးပြည်နယ်တို့ကို ပေါင်းစပ်ပြီး မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ (Greater Mekong Sub-regions-GMS)အဖြစ် ပေါင်းစပ်ကာ မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့အကူအညီနဲ့ လုပ်ဆောင်လျက်ရှိပါတယ်။

အဲဒီသင်တန်းကို ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများမှာ နိုင်ငံတကာအတွေ့အကြုံများနှင့်ပေါင်းစပ်၍ လုပ်ဆောင်တတ်စေရန်၊ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများအားတက်ကြွစွာဆောင် ရွက်နိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးရတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီသင်တန်းကို နယူးဇီလန်နဲ့ ထိုင်းနိုင်ငံအစိုးရတို့ရဲ့ကူညီပံ့ပိုးမှုနဲ့ဖွင့်လှစ်တာဖြစ်ပါတယ်။ သင်တန်းကို မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူခြောက်ဦး တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ တက်ရောက်ခွင့်ရရှိခဲ့တဲ့ သင်တန်းသားတွေကတော့ စာရေးသူအပါအဝင် ကရင်ပြည်နယ် ဦးစီးမှူး ဦးစိုးသန်းအေး၊ မွန်ပြည်နယ် ကုန်သည်ကြီးများအသင်းမှ ဘဏ္ဍာရေးမှူး ဦးကျော်ဝင်း(ခေါ်) Kurejder Singh၊ အလုပ်အမှုဆောင် မစ္စတာရော်ဘင်ဆင်း၊ ကရင်ပြည်နယ် ကုန်သည်ကြီးများအသင်းမှ အလုပ်အမှုဆောင် ဦးမြတ်ညွန့်ထွန်း(ခေါ်)ဦးမြတ်ဦးနှင့် မြဝတီနယ်စပ်ကုန်သည်ကြီး များ အသင်းမှအလုပ်အမှုဆောင် ဒေါ်အေးမြမြခိုင်တို့ဖြစ်ကြပါတယ်။

သင်တန်းမှာ သင်ကြားပို့ချတဲ့ပုံစံက သင်တန်းဆရာနဲ့ သင်တန်းသားတို့ အပြန်အလှန် ဆွေးနွေးသင်ကြားတဲ့ပုံစံ ဖြစ်ပါတယ်။ သင်တန်းမှာ နေ့စဉ် သင်တန်းသားခေါင်းဆောင်တွေရွေးချယ်ပြီး အဖွဲ့လိုက်ရော၊ တစ်ဦးချင်းပါ ကိုယ်စီ အတွေ့အကြုံတွေကို ဝေမျှဖလှယ်ကြရပါတယ်။

ဒါ့အပြင် သင်တန်းကာလအတွင်းမှာ ဂိမ်းပုံစံနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးကို သင်ကြားပေးတဲ့ပုံစံကလည်း သင်တန်းသားတွေအတွက် တစ်မူထူးခြားတဲ့ပုံစံ ဖြစ်လို့နေပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံက သင်တန်းသားတွေအတွက် သမားရိုးကျသင်ကြားနည်း မျိုးမဟုတ်ဘဲ ထူးဆန်းလှတဲ့ သင်ကြားနည်းစနစ်ဖြစ်တာကြောင့် အံ့ဘနန်းဖြစ်ခဲ့ရပါတယ်။ အဲဒီလိုစနစ်မျိုးတွေနဲ့သင်ကြားပေးတဲ့အတွက် သင်တန်းသား အချင်းချင်း စည်းလုံးညီညွတ်



မှုရရှိပြီး ငြိမ့်ဖွယ်ရာကောင်းတဲ့သင်တန်း ဆိုတာထက် ပျော်ရွှင်ဖွယ်ကောင်းတဲ့သင်တန်းလည်းဖြစ်ခဲ့ရပါတယ်။

သင်တန်းကာလအတွင်းမှာ တက်ရောက်လာကြတဲ့ သင်တန်းသားတွေရဲ့ နိုင်ငံအလိုက် Business Matching ပြုလုပ်ပုံနည်းများကိုလည်း လက်တွေ့ကျကျ သင်ယူလေ့လာခဲ့ရပါတယ်။

သင်တန်းကာလမှာသင်ယူခဲ့ရတာကို အချိန်တိုအတွင်းမှာပဲ ကုန်စည်ပြပွဲ အသေးစားတစ်ခုကို မိမိတို့နိုင်ငံက ထွက်ရှိတဲ့ဒေသထွက်ကုန်များနဲ့ခင်းကျင်းပြသတဲ့ ကုန်စည်ပြပွဲပြိုင်ပွဲလေးကိုလည်း ပြုလုပ်ခဲ့ရပါတယ်။

အဲဒီအသေးစားကုန်စည်ပြပွဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ ဒေသထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှထွက်ရှိတဲ့ ပြောင်းဖူးစေ့၊ ရော်ဘာနမူနာများ၊ ကရင်ရိုးရာလွယ်အိတ်များ၊မွန်ပြည်နယ်ထွက် ဝါးတူများ၊ လက်ဘက်အကြော်စုံ၊ ဘာလချောင်ကြော်၊ နေကြာစေ့ ပရီမီယာကော်ဖီမစ်၊မန်ကျည်းတော်ဖီ၊ ထွန်းရွှေဝါရှူဆေးနဲ့ တိုင်းရင်းဆေးများ၊ ကျောက်စီပန်းချီကားများကို အမယ်စုံလင်စွာပြသနိုင်ခဲ့ပါတယ်။

ပြပွဲအပြီးမှာတော့ ကျွန်တော်တို့ရဲ့ ကုန်စည်ပြပွဲလေးကို "ပစ္စည်းအမယ်စုံလင်စွာ ခင်းကျင်းပြသနိုင်မှု"ဆုကို ပေးအပ်ခဲ့ပါတယ်။

ဒါ့အပြင် အဲဒီသင်တန်းမှာ မိမိတို့နိုင်ငံကို ပြန်လည်ရောက်ရှိပါက လုပ်ဆောင်မည့် Business Matching အတွက် စီမံချက်မူကြမ်းတစ်စောင်ကို လည်းတက်ရောက်လာတဲ့သင်တန်းသားများကို ရေးဆွဲခိုင်းတဲ့အတွက် မွန်ပြည်နယ်၊ ကရင်ပြည်နယ်ကုန်သည်ကြီးများအသင်းနဲ့ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နဲ့ မွန်ပြည် နယ်၊ မော်လမြိုင်မြို့တို့မှာ စက်တင်ဘာ လဆန်းမှာ ကျင်းပမယ့် Business Matching စီမံချက်မူကြမ်းကို ရေးဆွဲပြီး တင်ပြခဲ့ပါတယ်။

ဇူလိုင်လ ၂၄ ရက်နေ့မှာသင်တန်းက ဆင်းလာပြီး စက်တင်ဘာလ ၂ ရက်နေ့မှာ မော်လမြိုင်မြို့၊ ဈေးကြို ကားကြီးဝင်းရှိ မော်လမြိုင်ကုန်စည်ဒိုင် မှာ Business Matching နဲ့ မြန်မာ - ထိုင်းနယ်စပ်ကုန်သွယ်ရေး အသေးစားကုန်စည်ပြပွဲကို ထိုင်းနိုင်ငံအသေးစားနှင့်အလတ်စားလုပ်ငန်းများ တိုးတက်ရေးအဖွဲ့ (ISMED)၊ ထိုင်းနိုင်ငံမဲခေါင်သိပ္ပံ၊ နယူးဇီလန် အစိုးရအထောက်အပံ့၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MSCCI)တို့အတူတကွ ပူးပေါင်းကျင်းပခဲ့ပါတယ်။

အဲဒီပြပွဲမှာ မြန်မာလုပ်ငန်းရှင် ၁၅၀ ဦးခန့်၊ ထိုင်းနိုင်ငံမှ လုပ်ငန်းရှင် ၆၆ ဦးတို့တက်ရောက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံဘက်မှ ထိုင်းစားသောက်ကုန်များ၊ အချိုရည်များ၊ အလှကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည် များနဲ့ ကလေးကစားစရာအရုပ်စတာတွေကို နမူနာအဖြစ် ခင်းကျင်းပြသရောင်း ချခဲ့ကြပါတယ်။

မွန်ပြည်နယ်မှ လုပ်ငန်းရှင်များကလည်း ဝါးတူများ၊ ကော်ဖီမစ်များ၊ ဒေသထွက်ကုန်များ စတာတွေကို နမူနာအဖြစ် ခင်းကျင်းပြသရောင်းချခဲ့ကြပါတယ်။

ဒါ့အပြင် ကရင်ပြည်နယ်၊ ဘားအံ မြို့ ဇွဲကပင်ဟိုတယ်မှာလည်း စက်တင်ဘာလ၃ရက်နေ့မှာ Business Matching နဲ့ ကုန်စည်ပြပွဲတစ်ခုကို လည်းကျင်းပခဲ့ကြပါတယ်။

အဲဒီ ကုန်စည်ပြပွဲမှာလည်း မြန်မာလုပ်ငန်းရှင် ၅၀ ခန့်၊ ထိုင်းနိုင်ငံမှလုပ်ငန်းရှင် ၆၆ ဦးတို့ တက်ရောက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံဘက်မှ ထိုင်းစားသောက်ကုန်များ၊ အချိုရည်များ၊ အလှကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည်များနဲ့ ကလေးကစား စရာအရုပ်စတာတွေကို နမူနာအဖြစ် ခင်းကျင်းပြသရောင်းချခဲ့ကြပါတယ်။

ကရင်ပြည်နယ် လုပ်ငန်းရှင်များကလည်း ကရင်ရိုးရာအဝတ်အထည်များ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာနမူနာ ပစ္စည်းများ၊ ကျောက်စီပန်းချီကားများ၊ ဒေသထွက်ကုန်များစသည်တို့ကို နမူနာအဖြစ် ခင်းကျင်းပြသရောင်းချခဲ့ကြပါတယ်။

မဲခေါင်သိပ္ပံဟာကျွန်တော်တို့ သင်တန်းသားတွေကို စာတွေ့ထက်လက်တွေ့ကျတဲ့ သင်ကြားမှု ပုံစံမျိုးနဲ့သင်ကြားပေးလိုက်တဲ့အတွက်တကယ့်ကို အဖိုး မဖြတ်နိုင်တဲ့သင်တန်းတစ်ခုပဲဖြစ်ပါတယ်။

သင်တန်း တက်ရောက်ခဲ့ရတဲ့အတွက် ကုန်စည်ပြပွဲတစ်ခုပြုလုပ်ဖို့အတွက် လိုအပ်တဲ့ကိစ္စအဝဝကိုစီမံခန့်ခွဲပုံနည်းလမ်း များကိုသာမက ကုန်စည်ပြပွဲနဲ့အတူ ပြုလုပ်ခဲ့တဲ့ Business Matching များရဲ့ အရေးပါပုံကိုလည်းသိမြင်ခဲ့ရပါတယ်။

Business Matching တွေဟာ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများမှာ အရေးပါတဲ့ နေရာမှာရှိနေတာကို မျက်ဝါးထင်ထင်မြင် တွေ့ခွင့်ရရှိခဲ့ရပါတယ်။

ဒါကြောင့် ကုန်သွယ်မှု မြှင့်တင်တိုးတက်စေဖို့ Business Matching များများလုပ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

## မြန်မာနိုင်ငံတွင် ကဏ္ဍစုံကုန်စည်ပြပွဲ

## Italian Products Exp0 2015 ပထမဦးဆုံးကျင်းပပြုလုပ်မည်

Italian Products Expo 2015 ကို မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ အီတလီအမှတ်တံဆိပ်များနှင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ချဲ့ထွင် အရောင်းမြှင့်တင်သည့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပပြုလုပ်မည့် ကဏ္ဍစုံကုန်စည်ပြပွဲတစ်ခုဖြစ်ပြီး Prometeo group မှ ကမကထပြုကျင်းပပြုခြင်းဖြစ်သည်။

ပြပွဲတွင် အီတလီနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၆ ခုက လာရောက် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသည် မြန်မာနိုင်ငံရှိ ဒေသတွင်း ဈေးကွက်များနှင့် အီတလီထုတ်ကုန်ပစ္စည်း ကဏ္ဍတို့ကို ချိတ်ဆက်ပေးမည့် လမ်းကြောင်းသစ်တစ်ခုဟုဆိုလည်းမမှားပေ။ ပြပွဲသို့ စီးပွားရေးကဏ္ဍအမျိုးမျိုးတို့မှ အီတလီကုမ္ပဏီများက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအမျိုးမျိုးတို့ကို လာရောက်ခင်းကျင်းပြသသွားမည်ဖြစ်ကာ မြန်မာနိုင်ငံဧရိယာအတွင်း အီတလီနိုင်ငံ၏ အမွေအနှစ်တစ်ခုအနေဖြင့်ကျန်ရစ်မည့် ကဏ္ဍစုံပါဝင်သောအကြီးမားဆုံးပြပွဲ အခမ်းအနားတစ်ခုဖြစ်လာရန်ရည်ရွယ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့်မားသောကုန်စည်နှင့် ဝန်ဆောင်မှုများကို ရယူခံစားနိုင်မည်ဖြစ်သကဲ့သို့ အီတလီကုမ္ပဏီများအနေဖြင့်လည်းအကျိုးရှိရှိနှင့် ရေရှည်တည်မြဲပြီး အဖိုးမဖြတ်နိုင်သည့် ဆက်ဆံရေးများ တည်ဆောက်နိုင်မည်ဖြစ်သည်။

ရန်ကုန်ရှိ မြန်မာနိုင်ငံဆိုင်ရာအီတလီနိုင်ငံသံရုံးနှင့် UMFCCI တို့၏ ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးရေး၊ စက်မှု၊ ဆေးဝါး၊ အစားအစာနှင့်အဖျော်ယမကာ၊ ပရိဘောဂပစ္စည်း၊ အလှကုန်၊ ရေချိုးခန်းသုံးပစ္စည်းစသည့် အမျိုးမျိုးသော လုပ်ငန်းကဏ္ဍအသီးသီးမှ အီတလီကုမ္ပဏီများက ပြပွဲသို့ လာရောက်ခင်းကျင်းပြသကြမည်ဖြစ်သည်။

မြန်မာစီးပွားရေးလုပ်ငန်းရှင် အသီးသီးအနေဖြင့် Italian Products Expo 2015 သို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်လေ့လာခြင်းအားဖြင့် ၎င်းမှတစ်ဆင့် မိမိတို့၏ စီးပွားရေးကွန်ရက်ကို ချဲ့ထွင်နိုင်ပြီး နာမည်ကြီး အီတလီအမှတ်တံဆိပ်များနှင့် ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများစွာရရှိနိုင်မည်ဖြစ်ပါသည်။

**ကောင်းထွဋ်အောင်**




# Hitachi နှင့် SEM တို့ ပူးပေါင်း၍ အရည်အသွေးမြင့်ထရန်စဖော်မာ (Amorphous Transformer) များကို ထုတ်လုပ်မည်

ဂျပန်နိုင်ငံမှ လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည့် Hitachi ကုမ္ပဏီနှင့်မြန်မာနိုင်ငံမှ စိုးလျှပ်စစ်နှင့် အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်Soe Electric & Mechinery Co,. Ltd.တို့ပူးပေါင်း၍ Hitachi SEM Company ကို ဖွဲ့စည်းတည်ထောင်ကာ အဆင့်မြင့် အရည်အသွေးမြင့်ထရန်စဖော်မာများကိုထုတ်လုပ်သွားမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို လုပ်ဆောင် နိုင်ရန်အတွက် Hitachi Industrial Equipment Systems Co.,Ltd (HIES) ၏ဥက္ကဋ္ဌ မစ္စတာ အာအိုကီ မာဆာကာဇူနှင့် Soe Electric & Machinery Co.,Ltd (SEM)မှ မန်နေးဂျင်းဒါရိုက်တာ ဦးကျော်မင်းထွန်း တို့သည် Hitachi Soe Electric & Machinery Co.,Ltd ( HI-SEM) ဖက်စပ် ကုမ္ပဏီအား တည်ထောင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

Hitachi ၏Transformer နည်းပညာများနှင့် SEM၏ ပြည်တွင်း စီးပွားရေးကျွမ်းကျင်မှုများကို ပေါင်းစပ်ကာ မြန်မာနိုင်ငံ၏စွမ်းအင် ယန္တရား တိုးတက်မှုကို ကူညီထောက်ပံ့ရန် ရည်ရွယ်၍ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖက်စပ်ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ထရန်စဖော်မာများ ထုတ်လုပ်သည့်စက်ရုံတစ်ရုံကိုတည်ထောင်၍အရည်အသွေးမြင့် ထရန်စဖော်မာများ (Amorphous Transformers) များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Hitachi SEM သည် SEM ၏ ထရန်စဖော်မာဆိုင်ရာစီးပွားရေးကို လုံးဝလက်လွှဲယူ၍ မြန်မာနိုင်ငံ၏ လျှပ်စစ်ဖြန့်ဝေရေးတွင် မရှိမဖြစ် အရေးပါသော ထရန်စဖော်မာနှင့်ဆက်စပ်ပစ္စည်းများကို ဒီဇိုင်း၊ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တပ်ဆင်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအားလုံးကို တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Hitachi SEM ကို ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် HIES နှင့် SEM တို့ သည် SEM ၏ ခိုင်မာသောပြည်တွင်း စီးပွားရေးအင်အားနှင့် HIES ၏စက်မှုနည်းပညာတို့ကို ပေါင်းစပ်ကာ အရည်အသွေးမြင့် ထရန်စဖော်မာများထုတ်လုပ်၍ ပြည်တွင်းသာမက ပြည်ပ အာဆီယံဒေသတွင်းနိုင်ငံများသို့ပါ တင်ပို့ရောင်းချရန်ရည်ရွယ်၍အရည်အသွေးမြင့်ထရန်စဖော်မာများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စက်မှုနည်းပညာသစ်များဖြင့် ပြည်တွင်းထုတ်ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများအား ပိုမိုကျယ်ပြန့်စွာအသုံး ဝင်လာခြင်းအားဖြင့် ပြည်ပမှထရန်စဖော်မာများ တင်သွင်းနေမှုကို လျှော့ချရန်ကိုလည်း ရည်ရွယ်ထားကြောင်း သိရသည်။

မယ်သီတာ

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၄/၂၀၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင်မှန်ကန်ပြီး ပိုမိုလွယ်ကူမြန်ဆန်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၄/၂၀၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၈ ရက်နေ့ နံနက် ၁၀း၀၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)တွင် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြပါသည်။

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ဆောင်ရွက်ပြီးဖြစ်သည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကိုလည်း လျင်မြန်စွာဖြေရှင်း ဆောင်ရွက်ပေးရန် အားလုံးဝိုင်းဝန်းပူးပေါင်း၍ အကြံပြု ဆွေးနွေးကြပါရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချို က ယခင်ကျင်းပပြီးခဲ့သည့် ၃/၂၀၁၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ စက်တင်ဘာလအတွင်း မိမိတို့ဌာနမှစားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ကွင်းဆင်း ဆောင်ရွက်ခဲ့မှုနှင့် အစည်းအဝေးများ တက်ရောက်ခဲ့မှုအခြေအနေများနှင့် ယခုကျင်းပသည့် (၄/၂၀၁၅) ကြိမ်မြောက်အစည်းအဝေးမှ ဆုံးဖြတ်ပေးရမည့်ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ကြေငြာထားသည့်အမှတ်တံဆိပ်ပေါ်၌ မြေပဲဆီအမည်ခံဆီဖြစ်ကြောင်း ကြေညာရာတွင်ပါဝင်ခဲ့သည့်ရွှေစင်အာမခံ မြေပဲဆီ စစ်စစ်ကို ယခုအခါ Brand oil အနေနှင့် ရောင်းချခွင့်ပြုရန် လုပ်ငန်းရှင်မှတင်ပြလာခြင်းအပေါ် အဖွဲ့ဝင်များမှ ဆွေးနွေးဆုံးဖြတ်ပေးပါရန် ရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသူများက စားသုံးဆီဘူးများ၏ ကုန်အမှတ် တံဆိပ်တွင် စားသုံးသူများ ထင်ယောင်၊ ထင်မှားဖြစ်အောင်လိမ်လည်ရောင်းချလျက်ရှိသည့် အခြေအနေများ၊ စားသုံးဆီဘူးများ၏ ကုန်အမှတ်တံဆိပ်တွင် မြေပဲဆီ၊ စားအုန်းဆီနှင့် Cooking Oil ပါဝင်သည့် အချိုးအစားကို ဖော်ပြရန် အခြေအနေများ၊ စားသုံးရန်မသင့်သည့်စားသောက်ကုန်ပစ္စည်းများကို ခြေရာခံစုံစမ်းရမည့် အခြေအနေများ၊ စားသောက်ကုန်ပစ္စည်းများ စတင်စိုက်ပျိုးချိန်မှ စားသုံးသူလက်ထဲသို့ ရောက်ရှိချိန်ထိ အဆင့်ဆင့် ကျော်ဖြတ်ခဲ့ရသည့် အခြေအနေများ၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သည့်အသင်းအဖွဲ့များက စားသုံးသူများ၏ တိုင်ကြားမှုများကို အဖွဲ့သို့ ဆက်လက်တင်ပြပေးရန် အခြေအနေများနှင့် ရန်ကုန်တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ကလည်း စားသုံးသူပြည်သူများကိုကာကွယ်ပေးသည့် အနေဖြင့် တိုင်ကြားမှုနှင့်အငြင်းပွားမှု ဖြစ်စဉ်များကိုလည်း စားသုံးသူအကာအကွယ်ပေးရေး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်းသတင်းရရှိပါသည်။

**ခင်သီ(စားသုံးသူ)ရန်ကုန်**

## ချမ်းမြေ့ရိပ်သာကျောင်း (ရန်ကုန်/မှော်ဘီ) တွင် အခမဲ့ကုသိုလ်ဖြစ် မျက်စိအတွင်းတိမ် ခွဲစိတ်မျက်ကပ်မှန်ထည့် ကုသပေးမည်

ကမ္ဘာ့ဗုဒ္ဓသာသနာပြုကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဒါယိကာ၊ ဒါယိကာမများဖြစ်ကြသော ထိုင်းနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီး ခြောက်ဦးနှင့်သူနာပြုဝန်ဆောင်အဖွဲ့သည် မျက်စိဝေဒနာရှင်များ အခမဲ့စမ်းသပ်စစ်ဆေးပြီး အတွင်းတိမ်ရှိ ဝေဒနာရှင်များ အားခွဲစိတ်ပြီးမျက်ကပ်မှန်များထည့်သွင်းကာကုသိုလ်ဖြစ် အခမဲ့ ကုသလှူဒါန်းပေးမည်ဖြစ်သည်။

မြန်မာမျက်စိအထူးကု ပါမောက္ခဆရာဝန်ကြီးများ၊ မြန်မာသမားတော်ကြီးများနှင့် ထိုင်းဆရာဝန်ကြီးများ ပူးပေါင်း၍ ပဏာမစစ်ဆေးခြင်းနှင့်ခွဲစိတ်ကုသခြင်း ခံယူရမည့် အတွင်းတိမ်ရောဂါဝေဒနာရှင်များ ရွေးချယ်ခြင်းကို ချမ်းမြေ့ရိပ်သာ(ရန်ကုန်) တွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၅ရက်၊ ၆ရက်၊ ၇ရက်)များတွင် ပြုလုပ်ရွေးချယ်မည်။

ရွေးချယ်ထားသော အတွင်းတိမ်ရှိ ဝေဒနာရှင်များ အား ချမ်းမြေ့ရိပ်သာ(မှော်ဘီ) မျက်စိခွဲစိတ်ကုဆေးခန်းတွင် ၂၀၁၅ ဒီဇင်ဘာ (၁၉၊ ၂၀၊ ၂၁) နေ့များတွင် အတွင်းတိမ်ခွဲထုတ်ကာ မျက်ကပ်မှန်ထည့်သွင်း အလင်းဒါနကုသိုလ်ပြုကြပါမည်။

သို့ပါ၍ မျက်စိဝေဒနာရှင်များသည် ရောဂါစမ်းသပ်စစ်ဆေးခြင်းနှင့်လိုအပ်ပါက အတွင်းတိမ် ခွဲထုတ်/မျက်ကပ်မှန်ထည့်ခြင်း ခံယူနိုင်ရန်အောက်ပါလိပ်စာသို့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နောက်ဆုံးထားကာနာမည်/လိပ်စာ စသည့် အကြောင်းအရာ စုံလင်စွာ စာရင်းပေးသွင်းရပါမည်။

**ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်)**
**၅၅(က)၊ ကမ္ဘာအေးဘုရားလမ်း (ပါရမီလမ်း-ချော်တွင်းကုန်းမီးပွိုင့်အနီး)**
**ရန်ကုန်မြို့၊ Ph: 661479,652585,09-73012333**

Commodity Exchange News
Vol: 15, No.39 Monday October 12 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၂–၁၀–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာမတ်ပဲစံချိန်တင်ဈေးမြင့်

ဘုရင့်နောင်ဈေးကွက်တွင် ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဘက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပြန်သွက်လာတာကြောင့် မကြုံစဖူးစံချိန်တင်ဈေးမြင့်လာကာ တစ်တန်ကို ၂၃၆၅၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်ထံမှာ ပစ္စည်းလက်ကျန်တန်ချိန် တစ်သောင်းဝန်းကျင်သာကျန်ရှိနေပြီး ဈေးကောင်းရမှုထုတ်ရောင်းမှုတွေ ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲစင်းငုံနီ (RC) အနေဖြင့် လှော်င်လက်တွေထံမှာ ပစ္စည်းလက်ကျန်အနည်းငယ်သာကျန်ရှိပြီး အိန္ဒိယဘက်မှဈေးဖွင့်အဝယ်မရှိတာကြောင့် အရောင်းအဝယ်ပါးနေကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်းအရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၃၀ ကျပ် (တစ်တန်ကို ၁၁၂၀၆၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ နယ်စုံမှ ပြောင်း(သစ်) တွေ ပုံမှန်ဝင်ရောက်

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်း (သစ်) တွေ တစ်ပတ်အတွင်း တန်ချိန် ၂၆၀၀၀ ခန့် ဝင်ရောက်လာသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုမီတာတစ်အိတ်ကို ယွမ် ၉၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းကြီး (သစ်) ပုံမှန်ဝင်ရောက်နေသလို တရုတ်ဝယ်လက်ကလည်း ပုံမှန်ဝယ်လိုအား ရှိ၍ မတ်ပဲဈေးမာ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး (သစ်) အနေဖြင့် နယ်စုံမှ ပုံမှန်ဝင်ရောက်မှုရှိသလို တရုတ်ဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၈၀ ကျပ် (တစ်တန်ကို ၁၃၃၅၀၁၀ ကျပ်) ဈေးဖြင့်တစ်ရက်ကို အိတ် ၈၀၀ မှ ၁၀၀၀ ကြားဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်နှင့် ပြည်တွင်းရှိ ပဲခွဲစက်တွေအဝယ်ဆုံလို့ ဈေးသိသာစွာမြင့်လာပြီး တစ်ပိဿာကို ၃၆၆၇ ကျပ် (တစ်တန်ကို ၂၂၄၅၆၃၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကိုမြို့ခံ ပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၈၉၀ ကျပ် (တစ်တန်ကို ၁၁၅၇၄၁၀ ကျပ်) နှင့် ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၇၉၀ ကျပ် (တစ်တန်ကို ၁၀၉၆၁၇၀ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲမျိုးစုံ အရောင်းအဝယ်ပုံမှန်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးအနေဖြင့် နယ်စုံမှပုံမှန်အဝင်ရှိသလို တရုတ်အတွက်အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကလည်း ဝယ်လိုအား ပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၃၇၀ ကျပ် (တစ်တန်ကို ၁၄၅၁၃၆၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကိုတော့ မြို့ခံပဲခွဲစက်များက ဝယ်လိုအား သွက်လာတာကြောင့် ဈေးမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၈၀ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၇၆၀ ကျပ် (တစ်တန်ကို ၁၀၇၇၈၀၀ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကို အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## အောင်လံဈေးကွက်မှာ ပဲတီစိမ်းကြီးကို မန္တလေး ဝယ်လိုအား ပုံမှန်ရှိ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကိုတော့ မန္တလေးနှင့် ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၇၀၀ ကျပ် ဈေးဖြင့် တစ်ရက်ကို အိတ် ၄၅၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ပေမယ့် ဈေးငြိမ်နေကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲ အရောင်းအဝယ်ပုံမှန်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်း(သစ်) တွေ နယ်စုံမှ ပုံမှန်ဝင်ရောက်နေသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၅၀ ကျပ် (တစ်တန်ကို ၁၂၅၃၃၉၀ ကျပ်) ဈေးဖြင့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန် ရှိပေမယ့် အမြင့်ဈေးဖြင့် ဈေးတန့်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၇၉၀ ကျပ် (တစ်တန်ကို ၁၀၉၆၁၇၀ ကျပ်) ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၇၉၀ ကျပ် (တစ်တန်ကို ၁၀၉၆၁၇၀ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနှင့် ပြောင်း အရောင်းအဝယ်ပုံမှန်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (Raw) ကို Export အတွက်အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိပေမယ့် လှော်င်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၆၀၀ ကျပ် (တစ်တန်ကို ၂၂၀၄၆၀၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၅၀၀ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်း(သစ်) အဝင် မလှိုင်သေး၊ ဒေသတွင်းအစာစပ်လုပ်ငန်းများသာ ဝယ်လိုအားရှိနေ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်း (သစ်) တွေ ဝင်ရောက်မှုရှိလာပေမယ့် အဝင်မလှိုင်သေးကြောင်း ဝင်လာတဲ့ ပြောင်း (သစ်)တွေကလည်း အစိုဓာတ်အနည်းငယ်ရှိတာကြောင့် ဒေသတွင်း အစာစပ်လုပ်ငန်းရှင်များသာ ဝယ်လိုအားအထိုက်အလျောက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၃၉၀ ကျပ် ဈေးဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ဒေသထွက်ပြောင်းက ဈေးကွက်သို့ ဝင်ရောက်မှု ပုံမှန်ရှိသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိတာကြောင့် တစ်ပိဿာကို ၄၂၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၅ သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲ အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ ကို အိန္ဒိယ အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိတာကြောင့်ဈေးမြင့်လာပြီး တစ်ပိဿာကို ၃၅၀၀ ကျပ် (တစ်တန်ကို ၂၁၄၃၃၆၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကတော့ ဒေသတွင်း ပဲခွဲစက်တွေ ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၇၈၀ ကျပ် (တစ်တန်ကို ၁၀၉၀၀၅၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲကို ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံ ပဲခွဲစက်တွေက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၇၈၅ ကျပ် (တစ်တန်ကို ၁၀၉၃၁၁၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ဖွံ့ဖြိုးတိုးတက်မှု ရောင်နီဦးနဲ့အတူ ပေါ်ပေါက်လာတဲ့ ကယားပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်း



| မောင်မောင်အေး (လွိုင်ကော်) |

နိုင်ငံတော်အစိုးရဒုတိယသမ္မတဦးဉာဏ်ထွန်းဦးဆောင်တဲ့ အမျိုးသား ပို့ကုန်မဟာဗျူဟာ (NES) ရဲ့အစီအမံနဲ့ ဝန်ဆောင်မှုပို့ကုန်မြှင့်တင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်သည့် ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး လုပ်ငန်း စီမံချက်လုပ်ဆောင်လျက်ရှိပါတယ်။ စီမံချက်ကိုနယ်သာလန်နိုင်ငံ NTF III fund ရန်ပုံငွေကနေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၈သန်းထောက်ပံ့ပေးပြီး နည်းပညာအကူအညီ ကတော့အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ITC) က ပံ့ပိုးပေးနေပါတယ်။ စီမံချက်ကာလကတော့ ၂၀၁၄ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လထိဖြစ်လို့ လုပ်ငန်းဆောင်ရွက်မှုကာလ တစ်နှစ်ကျော်လာခဲ့ပြီဖြစ်ပါတယ်။

ဒီစီမံချက်ကို ကြီးကြပ်ဖို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဗဟိုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပြီးလုပ်ငန်းတည်ရှိရာ ကယားပြည်နယ်မှာ လက်တွေ့အကောင်အထည်ဖော်နေတာကို ကြီးကြပ်ဖို့အတွက် ပြည်နယ်ကြီးကြပ်မှုကော်မတီကို ပြည်နယ်အစိုးရအဖွဲ့ဝင် ဟိုတယ်/ခရီး ဝန်ကြီးက ဦးဆောင်ပါတယ်။

ဗဟိုကြီးကြပ်မှုကော်မတီရဲ့ပထမအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ်မတ် ၂၆ ရက်မှာ ရန်ကုန်မှာ ကျင်းပခဲ့ပြီး ဒုတိယအကြိမ်အစည်းအဝေးကိုတော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့ပြည်နယ်အစိုးရ အစည်းအဝေးခန်းမမှာ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၉ နဲ့ ၃၀ ရက်တွေမှာ ကျင်းပခဲ့ပါတယ်။အစည်းအဝေးမှာ ဗဟိုကြီးကြပ်မှုကော်မတီဝင်များ (ITC)မှ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များ အကြံပေးပုဂ္ဂိုလ်များနဲ့အတူ ပြည်နယ်ကြီးကြပ်မှု ကော်မတီဝင်များ စုံညီစွာတက်ရောက်ကြတာတွေ့ရပါတယ်။

၂၀၁၅ စက်တင်ဘာလ ၂၉ နေ့ နံနက် ၉း၃၀မှာ အစည်းအဝေးကိုစတင်ပြီး ဗဟိုကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဒုတိယညွှန်ကြားရေးမှူးချုပ်ကပဲ ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်မှုများကို ပြန်လည်သုံးသပ်ပြီး ပြည်ပ ပညာရှင်များကလည်း မြေပြင်ကွင်းဆင်းရာမှာ တွေ့ရှိရတဲ့ အားသာချက်အားနည်းချက်များကို ဆွေးနွေးကြပါတယ်။

ပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားမည့် ဒီမောဆိုးမြို့နယ်က ပန်ပက်ကျေးရွာနဲ့ တနီးလာလဲ ကျေးရွာက ရွာသူရွာသားတွေကိုလည်း ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းမှာ ITC မှ စရိတ်အကုန်အကျခံပြီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်က Community Based Tourism (CBT) လုပ်ငန်းတွေကို မျက်မြင်သွားရောက်ပြီး လေ့လာရေးခရီးပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

ဒီခရီးစဉ်အပြီးမှာတော့ Seeing is believing ဆိုသလို ကျေးရွာသူကျေးရွာသားများရဲ့ အသိအမြင်တွေ ပွင့်လင်းလာခဲ့ပါတယ်။ ထိုင်းနိုင်ငံရှိ ကျေးရွာများကို ပုံတူကူးချခြင်းမျိုး မဟုတ်ဘဲ ကိုယ်ရွာမှာရှိတဲ့ စွမ်းအင်များ၊ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများကို ဧည့်သည်စိတ်ဝင်စားအောင် ဘယ်လိုပြသရမယ်ဆိုတာ နားလည်သဘောပေါက်သွားကြပါတယ်။ အချိန်တိုအတွင်းမှာပဲ တနီးလာလဲ ရွာသူရွာသားတွေရဲ့ လူကြီး၊ လူငယ် စည်းလုံးညီညွတ်စွာနဲ့ ကြိုးပမ်းလိုက်ကြတာ အတိုင်းအတာတစ်ခုအထိတော့ခရီးရောက်ခဲ့ပါတယ်။

ဒီခရီးရောက်မှုကိုလည်း ဗဟိုနဲ့ ပြည်နယ်ကြီးကြပ်မှု ကော်မတီဝင်တွေကို လက်တွေ့ပြသတဲ့အနေနဲ့ အစည်းအဝေး ပထမနေ့ညနေပိုင်းမှာ တနီးလာလဲကျေးရွာမှာ လက်တွေ့ဖိတ်ကြားပြသခဲ့ပါတယ်။ လွိုင်ကော်ကနေလာတဲ့ ကြီးကြပ်မှုကော်မတီဝင်တွေကို နိုင်ငံခြားဧည့်သည်တွေပမာထားပြီးလက်တွေ့ ကြိုဆိုဧည့်ခံသရုပ်ပြခဲ့ကြပါတယ်။

တနီးလာလဲရွာကိုညနေ ၁၅း၃၀ မှာ ကြီးကြပ်မှုကော်မတီဝင်တွေ ရောက်ရှိခဲ့ကြပြီး ကျေးရွာက အုပ်ချုပ်ရေးမှူးများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအဖွဲ့ခေါင်းဆောင်များ၊ ရွာသူရွာသားများက ရိုးရာဝတ်စုံများဝတ်ပြီး ကြိုဆိုကြပါတယ်။ကျေးရွာခန်းမမှာလည်း ရိုးရာဂီတအဆိုအတီးအမှုတ်များနဲ့ဖြေဖျော်ကြပါတယ်။

ကျေးရွာရဲ့အထွတ်အမြတ်တံခွန်တိုင်များစိုက်ထူထားတဲ့နေရာမှာ တံခွန်တိုင်အကြောင်းရှင်းလင်းပြောပြကြပါတယ်။ ကြိုတင်စီမံထားတဲ့ နွားလှည်း ခုနစ်စီးနဲ့သဘာဝပတ်ဝန်းကျင်အတိုင်း ထိန်းသိမ်းထားတဲ့ ရွာကျက်သရေဆောင် ကြာကန်ကိုသွားပြီး ကြည့်ရှုလေ့လာကြပါတယ်။ အဲဒီမှတစ်ဆင့် ဒွေးမယ်နော် ပုံပြင်ဇာတ်လမ်းပါ နတ်သမီး ခုနစ်ဖော် ရေချိုးဆင်းခဲ့တဲ့ ကန်ခုနစ်ဆင့်ကို နွားလှည်းများစီးပြီး တပျော်တပါး သွားရောက်ခဲ့ကြပါတယ်။ ITC က နိုင်ငံခြားသူတွေကတော့ ရွာလမ်းကြမ်းကြမ်းမှာလှည်းဆောင့်တဲ့ဒဏ်ကို အလွန်သဘောခွေ့ကြတာတွေ့ရပါတယ်။ ကြာကန်ကခူးဆွတ်လာတဲ့ကြာပန်းတွေနဲ့အပြိုင် နာရီဝက်ခန့်လှည်းလမ်းအကြမ်းခရီးစဉ်ဟာကန်ခုနစ်ဆင့်မှာ ရောက်ရှိပြီးဆုံးပါတယ်။

ညနေ ၅ နာရီကျော်ပြီဆိုတော့ နေကလည်းညိုနေပြီး တောရိပ်တောင်ရိပ်တွေကလည်း ကန်ထဲမှာရေရိပ်ထင်ပြီး လှချင်တိုင်းလှနေပါတော့တယ်။ ဒီအလှတွေနဲ့အပြိုင် ပန်ပက်ရွာမှ ကယန်း (ပဒေါင်)ပျိုမေများကလည်း ရိုးရာဂီတ တေးသီချင်းအကတွေနဲ့ ဦးစွာဖျော်ဖြေပါတယ်။ နောက် တနီးလာလဲရွာမှ ကယားမောင်မယ်များကလည်း တီးမှုတ်သီဆိုဖျော်ဖြေကြပါတယ်။ ဧည့်ပရိသတ်များထဲက ဝါသနာရှင် လုံမေများလည်း ပါဝင်ဆင်နွှဲကြတာ တွေ့ရပါတယ်။ ဗဟိုနဲ့ ပြည်နယ်ကော်မတီဝင်တွေအားလုံးလဲ အပြုံးကိုယ်စီနဲ့ မိမိတို့ရဲ့ရုံးချုပ်က ဌာနဆိုင်ရာ မူလတာဝန်တွေထဲကနေ ခေတ္တလွတ်မြောက်ခွင့်ရပြီး စိတ်လက်ချမ်းသာနေကြတာတွေ့ရလို့ ဒေသခံအိမ်ရှင်တွေအနေနဲ့လည်း ပီတိဖြစ်ရပါတယ်။

ကပွဲနဲ့ခပ်လှမ်းလှမ်းမှာတော့ မီးခိုတလူလူနဲ့ အိုးသူကြီးများကို တွေ့ရမှာဖြစ်ပါတယ်။ ညနေ နေမဝင်မီဆည်းဆာ လာချိန်မှာတော့ဝါးပိုးကြမ်းခင်း၊ စားပွဲ၊ ဝါးပိုးဝါး၊ ကွပ်ပျစ်မှာထိုင်ပြီး စားပွဲပေါ်မှာ ပန်းကန်ပြားအဖြစ်ကြာဖက်တွေ ခင်းထားပါတယ်။ အဲဒီကြာဖက်ပေါ်မှာထမင်းတို့ပုံပြီး ဟင်းပွဲတွေရောက်ရှိလာပါတယ်။ ဟင်းတွေကတော့ ဝါးကျည်တောက်နဲ့ချက်ထားတဲ့ ထမင်းဟင်းများကိုစားပွဲပေါ်မှာ ဝါးကျည်တောက်ခွက်တွေနဲ့ထည့်၊ ဝါးတူတွေနဲ့ညစာကို သခွားသီးသုတ်၊ ဝက်သားဟင်း၊ ငါးကင်၊ အာလူးကင်၊ ဟင်းတွေကလည်း စုံလင်လှပါတယ်။

လူတိုင်းလိုလိုရဲ့ဘေးမှာ ချထားတာကတော့ မပါမဖြစ်၊ မရှိမဖြစ် ကယားရိုးရာခေါင်ရည်ခွက် များပေါ့ခင်ဗျာ။ သူ့ကိုလည်း ဝါးဆစ်ခွက်များနဲ့ တည်ခင်းလို့ထားပါတယ်။ ကျား၊မ မရွေးလူတိုင်းလိုလိုအနည်းနဲ့အများတော့ကယား ခေါင်ရည်ရဲ့အရသာကို မြည်းစမ်းကြည့်ကြတာ တွေ့ရပါတယ်။ ထမင်းစားအပြီးမှာတော့ထိုင်းနိုင်ငံက ခရီးသွားလုပ်ငန်းပညာရှင်ကသင်ပြချုပ်လုပ်ပေးတဲ့သော့ချိတ်တွဲကလေးတွေ လက်ဆောင်အဖြစ် ကိုယ်စီပေးခဲ့ပါတယ်။ မှောင်စပျိုးချိန်မှာတော့ တနီးလာလဲနဲ့ ပန်ပက်က ရွာခံတွေကို နှုတ်ဆက်ပြီး လွိုင်ကော်ကို မော်တော်ယာဉ်များနဲ့ ပြန်လည်ထွက်ခွာခဲ့ပါတယ်။

စက်တင်ဘာ ၃၀ ရက်နေ့ နံနက်ပိုင်းမှာတော့ ကယားပြည်နယ်အစိုးရရုံးခန်းမမှာ အစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါတယ်။ လာမည့် ခြောက်လအတွင်းလုပ်ဆောင်မည့် အစီအမံများ ဆွေးနွေး ဆုံးဖြတ်ကြသလို မနေ့ကတနီးလာလဲမှာ သရုပ်ပြ ဧည့်ခံကြိုဆိုပြသခဲ့တဲ့ဖြစ်စဉ်အပေါ်မှာတော့ အားလုံးကပဲ ကျေနပ် အားရကြပါတယ်။ အချို့ခရီးသွားကုမ္ပဏီနဲ့ အဖွဲ့အစည်းတွေကလဲ နိုင်ငံခြားဧည့်သည်တွေခေါ်လာရင် ခုလိုအစီအစဉ်ကို ဘယ်လိုကြိုတင်ချိတ်ဆက်ရမလဲဆိုတာ မေးမြန်းစုံစမ်းနေကြပါပြီ။ ITC ကတော့ ယနေ့ထက်ပိုမိုလေ့ကျင့်သင်ကြားပေးမှာဖြစ်ပြီး လာမည့်၂၀၁၆မတ်လမှာ ရန်ကုန်မှခရီးသွားလုပ်ငန်း အဖွဲ့အစည်းတွေကို ခေါ်ယူပြီး သရုပ်ပြကြော်ငြာ မြှင့်တင်သွားမယ်လို့သိရပါတယ်။

ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုပြုလုပ်တွန်းအားပေးနေတဲ့ ပန်ပက်နဲ့ တနီးလာလဲကျေးရွာတွေဟာ စံပြ၊ နမူနာပြုလုပ်မည့်ရွာများအဖြစ် ရွေးချယ်ပြုလုပ်နေတာဖြစ်ပြီး အခြားကျေးရွာများ၊ အခြားတိုင်းရင်းသားလူမျိုးစုများက အားကျအတုယူစေရန်ပြုလုပ်စီမံပေးထားခြင်းသာဖြစ်ပါတယ်။ အခြားရွာများကလည်း ညီညီညွတ်ညွတ်နဲ့ယခုလိုနိုင်ငံခြားဧည့်သည်များကို ကြိုဆိုဧည့်ခံ လက်ခံချင်တယ်ဆိုရင် ITCက အချိန်မရွေး သင်ကြားပေးရန် ဖိတ်ခေါ်နေကြောင်း သိရှိရပါတယ်။

ယခင်ကနိုင်ငံခြားဧည့်သည်တွေရောက်လာ၊ လှည့်လည်ဓာတ်ပုံရိုက်ပြန်သွားဆိုတာထက် ယခုလိုဝင်ငွေ ပိုမိုရမယ့် လုပ်ငန်းတွေ ITC က သင်ကြားပေးနေသလို မြို့ပေါ်မှာရှိတဲ့ ဟိုတယ်၊ စားသောက်ဆိုင်၊ ခရီးသွားလာရေး ဧည့်လမ်းညွှန်စတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေ ကိုလည်း လိုအပ်တဲ့သင်တန်းတွေကိုအတွေ့အကြုံရှိပြီး သင်တန်းဆရာတွေခေါ်ပြီး အပတ်စဉ်ပို့ချပေးနေတာတွေ့ရပါတယ်။

ဒါကြောင့်ကယားပြည်နယ်လွိုင်ကော်မြို့မှာ စက်တင်ဘာ ၂၉ ရက်နဲ့ ၃၀ ရက်နေ့တွေမှာ ပြုလုပ်ခဲ့တဲ့ (NES) အစီအမံနဲ့ အားလုံးပါဝင်တဲ့ ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနဲ့ ပြည်နယ်ကြီးကြပ်မှု ကော်မတီတို့ရဲ့ အစည်းအဝေးဟာ ကယားပြည်နယ်အတွင်းမှာရှိတဲ့ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေပြီး ဝန်ဆောင်မှု ပို့ကုန် မြှင့်တင်တော့မှာဖြစ်တဲ့အတွက် ပြည်နယ်အတွက် ရောနိုင်ငံအတွက်ပါ ကုန်သွယ်မှုတိုးမြှင့်ရေး မှတ်တိုင်တစ်ခု စိုက်ထူရာကျကြောင်း အသိအမှတ်ပြုတင်ပြလိုက်ရပါတယ်။

## MyanAuto ၂၀၁၅ ကုန်စည်ပြပွဲကျင်းပ

တတိယအကြိမ်မြောက် Myan Auto 2015 ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၉ ရက် နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ UMFCCI ဒုဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ Automobile Manufactures & Distributors Association (MAMDA)၊ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်း၊ Amb Events Group မှ Project Director Mr.Darren Siow တို့တက်ရောက်ကြပြီး အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြပါသည်။ ၎င်းကုန်စည်ပြပွဲတွင် တရုတ် (ထိုင်ဝမ်) စင်ကာပူ၊ မလေးရှားစသည့်နိုင်ငံများမှ ကုမ္ပဏီ ၉၅ ခုမှ ပြခန်းပေါင်း ၁၀၀ နီးပါးဖြင့် မော်တော်ယာဉ်အပိုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြသခဲ့ခြင်းဖြစ်ပါသည်။ ၎င်းပြပွဲအား အောက်တိုဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ မော်တော်ယာဉ်တင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီများ/လုပ်ငန်းရှင်များ၊ မော်တော်ယာဉ်အပိုပစ္စည်းဖြန့်ဖြူးရောင်းချသည့် ကုန်သည်လုပ်ငန်းရှင်များ အများပြည်သူများ လာရောက်လေ့လာ ခဲ့ကြကြောင်း သိရှိရပါသည်။ **KMT**

# လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ မြန်မာ-အိန္ဒိယနယ်စပ် ကုန်စည်ဝင်ထွက်မှုလျော့ကျ

မြန်မာ-အိန္ဒိယနယ်စပ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပြုနေတဲ့ မုံရွာ -ကလေး- တမူးကုန်သွယ်မှု လမ်းကြောင်းသည် ပြီးခဲ့တဲ့ ဇူလိုင်၊သြဂုတ်လအတွင်း မိုးကြီးပြီး ရေကြီးရေလျှံမှုများကြောင့် တံတားများ ကျိုးပျက်ပြီး လမ်းများပျက်စီးခဲ့သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်နေရာမှ တံတားများပြင်ဆင်ပြီး ကောင်းမွန်သဖြင့် ပြည်တွင်းထွက်ကုန်များ နယ်စပ်ဒေသများသို့ တင်ပို့နိုင်ပြီဖြစ်သလို အိန္ဒိယဘက်မှ ကုန်စည်များလည်းပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာနိုင်ပြီဖြစ်ကြောင်း သိရပါတယ်။

ရေဘေးကြောင့် ပျက်စီးခဲ့ရတဲ့ကလေး-တမူး-မုံရွာလမ်းပေါ်ရှိ တံတားအား သက်ဆိုင်ရာက ပြင်ဆင်ပြီးစီးခဲ့ပြီဖြစ်တဲ့အတွက် စက်တင်ဘာလ ၁၉ ရက်မှစ၍ ခြောက်တန်ကုန်ကားတွေကိုသာ ဖြတ်သန်းသွားလာခွင့်ပြုထားတဲ့အတွက် ၁၂ တန်တင်ဆောင်နိုင်တဲ့ ကုန်ကားတွေ ဝင်ထွက်ခြင်းမရှိသေးတာကြောင့် ကုန်စည်များ ဝင်ရောက်မှုနည်းတာတွေ့ရပါတယ်။ ယခုခြောက်တန်ကားတွေနဲ့ နေ့စဉ်ပြည်တွင်း ထွက်ကွမ်းသီးများ တင်ပို့မှုများပြီးအိန္ဒိယဘက်ကဝင်ရောက်တဲ့ကုန်တွေကို တစ်ဖက်နယ်မြေ မအေးချမ်းတာကြောင့် ဆိုင်ကယ်ကယ်ရီနဲ့သာမက လူအားနဲ့ အလီလီသယ်ယူတဲ့စနစ်ကို ကျင့်သုံးလျက်ရှိတယ်လို့ တမူးနယ်စပ်မှ သိရပါတယ်။

ယခုလက်ရှိ အိန္ဒိယငွေဈေးမှာ တစ်ရူပီးလျှင် ၁၈ ကျပ် ၈၈ ပြား ဈေးပေါက်ပြီး ပို့ကုန်တင်ပို့နိုင်မှုမှာ ရေကြီးပြီးတံတားများ ပျက်စဉ်ကာလအတွင်း ကုန်များ စုပုံနေတာကြောင့် မြန်မာ-အိန္ဒိယနယ်စပ်တွင် ပို့ကုန်ထက်သွင်းကုန်ကများနေကြောင်း သိရပါတယ်။ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂ ရက်အတွင်း တမူး နယ်စပ်မှ ကွမ်းသီး တန် ၆၀၀ နီးပါး ကန်ဒေါ်လာ သုည ဒသမ ၅၅၃ သန်းနဲ့ ရိဒ်နယ်စပ်ကွမ်းသီးတန် ၅၅၀ ကျော် တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၄၁၈ သန်း တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်းများမှသိရပါတယ်။

**ခင်မိုးသူ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလတွင် ရေထွက်ကုန်ပစ္စည်းအများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကန်ဒေါ်လာ သုည ဒသမ ၃၁၃ သန်း တန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်းဖြစ်တဲ့ ရေချိုငါး (ငါးမြစ်ချင်း၊ငါးခေါင်းပွ)တန်ချိန် ၃၀၀ ကျော် အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သြဂုတ်လက တန်ချိန် ၂၃၀ ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၂၃၃ သန်းဖိုး တင်ပို့နိုင်ခဲ့လို့ ယခုလမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၀၈၀ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ရေထွက်ကုန်ပစ္စည်းများအပြင် ကန်ဒေါ်လာ သုည ဒသမ ၂၇၆ သန်းတန်ဖိုး ရှိ လယ်ယာထွက်ကုန်ပစ္စည်း တန်ချိန် ၁၅၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန် ပစ္စည်းများက တော့ မန်ကျည်းစေ့ ၈၈၀ တန်၊ ဆီးသီးခြောက် ၃၂၇ တန် ၊ချင်းအစို ၃၆ တန်၊ မန်ကျည်းဖတ် ၆ တန်၊ နနွင်းတက် ၆ တန်နဲ့ ကွမ်းသီး ၄ တန်တို့ဖြစ်ပြီး ကန်ဒေါ်လာ သုည ဒသမ ၀၄၀ သန်းတန်ဖိုးရှိ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၁၁၇ တန်တို့ကို ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂ ရက်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၈၃၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၇၃၁ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅၅၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုများမှာ

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၈၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၄၆ တန်ကျော် ၊ ကဏန်း ၁၂ တန်ကျော်နဲ့ ငါးရှဉ့် ၆ တန်ကျော် တင်ပို့နိုင်ခဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၁ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၃၄၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်သော ငါးမျိုးစုံ ၁၅၁၉ တန်ကျော်၊ ကင်းမွန် ၃၆ တန်ကျော်၊ ပုစွန် ၄ တန်ကျော် ၊ အခြားရေထွက် ၁၉ တန်ကျော် ပင်လယ်ငါးရှဉ့် လေးတန်ခန့် ကဏန်း ၂ တန်ခန့်နဲ့ ရေဘဝဲ ၅၂၂ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၉၅၂ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၂ ဒသမ ၄၀၀ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၂၄၅၉ တန်ကျော် ၊ငါးမှုန့် တန် ၅၀၀၊ပုစွန် ၆၇ တန်ကျော်၊အေးခဲကဏန်းပျော့ တန်၄၀ ၊ပုစွန်ခြောက် ၃ တန်ကျော်၊ ငါးခြောက် ၇ တန်နဲ့ ကင်းမွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၆၁ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# တရုတ်နိုင်ငံသို့ မှျစ်စို၊မှျစ်ခြောက်များတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၀၀၉ တန်ဖိုးရှိ မှျစ်စို ၉၉ တန်နဲ့ ကန်ဒေါ်လာ ၁၀၀၆ တန်ဖိုးရှိ မှျစ်ခြောက် ၃ တန်ခွဲတင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က မှျစ်စို ၄၈ တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှျစ် တင်ပို့မှုသွက်လာတယ်လို့ ဆိုရပါမယ်။ မူဆယ်စခန်းသာမက လွယ်ဂျယ် ကုန်သွယ်ရေးစခန်းကလည်း ကန်ဒေါ်လာ ၄၀၄၀ တန်ဖိုးရှိ မှျစ်စို တန် ၄၀ တန်ပို့လာခဲ့ပါတယ်။ မှျစ်စို/မှျစ်ခြောက်တွေကို တစ်ဖက်တရုတ်နိုင်ငံမှာ အစားအသောက်လုပ်ငန်းတွင် ထည့်သွင်းအသုံးပြုကြတာဖြစ်ပါတယ်။

**မော်မော်အောင်**

# တရုတ်ပြည်သို့ တစ်သျှူးငှက်ပျောတင်ပို့

ကချင်ပြည်နယ်က ထွက်ရှိတဲ့ ဒေသထွက်တစ်သျှူး ငှက်ပျောများကို ကန်ပိုက်တီးကုန်သွယ်ရေး စခန်းမှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့လျက်ရှိရာ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂ ရက်အတွင်း တစ်သျှူးငှက်ပျော တန် ၇၀၀ ကို ကန်ဒေါ်လာ ၂၁၇၇၂၉ ဖိုးတင်ပို့မှုရှိခဲ့ပါတယ်။လဆန်းပိုင်းက တန် ၉၂၀ တင်ပို့နိုင်ခဲ့လို့ စက်တင်ဘာလအတွင်း တရုတ်နိုင်ငံကို တစ်သျှူးငှက်ပျော ၁၆၂၀ တန်တင်ပို့နိုင်ခဲ့ပါတယ်။လိုင်စင်ဈေးအရ တစ်တန်ကို မိမိဖက်ပေါက်ဈေး ကျပ် ၄ သိန်းရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မောင်တောကုန်သွယ်ရေးစခန်းရဲ့ စက်တင်ဘာ ကုန်သွယ်မှုပိုမိုမြင့်တက်

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းသည် စက်တင်ဘာလအတွင်း ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၄၀၉ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်း ရှိတဲ့အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၄၁၄ သန်းဆောင်ရွက်နိုင်ခဲ့ပြီးလျာထားချက်အပေါ် ၅၄ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ပို့ကုန်ရော သွင်းကုန်ပါ ပိုမိုခဲ့ပြီး ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

စက်တင်ဘာလအတွင်း မောင်တောကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့တဲ့ ပို့ကုန်များမှာ ရေထွက်ကုန် ရေငန်ပုစွန်၊ ငါးနီတူခြောက်၊ငါးစုံလေးခြောက်၊လယ်ယာထွက်ကုန် မတ်ပဲ၊ ကြက်သွန်နီ၊ သစ်တောထွက်ကုန် ဝါးကြီးနဲ့ စက်မှုကုန်ချော သနပ်ခါးခဲ၊ဆီးယိုထုပ်၊ ထွန်းရွှေဝါများဖြစ်ကြပါတယ်။သွင်းကုန်အနေနဲ့ လူသုံးကုန်ပစ္စည်းများဖြစ်တဲ့ ဒန်ရေတကောင်း၊ ပလတ်စတစ်ပုံး၊ တီရှပ်၊ ဖိနပ်နဲ့ စွပ်ကျယ်ပိတ်စများကို တင်သွင်းခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု ရာခိုင်နှုန်းမှာ အနည်းငယ်ပိုမိုခဲ့ပြီး ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏလျော့နည်းရခြင်းမှာ ပို့ကုန်ပိုင်းတွင် ဆန်တင်ပို့နိုင်မှုမရှိခြင်းနှင့် ဒေသထွက် ရေငန်ပုစွန်များမှာလည်း တစ်ဖက်နိုင်ငံပုစွန်ဈေးနှုန်းကျဆင်းနေမှုကြောင့် ပုစွန်တင်ပို့မှု ကျဆင်းခဲ့ခြင်းကြောင့် ပို့ကုန်လျော့နည်းခဲ့ရခြင်းဖြစ်ပါတယ်။ မောင်တောနယ်စပ်မှ စက်တင်ဘာလအတွင်း ITCနဲ့ ကုန်သွယ်မှုဆောင်ရွက်ခြင်းမရှိသလို ကတ်ထုတ်ပေးမှုလည်းမရှိခဲ့ဘူးလို့ သိရပါတယ်။

**မြင့်မြင့်မာ**

# တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် လယ်ယာထွက်ကုန်ပိုမိုတင်ပို့သဖြင့် အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုဆောင်ရွက်နိုင်ခဲ့

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းသည် စက်တင်ဘာလတွင် ပို့ကုန် ကန်ဒေါ်လာ ၁ ဒသမ ၃၄၁ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၆၂၀ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။စက်တင်ဘာလမှာ လယ်ယာထွက်ကုန် ကြက်သွန်ဖြူတန် ၂၀၀၊ ကြက်သွန်နီ တန် ၁၀၀၊ ရော်ဘာစေး တန် ၇၀၊ လက်ဖက်ခြောက် ၇၈ တန်ကျော်၊ ကန်ဒေါ်လာ သုည ဒသမ ၅၁၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သတ္တုတွင်းထွက်ပစ္စည်းအုပ်စုမှာ ကန်ဒေါ်လာ သုည ဒသမ ၀၄၈ သန်း ပိုမိုတင်ပို့နိုင်ခဲ့တာကြောင့် အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုခဲ့ရခြင်းဖြစ်ပါတယ်။

လယ်ယာထွက်ကုန်ပိုင်းမှာ နှမ်းတင်ပို့မှုရှိသော်လည်း နှမ်းဈေးကျသဖြင့် ယခင်လနဲ့ တင်ပို့မှုပမာဏ တန်ချိန် တူညီသော်လည်း နှမ်းတင်ပို့မှုမှ ဝင်ငွေလျော့နည်းခဲ့တယ်လို့သိရပါတယ်။

စက်တင်ဘာလအတွင်း ရာသီဥတုကောင်းမွန်ပြီး လမ်းခရီးချောမွေ့သဖြင့် မိုင်းဟောင်း၊မိုင်းယုနဲ့ တောင်ကြီးတို့မှ လက်ဖက်ခြောက်များကိုတင်ပို့နိုင်ခဲ့သလို မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ကြက်သွန်နီနဲ့ မိုင်းတုံ၊မိုင်းဆတ်ဘက်မှ ကြက်သွန်ဖြူ များကိုလည်း တင်ပို့နိုင်ခဲ့ပါတယ်။ ရာသီဥတုကောင်းမွန်ပြီးနေသာခဲ့၍ သတ္တုတူးဖော်ရေးလုပ်ငန်းများ ပြန်လည်သက်ဝင်လှုပ်ရှားပြီး သတ္တု ထုတ်လုပ်မှုပိုမိုလာကာ တစ်ဖက်နိုင်ငံဝယ်လက်သို့ အချိန်မီတင်ပို့လာတာကြောင့် ပို့ကုန်ပိုမိုခဲ့ရတာဖြစ်ပါတယ်။ လမ်းခရီးကောင်းမွန် လာသဖြင့် မိုးတွင်းအခါက ထုတ်လုပ်ထားသော ရော်ဘာစေးများကိုတရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ခဲ့တာကြောင့် ပို့ကုန်တင်ပို့မှုပိုင်းမှာ ယခင်လထက်ပိုမိုစေခဲ့တဲ့အကြောင်းတစ်ရပ်လည်းဖြစ် ပါတယ်။

လာမယ့်လများမှာ လိမ္မော်သီးများ၊ သစ်ခေါက်များ တင်ပို့လာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံမှ သကြားကို တရုတ်နိုင်ငံသို့ re-export စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုလာနိုင်တာကြောင့် ပို့ကုန်ပိုမိုလာနိုင်မယ်လို့ မျှော်မှန်းရပါတယ်။

**ခင်မြနွယ်**

## ကျပ်သိန်းနှစ်ရာကျော် တန်ဖိုးရှိ အင်ခွဲသားအရွယ်စုံ စစ်ဆေးတွေ့ရှိ

စက်တင်ဘာလ ၃၀ ရက်က စစ်ကိုင်း-မန္တလေး-မြစ်ငယ်လမ်းကြောင်း တစ်လျှောက် မန္တလေးမိုဘိုင်းအဖွဲ့ ခေါင်းဆောင်ဦးစီးအဖွဲ့ လှည့်လည်စစ်ဆေးစဉ် စစ်ကိုင်းမြစ်ငယ်ဖြတ်လမ်းဆင်ရွာ မြင်းမူလမ်းဆုံအနီး ကုန်တင်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးခဲ့ပါတယ်။ ယာဉ်ပေါ်မှာ တရားမဝင်တင်ဆောင်လာတဲ့ အင်ခွဲသား အရွယ်စုံ ၁၀၈ ချောင်း၊ တန်ချိန်အားဖြင့် ၆ ဒသမ ၄၈၀၈ တန်၊ ခန့်မှန်းတန်ဖိုး ၂၇၂၁၉၃၆ ကျပ် စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။အင်ခွဲသားများနဲ့ တင်ဆောင်ယာဉ်တို့ကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီး အင်ခွဲသားများကို မဟာအောင်မြေမြို့နယ်သစ်တောဦးစီးဌာနသို့လည်းကောင်း၊ သစ်တင်ဆောင်ယာဉ် (ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၀၀) ကို အကောက်ခွန်ဦးစီးဌာနသို့ လည်းကောင်း လွှဲပြောင်းအပ်နှံထားပြီးဖြစ်တယ်လို့ ကွပ်ကဲမှုရုံးမှ သတင်းရရှိပါတယ်။

အလားတူ စက်တင်ဘာလ ၂၇ ရက်နေ့ကလည်း မတ္တရာမြို့အဝင် လမ်းဆုံ၌ စဉ့်ကူ-မန္တလေး ခရီးသည်တင်မှန်လုံယာဉ် ၄ဘ/xxxx အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ ကျွန်းတံခါးချပ်များစွာ တင်ဆောင်လာတာတွေ့ရတဲ့အတွက် အသေးစိတ်စစ်ဆေးရန် သစ်တောရုံးဝင်းအတွင်းသို့ ယာဉ်အား မောင်းနှင်စေပြီး သစ်များအား ချယူတိုင်းတာစစ်ဆေးခဲ့ပါတယ်။

စစ်ဆေးတွေ့ရှိချက်အရ ကျွန်းတံခါးရွက် အရွယ်စုံ ၅၉ ချပ်၊ ခန့်မှန်းတန်ဖိုးကျပ် ၁၃ ဒသမ ၃၀ သိန်းနဲ့ တင်ဆောင်ယာဉ် Hino Bus ခန့်မှန်းတန်ဖိုးကျပ် သိန်း၁၂၀ ကိုအကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး သစ်တောဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့သို့ လွှဲပြောင်းအပ်နှံပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## အမှတ် ၃၈ အစုန် မြစ်ဆုံ-မန္တလေးရထားပေါ်မှ မိုဘိုင်းဟန်းဆက်များ၊ ယာဉ်အပိုပစ္စည်းများနဲ့ အဝတ်အထည်အသုံးအဆောင်များ ကျပ်သိန်းတစ်ထောင်ကျော်ဖိုး သိမ်းဆည်းရမိ

စက်တင်ဘာလ တတိယပတ်အတွင်းက အမှတ် (၃၈)အစုန်မြစ်ဆုံ-မန္တလေးရထား မန္တလေးဘူတာကြီးသို့ဆိုက်ကပ်စဉ် သတင်းအရ မန္တလေးလှုပ်ရှားမှုအဖွဲ့က စစ်ဆေးရာမှာ မိုဘိုင်းဟန်းဆက် Lo Lo Love -၁နဲ့ My Phone Sky -7 တံဆိပ် လက်ကိုင်ဖုန်း ၁၂၈၀ လုံး၊ ခန့်မှန်း တန်ဖိုးကျပ် ၁၀၂၄ သိန်းဖိုးနဲ့ ယာဉ်အပိုပစ္စည်းများ၊ Digital အသေး ၊ ကျား/မလက်ကိုင်အိတ်၊ မဝတ်အင်္ကျီ၊ မစီးဖိနပ်များ ကျပ် ၁၂ ဒသမ ၄၈၅ သိန်း ခန့်မှန်းတန်ဖိုးအား သိမ်းဆည်းရမိတဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်လှစ် သိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

သိမ်းဆည်းရမိ ယာဉ်အပိုပစ္စည်းများကတော့၊ Wellong ring , Oil Filter ,Transmission Belt,Oil Seals, Fuel/Water separater,Tie Rod Coal set, ကားမီးခွက်အထိုင်၊ ကားရှေ့ရှဲလ်၊ ပန်ကာဒလတ်အရွယ်စုံ၊ ဂတ်စ်ကက်၊ ကားနောက်ကြည့်မှန်ဘိုးနပ်နဲ့ Univesal Joint များဖြစ်ပါတယ်။

**MIRT**

## စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း လရ-၁ အဖွဲ့က ကျပ်သိန်း ၇၆၀ ခန့်မှန်းတန်ဖိုးရှိ တမလန်း သစ်တုံး၊ ဓါးရှေ့တိုင်နဲ့ ပိတောက်ခွဲသားများ သိမ်းဆည်းရမိ

စက်တင်ဘာလ ၂၈ ရက်နေ့ နံနက် ၀၃း၀၀ ချိန်က လရ-၁ အဖွဲ့ဟာ ၁၂ ဘီးယာဉ် တစ်စီးပေါ်မှ ဖွဲအိတ်များဖုံးအုပ်သယ်ဆောင်လာတဲ့ တမလန်းဓါးရှေ့ ၆ တုံး (၆ ဒသမ ၇၉၃ တန်)၊တမလန်းသစ်လုံး ၉ လုံး၊ (၁ ဒသမ ၆၅၀ တန်)နဲ့ တမလန်းတိုင် ၄ လုံး (သုည ဒသမ ၁၉၄ တန်) စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၄၂၉ ဒသမ ၃၇၀ သိန်းဖိုးကိုလည်းကောင်း စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။အလားတူ စက်တင်ဘာလ ၂၉ ရက်နေ့ ၀၉း၃၀ ချိန်မှာလည်း ဖွဲအိတ်များ၊ပဲဖတ်အိတ်များ ဖုံးအုပ်သို၀ှက်သယ်ဆောင်လာတဲ့ တမလန်းသစ်တုံး ၅၁ တုံး ၆ဒသမ ၃၇၀ တန်နဲ့ ပိတောက်ခွဲသား ၁၃ ချောင်း သုည ဒသမ ၃၅၇ တန် ခန့်မှန်းတန်ဖိုး ကျပ် ၃၃၆ ဒသမ ၃၉ သိန်းအား စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။

သိမ်းဆည်းရမိသစ်များနဲ့ သစ်တင်ယာဉ်များကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲများဖွင့်လှစ်ပြီး သစ်များကို နောင်ချိုသစ်တောဦးစီးဌာနသို့လည်းကောင်း သစ်တင်ယာဉ်များကို အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း လွှဲပြောင်းအပ်နှံထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ သစ်တင်ယာဉ်နှစ်စီးရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၄၅၀ ရှိတယ်လို့ သိရပါတယ်။ **MIRT**

## ထော်လာဂျီယာဉ်ပေါ်မှ ထင်းတို ထင်းစများနဲ့ ဖုံးအုပ်ထားတဲ့ Chang Beer များအား သိမ်းဆည်းရမိ

မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်ရှိ Mobile Team တာဝန်ထမ်းဆောင်လျက်ရှိတဲ့ လရ-၂ အဖွဲ့သည် စက်တင်ဘာလ ၂၈ ရက် ၁၅း၃၀ ချိန်တွင် စစ်တောင်းလမ်းဟောင်းမှ ဝင်ရောက်စစ်ဆေးခံတဲ့ ၉ဌ/xxxx ထော်လာဂျီယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် ထင်းတို ထင်းစများနဲ့ ဖုံးအုပ်ထားတဲ့ ပြည်ပနိုင်ငံ ထုတ်(၁x၂၄) ပါ Chang Beer ၂၉၃ ဖာကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

စစ်ဆေးစဉ် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး Beer များနဲ့ တင်ဆောင်လာတဲ့ ထော်လာဂျီယာဉ်ရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၇ ဒသမ ၆၂၀ ဖြစ်တယ်လို့ သိရပါတယ်။

## ဖုန်းဟန်းဆက်နဲ့ ဆက်စပ်ပစ္စည်းမျိုးစုံ ကျပ်သိန်းတစ်ရာကျော်ဖိုး သိမ်းဆည်းရမိ

အောက်တိုဘာလ ၄ ရက်နေ့ ၁၆း၃၀ ချိန်ခန့်က နောင်ချိုအေးရှားဝေါလ်တိုးဂိတ်အနီး စစ်ဆေးရေး တာဝန်ထမ်းဆောင်နေသော လရ-၁ အဖွဲ့က ယာဉ်အမှတ် 3J/xxxx ပေါ်မှ ကျပ် ၁၂၃ သိန်းကျော်တန်ဖိုးရှိ ဟန်းဆက် ၂၇၅ လုံး၊ ဖုန်းအားသွင်းကြိုး ၂၁၀ ခု၊ အီးယားဖုန်း ၁၂၀ ခု၊ ဖုန်းဘက်ထရီ ၆၁ ခုကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ သိမ်းဆည်းရမိ ဖုန်းအမျိုးအစားနဲ့ မော်ဒယ်တွေကတော့ဟွာဝေး (G-520, Y-511 , Y-210 , 325 , G-510 , Y-300 , Y-260) များဖြစ်တယ်လို့ သိရပါတယ်။ သိမ်းဆည်းရမိဖုန်းဟန်းဆက်နဲ့ ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ပြီး အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ဝီစကီအရက်ပုလင်းတာများကို မတ္တရာမြို့အဝင် လမ်းဆုံတွင် မိုဘိုင်းအဖွဲ့က စစ်ဆေးတွေ့ရှိ

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကွပ်ကဲမှုအောက်ရှိ မန္တလေးမိုဘိုင်းအဖွဲ့ မိုးကုတ်-မတ္တရာ-မန္တလေး ကုန်းလမ်းကြောင်း၊ မတ္တရာမြို့အဝင်လမ်းဆုံ၌ မိုဘိုင်းတာဝန်ထမ်းဆာင်စဉ် မန္တလေးမှ ဖားကန့်ဘက်သို့ သွားမည့်ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ပါတယ်။ ယာဉ်ပေါ်မှာ ကုန်ပစ္စည်းစုံ တင်ဆောင်ထားပြီး တရားမဝင်တင်ဆောင်လာတဲ့ ကန့်သတ်ကုန်ဖြစ်တဲ့ ဝီစကီအရက် တာ ၂၀ အား စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့ ကွပ်ကဲမှုရုံးမှ သတင်းရရှိပါတယ်။သိမ်းဆည်းရမိ ဝီစကီတာများကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ အပ်နှံခဲ့တယ်လို့ သိရပါတယ်။သိမ်းဆည်းရမိ ဝီစကီအရက်ပုလင်းတာများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၁၉ ဒသမ ၂၀၀ သိန်းရှိပါတယ်။ **MIRT**

## လရ-၁ အဖွဲ့က တန်ဖိုးကျပ် ၁၂သိန်းကျော်ဖိုးရှိ အဝတ်အထည်အမျိုးမျိုးသိမ်းဆည်း ရမိ

အောက်တိုဘာလ ပထမပတ်အတွင်းမှာ ခန့်မှန်းတန်ဖိုး ကျပ် ၁၂ သိန်းကျော် တန်ဖိုးရှိ ကလေးဝတ်အထည် ၃၁၀ နဲ့အထည်ထုပ် သုံးထုပ်ကို လရ-၁အဖွဲ့ကသိမ်းဆည်းရမိခဲ့တဲ့အတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်သိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ဂျူတီယာဉ်များပေါ်မှ အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ကျပ်သိန်း၅၀ကျော်စစ်ဆေးတွေ့ရှိ

ဝေါမြို့နယ် ညောင်ခါးရှည်အခြေပြု Mobile Team လရ-၂ အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်တဲ့အဖွဲ့သည် စက်တင်ဘာလ ၂၉ ရက် ညဘက်တွင် ဂျူတီယာဉ်များကို စစ်ဆေးရာဂျူတီယာဉ် ခြောက်စီးပေါ်တွင် အကောက်ခွန်ကြေညာထားခြင်းမရှိတဲ့ စားသောက်ကုန်ပစ္စည်း ကျပ် ၅၆ သိန်းကျော်ဖိုးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အဆိုပါ စစ်ဆေးတွေ့ရှိ ဂျူတီယာဉ် ခြောက်စီးပေါ်မှ အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းများဖြစ်တဲ့ မုန့်ဖာ၊ ကြာဆံ၊ ငါးသေတ္တာ၊ အုန်းနို့မှုန့်၊ Sprite အချိုရည်၊ Cat Food , Dog Food နို့ဗူးနဲ့ ငါးသေတ္တာများဖြစ်ပြီး အကောက်ခွန် အမှုတွဲဖွင့်လှစ်သိမ်းဆည်းပြီးဖြစ်ပါတယ်။ **MIRT**

## တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရန် သယ်ဆောင်လာတဲ့ အမဲခြောက် (အဆီပါ/အသန့်) ကျပ်သိန်း ၆၀ ကျော်ဖိုး မန္တလေးမိုဘိုင်းက စစ်ဆေးတွေ့ရှိသိမ်းဆည်း

မန္တလေးတိုင်းဒေသကြီး မိုဘိုင်းအဖွဲ့သည် စက်တင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အတွင်း စစ်ဆေးရေး တာဝန်ထမ်းဆောင်စဉ် ယာဉ် သုံးစီးပေါ်မှ အမဲခြောက် ၃၇၅ ပိဿာ (အမဲခြောက်၊ အမဲခြောက် အဆီပါ ၊ အသန့်)၊ ခန့်မှန်းတန်ဖိုး ကျပ် ၆၈ ဒသမ ၆၄၀ သိန်းဖိုးအား သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။ အမဲခြောက်များကို ၅ ကျပ်သား၊ ၅၀ ကျပ်သား၊ ၈၅ ကျပ်သား၊ ၉၂ ကျပ်သားနဲ့ တစ်ပိဿာထုပ်များ ထုပ်ပိုးထားတာဖြစ်ပါတယ်။ သိမ်းဆည်းရမိ အမဲခြောက်များကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး မြို့နယ်စည်ပင်သာယာသို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်တယ်လို့သိရပါတယ်။

မိမိဘက်မှ တရားမဝင်အမဲသားခြောက်များ တင်ပို့ခြင်းအား သိမ်းဆည်းရမိသကဲ့သို့ တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသော ကြက်အူချောင်း ၂၈၈ ကီလိုဂရမ်ကျော် ခန့်မှန်းတန်ဖိုး ကျပ် ၆ ဒသမ ၆၀ သိန်းဖိုးကိုလည်း သိမ်းဆည်းရမိခဲ့တယ်လို့သတင်းရရှိပါတယ်။ **MIRT**

# ရွာထဲရောက်အောင် တိုးဝင်လာတဲ့ ကမ္ဘာ



လေ့လာရေးရွာသားတစ်ဦး

ရွာကလူတွေ တော်တော်များများ ဗေဒင်မေးတဲ့အခါ နိုင်ငံခြား ခရီး ရောက်နိုင်တယ်လို့ ဟောချက်ထွက်ရင် သိပ်ရင်မခုန်ကြဘူး။ ကယားနဲ့ မယ်ဟောင်ဆောင်ဆိုတာ ရေအိုးနဲ့ရေမှုတ်၊ အိမ်ဦးနဲ့ ကြမ်းပြင်လို အမြဲတမ်းလိုလို ကူးသန်းသွားလာနေကြတာ မဟုတ်လား။ ဒါပေမယ့် အဲဒီအထဲမှာ ကျွန်တော်မပါခဲ့ဘူး။ အိမ်မှာက မိအိုဖအိုနဲ့၊ လယ်နဲ့ ချောင်းနဲ့ဆိုတော့ ချမ်းသာသလားဆိုတော့လည်း မချမ်းသာဘူး။ ဆင်းရဲသလားဆိုတော့လဲ မဟုတ်ပြန်ဘူး။ လယ်ယာ အလုပ်သာ လုပ်နေရင်း အချိန်တန်တော့ သူက သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်နဲ့ နှစ်ပေါက်စားသောက်နေတာ မဟုတ်လား။

ပြီးတော့ ကျွန်တော့်ဝါသနာကစာဖတ်တာနဲ့ ရုပ်ရေးရွာရေး လူမှုရေးဆိုရှေ့ဆုံးက၊ ဟိုစပ်စပ် ဒီစပ်စပ်တော့ ရပါတယ်။ လွန်ခဲ့တဲ့ နှစ်ကတော့မြို့မှာနေတဲ့ လက္ခဏာဝါသနာပါတဲ့ သူငယ်ချင်းက လက်ဖဝါးကိုဆွဲကြည့်ပြီး နောက်နှစ်အတွင်း မင်းနိုင်ငံခြားသွားရမယ်လို့ ဟောတော်မူသဗျ။

ကျွန်တော်ကလည်းခွက်ထိုးခွက်လန်ရယ်မောပြီး မင်းနာမည် မပျက်ချင်ရင် ဒီလိုဟောတဲ့ပြောတဲ့ အလုပ်ကို စွန့်လွှတ်ပါကွာလို့တောင် လှောင်ပြောင်ခဲ့သေးတယ်။ ဟုတ်တယ်လေ။ ကျွန်တော်က သူများတွေလို ကယားနဲ့ မယ်ဟောင်ဆောင် မှောင်ခိုကုန်ကူးသန်းရောင်းဝယ်တာဝါသနာမှမပါဘဲ။

ဒီနောက်ပိုင်း ဒီသူငယ်ချင်းနဲ့လည်း မတွေ့ပါဘူး။ ဒါကလည်း ရွာမှာအလုပ် များလာတာတစ်ကြောင်းပါ။ များဆို ITC ဆိုလား၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးစီမံချက်ဆိုလား၊ နိုင်ငံခြားသားတွေ ဝင်လိုက်ထွက်လိုက်၊ မေးလိုက်မြန်းလိုက် ညပိုင်းအားတဲ့အချိန် ရွာပိုင်ရုံးကလေးမှာ သင်တန်းလိုလို ဟောပြောဆွေးနွေးပွဲလိုလို လုပ်ကြနဲ့၊ ဒါမျိုးဆို ကျွန်တော်က ထိပ်ဆုံးကပေါ့။

ကျွန်တော်တို့ တနီးလာလဲကျေးရွာဆိုတာ ခုမှသာ လွင်တီးခေါင်လို အဝေးကလှမ်းမြင်ရတာ။ အရင်က တောကြီးတွေ ထူထပ်ပြီး ပျားအုံကြီးတွေရှိတဲ့ရွာ၊ ရွာအနီးမှာ ထီးပွင့်ကန်၊ ကြာကန်၊တံခွန်တိုင်၊ ကန်ခုနစ်ဆင့်နဲ့ ရှေးကယားမျိုးနွယ်တွေ အစဉ်အဆက် နေထိုင်ခဲ့ကြတယ်လေ။ ကယားရိုးရာရှေးအိမ်ကြီးတွေ ရွာမှာရှိသေးတယ်။ ရှေးကယားမကြီးတွေကတော့ သူတို့ဝတ်ဆင်နေကျ ပုခုံးတစ်ခြမ်းပေါ် အနက်ရောင်ဝတ်စုံကြီးတွေ၊ နားကွင်းတွေ၊ လည်ဆွဲတွေနဲ့ ကိုယ့်ရွာကိုယ်မို့ ဘာမှထူးဆန်းတာလည်း မရှိဘူး။ မြင်ဖန်များတော့ ရိုးနေလို့ထင်ပါ့။

ဒါပေမယ့် ITC ကလာတဲ့ နိုင်ငံခြားသားတွေအမြင်ကျတော့တစ်မျိုးခင်ဗျ။ ရွာမှာ စိတ်ဝင်စားစရာတွေ အများကြီးရှိဆိုပဲ။ ကယားမကြီးတွေ ဝတ်စားဆင်ယင်တာလည်း စိတ်ဝင်စားတာပဲ။ နေ့စဉ်ချက်ပြုတ်လုပ်ကိုင်နေတာလည်း ဓာတ်ပုံတဖျပ်ဖျပ်ရိုက်နေတာပဲ။ ရိုးရာကယားတူရိယာတွေနဲ့ ဆိုတီးပြနေတော့လည်း သဘောတွေကျလို့၊ ရွာနီးချုပ်စပ်ကလည်း သွားလာနေလိုက်ကြတာ။ ရတနာရွှေအိုးကြီးတွေ့တဲ့အတိုင်းပ။

စကားပြန်ကတစ်ဆင့် သူတို့နဲ့ ညတိုင်း ပြောဆိုဆွေးနွေးနေတာတွေ ကျွန်တော်က ဒိုင်ခံဖြေနေရာက တစ်ရက်တော့ မယ်ဟောင်ဆောင်ကို လေ့လာရေးခရီးလိုက်ရမတဲ့ဗျ။ ဒီလိုနဲ့ လွိုင်ကော်ကဌာန

ရှေး ကယားမကြီးတွေကတော့
သူတို့ဝတ်ဆင်နေကျ ပုခုံးတစ်ခြမ်းပေါ်
အနက်ရောင်ဝတ်စုံကြီးတွေ၊ နားကွင်းတွေ၊
လည်ဆွဲတွေနဲ့ ကိုယ့်ရွာ ကိုယ်မို့
ဘာမှထူးဆန်းတာလည်း မရှိဘူး။
မြင်ဖန်များတော့ ရိုးနေလို့ထင်ပါ့။

ဆိုင်ရာတွေနဲ့ တနီးလာလဲရွာက ရွာသား ၅ ဦး၊ ပန်ပက်ရွာကရွာသား ၅ ဦး၊ စုစုပေါင်း ၁၄ ဦး မယ်ဟောင်ဆောင်ကို ၂၀၁၅ ဩဂုတ်လ ၁၄ ရက်မှ ၁၈ ရက်အထိ လေ့လာရေးခရီး တရားဝင်သွားရောက်ခဲ့ရတယ်။ လက္ခဏာဟောခဲ့တဲ့ လွိုင်ကော်က သူငယ်ချင်းကို တောင်းပန်ရဦးတော့မယ်။ မှန်ပါပေတယ် သူငယ်ချင်း။

မယ်ဟောင်ဆောင်မသွားခင်ကတော့ Potjana ဆိုတဲ့ ထိုင်းက ဆရာမကြီးနဲ့ အင်္ဂလန်နိုင်ငံသား ပီတာတို့က ရယ်ဟယ်၊ မောဟယ်နဲ့ ညတိုင်း သင်ပေးတယ်။ သဘောမပေါက်ခဲ့ဘူး။ သူတို့ပြောစကားအရ ကယားပြည်နယ်ဟာ အရင်ကလိုပိတ်ဆို့တားဆီးဖြတ်တောက်ထားရမယ့် နယ်မြေတော့ မဟုတ်ဘူး။ ငြိမ်းချမ်းရေးရပြီတဲ့။ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ နေ့စဉ် တိုးတက်လာနေကြပြီတဲ့။ ပြည်ပခရီးသွားတွေက အထူးစိတ်ဝင်စားနေကြတယ်ဆိုပဲဗျ။ နိုင်ငံတော်က အမျိုးသားပို့ကုန်မဟာဗျူဟာအစီအစဉ်နဲ့ ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးစီမံချက်ကို နိုင်ငံတကာအဖွဲ့အစည်းတွေ ကကူညီလုပ်ဆောင်နေသတဲ့ဗျ။ နိုင်ငံခြားဧည့်သည် နီတီတီ၊ဖြူစပ်စပ် ရှည်ရှည်တေတေတွေ ရွာတွေကို လာလည်ကြမတဲ့ဗျ။ ကျွန်တော်တို့မှာ ဘာပြစရာရှိလို့လဲဗျာ။ သူတို့က ဘာတွေကြည့်ချင်သလဲ။ ဘာတွေသိချင်တာလဲ။ ဒီလောက်ရိုးအီနေတဲ့ တောရွာကြီးကို။ ဒါတွေက မယ်ဟောင်ဆောင် မသွားခင်၊ မလေ့လာခင်က ကျွန်တော့်ရဲ့ ထင်မြင်ခံယူချက်တွေခင်ဗျ။

မယ်ဟောင်ဆောင်ပြည်နယ်ထဲက ရှမ်းရွာ၊ စကောကရင်ရွာနဲ့၊ လားဟူရွာတွေကို တစ်ညအိပ်စီသွားပြီး လေ့လာခဲ့ရတယ်။ လူမှုစီးပွားအခြေခံ ခရီးသွားလုပ်ငန်းဆိုတဲ့ အစီအမံတွေကိုသွားပြီး လေ့လာတာပါ။ ပြည်ပဧည့်သည်တွေဆိုတာ နိုင်ငံခြားမှာ အလုံပိတ်၊ အဲယားကွန်းအခန်းတွေထဲမှာ အလုပ်လုပ်၊ နေ့မှန်းမသိ၊ ညမှန်းမသိ၊ လျှပ်စစ်အလင်းရောင်တွေနဲ့ပဲကြယ်လည်း မမြင်ရ၊ လလည်း မမြင်ရ၊ သဘာဝလေနုအေးလည်း မခံစားရ၊ လူတွေကတီထွင်တဲ့ စက်ပစ္စည်းတွေရဲ့ ထိန်းကျောင်းမှု၊ စိတ်ဖိစီးမှုတွေနဲ့ပဲ သူတို့ကိုယ်တိုင်စက်ရုပ်တွေလိုပဲ နေ့စဉ်ဖြတ်သန်းလုပ်ကိုင်နေကြရတယ်။

ခုလိုသဘာဝတောတောင်ထဲ ရေမြေလျှိုမြောင်တွေနဲ့ လူမျိုးစုတွေရဲ့ဘဝတွေကို သူတို့လည်း အပန်းဖြေရင်း၊ လေ့လာရင်း၊ ဗဟုသုတ ရှာမှီးရင်း ခရီးထွက်တတ်ကြတယ်။ ဒေသခံတွေရွာမှာ ရိုးအီနေတဲ့ အရာအားလုံးဟာ သူတို့အတွက် အသစ်အဆန်းတွေဖြစ်ကုန်တယ်။ အဲဒီလိုဖြစ်အောင် သူတို့စိတ်ဝင်စားအောင်လည်း အစီအစဉ်ဆွဲမှု၊ ခင်းကျင်းပြသမှု၊ အစားအသောက်၊ အသုံးအဆောင်နဲ့ အမှတ်တရလက်ဆောင်ပစ္စည်းတွေက ပညာရပ်ဆန်ပါတယ်။

မယ်ဟောင်ဆောင်မှာလေ့လာခဲ့ရတဲ့ရွာတိုင်း၊နေရာတိုင်းမှာ တိုင်းရင်းသားရိုးရာဝတ်စုံတွေနဲ့ ရိုးရာနှုတ်ခွန်းဆက်စကားသံတွေနဲ့ ဒေသစာ အစားအသောက်တွေနဲ့ ဧည့်ခံကြိုဆိုကြတယ်။ ရွာအတွင်းမှာ ဧည့်သည်တွေစိတ်ဝင်စားစေမယ့် ပန်းပုထုခြင်း၊ ခြင်း၊ တောင်း၊ ဝါးနှီးနဲ့ရက်ခြင်း၊ ဆီစိမ်စက္ကူနဲ့ တံခွန်ကုက္ကား၊ အဆင်တန်ဆာကိုက်ညှပ်ခြင်း၊ တိုင်းရင်းဆေးဝါးပင်များပြသခြင်း၊ ဘုန်းကြီးကျောင်းနှင့် ဘုရားများဖူးစေခြင်း၊ ရိုးရာအစားအစာ အချက်အပြုတ်ဖလှယ် သင်ကြားပေးခြင်း၊ အတီးအမှုတ် အကအခုန်၊ သီဆိုဖျော်ဖြေခြင်း၊ကိုးကွယ်ယုံကြည်မှုများကို လေ့လာနိုင်ခြင်း၊ ဝတ်စားဆင်ယင်မှု၊ ထုံးဖွဲ့မှု၊ ရွာအနီးပတ်ဝန်းကျင်တွင် ခရီးတိုလမ်းလျှောက်လေ့လာခြင်း၊ စက်ဘီးစီးခြင်း၊ ဆင်စီးခြင်းစသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်အောင် လေ့ကျင့်သင်ကြားလာကြတယ်လို့ သိရှိရပြန်ပါတယ်။

ခရီးစဉ်တစ်လျှောက်လုံးမှာ တစ်ရွာရဲ့ တစ်နေရာ၊ အကြောင်းအရာတစ်ခုကို ပြောပြလေ့လာပြီးရင် ဘာများ သိချင်ပါသေးသလဲ၊ ဘာမေးချင်ပါသေးသလဲဆိုတဲ့ စကားပြန်က ဖိတ်ခေါ်ပြီးရင် လွိုင်ကော် စီးပွားကူးသန်းရုံးက ဆိုလား၊ ဘိုးတော်တစ်ယောက်ဟာ အမေးအမြန်းအထူဆုံးပါပဲ။ သူ့ကိုလည်းကျေးဇူးတင်ရပါတယ်။ သူဒီလောက်မေးမြန်းလို့လည်း ကျွန်တော်တို့ ရွာသားတွေပိုပြီး သဘောပေါက်ကြရတာပါ။ တချို့မေးခွန်းတွေကျတော့ ရွာသားတစ်ယောက်အနေနဲ့သိရ၊ ပြင်ရ၊ မြင်ရမယ့်ဟာတွေပါ။ ဒါကြောင့်ကြာတော့ သူ့ကို ဌာနဆိုင်ရာဝန်ထမ်းအနေနဲ့ မမြင်တော့ဘဲ ကျွန်တော်တို့လိုသူလိုကိုယ်လိုရွာသားတစ်ယောက်အဖြစ်ပဲ ခင်မင်လာကြပါတယ်။

မယ်ဟောင်ဆောင်မသွားခင်က မရောက်ဖူးတဲ့နေရာရောက်ရတာပ ဆိုတာလောက်နဲ့ သွားဖြစ်ခဲ့ကြပြီး အပြန်ခရီးမှာတော့ ဒို့ဆီမှာ ဘာတွေလုပ်နိုင်တယ်။ ဘာတွေပြနိုင်တယ်၊ ဘာတွေလုပ်ထားရဦးမယ်ဆိုတဲ့ အသိတွေ၊ တာဝန်တွေကိုယ်စီနဲ့ စိတ်လက်တက်ကြွစွာပြန်လာဖြစ်ကြပါတယ်။ ရွာမှာရိုးရာအသက်မွေးဝမ်းကျောင်းဖြစ်ကြတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်ဆိုင်ဖွင့်စတဲ့ စီးပွားရေးလုပ်ငန်းအပြင် ခုလို ITC ဆိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းက စီမံချက်ချပြီး လာရောက်ကူညီနေတဲ့ ပြည်ပကခရီးသွားတွေကို ကြိုဆိုဧည့်ခံကျွေးမွေးပြသခြင်းကလည်း ဝင်ငွေတစ်မျိုးတိုးနိုင်ကြောင်း ရွာကိုလည်း ဟောရပြောရသေးတယ်။

ဒီစီမံချက်အတွက်ရွာမှာ ထူးထူးခြားခြား ဘာမျှလည်း ငွေကုန်ကြေးကျ စိုက်ထုတ်စရာမလို၊ မိမိတို့ရိုးရာအတိုင်း ထိန်းသိမ်းဖော်ထုတ်ပြီး နေထိုင်စားသောက်၊ ကပြဖျော်ဖြေရင်းနဲ့ ဧည့်သည်တွေရောက်လာ၊ ဝင်ငွေတိုးရမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကြီးကြပ်တဲ့ အားလုံးပါဝင်တဲ့ ကယားပြည်နယ်ခရီးသွားလုပ်ငန်းစီမံချက်မှာတော့ တနီးလာလဲကျေးရွာဟာ အခြားရွာတွေက လာရောက်အတုယူလေ့လာရတဲ့ ခရီးစဉ်တစ်ရပ် စံပြရွာအဖြစ် ကြိုးပမ်းသွားမယ်လို့ ကျွန်တော်ကတိပြုပါတယ်ဗျာ။


MANUFACTURING 2015
Myanmar
The 2nd International Manufacturing Machinery, Equipment, Materials and Services Exhibition
Incorporating: TOOLS & HARDWARE 2015 Myanmar
OIL & GAS 2015
Myanmar
The 2nd Oil and Gas Exploration, Production and Refining Exhibition
စီးပွားရေးလုပ်ငန်းရှင်များသာ ၊ အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု
15 - 17 OCTOBER 2015
Thursday - Saturday | Opening Hours: 9am - 5pm
MYANMAR EVENT PARK » YANGON, MYANMAR
FIND US ON:
Manufacturing Myanmar
FIND US ON:
Oil & Gas Myanmar
www.ManufacturingMyanmar.com
www.OGMyanmar.com
HOTLINE: +01 512 887
Organiser:
SINGAPORE EXHIBITION SERVICES
Worldwide Associate:
oes Overseas Exhibition Services Ltd
Conference Manager:
ALPHA RESOURCES & TRAINING CO.,LTD
AN ALLWORLD EXHIBITIONS EVENT
Supporting Organisations:
Ministry of Industry SMEs Development Department
Ministry of Transport
MIA Myanmar Industries Association
Myanmar Engineering Society
Myanmar Maritime University
Myanmar Oil & Gas Services Society

## ပြောင်း

### ပြောင်းသစ်တွေပေါ်လို့ ပိုမိုတင်ပို့နေပေမယ့် ဈေးကောင်းမရ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊လွယ်ဂျယ်၊ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းစုံမှ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၂ ရက်အတွင်း ကန်ဒေါ်လာ ၇ ဒသမ ၃၄၁ သန်းဖိုးရှိ ပြောင်းတန်ချိန် ၂၇၉၁၈ တန် တင်ပို့နိုင်ခဲ့ပါတယ်။စခန်းအလိုက်တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေကတော့ မူဆယ်မှ ၂၄၂၇၄ တန် ၊ လွယ်ဂျယ်မှ ၃၁၆၅ တန်၊ ချင်းရွှေဟော်မှ ၂၈၉ တန်နဲ့ ကန်ပိုက်တီးမှ တန် ၁၉၀ ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်၊ လွယ်ဂျယ်၊ ကန်ပိုက်တီးမှ ပြောင်း ၁၇၅၈၃ တန်ခွဲသာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ၁၀၃၃၄ တန်ခွဲထိ ပိုမိုလာတာ တွေ့ရပါတယ်။ ပြောင်းသစ်တွေပေါ်လို့ ပိုမိုတင်ပို့လာပေမယ့် အစိုဓာတ်ကြောင့် ဈေးကောင်းမရကြောင်း မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၃၄၇၄၄၀ ကျပ်မှ ၃၃၄၉၇၀ ကျပ်သို့ ဈေးများထပ်မံကျဆင်းသွားကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### တိုင်းပြင်ပမှ စစ်ကိုင်းတိုင်းဒေသကြီးသို့ အစေ့ထုတ်ပြောင်း (CP) များ ပြန်လည်ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ၂၀၁၅-၂၀၁၆ခုနှစ် မိုးသီးနှံအစေ့ထုတ်ပြောင်း (CP) လျာထားစိုက် ဧက ၁ ဒသမ ၈၇ သိန်းမှ ဧက ၁ ဒသမ ၈၅ သိန်း စိုက်ပျိုးပြီးလို့ ၉၉ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပါတယ်။ အများဆုံး စိုက်ပျိုးသောမြို့နယ်များမှာ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်၊ ကလေးမြို့နယ်များ ဖြစ်ပါတယ်။ အခုအချိန်မှာ အစောဆုံး စိုက်သူများကအထွက်ရှိသလို၊ ယခုအချိန်မှ စတင်စိုက်ပျိုးသူများလည်း ရှိကြောင်း သိရပါတယ်။ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်ထွက် အစေ့ထုတ်ပြောင်းများ မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်မှုနည်းပြီး မန္တလေး ဈေးကွက်သို့ တိုက်ရိုက်စီးထွက်ကြောင်း သိရပါတယ်။

မုံရွာကုန်စည်ဒိုင်သို့ လက်ရှိအချိန်မှာ ဝင်ရောက်မှု နည်းသေးခြင်း၊ ပြောင်းဟောင်းလက်ကျန်နည်းသဖြင့် မုံရွာဒေသတွင်းသုံး တိရစ္ဆာန်အစာအဖြစ်အသုံးပြုရန် မလုံလောက်ခြင်း၊ မျိုးအတွက် မျိုးကောင်းမျိုးသန့်ရယူလိုခြင်းများကြောင့် ရှမ်းပြည်နယ်၊ ရွှေညောင်မြို့မှ အရည်အသွေးကောင်းသော အစေ့ထုတ်ပြောင်း တစ်တင်း ကျပ် ၁၀၅၀၀ ကျပ်ဖြင့် အောက်တိုဘာလပထမပတ်အတွင်း တင်း ၁၂၀၀ ကျော်ဝယ်ယူကြကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်ကသိရပါတယ်။ မုံရွာကုန်စည်ဒိုင်၌ အောက်တိုဘာလ ပထမပတ်အတွင်း အစေ့ထုတ်ပြောင်း တစ်တင်းအနိမ့်၊ အမြင့်ပေါက်ဈေးမှာ ၇၈၀၀ ကျပ်၊ ၈၀၀၀ ကျပ်ဈေးပေါက်ပြီး ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ ၆၃၀၀ ကျပ်၊ ၆၇၀၀ ကျပ် ဈေးအသီးသီးဖြင့် ရောင်းဝယ်ခဲ့ကြပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှစက်တင်ဘာလအတွင်း ကာလတူထက် ရော်ဘာပိုမိုတင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာလ ၃ ရက်နေ့ အထိကာလအတွင်းမှာ မလေးရှား၊ စင်ကာပူ၊ ဂျပန်နဲ့ တရုတ်နိုင်ငံများသို့ ရော်ဘာ ၂၉၉ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။ တန်ဖိုးမှာ ကန်ဒေါ်လာ သုည ဒသမ ၂၅၉ သန်းဖြစ်ပြီး နိုင်ငံအလိုက်တင်ပို့တဲ့ပမာဏကတော့ မလေးရှားနိုင်ငံသို့ RSS-3 တန် ၄၀၊ စင်ကာပူနိုင်ငံသို့ RSS-3 ၁၀၆ တန်ခန့်၊ ဂျပန်နိုင်ငံသို့ MSR-20 ၉၈ တန်နဲ့ တရုတ်နိုင်ငံသို့ RSS-3 ၅၅ တန်ဖြစ်ပါတယ်။ စက်တင်ဘာလတစ်လလုံးမှာ ရော်ဘာ ၁၃၈၅ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဩဂုတ်လတင်ပို့မှုထက် ၅၆၆ တန်ခန့် လျော့နည်းခဲ့သော်လည်း ယခင်နှစ်ကာလတူထက် ၁၀၇၉ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလကုန်အထိ တင်ပို့မှုကတော့ တန်ချိန် ၁၁၄၉၅ တန်ခန့်ရှိပြီး၊ ယမန်နှစ် ကာလတူစက်တင်ဘာလအထိ တင်ပို့မှုမှာ ၇၄၁၆ တန်ခန့်သာရှိသဖြင့် ယခုနှစ်ရော်ဘာတင်ပို့မှုမှာ ၄၀၇၉ တန်ခန့် အသာစီးရရှိနေပါတယ်။

ရော်ဘာပေါက်ဈေးအနေနဲ့ကတော့ ယခုတစ်ပတ်မှာလည်း နိုင်ငံတကာရော်ဘာပေါက်ဈေး အတက်အကျသိပ်မရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း အပြောင်းအလဲမရှိကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀ -၁၀၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀ -၁၀၀၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၅၀ - ၈၅၀** |

**ယဉ်ယဉ်အေး**

### စက်တင်ဘာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာနောက်ဆုံးပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၇၁၅ သန်းဖိုးရှိ ရော်ဘာ ၆၅၅ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့စခန်းများကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 တန် ၃၅၀၊ MSR-20 ၈၇ တန်၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၁၈ တန်၊ လွယ်ဂျယ်စခန်းမှ RSS-3 တန် ၂၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။

စက်တင်ဘာတစ်လလုံးမှာတော့ မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်စခန်းများမှ ကန်ဒေါ်လာ ၂ ဒသမ ၇၀၅ သန်းတန်ဖိုးရှိ ရော်ဘာ ၂၄၅၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ဩဂုတ်လထက် ၅၄၄ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ်စ ဧပြီလမှ စက်တင်ဘာလအထိ ရော်ဘာ ၂၆၇၃၅ တန်ကျော် တင်ပို့ထားနိုင်ခဲ့ပြီး၊ ယမန်နှစ်ကာလတူအထိမှာ ရော်ဘာ ၁၇၉၉၃ တန်ခန့်သာ တင်ပို့နိုင်ခဲ့တာမို့ ယခုနှစ် စက်တင်ဘာလအထိမှာ ၈၇၄၂ ပိုမိုတင်ပို့ထားနိုင်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ် ထပ်ကျလာ ကြောင်းသိရှိရပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၇၁၇၀၀၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၆၉၁၆၈၇ ကျပ်ဖြစ်တဲ့အတွက် တစ်တန်ကို ၂၃၃၁၃ ကျပ်ဈေးကျလာပါတယ်။ ယခင်နှစ်ကာလတူပေါက်ဈေးကတော့ RSS-3 တစ်တန်ကို ၁၆၀၃၂၇၁ ကျပ်ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## စစ်ကိုင်းတိုင်းဒေသကြီးမှ အစေ့ထုတ်ပြောင်း အများဆုံးစိုက်ပျိုးရာ ကန့်ဘလူမြို့မှ ပြောင်းဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီးတွင် အစေ့ထုတ်ပြောင်း အများဆုံး စိုက်ပျိုးသော ကန့်ဘလူမြို့နယ်သည် ၂၀၁၅-၂၀၁၆ တွင် လျာထား ၉၄၇၇၆ ဧကတွင် အမှန်စိုက် ၉၉၇၅၆ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်အပေါ် စိုက်ပျိုးပြီး ရာခိုင်နှုန်း ၁၀၅ ဒသမ ၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်မှ တတိယပတ်ထိ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ယခုနှစ် ပြောင်းအထွက်နှုန်း ထိခိုက်ကျဆင်းခဲ့တယ်လို့ ဒေသခံပြောင်းစိုက်တောင်သူနှင့် ပြောင်းပွဲရုံများမှ ပြောပြပါတယ်။

ယခုနှစ် အစေ့ထုတ်ပြောင်း တစ်တင်း အဖွင့်ဈေးကိုတော့ ၉၅၀၀ ကျပ်လောက်နဲ့ စတင်ဈေးဖွင့်ခဲ့ပြီး ယခုအချိန်မှာတော့ ကျပ် ၆၈၀၀ မှ ၇၀၀၀ ကျပ်ထိ ပြောင်းဆန် အရည်အသွေးကိုလိုက်ပြီး ဈေးနှုန်းသတ်မှတ်ကြပါတယ်။

ကန့်ဘလူမြို့နယ်တွင် ပြောင်းရောင်းဝယ်မှု ဈေးကွက် နှစ်နေရာရှိပါတယ်။ မြေတူး၊ စန္ဒယား၊ ငှက်ပျောတော၊ ကျောက်အိုင်၊ လိတ္တူ၊ ဝါးရုံဘုတ်၊ ချောင်းစောက်၊ ကံသာလှ၊ ကန်စွန်းအင်း၊ တံခွန်တိုင်၊ မြကန်သာ၊ ငါတို့၊ ညောင်အိုင် အစရှိတဲ့ ရွာများ မှ ကန့်ဘလူမြို့ဈေးကွက်သို့ လာရောက်ရောင်းချကြပါတယ်။ တစ်ရက် ပြောင်းဆန် တင်း ၂၀၀ မှ ၂၅၀ ထိ အရောင်းအဝယ်ဖြစ်တယ်လို့ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်တင်ဦးမှ ပြောပြပါတယ်။

ကန့်ဘလူမြို့နယ်တွင် စီးပွားရေး အချက်အချာကျသည့် နောက်တစ်နေရာကတော့ ဇီးကုန်း (တ) ကျေးရွာအုပ်စု ဈေးကွက်ဖြစ်ပါတယ်။

၎င်းဈေးကွက်သို့ ဇင်း၊ ဘော၊ စံပါယ်နံ့သာ၊ ဂါးထာ၊ ငှက်ပျောတိုင်း၊ ကျေးပင်အက်၊ ခအုံးတာ၊ ပေကြီး၊ စကျင်၊ မြေမွန် အစရှိတဲ့ရွာများမှ လာရောက်ရောင်းချကြပါတယ်။ တစ် ရက် ပြောင်းဆန်တင်း ၅၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ် တယ်လို့ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများဖြစ်တဲ့ ဆရာဦးကျော်ဌေးနှင့် ဦးအောင်မောင်းတို့မှ ပြောပြပါတယ်။

မန္တလေးဈေးကွက်ကို အခြေခံပြီး အရောင်းအဝယ်ပြုလုပ်ကြောင်း သိရပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ ပြောင်းဖူးစေ့များကို မန္တလေးမှတစ်ဆင့် မူဆယ်သို့တင်ပို့ကြပြီး အရည်အသွေး အနည်းငယ်နိမ့်သော ပြောင်းဖူးစေ့များကို ရွှေဘိုဈေးကွက်တင်ပြီး ကြက်စာအဖြစ် အသုံးပြုကြောင်း သိရပါတယ်။

ကန့်ဘလူမှ ရွှေဘိုသို့ ပြောင်းဖူးစေ့ တစ်တင်း ကားသယ်ခ ၂၅၀ ကျပ်၊ မန္တလေးသို့ ၄၀၀ ကျပ်နှုန်း အသီးသီးရှိပါတယ်။ ယခုနှစ် ပြောင်းတစ်ဧက အထွက် နှုန်းကတော့ ကောင်းရင် ၇၀ တင်း ပတ်ဝန်းကျင်ထွက်ရှိပြီး ညံ့ရင် ၅ တင်းမှ ၁၀ တင်းသာ ထွက်ကြောင်း ဒေသခံ ပြောင်းစိုက်တောင်သူများမှ ပြောပြပါတယ်။

ပြောင်းပွဲရုံ (CP ကိုယ်စားလှယ်)များက တစ်ဧကစာ ၂ ပြည်ဝင် CP ပြောင်းဖူးစေ့ တစ်အိတ် လက်ငင်းဝယ် ၁၆၀၀၀ ကျပ်မှ ၁၇၀၀၀ ကျပ်ထိ ရောင်းချခဲ့ကြပြီး ကြိုပေး ယူပါက ပြောင်းဖူးစေ့ ၆ တင်းပေးရကြောင်း သိရပါတယ်။ အချို့ရေကြီးရေလျှံ၍ ပျက်စီးသွားသော ပြောင်းစိုက်တောင်သူများအား ပြောင်းပွဲရုံ (CP ကိုယ်စားလှယ်)များမှ နောင်နှစ်မှပေးဆပ်ကြရန် ဆိုင်းငံ့ပေးတယ်လို့လည်း ကြားသိရပါတယ်။

ကန့်ဘလူမြို့နယ်မှ ထွက်ရှိသော ပြောင်းဖူးစေ့များကို ရွှေဘိုနှင့် မန္တလေး မြို့ကြီးများသို့ ကားဖြင့် အများဆုံးတင်ပို့ကြပြီး မြန်မာပြည်အထက်ပိုင်း မြစ်ကြီးနား၊ မိုးညင်း၊ မိုးကောင်းမြို့များရှိ အစာစပ်စက်ရုံများသို့လည်း မီးရထားဖြင့် တင်ပို့ကြတယ်လို့ သိရပါတယ်။

**စောမောင်-ကန့်ဘလူ**

# ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ အမေရိကန်ဒေါ်လာရောင်းဈေး၊ ရန်ကုန်ရွှေဈေးနှင့် ကမ္ဘာ့ရွှေဈေးအပြောင်းအလဲ ( ၂၀၀၆ မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်ထိ)

ကျော်မြင့်

ဆယ်နှစ်တာကာလဖြစ်သည့် ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်ငွေကြေး လဲလှယ်သူများ၏ နှစ်အလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာရောင်းဈေးကို လေ့လာပါက ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ အမြင့်ဆုံးရောင်းဈေးသည် ၁၃၀၄ ကျပ်ထိရှိသဖြင့် မြန်မာကျပ်ငွေခိုင်မာမှု အနည်းဆုံး ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် အမေရိကန်ဒေါ်လာ ရောင်းဈေးသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ ဆက် တိုက်ကျလာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၈၁၈ ကျပ်ထိဖြစ်လာခဲ့သဖြင့် မြန်မာကျပ်ငွေ ခိုင်မာမှု ပြန်လည် ကောင်းမွန်လာခဲ့သည်။

ပုံ-၁။ ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ လအလိုက်ပျမ်းမျှအမေရိကန်ဒေါ်လာ ရောင်းဈေး (၂၀၀၆ မှ ၂၀၁၅)




ပုံ-၂။ ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ နှစ်အလိုက်ပျမ်းမျှအမေရိကန်ဒေါ်လာ ရောင်းဈေး (၂၀၀၆ မှ ၂၀၁၅)




ဇာစ်မြစ်၊ www.etrademyanmar.com

၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ အမေရိကန်ဒေါ်လာ ရောင်းဈေးများ ပြန်လည်မြင့်မားလာခဲ့ပြီး၊ အထူးသဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာကျပ်ငွေ ခိုင်မာမှု အားနည်းလာခဲ့သည်။ ၂၀၁၅ခုနှစ် လက်ရှိ အခြေအနေသည်ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် အမေရိကန် ဒေါ်လာရောင်းဈေး ၁၀၇၇ ကျပ် ထက် ပိုမိုလာခဲ့သည်။ ပုံ-၁ ကိုလေ့လာကြည့်ရှုရန်နှင့် ပုံ-၂တွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ အလားအလာမျဉ်း (Trend line) ကို ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ လအလိုက် ပျမ်းမျှအမေရိကန်ဒေါ်လာ ရောင်းဈေး (၂၀၀၆ မှ ၂၀၁၅) အပြောင်းအလဲ အတက်အကျများကို ဇယား-၂ ပေါ် အခြေခံပြီး Logarithmic price change နည်းလမ်းဖြင့် တွက်ချက်ပြီး၊ လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာ ရောင်းဈေးများကို (Monthly price volatility ) အဖြစ် တွက်ချက်၍ ပုံ-၃ တွင် ရေးဆွဲဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ဇယား-၂။ ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာ ရောင်း ဈေး(ကျပ်)

| ခုနှစ် | ဇန် | ဖေ | မတ် | ဧ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၀၀၆ | ၁၁၃၇ | ၁၁၅၀ | ၁၁၇၉ | ၁၃၅၇ | ၁၂၉၇ | ၁၂၈၆ | ၁၃၃၀ | ၁၃၄၇ | ၁၃၆၃ | ၁၃၅၂ | ၁၃၀၀ | ၁၂၇၂ |
| ၂၀၀၇ | ၁၃၁၆ | ၁၂၇၆ | ၁၂၇၈ | ၁၂၇၄ | ၁၂၇၀ | ၁၂၈၆ | ၁၂၉၈ | ၁၃၂၂ | ၁၃၇၈ | ၁၃၆၃ | ၁၂၉၈ | ၁၂၈၆ |
| ၂၀၀၈ | ၁၂၅၈ | ၁၂၀၆ | ၁၁၂၁ | ၁၁၂၃ | ၁၁၄၅ | ၁၁၇၂ | ၁၁၈၈ | ၁၂၀၆ | ၁၂၆၈ | ၁၂၃၉ | ၁၂၆၆ | ၁၂၁၂ |
| ၂၀၀၉ | ၁၁၂၈ | ၁၀၄၂ | ၁၀၂၉ | ၁၀၆၄ | ၁၀၈၅ | ၁၁၁၅ | ၁၁၃၇ | ၁၁၂၂ | ၁၀၉၆ | ၁၀၈၅ | ၁၀၁၄ | ၁၀၀၅ |
| ၂၀၁၀ | ၁၀၁၈ | ၁၀၁၄ | ၁၀၀၃ | ၁၀၀၀ | ၉၉၃ | ၉၈၇ | ၉၉၆ | ၉၉၉ | ၉၅၉ | ၉၁၉ | ၉၀၅ | ၈၈၁ |
| ၂၀၁၁ | ၈၄၉ | ၈၈၅ | ၈၈၂ | ၈၅၇ | ၈၂၉ | ၇၉၂ | ၇၉၅ | ၇၄၅ | ၇၉၄ | ၈၀၉ | ၇၈၄ | ၇၉၂ |
| ၂၀၁၂ | ၈၁၈ | ၈၁၆ | ၈၁၅ | ၈၁၇ | ၈၃၀ | ၈၅၇ | ၈၇၆ | ၈၆၆ | ၈၅၅ | ၈၄၅ | ၈၄၅ | ၈၅၁ |
| ၂၀၁၃ | ၈၅၇ | ၈၅၉ | ၈၇၈ | ၈၈၅ | ၉၂၅ | ၉၆၄ | ၉၈၈ | ၉၇၂ | ၉၇၃ | ၉၇၁ | ၉၇၆ | ၉၈၅ |
| ၂၀၁၄ | ၉၈၄ | ၉၈၃ | ၉၆၈ | ၉၆၃ | ၉၆၅ | ၉၇၃ | ၉၇၃ | ၉၇၂ | ၉၈၃ | ၉၉၇ | ၁၀၃၄ | ၁၀၄၂ |
| ၂၀၁၅ | ၁၀၃၃ | ၁၀၃၄ | ၁၀၆၉ | ၁၀၈၃ | ၁၁၂၀ | ၁၁၈၀ | ၁၂၃၁ | ၁၂၆၆ | ၁၂၉၀ | | | |

ဇာစ်မြစ်၊ www.etrademyanmar.com

ပုံ-၃။ ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာ ရောင်းဈေး အတက်အကျပြောင်းလဲမှု (Monthly price volatility) (၂၀၀၆ မှ ၂၀၁၅)




၂၀၀၆ ခုနှစ်တွင် လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာရောင်းဈေး အတက်အကျ ပြောင်းလဲမှုသည် ၁၀ ရာခိုင်နှုန်းအထက် မြင့်လာသည်ကို စိစစ်တွေ့ရှိရပြီး၊ ၂၀၁၅ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ အထိ ကာလတွင် လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာ ရောင်းဈေး အတက်အကျပြောင်းလဲမှုသည် ၅ ရာခိုင်နှုန်း မြင့်လာခဲ့သည်။ ၂၀၁၁ ခုနှစ်သည် ၅ ရာခိုင်နှုန်းအထက် ကျန်သောနှစ်များသည် ၅ ရာခိုင်နှုန်းအောက်တွင်သာ ရှိသည်ဟု စိစစ်သုံးသပ်ရရှိပါသည်။

| ခုနှစ် | Monthly average price volatility | (Annual price volatility) |
|---|---|---|
| ၂၀၀၇ | ၂. ၅၂% | ၁၆. ၅၈၇% |
| ၂၀၀၈ | ၃. ၅၈% | ၈. ၇၃၁% |
| ၂၀၀၉ | ၃. ၉၁% | ၁၂. ၃၉၁% |
| ၂၀၁၀ | ၁. ၇၉% | ၁၃. ၅၅၉% |
| ၂၀၁၁ | ၃. ၈၄% | ၆. ၁၉၂% |
| ၂၀၁၂ | ၁. ၆၀% | ၁၃. ၂၉၀% |
| ၂၀၁၃ | ၁. ၇၆% | ၅. ၅၄၈% |
| ၂၀၁၄ | ၁. ၂၈% | ၆. ၁၀၀% |
| ၂၀၁၅ (ဇန်မှ စက်) | ၁. ၉၆% | ၄. ၄၂၉% |

ဖော်ပြပါတွက်ချက်ထားသော Annual price volatility ကို Backward-looking or historical volatility ဟု ခေါ်ဝေါ်ကြပြီး၊ စိုက်ပျိုးစီးပွားရေး ဘာသာရပ် Agricultural Economics သို့မဟုတ် ငွေကြေးဆိုင်ရာစီးပွားရေး ဘာသာရပ်တွင် (Financial economics)တွက်ချက်သုံးသပ်ကြသည် ဟုသိရသည်။

ပုံ-၄။ ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာ ရောင်းဈေး၊ ကမ္ဘာ့ရွှေဈေးနှင့် ရန်ကုန် အကယ်ဒမီ ရွှေဈေးပြောင်းလဲမှု (၂၀၁၅ ဇန်နဝါရီလ မှ စက်တင်ဘာလကုန်ထိ)




ဇယား-၄။ လအလိုက်ပျမ်းမျှ ရန်ကုန် အမေရိကန်ဒေါ်လာရောင်းဈေး၊ ကမ္ဘာ့ရွှေဈေး နှင့် ရန်ကုန် အကယ်ဒမီရွှေဈေး (၂၀၁၅ ခုနှစ်)

| လ အမည် | လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာရောင်းဈေး (USD=Ks) | ကမ္ဘာ့ရွှေဈေး ( USD per ounce ) | ရန်ကုန် အကယ်ဒမီ ရွှေဈေး ( Ks per tical ) |
|---|---|---|---|
| ဇန်နဝါရီ | ၁၀၃၃ | ၁၂၅၀ | ၆၈၀၄၆၃ |
| ဖေဖော်ဝါရီ | ၁၀၃၄ | ၁၂၃၃ | ၆၈၄၇၆၁ |
| မတ် | ၁၀၆၉ | ၁၁၇၇ | ၆၇၀၇၁၇ |
| ဧပြီ | ၁၀၈၃ | ၁၂၀၀ | ၆၈၄၄၆၁ |
| မေ | ၁၁၂၀ | ၁၁၉၉ | ၇၀၆၂၂၉ |
| ဇွန် | ၁၁၈၀ | ၁၁၈၄ | ၇၃၅၄၇၃ |
| ဇူလိုင် | ၁၂၃၁ | ၁၁၃၆ | ၇၄၁၄၀၄ |
| ဩဂုတ် | ၁၂၆၆ | ၁၁၁၈ | ၇၄၆၈၆၅ |
| စက်တင်ဘာ | ၁၂၉၀ | ၁၁၂၅ | ၇၆၉၇၄၈ |

ရန်ကုန်ငွေကြေးလဲလှယ်သူများ၏ လအလိုက်ပျမ်းမျှ အမေရိကန်ဒေါ်လာရောင်းဈေး၊ ကမ္ဘာ့ရွှေဈေးနှင့် ရန်ကုန်အကယ်ဒမီရွှေဈေး ပြောင်းလဲမှုကို ပုံတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ရေးဆွဲဖော်ပြထားသည်ကို ပုံ-၄ နှင့် ဇယား-၄ တွင် လေ့လာကြည့်ရှုရန်ဖြစ်ပါ သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ကမ္ဘာ့ရွှေဈေးဈေးကျလာခဲ့သော်လည်း ရန်ကုန် အကယ်ဒမီရွှေဈေးသည် ဈေးမြင့်လာသည်။ အဓိကအချက်မှာ အမေရိကန်ဒေါ်လာ ရောင်းဈေး ကျပ်ငွေမှာမြင့်မားလာသည့်အတွက် ရန်ကုန် အကယ်ဒမီရွှေဈေး ဈေးမြင့်လာရခြင်းဖြစ်သည်ဟု စိစစ်သုံးသပ်ရရှိပါသည်။

Reference: Calculating Price Volatility, Jeffrey Bloem, Graduate Research Assistant, Department of Agricultural, Food, and Resource Economics, Michigan State University and Duncan Boughton , Associate professor, Michigan State University, August, 2015



## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်

ကျောင်းသား/ကျောင်းသူများ နေ့စဉ် ဝယ်ယူစားသုံးနေရသည့် စားသောက်ကုန်များ၊ ဝယ်ယူသုံးစွဲနေသည့် လူသုံးကုန်ပစ္စည်းများကို သိရှိရွေးချယ်ဝယ်ယူတတ်စေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းအောင် ကာကွယ်ပေးမည့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို သိရှိစေရန် ရည်ရွယ်ချက်ဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အောက်တိုဘာလ ၁ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အောက်တိုဘာလ ၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်။

အလားတူ ဟောပြောဆွေးနွေးပွဲများကို အောက်တိုဘာလ ၁ ရက်နေ့တွင် ဒေါ်ရွှေဝါထွန်းနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ် (၁၆) အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ ဒေါ်ခင်မြဦးနှင့်အဖွဲ့သည် အမှတ် (၁၀)အခြေခံပညာ မူလတန်းကျောင်းတွင်လည်းကောင်း၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဦးစီးအရာရှိများဖြစ်သော ဒေါ်မြင့်မြင့်ချိုနှင့် ဒေါ်ထားထားလှိုင်တို့ ဦးဆောင်သောအဖွဲ့များသည် ဗိုလ်တထောင်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်းတို့တွင် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ဟောပြောပွဲများကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ကျောက်တန်းမြို့နယ် စသည့် စုစုပေါင်း ကျောင်းခြောက်ကျောင်းတို့တွင် ဖိတ်ကြားထား သည့် ဌာနဆိုင်ရာများ ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းမုန့်ဈေးသည်များ၊ စုစုပေါင်း ၃၂၄၆ ဦးတက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လဲ့လဲ့ဌေး**
**(စားသုံးသူ)ရန်ကုန်**

## ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းများအား အသိပညာပေးခြင်းများဆောင်ရွက်

ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးအောင်ကျော်ဦးစီးသည့် ဝန်ထမ်းများနှင့် ကျောင်းကျန်းမာရေးအဖွဲ့များ၊ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများမှ တာဝန်ရှိသူများသည် အောက်တိုဘာလ ၂ ရက်နေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့၊အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများအား စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များပေးဝေခဲ့ပြီး ပထမဦးစွာပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံက အရောင်အသွေးမျိုးစုံစွာဖြင့် ဝယ်ချင့်စဖွယ်၊ စားချင့်စဖွယ်ဖြစ်အောင်ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားသော မုန့်များ၊အချဉ်ပေါင်းများတွေ့ရ၍ ၎င်းမုန့်များကို ကလေးများစားသုံးပါက အာရုံစူးစိုက်မှုနည်းပါးခြင်း၊ဉာဏ်ပညာဖွံ့ဖြိုးမှုအတွက် အန္တရာယ်ရှိသည့်အပြင် ရေရှည်စားသုံးပါက ကင်ဆာကဲ့သို့သော ရောဂါများဖြစ်ပွားနိုင်ကြောင်းရှင်းပြပြီး ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကို သုံးစွဲစားသောက်သင့်ကြောင့် အသိပေးရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဦးအုန်းသိန်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆိုင်ရာများအား စားသုံးရန် မသင့်သောမုန့်၊ ကော်ဖီ၊ ရောင်စုံဂျယ်လီများ၊တုတ်ထိုးချိုချဉ်များကို စားသုံးခြင်းမပြုသင့်ကြောင်း ကျောင်းသား/သူများအား နားလည်သဘောပေါက်အောင် ရှင်းပြပြီး မိမိတို့ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကိုသာ ရွေးချယ်စားသုံးသင့်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ ပါသည်။အဆိုပါ အခမ်းအနားတွင် ဆရာ/ဆရာမများနှင့် ကျောင်းသား/သူ စုစုပေါင်း၃၀၀ဦး တက်ရောက်ခဲ့ပါသည်။

ယခုကဲ့သို့ စာသင်ကျောင်းမုန့်ဈေးတန်းများကို စစ်ဆေးရာတွင် မိမိတို့ဌာနအနေဖြင့် ကျောင်းကျန်းမာရေး ဦးစီးဌာန တာဝန်ခံ၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ရှိသူများက မုန့်ဈေးတန်းမှ အချို့သောမုန့်များကို စစ်ဆေးရန်ဝယ်ယူခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးဌာနမှလည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည့်အပြင် ထုတ်ကုန်လုံခြုံစိတ်ချရမှုလုပ်ငန်း များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်၍ စားသုံးသူများဘေး အန္တရာယ်ကင်းရှင်းရေးအတွက် အဓိကထား၍ တာဝန်ရှိသူများနှင့်ချိတ်ဆက်ပြီး စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပါသည်။

**သိန်းဌေးဦး(တောင်ကြီး)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံ၊ တောင်ကြီးမြို့နယ်၊ ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် စက်တင်ဘာလ ၁၆ ရက်နေ့၌ ကျိုင်းတုံမြို့နယ် စည်ပင် သာယာရေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပခဲ့ပြီး ကုန်သွယ်မှုမြှင့် တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကျိုင်းတုံခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန် ကြားရေးမှူး ဦးညွန့်ဝေက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး တောင်ကြီးမြို့၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမင်းအောင်နှင့် ဦးအုန်းသိန်းတို့က အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များကို ဆွေးနွေးဟောပြောရာ အဆိုပါ ဟောပြောပွဲတွင် စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ပါသည်။

စက်တင်ဘာ ၁၇ ရက်နေ့ နံနက် ၀၉း၃၀ နာရီချိန်တွင် ကျိုင်းတုံမြို့၊ အထက(၂)ကျောင်းတွင်လည်းကောင်း၊ မွန်းလွဲပိုင်း ၁၄း၄၅ တွင် ကျိုင်းတုံမြို့၊ အထက(၃)တွင်လည်းကောင်း ကျင်းပခဲ့ရာ ကျိုင်းတုံခရိုင်ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးညွန့်ဝေနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ပညာရေးမှူးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တောင်ကြီးမြို့၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမင်းအောင်နှင့် ဦးအုန်းသိန်းတို့က ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များမှစ၍ ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအစာများ ဝယ်ယူစားသုံးတတ်စေရန် ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေး ရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခြင်း၊ ကျောင်းမုန့်ဈေးတန်းတွင် ဈေးရောင်းသူများအနေဖြင့် ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲနှင့် အာမခံချက်များ မပါဝင်သည့် ကုန်ပစ္စည်းများကို ရောင်းချခြင်းမပြုရန်၊ မိမိတို့ဌာနမှလည်း လုံခြုံစိတ်ချရမှုမရှိသည့် ထုတ်ကုန်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းပြီးသည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ၊ ဥပဒေစာအုပ်များ၊ ခွင့်မပြုဓာတုဆိုးဆေးပါဝင်ကြောင်း ထုတ်ပြန်ခဲ့သည့် စားသောက်ကုန်ပစ္စည်းစာရင်းများကို ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲသို့ ကျိုင်းတုံမြို့ အထက (၂) ကျောင်းတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်း ၂၄၀ ဦး တက်ရောက်ခဲ့ပြီး၊ ကျိုင်းတုံမြို့ အထက (၃) ကျောင်းတွင် ဆရာ၊ ဆရာမ ၂၀ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၈၀ ဦး၊ ကျောင်းဈေးသည် ၂၁ ဦး၊ စုစုပေါင်း ၂၂၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နန်းသီတာ (တောင်ကြီး)**

# မိုးထဲရေထဲ စားသုံးသူကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုများ

စားသုံးသူ ကာကွယ်ရေးအသိပညာပေး ဟောပြောရန်အတွက် အဖွဲ့ခေါင်းဆောင် ကျွန်တော်နှင့် ကျွန်းလှမြို့နယ်တာဝန်ခံ ဦးအောင်ကျော်မိုးတို့ဟာ ကန့်ဘလူမြို့မှ မိုင် ၄၀ ကျော်ဝေး သော ရေဦးမြို့ကို ခရီးနှင်ခဲ့ပါတယ်။

ရေဦးမြို့နယ် တာဝန်ခံ ဦးအောင်ညွန့်မှ အောက်တိုဘာလ ၈ ရက်နေ့တွင် မုံတိုင်ပင် အ. ထ. က ၊ ရွာဗုကြီး အ. ထ. က (ခွဲ)နှင့် ပန်းကုံး အ. လ . က (ခွဲ)တို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောရန် ချိန်းဆိုထား၍ဖြစ်ပါတယ်။

ချိန်းဆိုထားသည့်ရက် အပျက်မခံနိုင်၍သာ။ ရွာလိုက်သည့်မိုး၊ကန့်ဘလူမြို့မှ နံနက် ၀၉း၃၀ နာရီ စထွက်ကတည်းက ရေဦးမြို့ရောက်ခါနီးအထိ မိုးသည်းလိုက် စဲလိုက်နှင့် မိုးသံတခြိမ်းခြိမ်း၊ လျှပ်စီးရောင်တလက်လက်ကြားမှ လက်ကိုင်ဖုန်းများကိုပိတ်၍ရင်တထိတ်ထိတ်နှင့် ဘုရားတပြီး ဆိုင်ကယ်ကယ်ရီယာခုံပေါ်တွင်လုံခြုံစွာထုပ်ပိုးထားသည့် ဆောင်းဘောက်ကိုတင်လျက် မိုးရေစက်လက်ဖြင့် ခရီးနှင်ခဲ့ပါတယ်။

လမ်းကြောကတော့ကောင်းလိုက် မကောင်းလိုက်နှင့် တချို့မြေသားလမ်းသစ်များမှာတော့ သိုင်းကွက်နင်းပြီး ချီတက်ခဲ့ပါတယ်။ဝါထပ်တဲ့နှစ်ဖြစ်သလို ယခုနှစ် အညာမိုးကတော့စံချိန်တင်စ ရာပါ။မြို့လယ်က တည်းခိုခန်းမှာည အိပ်ရပ်နားပြီး မနက်ဖန် ဟောပြောပွဲထွက်ရန်သာ။ ညပိုင်းတွင်လည်း မိုးကသဲသဲမဲမဲ ရွာသွန်းဆဲပါ။ကိုယ်လက်များကိုက်ခဲလာ၍ ဆေးသောက်ပြီး အငြိုးကြီးသည့် ကိုရွှေမိုး၏ ဂီတစီးချက်သံနားထောင်ရင်း မှေးစက်ခဲ့ရာ ရေဦးတာဝန်ခံ တံခါးခေါက်သံကြားမှသာနိုးထခဲ့ရပါတော့တယ်။

ကျောင်းချိန်အမီ မိုးဖွဲဖွဲကြားမှ ဟောပြောမည့်ရွာများသို့ သိုင်းကွက်တစ်ဖန်နင်းပြီး သွားခဲ့ပါတယ်။ဟောပြောမည့်ကျောင်းများမှ လမ်းများမကောင်း၍ လာတော့မည်မထင်ဘဲ ရောက်အောင်လာခဲ့ကြသဖြင့် စားသုံးသူအကာကွယ်ပေးရေးအသိပညာပေးအဖွဲ့ကို အသိအမှတ်ပြုလေးစားသည့် မျက်လုံးများဖြင့် ဝမ်းသာမဆုံး တပြိုးပြိုးပင်။



ကျွန်တော်တို့အဖွဲ့လည်း အမောတကောနှင့် ကျောင်းမှဧည့်ခံသည့် လက်ဖက်ရည်နှင့်မုန့်ကို ကျေနပ်အောင်စားသုံးကြပြီးနောက် တစ်ကျောင်းဝင်တစ်ကျောင်းထွက် မမောနိုင်မပန်းနိုင် ဟောပြောခဲ့ကြရာ သက်ဆိုင်ရာကျောင်းများမှ ဆရာကြီး၊ ဆရာမကြီးများက အဖွင့်အမှာစကားအသီးသီးဟောပြောပေးခဲ့ကြပါတယ် ကျွန်းလှမြို့နယ် တာဝန်ခံက စားသုံးသူအကာကွယ်ပေး ရေးဥပဒေမှ အဓိပ္ပာယ်ဖော်ပြချက်များ၊ ရည်ရွယ်ချက်များကိုလည်းကောင်း ၊ ရေဦးမြို့နယ် တာဝန်ခံမှ ဟင်းချိုမှုန့်နှင့် ကွမ်းယာစားသုံးခြင်းအန္တရာယ် အကြောင်းကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် တာဝန်ခံမှ ပြည်တွင်း/ ပြည်ပထုတ်မုန့်များ၊ အချိုရည်များ၊ စားသုံးဆီများ၊ အေးခဲအသားများ၊ ဆိုးဆေးနှင့် အချဉ်ပေါင်းများအကြောင်း၊ မူမမှန်သည့် လူသုံးကုန်နှင့်ဝန်ဆောင်မှုများ အကြောင်း၊ ဖျော်ဖြေမှုများအကြောင်း စိတ်ဝင်စားဖွယ်ရာ ဟောပြောခဲ့ပါတယ်။ ဟောပြောချိန် ၁နာရီခန့် ကြာခဲ့ပြီး ဆရာ/ ဆရာမ ၇၇ ဦး၊ ကျောင်းသား/ ကျောင်းသူ ၁၂၄၂ ဦး၊ ကျောင်းဈေးသည် ၆ ဦး စုစုပေါင်း ၁၃၂၅ ဦးတို့ တက်ရောက်ခဲ့ပါတယ်။

**စောမောင်၊ ကန့်ဘလူ**

# မန္တလေးမြို့ပေါ်ရှိ ဈေးများတွင် စားသုံးရန်မသင့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးဆောင်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်တင်ပို့ရောင်းဝယ်သူများအသင်း၊စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းစသည့် ဌာနဆိုင်ရာများ ၊ အသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်ရှိ ဆရာစံဈေး၊ အောက်တိုဘာ ၇ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ဈေးချိုတော်နှင့် မဟာအောင်မြေမြို့နယ် မန်းမြို့ဈေးအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။




ယင်း ပူးပေါင်းအဖွဲ့သည် ဈေးအတွင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် စံမညီမြေပဲဆီများ အပါအဝင် စားသုံးရန် မသင့်သည့် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ရောင်းချမှု ရှိ/မရှိစစ်ဆေးခဲ့ကြောင်းလည်း သိရှိရပါတယ်။

ထိုသို့ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော စံမညီမြေပဲဆီ ၁၀ မျိုးနှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်းမရှိစေရေး၊ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရန်အတွက် အမှတ်တံဆိပ်ပါ လုံခြုံစိတ်ချရသော ကုန်ပစ္စည်းများကို ရောင်းချစေရေး၊ အမှတ်တံဆိပ်တွင်လည်း ပါဝင်ရမည့် သတင်းအချက်အလက်များ၊ စားသောက်ကုန် လူသုံးကုန်ပစ္စည်းများတွင် ထုတ်လုပ်သည့်ရက်စွဲနှင့် နောက်ဆုံး သုံးစွဲရမည့် ရက်စွဲများထည့်သွင်းဖော်ပြရန် နှင့် ရက် လွန်သည့် စားသောက်ကုန်ပစ္စည်းများ မရောင်းချစေရေးအတွက် ဈေးသူ/ ဈေးသားများအား အသိပညာပေး ဆွေး နွေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းလည်း သိရှိရပါတယ်။

ပူးပေါင်းအဖွဲ့မှ ဆက်လက်စစ်ဆေးခဲ့ရာ ချမ်းအေးသာစံမြို့နယ်ဈေးချိုတော်၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် ကြေညာထားသည့် စားသုံးရန်မသင့်သော မုန့်များမှ Sour Spray Candy အမှတ်တံဆိပ်ပါ အားဖြန်းအချိုရည်ဘူး ၄၀ ပါ ၂၈ကတ်၊ အမှတ်တံဆိပ်မပါ ရောင်စုံချိုချဉ်ပြား ၅ ခု၊ ငရုတ်သီးပုံ ချိုချဉ် ၂ ထုပ်၊ စပရိန်ချိုချဉ် ၄ ထုပ်နှင့် မဟာအောင်မြေမြို့နယ်၊ မန်းမြို့ဈေးမှ ရွှေနဂါးအမှတ်တံဆိပ် ငရုတ်ဆော့ ၃ ထုပ်တို့အား စစ်ဆေးတွေ့ရှိသဖြင့် အဆိုပါပစ္စည်းများအား ပူးပေါင်းအဖွဲ့မှ သိမ်းဆည်း၍ ဆိုင်ရှင်များအား တားမြစ်ထားသည့် ပစ္စည်းများတွင် ခွင့်မပြုဆိုးဆေးများပါဝင်မှုနှင့် ၎င်းဆိုးဆေးများတွင် စားသုံးသူကိုဘေးဥပဒ် အန္တရာယ် ဖြစ်စေနိုင်သည့်ဓါတုဗေဒပစ္စည်းများပါဝင်ကြောင်းရှင်းလင်းပြောကြား၍ ဆက်လက်ရောင်းချခြင်းမပြုရန် ဝန်ခံကတိလက်မှတ်ရေးထိုးစေခဲ့ပါတယ်။ ထို့ပြင် လုံခြုံစိတ်ချရမှု မရှိဟုယူဆရသော အမှတ်တံဆိပ်ပါ စားသုံးဆီများနှင့် စားသောက်ကုန်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန် နမူနာပစ္စည်းများ ဝယ်ယူခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့စစ်ဆေးကာ စားသုံးရန်သင့်/မသင့် ထုတ်ပြန်ကြေညာသွားမယ်လို့ သတင်းရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ မန္တလေး)**

## လက်ပံတန်းမြို့ အခြေခံမူလွန် (၂) လမ်း ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးဟောပြောစစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးညွန့်သန်း၊ လက်ပံတန်းမြို့နယ် တာဝန်ခံ ဦးအောင်ဇော်လွင်နှင့်ဝန်ထမ်းများသည် စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၆ ရက်နေ့ နံနက် ၀၉း၃၀ နာရီအချိန်တွင် အခြေခံပညာမူလွန် (၂) လမ်းကျောင်းတွင် ခရိုင်ဦးစီးမှူး ဦးညွန့်သန်းက အစားအသောက်များသည် အာဟာရအတွက်၊ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သလို တစ်ခါ တစ်ရံတွင်အစားအသောက်ကြောင့် နေထိုင်မကောင်းဖြစ်ရကြောင်း၊ မအီမသာဖြစ်ရာကနေပြီး အစာအဆိပ်သင့်တာအထိ ဖြစ်တတ်ကြောင်း၊ အစား အသောက်တွေကို ရှောင်ဖို့တော့မဟုတ်ပါ၊ ဘေးအန္တရာယ်ကင်းသော အရည်အသွေးကောင်းမွန်၍ အာမခံချက်ရှိသော အစားအသောက်များ ရွေးချယ် ဝယ်ယူစားသောက်တတ်စေရန်နှင့် အနာဂတ်မျိုးဆက်သစ်များ၏ ကျန်းမာရေး၊ ပညာရေးနှင့် သက်တမ်းစေ့ အသက်ရှင် နေထိုင်ရေးကို သိရှိလာစေရန် ရည်ရွယ်၍ လာရောက်ဆွေး နွေးဟောပြောခြင်းဖြစ်ကြောင်း၊ စားသုံးရန်မသင့်သော မုန့်မျိုးစုံနမူနာများ ပြသ၍ ကျောင်းသား၊ ကျောင်းသူ စုစု ပေါင်း ၉၅ ဦးကို အကျယ်တဝင့် ဟောပြောခဲ့ပါသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးညွန့်သန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူနှင့် ဆရာမများ၊ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက ကျောင်းမုန့်ဈေးတန်းအား စစ်ဆေးခြင်းနှင့် ဈေးသည်များ အနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား မိမိသားသမီးများကဲ့သို့ သဘောထား၍ ကျန်းမာရေးနှင့်ညီ ညွတ်သော၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို ရောင်းချရန် ပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်း ရရှိပါသည်။

**ခိုင်ခိုင်ရီ (မြင့်တင်/စားသုံး)**

# ကားဈေးကွက်အေးနေပြီး နံပါတ်ထွက်ပြီး ကားငယ်များသာ အဝယ်ရှိနေ

အောက်တိုဘာလဆန်းပိုင်း ရန်ကုန်မြို့ ကားဈေးကွက်၏အခြေအနေမှာ မိုးရွာသွန်းမှု ပြန်လည်များပြားနေသဖြင့် နေသာချိန်များတွင်သာ ပြင်ပကားပွဲစားတန်းများတွင် လူရှိကြောင်း၊ ကားအရောင်းစင်တာများမှာလည်း နိုင်ငံခြားငွေဈေးတက်မှုနှင့် ကားပါကင်ကြေးများ ဈေးမြင့်တက်လာမှုတို့ကြောင့် ယခင်အရောင်းအဝယ်ဖြစ်ခဲ့သည့် ဖရီးပါမစ်ကားလေးများပင် အဝယ်နည်းသွားကြောင်း သိရသည်။

လတ်တလော ဈေးကွက်ထဲတွင် အပ်ကားရှားပါးလာပြီး အတန်အသင့် ကောင်းမွန်သော နှစ်(၂၀) အပ်ကားများမှာ ဆက်လက်သုံးစွဲနေသဖြင့် အပ်နှံအရေအတွက် နည်းလာပြီး ဈေးတန်းများမြင့်တက်ကာ ၆၈ သိန်းခန့်ဖြစ်ပေါ်လာကြောင်း၊ စက်မှုဇုန်စလစ်မှာ ယင်းလောက် မများသော်လည်း ၆၅ သိန်းအထက် ၆၆ သိန်းဝန်းကျင် ရောင်းချမှုရှိကြောင်း၊ အချို့မှာလည်း နှစ်ကုန်လျှင် မူဝါဒအသစ်ထွက်ပေါ်လာမှုကို အခြေခံ၍ ဝယ်ကောက်ထားမှုများရှိသဖြင့် ယခုကဲ့သို့ ဈေးမြင့်ရခြင်းဖြစ်ကြောင်း ဝါရင့်အကျိုးဆောင် ကိုမြင့်ကျော်က ရှင်းပြသည်။

ဈေးကွက်တစ်ခုလုံးခြုံကြည့်လျှင် ယခုအချိန်သည်တိုက်ဆိုင်မှုများစွာကြောင့် ကားဈေးကွက်အေးပြီး အဝယ်နည်းလာသည်ဟု ပြောရမှာဖြစ်ကြောင်း နိုင်ငံခြားငွေဈေးမြင့်နေသလို ရွေးကောက်ပွဲကာလနီးကပ်နေ၍ ဖြစ်ကြောင်း၊ တစ်ဖန်ကန့်သတ်ချက်များသဖြင့် ကားပါကင်တစ်နေရာ ထောက်ခံချက်ဈေးတန်းမှာလည်း မြင့်တက်သွားပြီး ၈ သိန်းကျော်အထက်ဈေးဖြစ်နေသဖြင့် အဝယ်ရှိပါကလည်း နောက်ဆုံးအကွာရာအား သိပ်စိတ်မဝင်စားတော့ဘဲ နံပါတ်ထွက်ပြီး ကားကြီး၊ ကားလေးများသာ အဝယ်ပြန်လိုက်သည့် သဘောဖြစ်နေပြီး ၎င်းတို့မှာလည်းလေးသိန်း၊ ငါးသိန်းခန့် ဈေးပိုခေါ်၍ ရောင်းချကြကြောင်း ၎င်းမှပြောသည်။

စက်တင်ဘာလအစောပိုင်းတွင် ထွက်ရှိလာသည့် မော်တော်ယာဉ်ဥပဒေသစ်ကြောင့် ယခုအချိန် ကားဝယ်စီးသူများအား လက်ရှိအမည်ပေါက်အဖြစ် ကညနမှ ပြောင်းလဲပြုလုပ်ပေးနေပြီး လုံးဝအခွန်ဆောင်စရာ မလိုအပ်ဟုယူဆ၍မရဘဲ နောက်ပိုင်းတွင် ယာဉ်ပိုင်ရှင်၏ မြို့နယ်အလိုက် အခွန်စည်းကြပ်ခံရမည်ဖြစ်ကြောင်း သိရပြီး ယင်းအခြေအနေများကြောင့် ဖရီးပါမစ်ကားလေးများ လတ်တလောဝယ်ယူရာတွင် ဈေးသက်သာသည့် အမည်ထွက်၊ နံပါတ်ထွက်ပြီး ကားများသာ ဝယ်ယူလာကြကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင်များမှ ပြောသည်။

**SN**

# စက်တင်ဘာလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ခနှုန်းများ

မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားများမှာ စက်တင်ဘာလ ဒုတိယပတ်မှစပြီး ပို့ကုန်သယ်ယူခများ အနည်းငယ်စီ မြင့်တက်လာခဲ့ပြီး သွင်းကုန်မြေဆီသယ်ခမှာ တစ်ပတ်ထက်တစ်ပတ် ကျဆင်းသွားခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံက ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ သစ်သီးဝလံ၊ ကြက်သွန်၊ နနွင်း၊ သကြား၊ ပရဆေး စတဲ့ ကုန်ပစ္စည်းများ ပုံမှန်တင်ပို့နေရပြီး တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းအမျိုးမျိုး ပြန်လည်တင်သွင်းမှုရှိကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလရဲ့ ကုန်စည်သယ်ယူခနှုန်းများကို အပတ်စဉ် အလိုက် ဖော်ပြပေးလိုက်ပါတယ်-

(ပိဿာ/ကျပ်)

| ပို့ကုန် | ၂၉-၈-၂၀၁၅ မှ ၄-၉-၂၀၁၅ ထိ | ၅-၉-၂၀၁၅ မှ ၁၁-၉-၂၀၁၅ ထိ | ၁၂-၉-၂၀၁၅ မှ ၁၈-၉-၂၀၁၅ ထိ | ၁၉-၉-၂၀၁၅ မှ ၂၅-၉-၂၀၁၅ ထိ | ၂၆-၈-၂၀၁၅ မှ ၂-၁၀-၂၀၁၅ ထိ |
|---|---|---|---|---|---|
| ပြောင်း | ၂၄-၂၅ | ၂၆-၃၀ | ၂၉-၄၆ | ၄၄-၆၀ | ၆၂-၇၈ |
| ပဲတီစိမ်း | ၂၆-၂၈ | ၂၈-၃၂ | ၃၀-၄၈ | ၄၆-၆၃ | ၆၄-၈၀ |
| နှမ်း | ၃၀-၃၅ | ၃၀-၃၅ | ၃၅-၅၀ | ၅၀-၆၀ | ၆၀-၆၆ |
| ရော်ဘာ | ၂၅-၂၉ | ၂၇-၃၂ | ၃၄-၅၅ | ၄၈-၆၅ | ၆၅-၆၈ |
| သွင်းကုန် | | | | | |
| မြေဆီ | ၅၃-၅၀ | ၄၅ | ၄၅-၄၃ | ၃၅-၂၅ | ၂၇ |

မော်မော်အောင်

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မစ်ဆူဘီရှီ(အာပီအာ) (၂၀၁၀) | ယာယီ | ၂၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | တိုယိုတာဆလွန်း(အက်ဇီယို)(၂၀၁၂) | ယာယီ | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ကာလ်ဒီးနား (၂၀၀၁) | ၉၇ | ၁၃၀ သိန်း | 2 .0 ဓာတ်ဆီ |
| ၄။ | တိုယိုတာဗင် (၂၀၁၀) | ယာယီ | ၁၀၃ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ရက်တစ် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၆။ | ခရောင်း (၂၀၀၄) | SH | ၁၇၀ သိန်း | 2.5 ဓာတ်ဆီ |
| ၇။ | တိုယိုတာ(နွတ်) (၂၀၀၂) | ယာယီ | ၁၆၅ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | နီဆန်း(နုတ်) (၂၀၁၂) | ယာယီ | ၁၄၁ သိန်း | 1 .3 ဓာတ်ဆီ |
| ၉။ | နီးဆန်း(ဂျူကီ) (၂၀၁၀) | ယာယီ | ၂၅၀ သိန်း | 1 .5 ဓာတ်ဆီ |
| ၁၀။ | မြန်မာမီနီ/အပ်ကား | - | ၅၇ သိန်း | |



# ခေတ်မီဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်အတွင်းပိုင်းပြင်ဆင်ခြင်းဆိုင်ရာဒီဇိုင်းများအားပြသမည့် Myanmar Build & Decor 2015 ပြပွဲ ကျင်းပမည်

SCG ကုမ္ပဏီမှ အဓိကပံ့ပိုးကူညီပေးသည့် ခေတ်မီဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အတွင်းပိုင်း ပြင်ဆင်ခြင်းဆိုင်ရာဒီဇိုင်းများနှင့် ပရိဘောဂပစ္စည်းများ ခင်းကျင်းပြသမည့် Myanmar Build & Decor ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် Myanmar Build & Decor 2015 ပြပွဲသည် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍအတွက် လိုအပ်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို စုဝေးဆွေးနွေးခင်းကျင်းပြသသည့် နှစ်စဉ်ကျင်းပသော ပြပွဲတစ်ပွဲဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲသို့ ကမ္ဘာကျော်အမှတ်တံဆိပ်နှင့် ကုမ္ပဏီလုပ်ငန်းပေါင်း ၁၆၀ ကျော်တို့က အိမ်ရာဆောက်လုပ်ရေးနှင့်ဆိုင်သော ပစ္စည်းများ၊ အိမ်ထောင် ပရိဘောဂပစ္စည်းများ၊ အိမ်အတွင်းအပြင် အလှဆင်ခြင်းဆိုင်ရာပစ္စည်းများကို လာရောက်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပြပွဲကြီးတွင် မြန်မာနိုင်ငံ အေဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (Myanmar Associateship of Government Technical Institute(A.G.T.I) Society) မှ ကြီးမှူး၍ “မြန်မာနိုင်ငံဆောက်လုပ်ရေးနှင့် အိမ်အလှဆင်ခြင်း စာမျက်နှာသစ်”ဟူသည့် ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ၏ အိမ်ရာဆောက်လုပ်ခြင်းနှင့် အိမ်အလှဆင်ခြင်းဆိုင်ရာ နောက်ဆုံးပေါ်အကြောင်းအရာများကို ဆွေးနွေးဟောပြောကြမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် စက်ရုံတည်ဆောက်ခြင်းဆိုင်ရာ အခက်အခဲများအတွက် ဖြေရှင်းမှုနည်းလမ်းများ၊ ရန်ကုန်မြို့၏ အဆောက်အဦပုံစံများနှင့် ဗိသုကာဆိုင်ရာ ပြောင်းလဲတိုးတက်မှုအသစ်များ၊ ဆောက်လုပ်ရေးနယ်ပယ်တွင် မျက်နှာစာအဆောက်အဦနှင့် အလှဆင်လုပ်ငန်းများ၏ အခန်းကဏ္ဍ၊ ရန်ကုန်မြို့၏ အထပ်မြင့်အဆောက်အဦများ၏ လက်ရှိအနေအထား စသည့် အကြောင်းအရာများကိုလည်း ဆွေးနွေးဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

မယ်သီတာ

# CP Five Star အစီအစဉ်မှ ဟွန်ဒါကားကံစမ်းမဲကို မင်္ဂလာဒုံမြို့နယ်မှ စားသုံးသူတစ်ဦးက ပထမဦးဆုံးရရှိ

CP မွေးမြူရေးအစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းမှ အထူးအစီအစဉ်တစ်ခုဖြစ်သည့် CP Five Star ကံစမ်းမဲ ဟွန်ဒါကားကို ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်မှ စက်ရုံအလုပ်သမားတစ်ဦးဖြစ်သူ ကိုကောင်းမင်းထက်က ရရှိသွားကြောင်း CP ကုမ္ပဏီမှ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

မင်္ဂလာဒုံမြို့နယ်မှ စက်ရုံဝန်ထမ်းတစ်ဦးဖြစ်သူ ကိုကောင်းမင်းထက်သည် Channel 7 မှ ထုတ်လွှင့်သော The Guy's View အစီအစဉ်တွင် ပြသနေသည့် ကံစမ်းမဲအစီအစဉ်မှတစ်ဆင့် CP ကံစမ်းမဲအစီအစဉ်၏ ယခုနှစ်ကံထူးရှင်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

“ကုမ္ပဏီကနေ ကျွန်တော့်ကို ဆက်သွယ်လာတဲ့အခါမှာ ကျွန်တော်အရမ်းကို ပျော်သွားပါတယ်။ ကျွန်တော့်ရည်မှန်းချက်တွေထဲက တစ်ခုပြည့်သွားပြီလို့ ခံစားရပါတယ်။ CP ကြက်ကြော်ကို တစ်ပတ် သုံးကြိမ်လောက် ပုံမှန်စားဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်ကံစမ်းမဲအစီအစဉ်ကိုမှ ပါဝင်ဖို့ စိတ်မဝင်စားခဲ့ပါဘူး။ ဒီတစ်ကြိမ်မှာတော့ အရောင်းဝန်ထမ်းက ပါဝင်ဖို့အကြံပြုတဲ့အတွက် ကူပွန်မှာအချက်အလက်အသေးစိတ် ရေးခဲ့ပြီးတော့ ကံစမ်းမဲပုံးထဲမှာ ထည့်ခဲ့တာပါ။ ဒီအစီအစဉ်မှာ လူတိုင်းအနည်းဆုံး ကူပွန်တစ်စောင်၊ ဒါမှမဟုတ် နှစ်စောင် ပါဝင်သင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ့်ကံတရားကို ကိုယ်မသိနိုင်ဘူးလေ” ဟု ကိုကောင်းမင်းထက်က ပြောကြားခဲ့သည်။

အဆိုပါ ကံစမ်းမဲအစီအစဉ်ကို ပါဝင် ကံစမ်းနိုင်ရန်အတွက် CP ကြက်ကြော်နှင့် CP မှထုတ်ကုန်များကို အနည်းဆုံးကျပ်နှစ်ထောင်ဖိုး ဝယ်ယူစားသုံးပါက ကံစမ်းမဲကူပွန်တစ်စောင် ရရှိမည်ဖြစ်သည်။ အဆိုပါ ကူပွန်တွင် မိမိ၏အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ပါဝင်ကံစမ်းနိုင်ကြောင်း သိရသည်။ ယင်းကံစမ်းမဲအစီအစဉ်ကို ဩဂုတ် ၁၆ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ကျင်းပလျက်ရှိနေပြီး ကံထူးရှင်များစာရင်းကို စက်တင်ဘာ ၁၈ ရက်မှ စတင်ကာ အပတ်စဉ် သောကြာနေ့တိုင်း ထုတ်လွှင့်သည့် The Guy's View အစီအစဉ်တွင် ကြေညာသွားမည်ဖြစ်သည်။

**မယ်သီတာ**

သင့်ကျန်းမာရေး

# သွေးလေးဖက်နာ Rheumatoid Arthritics

ဒေါက်တာလွင်သန့်

***ရောဂါ။*** သွေးလေးဖက်နာရောဂါဟာ နာတာရှည်အဆစ်ရောင်ရောဂါများမှာ အဖြစ်အများဆုံးဖြစ်တယ်။ အဆစ်များပျက်စီးကာ ကောက်ကွေးပုံပျက်စေတဲ့အပြင် အခြားခန္ဓာကိုယ် အစိတ်အပိုင်းများပါ ထိခိုက်နိုင်ပြီး လမ်းမလျှောက်နိုင်ဘဲ၊ အိပ်ယာထဲလဲတဲ့အထိ ဖြစ်နိုင်ပါတယ်။

**ရောဂါရှိကြောင်းသိ။** နံနက်အိပ်ရာထချိန်မှာ လက်ဆစ်များ တစ်နာရီထက်ပိုပြီး တောင့်တင်းခြင်း၊ အဆစ်နှစ်ခုနဲ့အထက် ရောင်ရမ်းနာကျင်ခြင်း၊ ဘယ်ညာ တစ်ပြိုင်နက်ဖြစ်ခြင်း၊ အရေပြားအောက်အကျိတ်အဖုများထွက်ခြင်း၊ သွေးစစ်ကြည့်ရင် ရောဂါဖြစ်စေတဲ့ဓာတ်တစ်ခုခု တွေ့ရခြင်း၊ ဓာတ်မှန်မှာ အရိုးစားနေကြောင်းတွေ့ရခြင်း၊ အနည်းဆုံးခြောက်ပတ်ကြာ ဖြစ်ပွားခြင်း စတဲ့ လက္ခဏာတွေ တွေ့ရတယ်လို့ ဆိုပါတယ်။ အဲဒီအချက်တွေ ဖြစ်လာတယ်ဆိုရင် သွေးလေးဖက်နာ ဖြစ်တယ်လို့ ဆိုပါတယ်။

**အခြားအင်္ဂါအစိတ်အပိုင်းထိခိုက်စေခြင်း** (၁) ယေဘုယျအားဖြင့် ကိုယ်အလေးချိန်ကျခြင်း၊ မောပန်းလွယ်ခြင်း၊ မကြာခဏဖျားခြင်း၊ (၂) ကြွက်သားနဲ့အရိုးများသိမ်ခြင်း၊ အရိုးပွခြင်း ဖြစ်စေတယ်။ (၃) သွေး(သွေးအားနည်းခြင်း၊ သွေးဥမွှာများခြင်း)၊ (၄)မျက်လုံး မျက်ဖြူ လွှာ ရောင်ရမ်းခြင်း၊ (၅) သွေးကြော၊ လက်ချောင်း၊ ခြေချောင်းများရဲ့ သွေးကြောရောင်ရမ်းခြင်း၊ အနာဖြစ်ခြင်း၊ (၇)အဆုတ်၊ အလုံးအကျိတ် ပေါ်ခြင်း၊ ရောင်ခြင်းနဲ့ လေပြွန်ငယ်များ လေအိတ်များရောင်ခြင်း၊ (၈) အာရုံကြော၊ လက်ဖဝါးအာရုံကြောညှပ်ခြင်း

**အေအက်စ်အိုနဲ့မဆိုင်။** အေအက်စ်အိုများရင် နှလုံးနဲ့တွဲဖြစ်တတ်တဲ့ ပိုးလေးဖက်နာဖြစ်တတ်တယ်။ အဆစ်မရောင်ဘဲ အေအက်စ်အိုတစ်ခုတည်းတက်ရင် စိုးရိမ်ဖို့မလိုပါဘူး။

**ကုသနည်း။** (၁) အဆစ်နာကျင်ခြင်း သက်သာရမယ်။ (၂) အဆစ်များကောက်ကွေးမှုကာကွယ်နိုင်ရမယ်။ (၃) နေ့စဉ် ပုံမှန်လုပ်ငန်းဆောင်တာလုပ်နိုင်ရမယ်။ အချို့ဆေးများဟာ ရေတိုနာကျင်မှု သက်သာပေမယ့် ရေရှည်ကောက်ကွေးမှုကို မသက်သာစေနိုင်ပါ။ မျက်နှာဖောလာခြင်းဖြစ်တတ်တယ်။

**ပညာပေးခြင်းအပိုင်းမှာနာကျင်တဲ့အဆစ်များအတွက်။** လျှပ်စစ်နည်းနဲ့ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အပူ၊ အအေး လေ့ကျင့်ခန်းလုပ်ခြင်း၊ ချိုင်းထောက် အကူအညီနဲ့ လမ်းလျှောက်ခြင်း၊ အစားအစာမှာ ခန္ဓာကိုယ်အလေးချိန်လျှော့ချရမယ်။ အဆီကျဆေးကို တစ်ညတစ်လုံးလနဲ့ ချိတိုက်ကျွေးသင့်တယ်။

**နာကျင်တဲ့အဆစ်များအတွက် လေ့ကျင့်ခန်း။** လျှပ်စစ်နည်းနဲ့ ပြုလုပ်ခြင်း အပူ၊ အအေးလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ချိုင်းထောက်နှင့် လမ်းလျှောက်ခြင်း၊ အဆစ်ရောင်ခြင်းတို့ သက်သာစေတဲ့ အကိုက်အခဲဆေးစားခြင်း ပြုလုပ်နိုင်ပါတယ်။ ဇီဝကုထုံးလည်း ရှိပါတယ်။

**ရောဂါပျောက်ကင်းမှု ညွှန်ပြလက္ခဏာများ။** နံနက်ပိုင်းမှာ ၁၅ မိနစ်ခန့် လက်ဆစ်များ တောင့်တင်းခြင်း၊ မောပန်းနွမ်းနယ်မှုမရှိခြင်း၊ အဆစ်ရောင်ရမ်းမှုမရှိခြင်း၊ သွေးနီဥ အနည်ကျနှုန်းနည်းခြင်း၊ အမျိုးသမီး ၃၀ မီလီမီတာ တစ်နာရီအတွင်းနဲ့ အမျိုးသား ၂၀ မီလီမီတာ ပထမနာရီအတွင်းရှိနိုင်တယ်။ လေးချက်ပြည့်စုံရင် ရောဂါသက်သာပျောက်ကင်းစေတယ်။

**ပိုဆိုးသွားစေ။** အသက်ကြီးပိုင်းကို ရောက်နေတဲ့ အမျိုးသားများထက် အမျိုးသမီးများမှာ ပိုမိုဖြစ်ပွားပါတယ်။ အမျိုးသမီးများတွင် ကုသမှုအားနည်းခြင်းကြောင့် နာကျင်တဲ့အဆစ်များခြင်း၊ အဆစ်နာကျင်ခြင်းတို့ ဖြစ်တတ်ပါတယ်။

**သတိပြုရန်။** သွေးကြောင့်ဖြစ်တဲ့ လေးဖက်နာဟာ နာတာရှည်ဖြစ်တယ်။ ရောဂါသက်သာအောင် အကိုက်အခဲဆေးနဲ့ စတီး၍ိုက်ပေးနိုင်တယ်။ ရေရှည်ကုသမှုခံယူရမယ်။ အဆင့်အေသတ်မှတ်ခဲ့ရင် နှစ်နှစ်ခန့်ကုသရမယ်။ ပရိနိစလုံးပေးနိုင်တယ်။ အကိုက်အခဲ ဆေးလိမ်းနိုင်၊ သောက်နိုင်တယ်။

## ကမ္ဘာ့အဆင့်မီ အားကစားနှင့် ကျန်းမာရေးစင်တာဖြစ်သော MOVE Myanmar ကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်



ကမ္ဘာ့အဆင့်မီ အားကစားနှင့် ကျန်းမာရေးစင်တာတစ်ခုဖြစ်သည့် MOVE Myanmar ကို ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းတွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအားကစားခန်းမကို ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းပြီး ခန္ဓာကိုယ်အချိုးအစား ကျနလိုသူများအတွက် ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

MOVE Myanmar တွင် တစ်ဦးချင်းစီအတွက် ရည်ရွယ်ပြုလုပ်ထားသော အစီအစဉ်များအပြင် လူတိုင်းပါဝင်ကစားနိုင်သော အဖွဲ့လိုက်လေ့ကျင့်ခန်းများ၊ တစ်ဦးချင်းသင်တန်းများနှင့် ရန်ကုန်တွင် မည်သည့်နေရာတွင်မှ မရရှိနိုင်သည့် အားကစားလေ့ကျင့်ပစ္စည်းများဖြင့်ပံ့ပိုးပေးထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါ MOVE Myanmar အားကစားလေ့ကျင့်ရေးစင်တာကို စတင်မဖွင့်လှစ်မီက စာရင်းပေးသွင်းထားသည့်အသင်းဝင်များအတွက် အထူးဈေးနှုန်းများ သတ်မှတ်ထားပြီး ထပ်မံစာရင်းပေးသွင်းမည့် အသင်းဝင်အသစ်များအတွက်လည်း ဝန်ဆောင်မှုအသစ်များကို စီစဉ်ပေးထားကြောင်း သိရသည်။

MOVE Myanmar တွင်ဖွင့်လှစ်ထားသည့် သင်တန်းများတွင် Boot Camp, BODYPUMP™, Dance Fitness, Power Abs, Total Body Conditioning နှင့် ယောဂသင်တန်းများ ပါဝင်သည်။

MOVE Myanmar အနေဖြင့် အလုပ်မသွားမီဖြစ်စေ၊ ထမင်းစားချိန်ဖြစ်စေ၊ နေ့လယ်နေ့ခင်းဖြစ်စေ၊ ညနေခင်းများတွင်လည်း လာရောက်ကစားသူများအတွက် အားကစားကြံ့ခိုင်မှု၊ စိတ်ဓာတ်တက်ကြွမှုတို့ ဖြစ်ပေါ်လာစေရန်လုပ်ဆောင်ပေးမည်ဖြစ်သည်။

MOVE Myanmar ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Nathaniel Anumba က "လူတော်တော်များများက ခန္ဓာကိုယ်ပုံကျချင်တယ်၊ ပိန်ချင် တယ်ဆိုပြီးပြောကြတယ်၊ ဒါပေမယ့် အဲဒီစကားတွေကို အိမ်မှာထိုင်နေရင်း လမ်းလေးလျှောက်ရုံ၊ အစားလေးလျှော့ရုံနဲ့ ပြောနေရင်တော့ဖြစ်လာမှာ မဟုတ်ပါဘူး၊ ခုလို အားကစားစင်တာကိုသွားပြီး အတွေ့အကြုံရှိတဲ့ သင်တန်းနည်းပြဆရာတွေနဲ့ ကိုယ်ဖြစ်ချင်တာကိုဖြစ်အောင် လုပ်ယူမှရမှာပါ၊ MOVE က အဲဒီလိုလူတွေအတွက် လိုချင်တဲ့ ကိုယ်ခန္ဓာအနေအထားရအောင် ကူညီနိုင်ပြီး လေ့ကျင့်ခန်းလုပ်ရတာဟာ ဘယ်လိုပျော်စရာကောင်းတယ်ဆိုတာကိုလည်း ပြပေးနိုင်ပါတယ်။ အသင်းဝင်တွေအတွက် အကောင်းဆုံးအတွေ့အကြုံတွေ ဖန်တီးပေးပြီး အကောင်းဆုံးဝန်ဆောင်ပေးနိုင်အောင်လို့ လပေါင်းများစွာပြင်ဆင်မှုလုပ်ခဲ့ရပါတယ်၊ အသင်းဝင်တိုင်းက စာရင်းသွင်းတာနဲ့ ကိုယ်ပိုင် fitness evalution တစ်ခုရမှာပါ၊ အဲဒါက ဘာလဲဆိုတော့ သူတို့ရည်ရွယ်ထားတဲ့ကိုယ်ခန္ဓာအချိုးအစားနဲ့ ကျန်းမာရေးရည်ရွယ်ချက်ကိုပြည့်အောင် ဘယ်လိုလေ့ကျင့်ခန်းတွေလုပ်ရမယ် ဘာတွေလိုက်နာရမယ်ဆိုတာတွေကို တစ်ဦးချင်းအတွက် လုပ်ပေးထားတဲ့အစီအစဉ်ပါ၊ အသင်းဝင်တိုင်းရဲ့ပန်းတိုင်ဆီသွားတဲ့ ခြေလှမ်းတိုင်းမှာကျွန်တော်တို့က ကူညီပံ့ပိုးပေးနေမှာပါ"ဟု ပြောကြားခဲ့သည်။

MOVE Fitness & Wellness စင်တာကို နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တနင်္လာမှ သောကြာနေ့တို့တွင် နံနက် ၆ နာရီမှ ည ၁၀ နာရီထိ၊ စနေ တနင်္ဂနွေနေ့တွင် နံနက် ၈နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်မည်ဖြစ် ပါသည်။ MOVE တွင် ရေရှည်အသင်းဝင်လိုသောသူများအနေဖြင့် အထူး သက်သာသော စင်တာအကြိုဖွင့်လှစ်ခြင်း ဈေးနှုန်းများကို ရယူခံစားနိုင်ပြီး စိတ်ပါဝင်စားလိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၉-၇၉၂-၃၂၆-၄၁၂ သို့မဟုတ် ၀၉-၂၆၃-၀၃၇-၁၂၇ တို့သို့ဆက်သွယ်၍ အသေးစိတ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## Vietjet လေကြောင်းလိုင်း၏ ရန်ကုန်-ဟိုချီမင်းခရီးစဉ် တရားဝင်စတင်ပြေးဆွဲပြီ




Vietjet လေကြောင်းလိုင်း၏ရန်ကုန်-ဟိုချီမင်း ခရီးစဉ် တရားဝင်စတင်ပြေးဆွဲခြင်းအခမ်းအနားကို ရန်ကုန်မြို့ Park Royal Hotel တွင် အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ လေကြောင်းလိုင်းသည် ဈေးအသက်သာဆုံး လေကြောင်းလိုင်းတစ်ခုဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်းမှ အသိအမှတ်ပြုလက်မှတ်ကိုလည်း ရရှိထားပြီးဖြစ်သည်။

Vietjet လေကြောင်းလိုင်းသည် ရန်ကုန်-ဟိုချီမင်းခရီးစဉ်ကို အောက်တိုဘာလ ၂ ရက်နေ့မှစတင်ပြေးဆွဲခဲ့ပြီး စတင်ပြေးဆွဲသည့် ပထမပတ်အတွင်း အမှတ်တရ လှုပ်ရှားမှုများနှင့်အတူ လေယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည်များအတွက် အံ့သြဖွယ်အစီအစဉ်များကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်-ဟိုချီမင်း ခရီးစဉ်ကို အပတ်စဉ်တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့တို့တွင် အသွားအပြန်ခရီးစဉ်နှစ်ခုဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရန်ကုန်နှင့် ဟိုချီမင်းမြို့ နှစ်မြို့အကြား ခန့်မှန်းပျံသန်းချိန်မှာ ၂နာရီ ၅၂မိနစ်ကြာမြင့်မည်ဖြစ်သည်။အဆိုပါ လေယာဉ်သည် ရန်ကုန်မြို့မှ မွန်းလွဲ ၁နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ဟိုချီမင်းမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၃နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ ဟိုချီမင်းမြို့မှ ရန်ကုန်မြို့သို့ အပြန်ခရီးစဉ်တွင် ဟိုချီမင်းမြို့မှ နံနက် ၁၀ နာရီ၂၅မိနစ်တွင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ၁၀မိနစ်တွင်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Vietjet လေကြောင်းလိုင်းမှ လက်မှတ်များကို ဝယ်ယူလိုပါက မြန်မာနိုင်ငံမှ ခရီးသည်များအနေဖြင့် ၀၉၉၆၀၇၀၄၈၁၈သို့ ဖုန်းဆက်၍ ဝယ်ယူနိုင်သကဲ့သို့ လပြည့်ဝန်းပလာဇာ၊ သုံးလွှာရှိ AVIAREPS Myanmar သို့မဟုတ် ရန်ကုန်၊ မန္တလေး၊နေပြည်တော်တို့ရှိ လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၁၂-၁၀-၂၀၁၅ မှ ၁၈-၁၀-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မိမိလုံ့လဝီရိယနှင့် ကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်မှုများ ရရှိလိမ့်မည်။ လယ်ယာထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး အမြတ်အစွန်းများရရှိလိမ့်မည်။ အပြိုင်အဆိုင်များ ရှိနေတတ်သော်လည်း အကြံဉာဏ်ကောင်းခြင်းကြောင့်လာဘ်လာဘဝင်ငွေဖြစ်ထွန်းမှုရှိနေမည်။ ပညာရေးတွင် ရည်မှန်းချက်မြင့်မားနေတတ်သည်။ အချစ်ရေး၊ မေတ္တာရေးတွင် မာယာတောမှာ မျောပါသွားတတ်သည်ကို သတိရှိသင့်သည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းကိုက်ခဲခြင်း၊ အရိုး အဆစ်နာကျင်ခြင်းတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ဘုရားတွင် ဆီမီးပူဇော်ရေချမ်းကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** အရာရာကိုနက်နဲစွာတွေးခေါ်တတ်ပြီး၊ အကြံအစည်ကိုသူတစ်ပါးအားအလွယ်တကူမပြောဘဲလျှို့ဝှက်ထားလေ့ရှိသည်။ ဖျော်ရည်စက်ရုံ၊ အလှကုန်ပစ္စည်းကယ်မီကယ်နှင့်ပတ်သက်သည့် ထုတ်လုပ်ရောင်းဝယ်ရသော စီးပွားရေးလုပ်ငန်းများအကျိုးပေးကောင်းလာတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်ကြီးမားသောရောဂါဝေဒနာများ မကပ်ငြိနိုင်ပါ။ အစားအသောက်မဆင်ခြင်လျှင် အစာအိမ်လေနာလေချုပ်ဝမ်းချုပ်ရောဂါဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ကြိုတင်ဆုံးဖြတ်နိုင်ခဲ့သောကြောင့် အိမ်ထောင်ရေးတွင်လည်း အမှားအယွင်းနည်းတတ်ပါသည်။ **ယတြာ။ ဘုရားတွင် မုန့်လုံးရေပေါ် ၉ လုံး လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စွမ်းရည်ကိုအသုံးချရာတွင် လွဲမှားနေတတ်သည့်သဘော ရှိနေတတ်ပါသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်သော စီးပွားရေး ကံကောင်းလာတတ်ပါ သည်။ ကျန်းမာရေးအနေဖြင့် အသည်းတွင်ဖြစ်တတ်သည့် ရောဂါ၊ အင်အားကုန်ခမ်းနွမ်းနယ်သောဝေဒနာတို့ကို သတိထားသင့်ပါသည်။ မိတ်ကောင်းဆွေကောင်း များနှင့် ဆုံရတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူပေါ်များသော်လည်း သိပ်အကောင်းချည်း တော့မဟုတ်ပါ။ ဆရာသမားများနှင့် အထက်လူကြီးများမှ ချစ်ခင်ကြလိမ့်မည်။

**ယတြာ။ ဘုရားတွင် ဆီမီးပူဇော်၍ ရေချမ်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မလိမ်တတ်၊ မညာတတ်ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံတတ်သော်လည်း ပတ်ဝန်းကျင်မှ လက်မခံတတ်ပါ။ ကြွားဝါမှုဟန်ဆောင်ဖုံးကွယ်မှုများနှင့် ရှိနေမည်။ နိုင်ငံရပ်ခြားစီးပွား ကုန်သွယ်မှု၊ ဆေးရေးပန်းချီလုပ်ငန်းများတွင် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများအကျိုးပေးကောင်းမည်။ ကျန်းမာရေးတွင် ဇက်ကြောတက်၊ ခေါင်းမူးခေါင်းကိုက်ခြင်းဝေဒနာ ခံစားရတတ်သည်။ ပင်ပန်းမှုပေါ် မူတည်၍ ဝေဒနာဖြစ်တတ်သည်။ အချစ်ရေးတွင် ဟန်ဆောင် နှလုံးသားနှင့် ဥပက္ခာသမားကို ခင်တွယ်မိတတ်သည်။

**ယတြာ။ ဘုရားတွင် ဖျော်ရည်များ လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းနှင့် ပတ်သက်သောဆက်ဆံရေး၊ ဆက်သွယ်ရေးဆောင်ရွက်ရာတွင် တွေ့ကြုံဆက်ဆံရသောသူများနှင့် ပြေလည်သင့်မြတ်သောအခြေအနေရှိတတ်သည်။ အကောင်းအဆိုး၊ အတက်အကျ၊ အနိမ့်အမြင့်သဘောရှိနေတတ်ပါသည်။ အချစ်ရေးတွင် မိမိကချစ်ရသူတစ်ယောက် မိမိကိုချစ်နေသူကတစ်ယောက်ဖြစ်နေမည်။ အဝေးမှချစ်သူအနီးသို့ရောက်လာတတ်သည်။ အိမ်ထောင်ကျကိန်းရှိသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ခြေလက်တို့ ထိခိုက်ဒဏ်ရာရတတ်သည်။ သွေးထက်သံယိုရှိမည်။

**ယတြာ။ ဘုရားတွင် ထီးနှင့် ယပ်လှူပါ။**



**သောကြာသားသမီးများအတွက်** သမာသမတ်မျှတသော စိတ်သဘောထားရှိနေမည်။ စရိုက်နှင့်အညီလိုက်ဖက်အောင်ပြောဆိုနေထိုင်တတ်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ရတနာပစ္စည်းများအကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ကိန်း ရှိနေတတ်ပါသည်။ အချစ်ရေးကံကောင်းနေမည်။ ချစ်သူမရှိလျှင် ချစ်သူတွေ့မည်။ အိမ်ထောင်ရှိပြီးသူဆိုလျှင် ဘဝရှေ့ရေးတိုးတက်ရန် စီမံကိန်းချမှတ်ပြီး တက်ညီလက်ညီ လှော်ခတ်နေတတ်သည်။ ကျန်းမာရေးဂရုစိုက်တတ်မှုကြောင့် ကြီးမားသောရောဂါမရှိနိုင်ပါ။

**ယတြာ။ သက်ကြီးရွယ်အိုနှင့် ကလေးများကို အာဟာရ လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** မိမိဖြစ်ချင်သည့် ဆန္ဒကတစ်မျိုး ပတ်ဝန်းကျင်၏ ဆန္ဒကတစ်မျိုးဆိုသလိုဖြစ်နေတတ်ပါသည်။ ပေါင်းသင်းဆက်ဆံရေး အခက်အခဲရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းတွင် ရတနာပစ္စည်းများဖြစ်သည့် ပုလဲ၊ ရွှေ၊ စိန်စသည်တို့ အကျိုးပေးပါသည်။ အချစ်ရေးတွင် တည်တံ့အေးဆေးတည်ငြိမ်နေမည်။ ကျန်းမာရေးတွင် အစာအိမ်၊ လေနာ၊ ဝမ်းဗိုက်နှင့် ပတ်သက်သောရောဂါအပူကြောင့်ဖြစ်သော အဖျားရောဂါတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ဘုရားသွား၍ ဘာသာတရားအနည်းငယ်လုပ်ပါ။**

# ယခုနှစ် ငါးဖမ်းရာသီတွင် ယမန်နှစ်ထက် ဈေးကောင်းရတဲ့ငါးများ ပိုမိုရရှိ

ယခုနှစ် ဇွန်လကစလို့ အောက်တိုဘာလပထမပတ်အထိ ဖျာပုံမြို့နယ်မှ ငါးဖမ်းရေယာဉ်များ ငါးဖမ်းထွက်ရာမှာ ယမန်နှစ်ထက် ငါးအမိအရ များခဲ့သလို ဈေးကောင်းရတဲ့ ငါးမျက်ပြူး၊ ငါးသင်ဝါ၊ ငါးမုတ်နဲ့ ငါးနတ်ကတော်စတဲ့ငါးများ ပိုမိုရရှိခဲ့ကြတယ်လို့ ငါးဖမ်းရေယာဉ်ပိုင်ရှင် အသိုင်းအဝိုင်းက သိရပါတယ်။

"မနှစ်ကဆို ငါးအရနည်းသလို ဈေးကောင်းရတဲ့ ငါးလည်း အရနည်းတယ်၊ ငါးမုတ်ဆိုရင် မနှစ်က သင်္ဘောတစ်စီးဝင်လာရင် ကုန်ချိန်ပိဿာ တစ်သောင်းထက် ပိုမပါဘူး။ ပါလာတဲ့ ငါးမုတ်ကြတော့လည်း အကောင်သေးတယ်၊ ဒီနှစ်တစ်ရေ တစ်ခေါက်ဝင်ရင် ငါးမုတ်ကုန်ချိန် ပိဿာ ၅၀၀၀၀ ကနေ ၈၀၀၀၀ အထိ ရပါတယ်။ တစ်လကို နှစ်ရေဆိုတော့ နှစ်ခါအဝင်ရှိပါတယ်၊ ဈေးအနေနဲ့ကတော့ နည်းနည်းပါးပါးပဲ တက်ပါတယ်။ မနှစ်ကဈေးနဲ့ သိပ်အကွာကြီးတော့ မဟုတ်ပါဘူး၊ ငါးသလောက်ရာသီကတော့ အခုအောက်တိုဘာလကစပြီး ကုန်တတ်ပါတယ်။ အကောင်ကတော့ သေးပါသေးတယ်။ သူလည်းမနှစ်ကဈေးနဲ့ သိပ်မကွာပါဘူး"လို့ ပြည့်ဖြိုးကျော် ငါးကုမ္ပဏီပိုင်ရှင် ဦးဝေမြင့်က ပြောပါတယ်။

ငါးမုတ်ဈေးများ ကတော့ အလေးချိန် ၄၀၀ ဂရမ် ဆိုဒ်အထက် တစ်ပိဿာကို ၃၆၇၀၀ကျပ်၊ ၃၀၀ ဂရမ်အထက် ၂၅၅၀၀ကျပ်၊ ၂၀၀ ဂရမ်အထက် ၂၀၀၀၀ ကျပ်၊ ၁၂၀ ဂရမ်အထက် ၁၂၇၀၀ ကျပ်၊ ၆၀ ဂရမ်အထက် ၅၉၀၀ ကျပ်အသီးသီးရှိပြီး ငါးသလောက်ဈေးများကတော့ အလေးချိန် တစ်ပိဿာဆိုဒ်အထက် တစ်ပိဿာကို ၃၅၀၀၀ ကျပ်၊ ၇၅ ကျပ်သားအထက် တစ်ပိဿာကို ၃၂၀၀၀ ကျပ်၊ ၆၅ ကျပ်သားအထက် ၃၀၀၀၀ ကျပ်၊ ၅၀ ကျပ်သားအထက် ၁၉၀၀၀ ကျပ်၊ ၃၅ ကျပ်သားအထက် ၁၄၀၀၀ ကျပ်၊ ၂၀ ကျပ်သားအထက် ၉၀၀၀ ကျပ်၊ ၁၅ ကျပ်သားအထက် ၅၀၀၀ ကျပ်အသီးသီး ဈေးရှိကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

# တက်ကျိုးသွားလည်း လက်ထိုးလှော်ခတ်မည့် ကလေးနယ်သားတို့ အားမာန်

ကလေးမြို့နယ်၊ ပျဉ်သာကျေးရွာဟာ ကလေးမြို့အရှေ့ဘက်မှာတည်ရှိပြီး ဩဂုတ်လ၊ စက်တင်ဘာလများ အတွင်းက မိုးရွာသွန်းမှုကြောင့် ရေဘေးဒဏ်အခံရဆုံး ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ ရေဘေးဒဏ်ကြောင့် မိုးစိုက်သီးနှံအားလုံး ပျက်စီးသွားခဲ့ပေမယ့် ဒေသခံတောင်သူတွေက အားမလျှော့ဘဲ ကောက်ရိုးမှိုစိုက်ပျိုးပြီး ရောင်းချခြင်းဖြင့် အိမ်ခြံဝင်းအတွင်းမှ ဝင်ငွေများရရှိနေကြောင်းသိရပါတယ်။

ပျဉ်သာကျေးရွာမှာ ဦးတင်နိုင်ဦးအပါအဝင် တောင်သူ ၁၀ ဦးခန့် ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်သမျှဒေသတွင်းဈေးကွက်မှ ဖြန့်နိုင်ကြောင်း သိရပါတယ်။ ကောက်ရိုးမှိုပျိုးရန် တစ်ဘောင် (8' × 4') ကို နွားချေး၊ ဗေဒါပင်ခြောက်၊ ဂျုတ်စက္ကူတို့အသုံးပြုပြီး ပလပ်စတစ်စမိုး၍ စိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဘောင်ကုန်ကျစရိတ် ကျပ် ၅၀၀၀ ခန့်ရှိကြောင်း သိရပါတယ်။

မှိုရရှိဖို့ရန် နှစ်ပတ်ခန့်ကြာမြင့်ပြီး အထွက်ကောင်းပါက တစ်ဘောင်၊ တစ်ခါပျိုးလျှင် ၆ ပိဿာမှ ၁၀ ပိဿာခန့်ရရှိပြီး မှိုတစ်ပိဿာလက်လီဈေး ကျပ် ၅၀၀၀ ရှိတဲ့ အတွက် မှိုဘောင် ၄ ဘောင်ခန့်စိုက်ပျိုးခြင်းဖြင့် တစ်လ ဝင်ငွေ ၁၅၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ကျပ်ခန့်ဝင်ငွေရရှိနေကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

# မောတောင် ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ သင်္ဘောသီးများတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မောတောင်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ တင်ပို့သော ပို့ကုန်အမယ်များတွင် သင်္ဘောသီးသည် ထိပ်ဆုံးတွင်နေရာယူထားသည်ဟုသိရသည်။ သင်္ဘောသီး တန် ၇၀ တန်ဖိုး ကန်ဒေါ်လာ ၁၀၆၁၅ ဖိုးရှိတယ်လို့သိရပါတယ်။ စက်တင်ဘာလတွင်တင်ပို့တဲ့ ပို့ကုန်များမှာ သင်္ဘောသီး၊ တံမြက်စည်း၊ ငါးမျိုးစုံနဲ့ ဝါးများဖြစ်ကြပြီး၊ သွင်းကုန်များမှာ မော်တော်ယာဉ်၊ ဘိလပ်မြေ၊ အိမ်သုတ်ဆေး၊ လိမ္မော်သီး၊ စပျစ်သီး၊ ပန်းသီးနဲ့ ပလတ်စတစ်တိုင်ကီများ ဖြစ်ကြပါတယ်။

အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်း၊ ယမန်နှစ် ကာလတူထက် ကန်ဒေါ်လာ ၀ ဒသမ ၁၆၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး စက်တင်ဘာလမှာ ပို့ကုန် ကန်ဒေါ်လာ ၄၄၉၉၁၊ သွင်းကုန် ကန်ဒေါ်လာ ၁၇၄၃၇၆ ဆောင်ရွက်နိုင်ခဲ့ရာ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၂၁၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**MIRT**

# ကြက်သွန်နီ- ရွှေခေတ်

ဒီနှစ်အဖို့စဦးပေါ်စ အချိန်မှာ ကြက်သွန်နီအနေနှင့် ထိပ်စ တစ်ပိဿာ ၃၇၅ ကျပ်၊ လတ်စ တစ်ပိဿာ ၃၅၀ ကျပ်၊ အောက်စ တစ်ပိဿာ ၂၀၀ ကျပ်သာ စတင်အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုအနေအထား ကြက်သွန်နီဈေးဟာ ဈေးမြောက်လွန်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဆယ်စုနှစ် တစ်စု (သို့) ဆယ် နှစ်ကျော်ကျော် အနေအထားမှာ အမြင့်ဆုံးလို့ ပြောရမှာပါ။ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့မှ အောက်တိုဘာလ ၅ ရက်နေ့ အနေအထားများ ဖြစ်ပေါ်ခဲ့တဲ့ အရောင်းအဝယ်ဖြစ်မှုများကို အောက်မှာဇယား ကွက်နဲ့ ဖော်ပြထားပါတယ်-

| အမျိုးအစား | နေ့စွဲ | ထိပ်စ တစ်ပိဿာ | လတ်စ တစ်ပိဿာ | အောက်စ တစ်ပိဿာ | ပခုက္ကူသို့နေ့စဉ် အဝင်ပိဿာ |
|---|---|---|---|---|---|
| ကြက်သွန်နီ | ၂၅. ၉. ၂၀၁၅ | ၁၁၀၀ | ၉၅၀ | ၈၅၀ | ၄၅၀၀၀ |
| ကြက်သွန်နီ | ၂၆. ၉. ၂၀၁၅ | ၁၁၀၀ | ၁၀၀၀ | ၉၅၀ | ၄၂၀၀၀ |
| ကြက်သွန်နီ | ၂၉. ၉. ၂၀၁၅ | ၁၁၅၀ | ၁၁၀၀ | ၁၀၀၀ | ၆၂၀၀၀ |
| ကြက်သွန်နီ | ၃၀. ၉. ၂၀၁၅ | ၁၂၀၀ | ၁၁၀၀ | ၁၀၀၀ | ၅၅၀၀၀ |
| ကြက်သွန်နီ | ၁. ၁၀. ၂၀၁၅ | ၁၃၀၀ | ၁၂၀၀ | ၁၁၅၀ | ၅၀၀၀၀ |
| ကြက်သွန်နီ | ၂. ၁၀. ၂၀၁၅ | ၁၄၂၅ | ၁၄၀၀ | ၁၃၀၀ | ၃၂၀၀၀ |
| ကြက်သွန်နီ | ၃. ၁၀. ၂၀၁၅ | ၁၅၀၀ | ၁၄၀၀ | ၁၂၀၀ | ၃၀၀၀၀ |
| ကြက်သွန်နီ | ၄. ၁၀. ၂၀၁၅ | ၁၅၅၀ | ၁၅၀၀ | ၁၄၀၀ | ၃၆၀၀၀ |
| ကြက်သွန်နီ | ၅. ၁၀. ၂၀၁၅ | ၁၆၀၀ | ၁၅၀၀ | ၁၄၀၀ | ၃၇၀၀၀ |

ခုဟာက ၁၀ လပိုင်းထဲကို ရောက်နေပြီဆိုတော့ ယခင်နှစ်နဲ့ ကြက်သွန်နီသက်တမ်းဟာ ကုန်ဆုံးတော့မှာ လို့ ပြောပါတယ်။ မိုးစိုက် (ဥစိုက်) ကြက်သွန်များအနေနဲ့ ဈေးထဲမှာ အမြိတ်စားကြက်သွန်တွေ တွေ့နေရပါပြီ၊ ဝီရိယကောင်းတဲ့တောင်သူများ ဝီရိယအကျိုးခံစားနေတယ်လို့ ပြောရမှာပါ၊ ဈေးကွက်ရဲ့ တောင်းဆိုမှု ဝယ်လိုအားဆိုတာတွေကြောင့် ဖြစ်ပေါ်နေတဲ့ ဈေးအနေအထားလို့ သုံးသပ်ရမှာဖြစ်ပါတယ်။

ကောမတ်စ်ဂျာနယ်ထဲမှာ ဖတ်ရသလောက် နယ်စပ်ထွက်ပေါက်တွေမှ ကြက်သွန်နီတင်ပို့ရောင်းချနေတာ ထွက်နေတာကိုလည်း ဖတ်မှတ်ရပါတယ်။ သူလည်းစိုက်တယ် ကိုယ်လည်းစိုက်တယ် ကိုယ်ကထွက်တယ် သူကရာသီဥတုပိုးမွှားပရောဂကြောင့် ထွက်သင့်သလောက် မထွက်ဘဲ အထွက်နည်းခဲ့လေတော့ ပြည်ပအဆွဲရှိတဲ့ အနေအထားပါ ဘာပဲပြောပြောဈေးကွက်ရဲ့ တောင်းဆိုမှု ဝယ်လိုအားဆိုတာတွေကြောင့် ဖြစ်သင့်ဖြစ်ထိုက်လို့ တက်သွားရတဲ့ ဈေးပါလို့ သုံးသပ်ကြပါတယ်။

လက်ကျန်တွေအနေနဲ့ ဆိပ်ဖြူမှာ ကုန်သည်တောင်သူ ၂၀ သိန်းခန့်၊ ပေါက်မြို့နယ်ကုန်သည်တောင်သူ ၅ သိန်းခန့်၊ ပခုက္ကူမှာကုန်သည်လက်ကျန် ၁၇ သိန်းခန့် စုစုပေါင်း သိန်း ၄၂ လောက်ကျန်တယ်လို့ ခန့်မှန်းကြပါတယ်၊ ဘာပဲပြောပြော ဒီနှစ်အဖို့ ကြက်သွန်နီ ရွှေခေတ်လို့ သုံးသပ်ပြောဆိုရမှာပါ။

**မြင့်ဦး-ပခုက္ကူ**

# မြို့ကြီးများ၏ ၁၂-၁၀-၂၀၁၅ မှ ၁၆-၁၀-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၂-၁၀-၂၀၁၅) | အင်္ဂါ(၁၃-၁၀-၂၀၁၅) | ဗုဒ္ဓဟူး(၁၄-၁၀-၂၀၁၅) | ကြာသပတေး(၁၅-၁၀-၂၀၁၅) | သောကြာ(၁၆-၁၀-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၇°C/၈၁°F | ၃၀% ၃၁°C/၈၇°F | ၄၀% ၃၂°C/၉၁°F | ၈၀% ၃၃°C/၉၂°F |
| ရန်ကုန်မြို့ | ၈၀% ၂၈°C/၈၂°F | ၄၀% ၂၉°C/၈၄°F | နေသာ ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၁°F | ၄၀% ၃၂°C/၉၀°F |
| မန္တလေးမြို့ | ၆၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၃၁°C/၈၈°F | နေသာ ၃၂°C/၉၁°F | ၅၀% ၃၃°C/၉၂°F |
| မြစ်ကြီးနား | နေသာ ၃၀°C/၈၆°F | တိမ်ထူထပ် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၃၀% ၃၁°C/၈၈°F | တိမ်ထူထပ် ၃၂°C/၉၀°F |
| လားရှိုး | ၄၀% ၂၄°C/၇၅°F | ၇၀% ၂၄°C/၇၅°F | ၆၀% ၂၅°C/၇၇°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ကျိုင်းတုံ | ၇၀% ၂၂°C/၇၂°F | ၇၀% ၂၃°C/၇၅°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | နေသာ ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F |
| လွိုင်ကော် | ၈၀% ၂၁°C/၇၀°F | ၅၀% ၂၃°C/၇၃°F | ၆၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| တောင်ကြီး | ၈၀% ၁၇°C/၆၃°F | ၇၀% ၁၈°C/၆၅°F | ၅၀% ၂၁°C/၆၉°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၆၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၃°C/၉၂°F | ၅၀% ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၃°F |
| ဘားအံ | ၆၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၃°F | ၅၀% ၃၂°C/၉၁°F | ၄၀% ၃၂°C/၉၁°F |
| တောင်ငူ | ၈၀% ၂၈°C/၈၃°F | ၄၀% ၂၇°C/၈၁°F | ၅၀% ၃၂°C/၉၀°F | ၆၀% ၃၄°C/၉၃°F | ၈၀% ၃၄°C/၉၃°F |
| မုံရွာ | ၇၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၉°F | ၆၀% ၂၈°C/၈၂°F | နေသာ ၃၁°C/၈၈°F | ၄၀% ၃၂°C/၉၀°F |
| ပုသိမ် | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၁°F |
| မြိတ် | ၈၀% ၃၁°C/၈၈°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F | ၄၀% ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| စစ်တွေ | ၈၀% ၃၁°C/၈၇°F | ၇၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | နေသာ ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၀°F |
| မကွေး | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၃၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | တိမ်ထူထပ် ၃၂°C/၈၉°F |
| ဖလမ်း | ၇၀% ၁၈°C/၆၄°F | ၆၀% ၁၈°C/၆၄°F | ၆၀% ၁၉°C/၆၆°F | ၈၀% ၂၁°C/၆၉°F | ၅၀% ၂၂°C/၇၂°F |



## ထိုင်းနိုင်ငံအလယ်ပိုင်းဒေသများတွင် အဆိုးရွားဆုံးသော မိုးခေါင်ခြောက်သွေ့မှုနှင့် ရင်ဆိုင်နေရ

ထိုင်းနိုင်ငံ အလယ်ပိုင်းဒေသများတွင် အဆိုးရွားဆုံးသော မိုးခေါင်ခြောက်သွေ့မှုများနှင့်ရင်ဆိုင်နေရကြောင်း ဘန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံအလယ်ပိုင်း ဆူခိုထိုင်းပြည်နယ်ရှိ ကျေးရွာပေါင်း ၁၁ ရွာတွင် အဆိုးရွားဆုံးသော မိုးခေါင်ခြောက်သွေ့မှုကို ရင်ဆိုင်နေရသည်ဟုဆိုသည်။

ယခုကဲ့သို့ မိုးခေါင်ခြောက်သွေ့မှုသည် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ အခြားသောပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေချိန်တွင် ဆူခိုထိုင်းပြည်နယ်တွင် မိုးခေါင်ခြောက်သွေ့မှုဖြစ်ပေါ်လျက်ရှိပြီး ရေရှားမှုများကိုဒေသခံများ ခံစားနေရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

လယ်ကွင်းများ၊ ကြံစိုက်ခင်းများ၊ ပီလောပီနံစိုက်ခင်းများသည် ရေခမ်းခြောက်သွေ့လာမှုကြောင့် သဲကန္တာရကြီးသဖွယ် ဖြစ်နေကြောင်း၊ ယင်းကဲ့သို့ဖြစ်ပေါ်မှုကြောင့် စိုက်ခင်းများပျက်စီးကာ လယ်သမားများ၊ စိုက်ပျိုးသူတောင်သူများ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း ဝမ်နမ်ခိုကျေးရွာမှ ရွာသူကြီးတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် လယ်သမားများသည် လယ်စိုက်ပျိုးမှုများအတွက် ထုတ်ချေးထားသည့် စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့်အပြင် ကြွေးမြီများလည်း ထပ်မံတင်ရှိနေသေးကြောင်း၊ ဝမ်းစာအတွက်ပင်သိမ်းဆည်းရန် လက်ကျန်မရှိတော့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကျွဲနွားများသည်လည်း ရေရှားပါးမှုနှင့် မြက်များခြောက်သွေ့မှုများကြောင့် အစာရေစာငတ်မွတ်မှုနှင့် ကြုံတွေ့နေရ သည်ဟုဆိုသည်။

ပြည်နယ်မှတာဝန်ရှိသူများက အဆိုပါမိုးခေါင်ခြောက်သွေ့သည့် ကျေးရွာများမှ ပြည်သူများအတွက် ရေသန့်ဘူးများကို ပေးဝေလျက်ရှိကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးခေါင်ခြောက်သွေ့ကာ ရေရှားပါးမှုများ ဖြစ်ပေါ်နေသော်လည်း မြို့တော်ဘန်ကောက်နှင့်အနီးတစ်ဝိုက်ရှိ မြို့များ၊ နိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်မိုးသည်းထန်စွာရွာသွန်းလျက်ရှိသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

## အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း မူဂျီဂေးကြောင့် တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်ပြည်နယ်တွင် လူ ၁၉ ဦး သေဆုံး

တရုတ်နိုင်ငံ ဂွမ်ဒေါင်ပြည်နယ်တွင် ပြီးခဲ့သည့် အောက်တိုဘာလ ၇ ရက်နေ့ကအင်အားပြင်းတိုင်ဖွန်းမုန်တိုင်း မူဂျီဂေးဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၉ ဦး သေဆုံးခဲ့ရပြီး လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ သေဆုံးသူအရေအတွက်မှာ ထပ်တိုးလာနိုင်ဖွယ်ရာရှိကြောင်းဖြင့် ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်း မူဂျီဂေးသည် တော်နေဒိုးမုန်တိုင်းသဖွယ် တိုက်ခတ်လာသဖြင့် သေဆုံးသူအရေအတွက်တိုးလာရခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြေပြိုမှုများ၊ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သဖြင့်လည်း လူအသေအပျောက် များခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးများပြတ်တောက်ခဲ့ရာ လေကြောင်းလိုင်းများ၊ မီးရထားခရီးစဉ်များ ရပ်ဆိုင်းခဲ့ရကြောင်းဖြင့် သတင်းများက ဖော်ပြထားသည်။

ဂွမ်ဒေါင်ပြည်နယ်အစိုးရ၏ ထုတ်ဖော်ပြောကြားချက်များအရ ယွမ်ဘီလီယံပေါင်း ၂၃ ဒသမ ၂၄(အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆ ဘီလီယံခန့်) ဆုံးရှုံးခဲ့ရကြောင်း၊ ဂွမ်ဒေါင်ပြည်နယ်တောင်ပိုင်းဒေသများတွင် နေထိုင်ကြသည့် ပြည်သူ ၃ ဒသမ ၅သန်းကျော်မှာ မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ လယ်မြေဧက ဟက်တာပေါင်း ၂၈၂၇၀၀ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဂွမ်ဒေါင်ပြည်နယ်နှင့် ကပ်လျက်ရှိသည့် ကျန်စီပြည်နယ်တွင်လည်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၁ ဒသမ ၉ သန်းခန့်မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရကြောင်း၊ ထို့ပြင် နေအိမ်ပေါင်း ၄၁၇ လုံးပျက်စီးခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.39 Monday October 12 2015

# အမှန်တကယ်ထိန်းကျောင်းအုပ်ချုပ်နိုင်သည့် လူမျိုးတွေကိုသာ ဘောလုံးအကယ်ဒမီများတွင် ခန့်အပ်သင့်သည်ဟု ဂတ်ဆီဇီဆို

မြန်မာနိုင်ငံတွင်ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ဘောလုံးအကယ်ဒမီများတွင် အမှန်တကယ် ထိန်းကျောင်းအုပ်ချုပ်နိုင်သည့်သူများကိုသာ ခန့်အပ်ထား သင့်ကြောင်း မြန်မာယူ-၁၉လက်ရွေးစင်အသင်း၏ နည်းပြချုပ် မစ္စတာဂတ်ဆီဇီက အကြံပြုပြောကြားခဲ့သည်။

"ကျွန်တော့်အနေနဲ့ အကြံပြုချင်တာက မြန်မာဘောလုံးအကယ်ဒမီတွေမှာ အသင်းကို အမှန်တကယ် ထိန်းကျောင်းနိုင်တဲ့၊ Handle လုပ်နိုင်တဲ့ လူမျိုးတွေကိုသာ ခန့်အပ်သင့်တယ်လို့ ထင်ပါတယ်။ သူတို့ ဘောလုံးအခြေခံတွေကို ဘယ်လိုသင်ကြားခဲ့သလဲဆိုတာ နားမလည်နိုင်ပါဘူး။ ဒီအခြေခံတွေကအစ ကျွန်တော် လိုက်မသင်ပေးနိုင်ပါဘူး"ဟု မစ္စတာဂတ်ဆီဇီက ပြောကြားခဲ့ခြင်းဖြစ် သည်။



မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းကို မျိုးဆက်နှစ်ဆက်တိုင်ကိုင်တွယ်ခဲ့ပြီးဖြစ်သည့် ဂျာမန်နည်းပြ ဂတ်ဆီဇီသည် အောက်တိုဘာလ ၂ ရက်မှ ၈ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲတွင် အုပ်စုအဆင့်မှုထွက်ခဲ့ရပြီးနောက် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉အသင်းသည် ပြီးခဲ့သည့် အာရှယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြေစစ်ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရဘဲ အုပ်စုအဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး အုပ်စုအဆင့်တွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သဖြင့် ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် အုပ်စု(ဆ)တွင် ဘရူနိုင်း၊ တီမော၊ ဟောင်ကောင်၊ ဗီယက်နမ်တို့နှင့်အုပ်စုတစ်ခုတည်းတွင်ကျရောက်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်ခုနစ်မှတ် အုပ်စု ဒုတိယဖြင့် အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉အသင်းသည် ဘရူနိုင်းအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဟောင်ကောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တီမောအသင်းကို ဂိုးမရှိသရေကျခဲ့သဖြင့် ဗီယက်နမ်နှင့်အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရှုံးကန်ခဲ့ရခြင်းဖြစ်သည်။

ဗီယက်နမ်နှင့်ပွဲစဉ်တွင် မြန်မာယူ-၁၉အသင်းသည် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့်အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရခြင်းဖြစ်သည်။



# ပုသိမ်ဘောလုံးအကယ်ဒမီကို စပိန်ဘောလုံးနည်းပြများက လေ့ကျင့်ပေးမည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တည်ထောင်ဖွင့်လှစ်ထားသည့် ပုသိမ်ဘောလုံးအကယ်ဒမီတွင် တက်ရောက်သင်ကြားနေသည့် အကယ်ဒမီကျောင်းသားများအား စပိန်နိုင်ငံမှ ဘောလုံးနည်းပြများက လာရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ဧရာဝတီယူနိုက်တက်အသင်းနှင့် စပိန်နိုင်ငံမှ ကလပ်အသင်းတစ်သင်းဖြစ်သည့် ဗလင်စီယာအသင်းတို့သည် လူငယ်ကစားသမားများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့သည်။

ယင်းသဘောတူညီချက်များအရ ဗလင်စီယာဘောလုံးအသင်းနဲ့ လူငယ်ဘောလုံးသမားများ လေ့ကျင့်ရေးသင်တန်းကျောင်းများမှ စပိန်လူမျိုး ဘောလုံးနည်းပြများက ပုသိမ်ဘောလုံးအကယ်ဒမီသို့ လာရောက်သင်ကြားပေးရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စပိန်လူမျိုး ဘောလုံးနည်းပြတွေ ၂၀၁၆ခုနှစ် နှစ်လယ်လောက်မှာ ပုသိမ်ဘောလုံးအကယ်ဒမီကိုလာပြီး မြန်မာလူငယ်ဘောလုံးသမားတွေကို ဘောလုံးနဲ့ ပတ်သက်တဲ့နည်းစနစ်တွေကို သင်ကြားပေးမှာပါ။ သင်ကြားပေးတဲ့နေရာမှာ စာတွေ့ရော လက်တွေ့ပါ နှစ်မျိုးစလုံးသင်ကြားပေးမှာပါ"ဟု ဧရာဝတီယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင်ဗလင်စီယာ ဘောလုံးအသင်းအနေဖြင့်လည်း ပုသိမ်ဘောလုံးအကယ်ဒမီမှ အရည်အချင်းရှိသည့် လူငယ်ကစားသမားများကို ၎င်းတို့ဗလင်စီယာဘောလုံးအသင်း၏ လူငယ်အကယ်ဒမီ၊ ဘောလုံးအကယ်ဒမီများသို့ ခေါ်ယူ၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗလင်စီယာဘောလုံးအသင်းနှင့် ဧရာဝတီယူနိုက်တက်ဘောလုံးအသင်းတို့၏ လူငယ်လေ့ကျင့်ရေးစီမံကိန်းများ ပူးပေါင်းလုပ်ကိုင်မည်ဆိုသည့် သဘောတူညီချက်များအရ အနာဂတ်တွင် ဗလင်စီယာလူငယ်ဘောလုံးအသင်းနှင့် ဧရာဝတီယူနိုက်တက်လူငယ်ဘောလုံးအသင်းတို့သည် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားကြောင်းလည်း သိရသည်။

## ဗီယက်နမ်ဖိတ်ခေါ်ဖလားပြိုင်ပွဲ(VTB Cup 2015)သို့ ရတနာပုံအသင်းဝင်ရောက်ယှဉ်ပြိုင်မည်

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်မှကြီးမှူးကျင်းပမည့် ဗီယက်နမ်ဖိတ်ခေါ် ဖလားပြိုင်ပွဲ (VTB Cup 2015) ကို မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ အသင်းပေါင်းရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းရှစ်သင်းအနက် ပြည်ပမှရတနာပုံ အက်ဖ်စီ၊ ဂျပန်တက္ကသိုလ်လက်ရွေးစင်အသင်း၊ ကိုရီးယားတက္ကသိုလ်လက်ရွေးစင်အသင်း၊ ဘရာဇီးကလပ် ဘန်ဂူ-အက်တလက်တီကိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြည်တွင်းမှကလပ်အသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းကလပ်အသင်းလေးသင်းမှာ ဗီယက်နမ်လိဂ်မှ ထိပ်ဆုံးလေးသင်းဖြစ်သည့် Becamex Binh Duong အသင်း၊ ဟန်နွိုင်းတီအန်တီအသင်း၊ Thanh Hoa အသင်းနှင့် Quang Ninh အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၀၁၅ ဗီယက်နမ်ဖိတ် ခေါ်ဖလားပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် ၂၀၁၄ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဧရာဝတီယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

## မြန်မာယူ-၁၉အသင်း နောက်တန်းတွင် အားနည်းချက်များရှိနေသည်ဟု ဗီယက်နမ်နည်းပြ သုံးသပ်

အာရှချန်ပီယံရှစ် ယူ-၁၉ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်ရန် လက်တစ်ကမ်းအလိုမှာပင် ထွက်ခဲ့ရသည့် မြန်မာယူ-၁၉ အသင်း၏ နောက်တန်းတွင် အားနည်းချက်များ ရှိနေကြောင်း ဗီယက်နမ် ယူ-၁၉ အသင်း၏နည်းပြဟောင်အန်တွန်က ပြောကြားခဲ့သည်။

"မြန်မာ ယူ-၁၉အသင်းဟာ အသင်းကောင်းတစ်သင်းပါ။ ဒါပေမယ့် မြန်မာ ယူ-၁၉အသင်းနောက်တန်းမှာအားနည်း ချက်ရှိနေတယ်။ နောက်တန်း လေးယောက်စလုံးအမြဲတမ်းတစ်တန်းတည်း ကစားတယ်။ အဲဒီအားနည်းချက်ကို ပြိုင်ပွဲမတိုင်ခင်ကတည်းက လေ့လာခဲ့ပြီး အခွင့်ကောင်းယူကစားခဲ့တာကြောင့် အခုလိုအနိုင်ရရှိခဲ့တာပါ"ဟု ဗီယက်နမ်အသင်းနည်းပြချုပ် ဟောင်အန်တွန်က ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင်ဗီယက်နမ်အသင်းသည် ပြိုင်ဘက်မြန်မာအသင်း၏ နောက်တန်းအားနည်းချက်ကို အခွင့်ကောင်းယူကာ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဗီယက်နမ်အသင်းသည် လေးပွဲကစား လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီဖြစ်သည်။

ဗီယက်နမ်အသင်းသည် တီမောအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟောင်ကောင်အသင်းကို သုံးဂိုး-တစ်ဂိုး၊ဘရူနိုင်းအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

# မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမေရိကန်ဒေါ်လာ ခြောက်သန်း သုံးစွဲမည်

မြန်မာဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၁၆ဘောလုံးရာသီတွင် အသုံးစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ခြောက်သန်းအထိ သုံးစွဲသွားရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်း မြန်မာ့လက်ရွေးစင်အသင်းကြီးနှင့် သက်တမ်းအလိုက် လက်ရွေးစင်အသင်းများ၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအရပ်ရပ်နှင့် မြန်မာ့ဘောလုံးတိုးတက်ရေးကိစ္စရပ်များအတွက် အသုံးစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်သုံးစွဲခဲ့ကြောင်း သိရသည်။

"၂၀၁၁ ခုနှစ်ကနေ ၂၀၁၄ခုနှစ်အထိ လေးနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁၀ သန်းဝန်းကျင်လောက် သုံးစွဲခဲ့ပါတယ်။ ဒီနှစ်မှာ ဆူဇူကီးဖလားပြိုင်ပွဲလည်းရှိနေတဲ့အတွက် ဘတ်ဂျက်ကို ငါးသန်းခွဲနဲ့ ခြောက်သန်းနီးပါး



လောက်အထိ သုံးစွဲသွားဖို့ ရည်မှန်းထားပါတယ်။ဒါပေမယ့် ဒေါ်လာသုံးသန်းလောက် စပွန်ဆာရှာနိုင်ရန် ကျွန်တော်တို့ နှစ်သန်းကျော်လောက်ပဲ စိုက်ရမှာပါ။ စပွန်ဆာဆိုတာကလည်း ဒီအတိုင်းတောင်းလို့မရပါဘူး။ကိုယ်လုပ်တဲ့ပြိုင်ပွဲတွေရဲ့ အရည်အသွေးတွေလည်း မြင့်ဖို့လိုပါတယ်။ ဒါမှလည်း စပွန်ဆာကြေးတွေ၊ ရုပ်သံကြေးတွေ ပိုရလာနိုင်မှာပါ"ဟု ဦးဇော်ဇော်က ပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ Ooredoo၊ FBT၊ 100 Plus စသည့် ပြည်ပကုမ္ပဏီများက ပံ့ပိုး ကူညီထားပြီး တခြားပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများကလည်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများအား ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။

# ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီတို့အား တာဝန်မှ ရက်ပေါင်း ၉၀ ရပ်စဲ



ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)၏ ကိုယ့်ကျင့်တရား ထိန်းသိမ်းရေးကော်မတီသည် ဖီဖာ၏ဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)ဥက္ကဋ္ဌ မီချယ်ပလာတီနီတို့အား တာဝန်မှ ရက်ပေါင်း ၉၀ ရပ်စဲလိုက်ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

အသက် (၇၉)နှစ်ရှိပြီဖြစ်သည့် ဘလတ္တာသည် ၂၀၁၁ ခုနှစ်အတွင်းက ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီထံသို့ ပေါင် ၁ ဒသမ ၃၅သန်းပေးချေခဲ့ရာ ယင်းပေးချေမှုသည် ၎င်းတို့နှစ်ဦးကြား ရိုးသားမှုမရှိသော၊ သာမန်ငွေပေးငွေယူမဟုတ်သော ပေးချေမှုဖြစ်သည်ဟု အဆိုပါကော်မတီက ယူဆသည့်အတွက် ယခုကဲ့သို့ တာဝန်မှ ယာယီရပ်စဲလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ဘလတ္တာနှင့် ပလာတီနီတို့သည် ဖီဖာ၏ခြစားမှုဖြစ်ရပ်တွင် ပါဝင် ပတ်သက်နေသည့် ထူးခြားသောဖြစ်ရပ်များရှိနေသည်ဟု ယူဆကာစုံစမ်းလျက်ရှိသည်ဟု ဆိုသည်။

ထို့ပြင် ဘလတ္တာသည် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ မူပိုင်ခွင့်များအတွက်၎င်း၏မိတ်ဆွေဖြစ်သည့် ဂျက်ဝါနာကို ဈေးပေါပေါဖြင့် ပေးအပ်ခဲ့ရာ ဂျက်ဝါနာက ပြန်လည်ရောင်းချခဲ့သည်။ ယင်းရောင်းချမှုမှ ပေါင်၁၁သန်းအမြတ်အစွန်း ရရှိခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍လည်း ဘလတ္တာအား ဖီဖာ ကိုယ်ကျင့်တရား ထိန်းသိမ်းရေးကော်မတီမှ စစ်ဆေးလျက်ရှိသည်ဟုဆိုသည်။

၎င်းတို့နှစ်ဦးအား ရက်ပေါင်း ၉၀ တာဝန်မှ ရပ်စဲလိုက်သဖြင့် လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရတော့မည် မဟုတ်ပေ။

ယင်းသို့ တာဝန်မှရပ်စဲလိုက်သည့်အတွက် ဘလတ္တာ၏ဖီဖာတွင် ၁၇နှစ်ကြာ အုပ်ချုပ်ခဲ့သည့် သက်တမ်းအရှည်ဆုံးဖီဖာဥက္ကဋ္ဌ မှတ်တမ်းသည်လည်း တစ်ခန်းရပ်တော့မည်ဖြစ်သည်။

ထို့ပြင် ယူအီးအက်ဖ်အေဥက္ကဋ္ဌ မီချယ်ပလာတီနီသည်လည်း ဥရောပဘောလုံးရပ်ဝန်းတွင် ရှစ်နှစ်ကြာ စိုးမိုးထားမှုများသည်လည်း ရပ်တန့်တော့မည်ဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ ရွေးချယ်ပွဲကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသည့် မီချယ်ပလာတီနီအနေဖြင့် ဖီဖာဥက္ကဋ္ဌဖြစ်ရန် ရည်မှန်းထားသည်များ ပျက်ပြယ်ခဲ့ရပြီဖြစ်သည်။

"တကယ့်ကို ခက်ခဲနေတဲ့အခြေအနေပါ။ ဒါဟာကမ္ဘာ့ဘောလုံးလောကကို ကိုင်လှုပ်လိုက်တဲ့ သတင်းဆိုးကြီးပါ။ ပထမအဆင့်မှာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေက ဆုံးဖြတ်ချက်ချပါလိမ့်မယ်။ ဒုတိယအဆင့်မှာတော့ တရားစွဲဆိုဖို့ အထိပြုလုပ်ကြမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကြောင့် ဘလတ္တာဟာ အဝေးကိုလွင့် သွားရတော့မှာပါ။ သူရဲ့ပါဝါတွေလည်း အားလုံးကြက်ပျောက် ငှက်ပျောက် ဖြစ်ကုန်ပါပြီ"ဟု ဆွစ်လူမျိုး လူမှုဆက်ဆံရေးမှူး ကလော့စ်ရှော့တ်ကာက ပြောကြားခဲ့သည်။

ဖီဖာဒုတိယဥက္ကဋ္ဌဖြစ်သူ ဟွန်ဒိုင်းစီးပွားရေးလုပ်ငန်းစုမှ ဘီလျံနာတစ်ဦးဖြစ်သူ ချောင်မြောင်ယွန်းက "ဖီဖာဟာ ရှက်စရာကောင်းတဲ့ အဖွဲ့ကြီးတစ်ဖွဲ့ဖြစ်နေပါပြီ။ ကျွန်တော် ဖီဖာမှာ ၁၇ နှစ်လောက် ဒုတိယဥက္ကဋ္ဌအဖြစ်နဲ့တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တကယ့်ကို မိုက်မဲတဲ့ဖြစ်ရပ်ပါ။ ကျွန်တော်ဟာ သာမန် လူသားတစ်ယောက်ပါ။ ဖီဖာရဲ့ ဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေကို ဘယ်လောက်အထိ လေးစားလိုက်နာသလဲဆိုတာအားလုံးအသိပါ။ အာရှတိုက်ရဲ့ အသိဉာဏ်အဆင့်နဲ့ဆိုရင် ဒီလိုကိစ္စမျိုးကို ဘယ်လိုပြောရမလဲဆိုတာမသိတော့ပါဘူး"ဟု ပြောကြားခဲ့သည်။



# ဒေါ့မွန်အသင်းမန်နေဂျာ ဂျာဂင်ကလော့ပ်ကို တစ်ရာသီလျှင် ပေါင် ၆သန်းဖြင့် လီဗာပူးအသင်း သုံးနှစ်စာချုပ် ချုပ်ဆို

လီဗာပူးအသင်းသည် ဂျာမန်ဘွန် ဒက်စ်လီဂါလိဂ်ပြိုင်ပွဲမှ ဒေါ့မွန်အသင်း၏ မန်နေဂျာဂျာဂင်ကလော့ပ်ကို အသင်း၏မန်နေဂျာအဖြစ် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခန့်အပ်လိုက်ပြီဖြစ်သည်။ လီဗာပူးအသင်းသည် ဂျာဂင်ကလော့ပ်ကို တစ်ရာသီလျှင် လစာ ပေါင် ၆သန်းနှုန်းဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပွဲစဉ်ရှစ်ပွဲ ကစားပြီးချိန်တွင် သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားပြီး ဇယားတိုင်၏အဆင့် (၁၀)နေရာတွင် ရောက်ရှိနေသည်။ ပြီးခဲ့သည့် အဲဗာတန်နှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေကျခဲ့သဖြင့် မန်နေဂျာဖြစ်သူ ဘရန်ဒန်ရော်ဂျာကိုထုတ်ပယ်ခဲ့ပြီး ဂျာဂင်ကလော့ပ်ကို ခန့် အပ်ရန် ကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်။

ဒေါ့မွန်အသင်း၏ မန်နေဂျာဖြစ်သူ ကလော့ပ်သည် ဒေါ့မွန်အသင်းအားကိုင်တွယ်စဉ် ပထမဘောလုံးရာသီတွင် ဇယားတိုင်၏အောက်ဆုံးကို ရောက်ရှိနေပြီး ဒုတိယဘောလုံးရာသီတွင်မူ ဒေါ့မွန်အသင်းအား အကောင်းဆုံးဖြစ်အောင် တည်ဆောက်ခဲ့ပြီး ရာသီသိမ်းချိန်တွင် ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သလို ယူရိုပါလိဂ်ဝင်ခွင့်ရရှိခဲ့သည်အထိ စွမ်းဆောင်ပေးနိုင်ခဲ့သည်။

# ဆင်းရဲသည့်မိခင်ကို ငွေကြေးကူညီနိုင်ရန် ဗြိတိသျှမာစတာ အိုးပင်းပြိုင်ပွဲတွင် အနိုင်ရချင်သည်ဟု အီယန်ပေါ်လ်တာဆို



အင်္ဂလန်နိုင်ငံသား အီယန်ပေါ်လ်တာက ယခုကျင်းပမည့် ဗြိတိသျှအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲလိုကြောင်း၊ ယင်းသို့ အနိုင်ရလိုခြင်းမှာ ဆင်းရဲသည့်မိခင်ဖြစ်သူကို ငွေကြေးဖြင့် ကူညီလို၍ဖြစ်ကြောင်း ဒေးလီးမေးသို့ ပြောကြားခဲ့သည်။

အီယန်ပေါ်လ်တာ၏ မိခင်ဖြစ်သူ သာရီဆာသည် သွေးကြောများ ရောင်ယမ်းသည့်ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေရသည်။

"ကျွန်တော် ဒီကပြီးရင် ဆေးရုံကို သွားရပါဦးမယ်။ အမေ့ကိုလည်း ဒီရောဂါကနေ သက်သာစေချင်ပါတယ်။ ငွေများများ ရှိမှဖြစ်မှာပါ။ ဒါကြောင့် ကျွန်တော် ဒီပွဲမှာ အနိုင်ရချင်တာပါ။ ကျွန်တော်ပြိုင်ပွဲတွေကနေ ဝေးကွာနေပြီး ဖလားလက်မဲ့ဖြစ်နေတာ ကြာခဲ့ပါပြီ။ ကျွန်တော့်ဒဏ်ရာကြောင့်လည်း ကျွန်တော်ပြိုင်ပွဲမဝင်ဖြစ်ခဲ့တာပါ။ ဒါပေမယ့် ကျွန်တော်ဒီပွဲမှာ အနိုင်ရရှိမယ်လို့ ယုံကြည်ပါတယ်"ဟု ပေါ်လ်တာက ပြောကြားခဲ့သည်။

အီယန်ပေါ်လ်တာသည် ၂၀၁၂ခုနှစ်ကတည်းက ပြိုင်ပွဲများနှင့်ဝေးကွာနေခဲ့ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း အဆင့် ၄၂သို့ ကျဆင်းသွားခဲ့သည်။၎င်းသည် ၂၀၁၀ခုနှစ်က ကမ္ဘာ့အဆင့်ငါးတွင်ရှိနေခဲ့သူတစ်ဦးဖြစ်သည်။

ဗြိတိသျှ မာစတာအိုးပင်းဂေါက်သီးပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ၊ ဝူဘန်မြို့တွင် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးပေါင်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ပြီး ဆုဖလားရရှိသူသည် ပေါင် ၁ ဒသမ ၁၅သန်းရရှိမည်ဖြစ်သည်။ ဒုတိယရရှိပါက ပေါင် ၆၅၃၀၀၀ ရရှိမည်ဖြစ်ပြီး တတိယရရှိပါက ပေါင် ၄၂၀၀၀၀ ရရှိမည်ဖြစ်သည်။

# ရီအိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည့်ကွင်းအတွင်းမှ မိကျောင်းကြီးတစ်ကောင်ထွက်လာ

ဘရာဇီးနိုင်ငံ၊ ရီအိုဒီဂျနေးရိုးမြို့တွင်ကျင်းပမည့် ၂၀၁၆ခုနှစ်အိုလံပစ်ပြိုင်ပွဲ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည့် ကွင်းအတွင်းမှ မိကျောင်းကြီးတစ်ကောင်ထွက်လာပြီး အဆိုပါဂေါက်ကွင်းအနီးရှိ မြစ်အတွင်းသို့ ဆင်းသွားကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမိကျောင်းကြီးသည် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည့် ကွင်းအနီးရှိ တောအုပ်အတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ဂေါက်ကွင်းကိုဖြတ်ကာ မြစ်အတွင်းသို့ ဆင်းသွားခြင်းဖြစ်သည်ဟု ဆိုသည်။

မိကျောင်းကြီး ရောက်ရှိလာသည့် မြင်ကွင်းကို ဂေါက်ကွင်းအတွင်း မြက်ရိတ်နေသည့် အလုပ်သမားများက တွေ့မြင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါမြင်ကွင်းကို အလုပ်သမားများက ဂေါက်ကွင်းကြီးကြပ်ရေးမှူး နေးလ်ကလေးဗားလေးထံသို့အကြောင်းကြားခဲ့ရာ နေးလ်က မယုံကြည်ကြောင်း ပြောကြားခဲ့သည်။

သို့သော် အဆိုပါအလုပ်သမားက ၎င်းရိုက်ကူးထားသည့် ဗီဒီယိုဖိုင်ကို ၎င်း၏တွစ်တာအကောင့်ပေါ်သို့ တင်ခဲ့သဖြင့် အုတ်အော်သောင်းနင်းဖြစ်ခဲ့ရသည်။ အဆိုပါ ဂေါက်ကွင်းသည် ပထမဦးဆုံး အိုလံပစ်ပြိုင်ပွဲကျင်းပရာ ဂေါက်ကွင်းဖြစ်ပြီး ဂေါက်ကွင်းကို အကြီးစားပြင်ဆင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသည်။

သို့သော် အဆိုပါဂေါက်ကွင်း၏ အချို့သောနေရာများတွင် သဲကွင်းများနှင့်အတူ ထူထပ်သောခြုံပုတ်များရှိနေခြင်းကြောင့် သားရဲတိရစ္ဆာန်များခိုအောင်းနေနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ ဒါရိုက်တာ အန်သိုနီ စကင်လွန်က ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်းက ကျင်းပခဲ့သည့်အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲတစ်ပွဲတွင်လည်း ဂေါက်ကွင်းအတွင်းသို့ မိကျောင်းကြီးတစ်ကောင် ရောက်ရှိလာသည်ကို ကိုယ်တွေ့ကြုံဖူးကြောင်းအန်သိုနီက ပြောကြားခဲ့သည်။

ဂေါက်ကွင်းအတွင်း မိကျောင်းဝင်ရောက်နိုင်သည့် အန္တရာယ်ကြောင့် ရီအို ၂၀၁၆ အိုလံပစ်ပြိုင်ပွဲသို့ လာရောက်ကြမည့် အားကစားသမားများနှင့်ပရိသတ်များ၏ လုံခြုံရေးအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်းဖြင့် ၎င်းက ထပ်မံပြောကြားခဲ့သည်။



# ၂၁ ရာစုအတွက် စွန့်ဦးတီထွင်လုပ်ငန်း



|မောင်မောင်မြင့်သိန်း|
(စက်မှုတက္ကသိုလ်)

စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ လုပ်ငန်းစဉ်၏ အသည်းနှလုံးတွင် တည်ထောင်သူရှိသည်။ ထိုသူသည် အခွင့်အလမ်းရှာဖွေသူဖြစ်သည်။ ဖန်တီးသူနှင့်ကနဦးအစပျိုးသူလည်းဖြစ်သည်။ ခေါင်းဆောင်သူလည်းဖြစ်သည်။ ပြဿနာဖြေရှင်းသူနှင့်စိတ်ဓာတ်မြှင့်တင်ပေးသူလည်းဖြစ်သည်။ လုပ်ငန်းတာဝန်အတွက် မဟာဗျူဟာဖော်ဆောင်သူလည်းဖြစ်သည်။ စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းတာဝန်၊ တန်ဖိုးများနှင့်ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်သူလည်းဖြစ်သည်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်စိတ်ဖြင့် စဉ်းစားတွေးခေါ် ဆောင်ရွက်သော ခေါင်းဆောင်တစ်ဦးသည် အစဉ်အလာ စီးပွားရေးလုပ်ငန်းရှင်နှင့်သိသာသော ကွာခြားမှုရှိသည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် အခွင့်အလမ်းများကို ဖန်တီးပြီး အသိအမှတ်ပြုကြသည်။ သူတို့သည် အခွင့်အလမ်းများကို အမိအရ ရယူပြီးပိုမိုအလားအလာရှိသော လုပ်ငန်းများကို ပုံသွင်းကြသည်။ ယင်းလုပ်ငန်းများကို ကွဲပြားခြားနားစွာ စဉ်းစားတွေးခေါ်ပြီး ဆောင်ရွက်ကြသည်။ သူတို့သည် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ နယ်ပယ်တစ်ခုတွင် လုပ်ငန်းဆောင်ရွက်ကြသည်။ ယင်းနယ်ပယ်သည် မောင်းနှင်အားများဖြင့် လွှမ်းမိုးပြီး သေချာသော ဆောင်ရွက်မှုနည်းလမ်းများနှင့်စီမံအုပ်ချုပ်သော နေရာဖြစ်သည်။ တစ်ဖန်ကျင့်ဝတ်များ (ethics) သည် စွန့်ဦးတီထွင်လုပ်ငန်းတွင် အလွန်အရေးပါလှသည်။ ကြိုတင်ခန့်မှန်း၍ အလွန်အမင်းခက်ခဲသော အခြေအနေများတွင် “အစဉ်အမြဲအမှန်ကို ပြောပါ” (Always tell the truth)ကဲ့သို့သော ရိုးစင်းသည့် ဖော်ပြချက်မျဉ်းကို အသုံးပြု၍ ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်း၍ မရနိုင်ချေ။ သို့ဖြစ်ရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးသည် ထိရောက်သော၊ ဂုဏ်သိက္ခာရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာကို နားလည်ပြီး အကောင်အထည်ဖော်တတ်ဖို့ အရေးကြီးသည်။

၂၀၀၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုပြင်ပ လူသန်းပေါင်း ၉၀၀ ကျော်ရှိသော ကမ္ဘာပေါ်၌ အင်တာနက် အသုံးပြုသူ ၁ ဒသမ ၁ ဘီလီယံရှိခဲ့သည်။ အိုက်စလန်ကဲ့သို့ နိုင်ငံငယ်ကလေးမှာပင် နေအိမ်စုစုပေါင်း၏ ၈၆ ရာခိုင်နှုန်းသည် အင်တာနက်နှင့်ချိတ်ဆက်ထားသည်။ အမေရိကန်ပြည်ထောင်စုတွင် i Pod တစ်လုံးကို ရှစ်စက္ကန့်တိုင်းရောင်းချနေရသည်။ စွန့်ဦးတီထွင်လုပ်ငန်းနှင့်အင်တာနက်သည် လျင်မြန်သောခြေလှမ်းဖြင့် ကမ္ဘာကြီးကိုပြားအောင် ဆက်လက်လုပ်ဆောင်နေရာ ကမ္ဘာကြီးသည် ဆက်သွယ်မှုမြန်ဆန် သောရွာကြီးတစ်ရွာဖြစ်လာသည်မှာအမှန်ပင်။

စွန့်ဦးတီထွင်လုပ်ငန်းသည် အိန္ဒိယ၊ တရုတ်နှင့်ယခင်ဆိုဗီယက်အုပ်စုကဲ့သို့သော နိုင်ငံများတွင် တိုးတက်ဖြစ်ပေါ်လာရာ ယင်းသည် ကိုရီးယား၊ မက္ကဆီကို၊ တောင်အာဖရိကနှင့်အိုင်ယာလန်ကဲ့သို့သော နိုင်ငံများတွင် အပြုသဘောဆောင်သော လူမှုရေးနှင့်စီးပွားရေး ပြောင်းလဲမှုသို့ သက်ရောက်ခဲ့သည်။ အမေရိက၏ စွန့်ဦးတီထွင်လုပ်ငန်းတော်လှန်ရေးသည် ကမ္ဘာအနှံ့အပြားရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရေးဆိုင်ရာပညာရှင်များနှင့်မူဝါဒရေးဆွဲသူများအတွက် စံပြသဖွယ်ဖြစ်ခဲ့သည်။ အမေရိကမှစတင်ခဲ့သော စွန့်ဦးတီထွင်လုပ်ငန်းသည် ယခုအခါတွင် ကမ္ဘာအနှံ့အပြားသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ထို၍သို့ဖြင့် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ တော်လှန်ရေးသည် အသွင်ပြောင်းလာခဲ့ပြီး ကမ္ဘာကြီးကိုလည်း ဆက်လက်၍ အသွင်ပြောင်းစေလိမ့်မည်ဖြစ်သည်။ ကမ္ဘာတစ်လွှားရှိ လူငယ်များသည် စွန့်ဦးတီထွင်လုပ်ငန်း၏ အကျိုးသက်ရောက်မှုကို နှစ်သက်လေးစားခဲ့ကြသည်။

လွန်ခဲ့သော အနှစ် ၄၀ အတွင်းစွန့်ဦးတီထွင်မှုဆိုင်ရာ အသွင်ပြောင်းမှု လေးခုဖြစ်ပေါ်လာခဲ့သည်။

(၁) စွန့်ဦးတီထွင်လုပ်ငန်းသည် စီမံခန့်ခွဲမှု ပါရာဒိုင်းအသစ်တစ်ခုဖြစ်သည်။ ရှင်သန်ထက်မြက်သော၊ ပိုမိုအလားအလာရှိသော၊ ဆန်းသစ် ဖြစ်ပေါ်လာသော အဖွဲ့အစည်းများတွင် တွေ့မြင်နေကျဖြစ်သော စွန့်ဦးတီထွင်ဆိုင်ရာ အတွေးအခေါ်နှင့်ကျိုးကြောင်းဆင်ခြင်ခြင်း သည် ယခုအခါ အမေရိကန် ကော်ပိုရေးရှင်းများ၏ မဟာဗျူဟာများ နှင့်အလေ့အထများဖြစ်လာခဲ့သည်။

(၂) စွန့်ဦးတီထွင်လုပ်ငန်းသည် လေ့လာမှုနှင့်သင်ကြားခြင်းအတွက် ပညာရေးပါရာဒိုင်းအသစ်တစ်ခုကို အရေအတွက်များများထုတ်လုပ် လာခဲ့သည်။

(၃) စွန့်ဦးတီထွင်လုပ်ငန်းသည် အကျိုးအမြတ်မယူသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လူမှုရေးလုပ်ငန်းများနယ်ပယ်တွင် ကြီးစိုးလွှမ်းမိုးလာသော စီမံခန့်ခွဲမှုစံပြပုံစံ ဖြစ်လာသည်။

(၄) စွန့်ဦးတီထွင်လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းကျောင်းများတွင် လျင်မြန်စွာ သက်ရောက်မှုရှိနေသည်။ အင်ဂျင်နီယာပညာရပ်၊ သက်ရှိသိပ္ပံပညာရပ်များ၊ ဗိသုကာပညာ၊ ဆေးပညာ၊ တေးဂီတ၊ လစ်ဘရယ်အနုပညာတို့သည် ပညာရေးဆိုင်ရာ နယ်ပယ်သစ်များ ဖြစ်လာပြီး ယင်းနယ်ပယ်များသည် ယင်းတို့၏ သင်ရိုးညွှန်းတမ်းတွင် စွန့်ဦးတီထွင်လုပ်ငန်းများကို လက်ခံလာကြသည်။ စူးစမ်းလေ့လာနေကြသည်။

## စွန့်ဦးတီထွင်လုပ်ငန်းတည်းဟူသော စီမံခန့်ခွဲမှုပါရာဒိုင်းအသစ်

၁၉၇၀ နှောင်းပိုင်း ကာလတိုင်အောင် သုတေသနနှင့်အကြောင်းအရာတစ်ခုချင်းအလိုက် လေ့လာမှု (Case study) ဖွံ့ဖြိုးမှုပင်မရေစီးကြောင်းအားလုံးသည် ကုမ္ပဏီကြီးများတွင် ရှိနေခဲ့သည်။ ဆန်းသစ်ပြီး ပိုမိုသေးငယ်သောလုပ်ငန်းများသည် လျစ်လျူရှုခြင်းခံခဲ့ရသည်။ ယင်းကုမ္ပဏီကြီးများတွင် ထက်အောက်အုပ်ချုပ်ရေးစနစ်၊ ဗဟို ချုပ်ကိုင်မှုစနစ်၊ စစ်တပ်ပုံစံအုပ်ချုပ်ရေးနည်းများနှင့်စီမံခန့်ခွဲခဲ့ကြသည်။ သုတေသနအသစ်က ယင်းတို့ကိုလှစ်ဟဖော်ပြလိုက်သဖြင့် လုံးဝပြောင်းလဲသွားသော နည်းလမ်းများဖြစ်ပေါ်လာသည်။ အလျားလိုက်ပုံစံအဖွဲ့အစည်းများ (Flat Organizations) ဖြစ်ပေါ်လာသည်။ ဆိုလိုသည်မှာ ယင်းအဖွဲ့အစည်းများတွင် အဖွဲ့အစည်းပုံစံဇယားများ မရှိတော့ချေ။ အသေးစိတ်ကျသော လုပ်ငန်းဆောင်ရွက်မှု လက်စွဲများ (Operation manuals) မရှိတော့ချေ။ ဆန်းသစ်ဖန်တီးမှုများရှိလာသည်။ ပြောင်းလဲမှုသည် ဗရမ်းဗတာမဖြစ်ဘဲ သက်တောင့်သက်သာရှိလာသည်။ အသင်းအဖွဲ့နှင့်ဆောင်ရွက်သော ကြိုးပမ်းမှုများကို တွေ့မြင်လာရသည်။ အညီအမျှမက်လုံးပေးမှုများအပေါ် အခြေခံသော ထူးခြားသော စွမ်းဆောင်မှုတွေရှိလာသည်။ အများဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်ချခြင်းရှိလာခဲ့သည်။ သုတေသီများသည် ကော်ပိုရိတ်ယဉ်ကျေးမှုနှင့် တန်ဖိုးစနစ်များကိုလည်း တွေ့ရှိခဲ့သည်။ ယင်းစနစ်များတွင် လူများ၊ ဂုဏ်သိက္ခာ၊ ရိုးသားမှုနှင့်ကျင့်ဝတ်များ၊ တစ်ဦးတစ်ယောက်၏ ပတ်ဝန်းကျင်နှင့်အသိုက်အမြုံတွင် တာဝန်ယူလိုစိတ်အမြင်များကို တွေ့ရှိလာခဲ့သည်။ တစ်ဖန်မျှတသော ဆောင်ရွက်မှုများကိုလည်း တွေ့မြင်နေကျဖြစ်လာသည်။ ကုမ္ပဏီများသည် ကိုယ်ထူကိုယ်ထပြန်လည်တီထွင်ရန် ကြိုးစားနေကြသည်။ စွန့်ဦးတီထွင်ဆိုင်ရာ အယူအဆများ၊ အသွင်အပြင်လက္ခဏာများနှင့်သဘောတရားများဖြင့် ကမ္ဘာအနှံ့တွင် ယှဉ်ပြိုင်ရန်ကြိုးစားလာကြသည်။ ဤတွင်စွန့်ဦးတီထွင်မှုဆိုင်ရာ ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုကို အသုံးပြုလာကြသည်။ ယင်းစီးပွားရေးလုပ်ငန်းသစ်များနှင့်အယူအဆများကို ဖော်ပြရန် အဓိကစကားလုံးများ အသုံးပြုရန် စဉ်းစားလာကြသည်။ အလျားလိုက်ဆက်ဆံမှုရှိသော၊ လျင်မြန်သော၊ ပြောင်းလွယ်ပြင်လွယ်သော၊ ဆန်းသစ်ဖန်တီးမှုနှင့်ဆောင်ရွက်သော၊ သဘောတရားအခြေခံသော စီမံခန့်ခွဲမှု၊ တန်ဖိုးများအခြေခံသော စီမံခန့်ခွဲမှု၊ အခွင့်အလမ်းနှင့်ဖောက်သည်ကို အာရုံစိုက်သော အရင်းအမြစ်ကို အခြေခံသော ပြောင်းလဲမှုနှင့်စီမံခန့်ခွဲသော လူနှင့်အသင်းအဖွဲ့ ကို အခြေခံသော စီမံခန့်ခွဲမှုတို့ဖြစ်သည်။

သတိထားစရာကောင်းသော ဥပမာတစ်ခုမှာ အမေရိကန်ရှိ ထိပ်တန်းစီးပွားရေးကျောင်းများတွင် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ဘာသာရပ်များပါဝင်လာသည်။ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းကာလတွင် ဟားဗတ်တက္ကသိုလ်၌ MBA (အမ်ဘီအေ) သင်တန်းအားလုံးတွင် လိုအပ်သောသင်တန်းဘာသာရပ်အဖြစ် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုစတင်ပါဝင်ခဲ့သည်။ စွန့်ဦးတီထွင်လုပ်ငန်းနှင့် ဆန်းသစ်ဖန်တီးမှု၏ အရေးပါမှုသည် အနာဂတ်စီးပွားရေးခေါင်းဆောင်တစ်ဦး၏ ပညာရေးဆိုင်ရာ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအနေဖြင့် အစိုးရကောလိပ်များက သိမြင်လာကြပြီဖြစ်သည်။ စီးပွားရေးကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် စွန့်ဦးတီထွင်လုပ်ငန်းနှင့်ဆက်နွယ်နေသော အကြောင်းအရာများဖြစ်သည့် အရင်းအနှီး ဘဏ္ဍာရေးဘာသာရပ်မှသည် မားကက်တင်းနှင့် သတင်းအချက်အလက်နည်းပညာအထိ ပါဝင်လာခဲ့သည်။ ယင်းတို့မှဖြစ်ပေါ်လာသော သင်တန်းများသည် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ရှုထောင့်ကို အာရုံစိုက်လာကြသည်။ ဒေါက်တာဘွဲ့ယူသော ကျောင်းသားများသည် သုတေသနပြုမှု၊ အချက်အလက်ဖွံ့ဖြိုးမှု၊ သီအိုရီတည်ဆောက်မှုနှင့်စမ်းစသည့်လုပ်ငန်းများကို တိုးတက်ဆောင်ရွက်လာသည်။

## စွန့်ဦးတီထွင်မှုလုပ်ငန်းတည်းဟူသော ပညာရေးပါရာဒိုင်းအသစ်

စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ ဘာကိုလေ့လာသလဲ။ ဘယ်လိုလေ့လာသလဲဆိုသော အသွင်ပြောင်းခြင်းနှင့်ပတ်သက်ရန် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ပညာရေးသည် ပညာပေးခြင်း၊ သင်ကြားခြင်း၊ လေ့လာခြင်း ပါရာဒိုင်းအသစ်ကို ဖန်တီးခဲ့သည်။ ယင်းသည် ကျောင်းသားများ ဘာကိုလေ့လာသလဲ။ ဘယ်လိုလေ့လာသလဲဆိုသည့်အချက်ကို အသွင်ပြောင်းလိုက်သည်။ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ပညာရှင်များမည်သို့ ကွဲပြားစွာလေ့လာသည်ကို ဖော်ပြသည်။ ယင်းတို့၏ လေ့လာခြင်းနှင့်သင်ကြားခြင်းဆိုင်ရာ အခြေခံကျသော အတွေးအခေါ်များနှင့်ယုံကြည်မှုများ၊ ကျောင်းသားများအပေါ် ရှေးရှုသော သူတို့၏သဘောထားအမြင်များသည် ယခင်ကအခြေအနေများနှင့်သိသိသာသာကွဲပြားခြားနားလှသည်။ စွန့်ဦးတီထွင်မှုလုပ်ငန်းဆိုင်ရာ ပညာရှင်များသည် ပညာကိုအာရုံစိုက်သော ပညာရှင်များနှင့်မတူချေ။ သူတို့သည် ကျောင်းသားနှင့်အခွင့်အလမ်းကို အာရုံစိုက်သည်။ သူတို့သည် ဦးနှောက်၊ စာကြည့်တိုက်နှင့် Google မှရရှိသော ပညာရှင်၏ အသိပညာ၊ ဉာဏ်ပညာနှင့်ကျွမ်းကျင်မှုတို့ကို မယုံကြည်ကြချေ။ သူတို့သည် သမားရိုးကျပို့ချမှု သင်ခန်းစာသင်ကြားခြင်းပုံစံကို ဆန့်ကျင်ကြသည်။ ကိုယ့်ကိုကိုယ် ဆန်းစစ်သုံးသပ်ခြင်း၊ ကိုယ့်ကိုယ်ကို ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောင်းသားများ၏ စွမ်းရည်ပေါ်တွင် ပိုမိုယုံကြည်ကြသည်။ ထို့ပြင် တစ်ဦးချင်းပင် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ မဟာဗျူဟာသိမြင်မှုကို ပိုမိုယုံကြည်ကြသည်။

ကျောင်းသားများကို တည်ထောင်သူများကဲ့သို့ မစဉ်းစားစေဘဲ အသင်းအဖွဲ့အနေဖြင့် စဉ်းစားစေချင်ကြသည်။ ဝင်ငွေနှင့်ကုန်ကျစရိတ်၊ အရောင်းဖြန့်ချိရေး၊ ဈေးကွက်ရှာဖွေမှု၊ ငွေရေးကြေးရေးဆိုင်ရာ လိုအပ်ချက်များ၊ ယှဉ်ပြိုင်ခြင်းတို့တွင် တစ်ဦးချင်းထက်စာလျှင် ကျယ်ပြန့်သောလူများ မဟာမိတ်ဖွဲ့ ပေါင်းစည်းခြင်းက ပိုကောင်းကြောင်း ကျောင်းသားများကို သိစေသည်။ ပါရာဒိုင်းအသစ်၏ အချက်အချာကျသော အစိတ်အပိုင်းမှာ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ပညာရပ်၊ သင်တန်းများနှင့်သင်ရိုးညွှန်းတမ်း၏ ပြည့်စုံကောင်းမွန်မှုနှင့်ဖန်တီးနိုင်မှုဖြစ်သည်။ ယင်းပါရာဒိုင်းအသစ်၏ နောက်ထပ်အရေးကြီးသောအချက်မှာ သင်တန်းများနှင့်သင်ရိုးညွှန်းတမ်းများစွာကိုပေါင်းစည်းပြီး စုံလင်လှသော သဘာဝပင်ဖြစ်သည်။ ပိုမိုချိန်ညှိထားသော ချဉ်းကပ်နည်းကလည်း သင့်လျော်လှသည်။

ယနေ့ကမ္ဘာအနှံ့တွင် အံ့ဩဖွယ်ကောင်းသော သင်ရိုးညွှန်းတမ်းဆန်းသစ်ဖန်တီးမှုများသည် စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ပညာရေးပုံစံနှင့်အတွေးအခေါ်အတွက် မောင်းနှင်အားများဖြစ်သည်။

## မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး၌ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ က " ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း" ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်းကာလမှာ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၂ ရက် အထိ ၃ ရက် ကြာခဲ့ကြောင်း သိရှိရပါတယ်။ ၎င်းသင်တန်း၌ ညွှန်ကြားရေး မှူး ဦးခင်ဇော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေဆန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာသိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်နိုင်၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဇော်ဦးတို့က ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းဥပဒေ၊ ဆောင်ရွက်သွားရမည့် အစီအစဉ်၊ လုပ်ငန်းလုပ်ဆောင်ရာတွင် ဆောင်ရွက်ရမည့်အဆင့်ဆင့်စသည်တို့ကို သင်တန်းဆရာများကိုယ်တိုင် အပတ်တကုတ် ရှာဖွေလေ့လာဆည်းပူး သင်ကြားခဲ့ကြရသည့် ကိုယ့်အတွေ့အကြုံများကို ဆရာစားမချန် အိတ်သွန်ဖာမှောက် ဦးနှောက်ဖောက်၍ အပင်ပန်းခံကာ သင်ကြားပေးခဲ့ကြပါတယ်။ တက်ရောက်လာသူများကလည်း အတတ်နိုင်ဆုံး ကြိုးစားသင်ယူလေ့လာခဲ့ကြတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ သင်တန်း နောက်ဆုံးနေ့မှာ သင်တန်းသားများကို အစုအဖွဲ့ လေးစုဖွဲ့၍ " စားသုံးသူ အကာအကွယ်ပေးရေး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ" " မြန်မာ့ထွက်ကုန်ပစ္စည်းများ ဈေးကွက်ထိုးဖောက်နိုင်ရေး" " SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး" " ကုန်သွယ်မှုပညာပေးရေး" ခေါင်းစဉ်လေးခုကို အဖွဲ့လေးဖွဲ့အား မဲနှိုက်စေ၍ ခေါင်းစဉ်အလိုက် အစုအဖွဲ့များ ဝိုင်းဝန်းစုပေါင်းညှိနှိုင်းစာတမ်းပြုစုရေးသား၍ အလှည့်ကျတင်ပြကြရပါတယ်။ အစုအဖွဲ့အလိုက် မိမိတို့ရေးသားပြုစုသော စာတမ်းတင်သွင်းဖတ်ပြပြီး ကျန်သော အဖွဲ့သုံးဖွဲ့မှ သိလိုတာ၊ နားမလည်တာ၊ ရှေ့ဆက်ဆောင်ရွက် လိုတာ စသည်တို့ကို ဝိုင်းဝန်းမေးမြန်းကြပါတယ်။ ညွှန်ကြားရေးမှူးကလည်း မေးမြန်းနိုင်ခြင်းမရှိတဲ့အဖွဲ့ကို အရှုံးလို့ သတ်မှတ်တယ်လို့ ပြောကြားထားလေတော့ မေးကြ၊ မြန်းကြပါတယ်။ အမေးခံရလို့ စိတ်ပင်ပန်းတယ်၊ မဖြေနိုင်မှာစိုးလို့ စိုးရိမ်တယ်၊ မေးကြ၊ မြန်းကြ ဖြေကြားကြ၊ ရီကြ၊ မောကြ၊ သင်တန်း နောက်ဆုံးနေ့ဆိုတော့လည်း ပျော်ပျော်ပါးပါး ရီရီမောမောနဲ့ ပြီးဆုံးသွားပါတယ်။ အဆိုပါ " ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း" သို့ မကွေးတိုင်း ဒေသကြီးအတွင်းမှ အမှုထမ်း၊ အရာထမ်း၊ ဝန်ထမ်း ၇၇ ဦး တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

လုပ်ငန်းနယ်ပယ်အသီးသီးမှာ တာဝန်ထမ်းဆောင်နေကြရတဲ့ ဝန်ထမ်းများအဖို့ ယခုလို စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ရင် မိမိထက် အတွေ့အကြုံရှိသော တတ်သိနည်းလည်သော အထက်လူကြီးအဆင့်ရဲ့ အတွေ့အကြုံလေ့လာခဲ့ရမှု စတာတွေကို ပြန်လည်ဖြန့်ဝေ သင်ကြား ညွှန်ကြားမှုများကြောင့် အသိပညာ၊ ဗဟုသုတ၊ လုပ်ငန်းအတွေ့အကြုံများ ရရှိတာကြောင့် စိတ်ဓါတ်များ နိုးကြားတက်ကြွပြီး တာဝန်ရှိမှု၊ တာဝန်သိမှု၊ တာဝန်နားလည်မှု၊ တာဝန်ကျေပွန်မှုဆိုတဲ့ အတွေ့အကြုံများ ရရှိတာကြောင့် ယခုလိုသင်တန်းများ ဖွင့်လှစ်ပေးစေလိုကြကြောင်း သတင်းများရရှိပါတယ်။

**မြင့်ဦး - ပခုက္ကူ**

## မြန်မာကုန်သွယ်မှုဌာနနှင့် Trade Development Programme (TDP) တို့ပူးပေါင်း၍ Market Analysis Tools သင်တန်းဖွင့်လှစ်မည်

ဥရောပသမဂ္ဂဈေးကွက်ကို ခွဲခြမ်းစိတ်ဖြာလေ့လာတတ်စေရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများဌာနခွဲနဲ့ GIZ (Deutsche GeseLLschaft fur International Zusammenarbeit) တို့ပူးပေါင်းပြီး Market Analysis Tools သင်တန်းကို အောက်တိုဘာလ ၁၂ ရက်မှ ၁၆ ရက်နေ့ထိ ဖွင့်လှစ်သွားမယ်လို့ သတင်းရရှိပါတယ်။

အဆိုပါသင်တန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးရှိ ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute) မှာ ဖွင့်လှစ်မှာဖြစ်ပါတယ်။သင်တန်းမှာ ကုန်ပစ္စည်းခြောက်မျိုးအား ဥရောပသမဂ္ဂဈေးကွက်သို့ ဝင်ရောက်ထိုးဖောက်ရာမှာ သိရှိရန်လိုအပ်တဲ့ ဈေးကွက်သတင်းအချက်အလက်၊ စံချိန်စံညွှန်းနဲ့ လုပ်ထုံးလုပ်နည်းများကို စာတွေ့နှင့် ကုန်ပစ္စည်းအုပ်စုအလိုက် ခွဲခြားလေ့လာမှုများကို ပို့ချပေးသွားမှာဖြစ်ပါတယ်။ပို့ကုန်ပစ္စည်းခြောက်မျိုးကတော့ အထည်ချုပ်၊ လက်ဖက်ခြောက်၊ ရေထွက်ကုန်(ငါးနှင့်ပုစွန်)၊ပဲမျိုးစုံ၊လက်မှုပစ္စည်း၊ကော်ဖီနှင့်ပျားရည်တို့ဖြစ်ပါတယ်။

ပစ္စည်းအုပ်စုအလိုက် အပြည်ပြည်ဆိုင်ရာအကြံပေးတစ်ဦးစီက အနီးကပ်ပို့ချပေးသွားမှာဖြစ်ပါတယ်။ ဈေးကွက်အချက်အလက်များကို မည်ကဲ့သို့ လေ့လာဖော်ထုတ်မည်၊ မည်ကဲ့သို့ အစီရင်ခံ တင်ပြမည်စတဲ့အချက် အလက်တွေကို သင်တန်းကာလအတွင်း ပို့ချပြီး သင်တန်းအပြီးမှာ Online မှတစ်ဆင့် အတိုင်ပင်ခံနဲ့ ဆက်သွယ်ဆောင်ရွက်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ပို့ကုန်ဈေးကွက် သတင်းအချက်အလက်လေ့လာမှု အစီရင်ခံစာ ပြုစုတင်ပြခြင်းဖြင့် သင်တန်းကို အဆုံးသတ်သွားမှာလို့ သိရပါတယ်။ပထမနှစ်ရက်မှာသာ စာတွေ့သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

အဲဒီနောက်မှာ အွန်လိုင်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံနဲ့တစ်လတစ်ခါ ပို့ကုန်အစု အဖွဲ့အလိုက် တွေ့ဆုံဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ ကုန်သွယ်မှုဟာ အဓိက မဏ္ဍိုင်ကြီးတစ်ခုဖြစ်ပေရာ ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး ဌာနကလည်း မိမိတို့ရဲ့ ဝန်ထမ်းများပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး ကူညီပံ့ပိုးပေးနိုင်ရန် Capacity Building အတွက် သင်တန်းများ စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်နေကြောင်း သတင်းရရှိပါတယ်။

**MIRT**

## ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Gasifier ကိုင်တွယ်ထိန်းသိမ်းမှု နည်းပညာပေးဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စက်နဲ့ပတ်သက်တဲ့ Gasifier ကိုင်တွယ်ထိန်းသိမ်းနည်း ပညာပေး ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ရက်နေ့ နံနက်ပိုင်းမှာ ကျင်းပပြုလုပ်ရာ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန သုတေသနဖွံ့ဖြိုးရေးနှင့်နည်းပညာပေးရေးဌာနမှ ဦးထွန်းထွန်း၊ တိုင်းစက်မှု စစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကန်ကြီးထောင့် မြို့နယ်တာဝန်ခံနဲ့ မြို့နယ်အတွင်းရှိ ဆန်စက်ပိုင်ရှင်၊ ဆန်စက်အော်ပရေတာများ၊ အသေးစားနဲ့ အလတ် စားစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

နည်းပညာပေးဆွေးနွေးပွဲတွင် သုတေသနဖွံ့ဖြိုးရေးနှင့်နည်းပညာပေးရေးဌာန ဦးထွန်းထွန်းက ဆန်စက်များတွင် အသုံးပြုလျက်ရှိသော Gasifier နဲ့ ဆက်စပ်ပြီးထွက်ရှိလာသော ရေဆိုးများကို ကုန်ကျစရိတ် နည်းပါးစွာဖြင့် စနစ်တကျစွန့်ပစ်နိုင်ရေး၊ စက်ကိုကိုင်တွယ်မောင်းနှင်သူများအားလုံး၊ Gasifier နှင့်ပတ်သက်ပြီး သိသင့် သိထိုက်တဲ့နည်းပညာများကို အသေးစိတ်ရှင်းလင်းပညာပေးဆွေးနွေးခဲ့ကြောင်းသိရပါတယ်။

တိုင်းစက်မှုစစ်ဆေးရေးနှင့် ကြီးကြပ်ရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေက စက်ပိုင်များ၊ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ် (SMIDB) ဘဏ်မှ ချေးငွေရရှိအောင် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ SMEs အဖွဲ့ဝင်ကတ်များအကြောင်းနှင့် ဝင်ခွင့်လျှောက်လွှာ ဖြည့်စွက်ရမည့် ပုံစံများ၊ ဥပဒေများ၊ စည်းကမ်းချက်များကို အကျယ်တဝင့်ရှင်းလင်းပြော ကြားခဲ့ပါတယ်။

ဆက်လက်ပြီး အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Gasifier ကိုင်တွယ် ထိန်းသိမ်းမှု နည်းပညာပေးပွဲ သင်တန်းကို စက်တင်ဘာလ နောက်ဆုံးပတ်မှာ ရေကြည်မြို့နယ် ဆပ်ကွင်းကျေးရွာတွင်လည်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြုလုပ်ပေးခဲ့ကြောင်းသိရပါတယ်။ **မင်းမင်းဦး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# ခေတ်မမီတော့တဲ့ စည်းမျဉ်းဥပဒေတွေကြောင့် ဖိလစ်ပိုင်မှာ နှစ်စဉ်ပီဆို ဘီလီယံပေါင်းများစွာဆုံးရှုံး

လုပ်ငန်းသစ်တွေ စတင်ဆောင်ရွက်ရာမှာ စည်းမျဉ်းဥပဒေသတ်မှတ်ချက်တွေများပြားလွန်းခြင်း၊ ခေတ်မမီတော့ခြင်းနဲ့ ရှုပ်ထွေးခြင်းစတဲ့ အချက်များကြောင့် ဖိလစ်ပိုင်နိုင်ငံမှာ နှစ်စဉ်အခွင့်အလမ်းဆုံးရှုံးမှုစရိတ်ကအနည်းဆုံး ပီဆိုဘီလီယံ ၁၄၀ ရှိကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ကုန်ထုတ်လုပ်မှုအချိန်ဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်ရတဲ့ နှစ်စဉ် အခွင့်အလမ်းစရိတ် ဆုံးရှုံးမှုက ပီဆိုဘီလီယံ ၁၀၀ ရှိကြောင်း ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာဖြစ်တဲ့ "Philippine Economic Update,October 2015"မှာဖော်ပြထားပါတယ်။ လုပ်ငန်းစတင်ဖို့အတွက် ဖိလစ်ပိုင်လူမျိုးတွေမှာ စိုးရိမ်မှုတွေရှိနေတဲ့အတွက် ဖြစ်ပေါ်တဲ့ အခွင့်အလမ်းဆုံးရှုံးမှုစရိတ်က ပီဆိုဘီလီယံ ၄၀ ဝန်းကျင်မှာ ရှိပါတယ်။

ဒီအခြေအနေတွေကြောင့် အလုပ်အကိုင် ဆုံးရှုံးမှုက ၆၀၀၀၀ ဝန်းကျင်ရှိတဲ့အတွက် နှစ်စဉ် အလုပ်ခွင် စဝင်တဲ့ အလုပ်သမားအင်အားစုရဲ့ ၄ ရာခိုင်နှုန်းရှိပါတယ်။

“ဒီကုန်ကျစရိတ်တွေက စည်းမျဉ်းစည်းကမ်းတွေရှုပ်ထွေးမှုကြောင့်ဖြစ်ရတဲ့ ကုန်ကျစရိတ်တွေဖြစ်ပါတယ်။ ဒီကုန်ကျစရိတ်တွေလျှော့ချဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နိုင်မယ်ဆိုရင် သယံဇာတအရင်းအမြစ်ပိုမိုထွန်းကားလာမှာဖြစ်ပြီး ဘက်စုံဖွံ့ဖြိုးမှုကိုလည်းရနိုင်မှာ ဖြစ်ပါတယ်”လို့ ကမ္ဘာ့ဘဏ်ရဲ့ ဖိလစ်ပိုင်နိုင်ငံဌာနေကိုယ်စားလှယ် စီးပွားရေးပညာရှင် ကားလ်ကင်းဒရစ်ချ်ာက ပြောပါတယ်။

အသေးစားလုပ်ငန်းတွေ စတင်ထူထောင်တဲ့ကုန်ကျစရိတ်က အဆမတန် မြင့်မားပါတယ်။ စီးပွားရေးလုပ်ငန်း စတင်လျှောက်ထားသူတွေက ကနဦးပေးရမယ့် အခကြေးငွေက ပီဆို ၄၅၀၀၀ ရှိပါတယ်။

“အေဂျင်စီတစ်ခုကနေတစ်ခုကို လျှောက်လွှာရောက်ဖို့ အချိန်အများကြီးကြာပြီး အထောက်အထားစာရွက်စာတမ်းတွေ ပြုလုပ်တဲ့အခါ တန်းစီစောင့်နေရပါတယ်။ ဒါကြောင့် ကုန်ထုတ်လုပ်မယ့် အချိန်နဲ့ ဝင်ငွေကို ထူးထူးခြားခြားကျဆင်းစေတယ်”လို့ ချ်ာက ပြောပါတယ်။

ခွင့်ပြုမိန့်နဲ့ ဝန်ဆောင်မှုအမျိုးမျိုး ရရှိရေးအတွက် လာဘ်ထိုးဖို့လိုတယ်လို့လည်း ပြောပါတယ်။ လုပ်ငန်းစတင်လည်ပတ်တဲ့အချိန်မှာ နှစ်စဉ်ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်တွေနဲ့ အခွန်တွေကလည်း အများကြီးရှိနေပါတယ်လို့ ဆိုပါတယ်။

# နိုင်ငံခြားစီးပွားရေးလုပ်ငန်းများက ဗီယက်နမ်ပြည်တွင်း ကုမ္ပဏီများထက် လစာပိုပေး



နိုင်ငံခြားကုမ္ပဏီများနဲ့ ဗီယက်နမ်ကုမ္ပဏီများကပေးတဲ့ အခြေခံလစာမှာ သိသိသာသာ ကွာခြားလျက်ရှိတာကိုတွေ့ရကြောင်း လူသားရင်းမြစ်လုပ်ငန်းမာဆာနဲ့ တဲလင့်နက်ကော်ပိုရေးရှင်းတို့ ဆောင်ရွက်ခဲ့တဲ့ စစ်တမ်းအရသိရကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

လစာကွာခြားချက်က ရုံးဝန်ထမ်းအဆင့်မှာ ၂၅ ရာခိုင်နှုန်း၊ ပညာသည်အဆင့်မှာ ၄၀ ရာခိုင်နှုန်းနဲ့ စီမံခန့်ခွဲမှုအဆင့်နဲ့ အမှုဆောင်အဆင့်တွေမှာ ၅၃ ရာခိုင်နှုန်းနဲ့ ၆၂ ရာခိုင်နှုန်းထိရှိကြောင်း တဲလင့်နက်ရဲ့ စစ်တမ်းကောက်ယူရေးရဲ့ လူသားရင်းမြစ်ဆိုင်ရာ အတိုင်ပင်ခံ လုပ်ငန်းဌာနညွှန်ကြားရေးမှူး ဟိုအာငုယင်က ပြောပါတယ်။ ဒါပေမယ့် ပြည်တွင်းကုမ္ပဏီတွေက ဆုကြေးအတော်များများကို မကြာခဏ ပေးတဲ့အတွက် လစာ စုစုပေါင်းမှာ ကွာခြားမှုနည်းသွားတယ်လို့ ဟိုအာက ပြောပါတယ်။

ပညာသည်ဝန်ထမ်းတွေကို နိုင်ငံတကာ ကုမ္ပဏီကြီးတွေနဲ့ ယှဉ်ပြိုင်ဆွဲဆောင်ရာမှာ ဗီယက်နမ်ကုမ္ပဏီတွေက လစာတိုးမြှင့်ပေးခြင်းထက် အခြားပုံစံမျိုးဖြင့်ပေးရန် ဆန္ဒရှိကြပြီး စတော့ရှယ်ယာခွဲဝေပေးခြင်း အပါအဝင် ရေရှည်ဆွဲဆောင်မှုများကို အသုံးပြုကြကြောင်း သူမကပြောပါတယ်။

ယခုနှစ်မှာ ငွေကြေးဖောင်းပွမှုနှုန်းနိမ့်ကျတဲ့အတွက် ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ယခုနှစ်မှာ ကုမ္ပဏီတွေက လစာတိုးပေးတဲ့နှုန်းနည်းတာကို တွေ့ရပါတယ်။ ပျမ်းမျှခြင်းအားဖြင့် ဝန်ထမ်းတွေကို လစာတိုးပေးရာမှာ ပြည်ပကုမ္ပဏီကြီးတွေက ၉ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ပြည်တွင်းကုမ္ပဏီက ၉ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ နိုင်ငံစုံကုမ္ပဏီကြီးတွေနဲ့ ပြည်တွင်းကုမ္ပဏီတွေက လစာတိုးပေးရာမှာ ကုမ္ပဏီရဲ့ လုပ်ငန်းအောင်မြင်မှု၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုနဲ့ ငွေကြေးဖောင်းပွမှုတို့က အရေးပါတဲ့ အခန်းကဏ္ဍမှပါဝင်ပါတယ်။

လစာတိုးပေးတာများတဲ့ လုပ်ငန်းတွေထဲမှာ ဓာတုပစ္စည်း၊ သက်ရှိသိပ္ပံနဲ့ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းတွေပါဝင်ပြီး တိုးပေးတဲ့ရာခိုင်နှုန်းက ၁၀ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ၁၀ ဒသမ ၃ ရာခိုင်နှုန်းအကြား ရှိပါတယ်။ ဒီကဏ္ဍတွေက စီးပွားရေးကျဆင်းမှုဒဏ်ကို အနည်းငယ်သာခံရတဲ့ ကဏ္ဍတွေဖြစ်ကြောင်း ဟိုအာကပြောပါတယ်။ ရေနံ၊ သတ္တုတူးဖော်ရေး၊ ဟိုတယ်လုပ်ငန်း နဲ့ ငွေကြေး (ဘဏ်များမှအပ) ကဏ္ဍများရဲ့ လစာတိုးတက်မှုနှုန်းက ၆ ဒသမ ၂ ရာခိုင်နှုန်း၊ ၆ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ၈ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိကြပါတယ်။

# မလေးရှားနိုင်ငံရဲ့ဩဂုတ်လပို့ကုန် ခန့်မှန်းသည်ထက် ပိုမိုမြင့်မား

လျှပ်စစ်နဲ့ အီလက်ထရွန်းနစ်ထုတ်ကုန်များတင်ပို့မှုမြင့်တက်လာတဲ့အတွက် မလေးရှားနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းတွေက ဩဂုတ်လမှာ ခန့်မှန်းထားတာထက် ပိုမိုမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် သွင်းကုန်လုပ်ငန်းတွေက တစ်ဟုန်ထိုး ကျဆင်းခဲ့ကြောင်း စာရင်းအင်းဌာနရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး သည်စတားသတင်းမှာ ဖော်ပြပါတယ်။

ယခင်နှစ် ကာလတူကရှိခဲ့တဲ့ ပို့ကုန်တန်ဖိုး ရင်းဂစ် ၆၃ ဒသမ ၉ ဘီလီယံနဲ့ နှိုင်းယှဉ်ရင် ယခုနှစ်ဩဂုတ်လမှာ ၄ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး ရင်းဂစ် ၆၃ ဒသမ ၉ ဘီလီယံရှိခဲ့ပါတယ်။ ဒါကြောင့် ယခင်ကခန့်မှန်းထားတဲ့ ၁ ဒသမ ၃ ရာခိုင်နှုန်းထက်ပိုမိုခဲ့ပါတယ်။

လအလိုက်နှိုင်းယှဉ်မယ်ဆိုရင် ပို့ကုန်လုပ်ငန်းက ရင်းဂစ် ၃ ဒသမ ၃ ဘီလီယံ (၅ ဒသမ ၂ ရာခိုင်နှုန်း) မြင့်တက်ပြီး ရင်းဂစ် ၆၆ ဒသမ ၅ ဘီလီယံထိရောက်ရှိခဲ့ကြောင်း စာရင်းအင်းဌာနကပြောပါတယ်။ လအလိုက် ပို့ကုန်တိုးတက်ရတဲ့ အကြောင်းရင်းတွေထဲမှာ စင်ကာပူ၊ ထိုင်း၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနဲ့ ပါကစ္စတန်နိုင်ငံတို့သို့ တင်ပို့မှုမြင့်တက်ခဲ့တာလည်း ပါဝင်ပါတယ်။

စင်ကာပူ ပို့ကုန်စုစုပေါင်းရဲ့ ၃၇ ဒသမ ၇ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေတဲ့ လျှပ်စစ်နဲ့ အီလက်ထရွန်းနစ်ထုတ်ကုန်များရဲ့ တင်ပို့မှုက ရင်းဂစ် ၂ ဘီလီယံ (၈ ဒသမ ၆ ရာခိုင်နှုန်း)ဖိုး တိုးတက်ပြီး ရင်းဂစ် ၂၅ ဒသမ ၁ ဘီလီယံဖိုး ရှိခဲ့ပါတယ်။ သန့်စင်ပြီးဓာတ်ဆီထုတ်ကုန်များက စုစုပေါင်းပို့ကုန်တန်ဖိုးရဲ့ ၅ ဒသမ ၅ ရာခိုင်နှုန်းပါဝင်ပြီး ရင်းဂစ် ၆၂၈ ဒသမ ၂ သန်း (၂၀ ဒသမ ၈ ရာခိုင်နှုန်း) တိုးတက်ကာ ရင်းဂစ် ၃ ဒသမ ၆ ဘီလီယံဖိုးထိရောက်ရှိခဲ့ပါတယ်။ ယခုကဲ့သို့ တန်ဖိုးမြင့်ရခြင်းမှာ ပို့ကုန်ပမာဏရော တစ်ယူနစ်တန်ဖိုးပါ တိုးတက်မှုရှိခဲ့တဲ့ အတွက် ဖြစ်ပါတယ်။

သွင်းကုန်ပိုင်းကို ကြည့်ရင် ပြည်ပကနေ ရင်းဂစ်ဘီလီယံ ၆၀ ဖိုးတင်သွင်းခဲ့ရာမှ ၆ ဒသမ ၁ ရာခိုင်နှုန်းလျော့ကျပြီး ရင်းဂစ် ၅၆ ဒသမ ၃ ဘီလီယံဖိုးထိ ကျဆင်းခဲ့ပါတယ်။ လအလိုက်အခြေခံ တွက်ချက်ပါက သွင်းကုန်တန်ဖိုးက ၇ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းကာ ရင်းဂစ် ၄ ဒသမ ၅ ဘီလီယံဖိုးရှိခဲ့ပါတယ်။ သွင်းကုန်ကျဆင်းခဲ့ရတဲ့အကြောင်းရင်းက ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ တရုတ်၊ တောင်ကိုရီးယားနဲ့ တရုတ် (တိုင်ပေ) တို့မှ တင်သွင်းမှုကျဆင်းခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# အင်ဒိုနီးရှားအစိုးရက စွမ်းအင်လုပ်ငန်းပဋိညာဉ် စာချုပ်များကို ယခုလအတွင်း ထပ်မံပြင်ဆင်မည်

အင်ဒိုနီးရှား စွမ်းအင်နဲ့သတ္တုသယံဇာတဝန်ကြီးဌာနက လုပ်ငန်းပဋိညာဉ် စာချုပ် (Contract of Work-COW) အမြောက်အမြားကို အပြီးသတ်ပြင်ဆင်လျက်ရှိကြောင်း၊ ပြင်ဆင်ရာမှာ ပါဝင်တဲ့ ပဋိညာဉ်စာချုပ်များမှာ တည်ဆဲ သတ္တုတွင်းဥပဒေအရ ပြုပြင်ဆောင်ရွက်ရန်လိုအပ်နေတဲ့ ကျောက်မီးသွေး တူးဖော်မှုဆိုင်ရာ စာချုပ်များဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

လုပ်ငန်း ပဋိညာဉ် စာချုပ်တွေကို ပြန်လည်ညှိနှိုင်းဖို့အတွက် လောလောဆယ်မှာသတ္တုနဲ့ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းတွေ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း စွမ်းအင်နဲ့သယံဇာတ ဝန်ကြီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ် ဘမ်ဘန်းဂါတော့ အရီယိုနိုက ပြောပါတယ်။

“ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းပဋိညာဉ်ကို တတိယအဆင့်အဖြစ်ချုပ်ဆိုနိုင်ဖို့ ကျွန်တော်တို့ကြိုးစားနေပါတယ်။ လုပ်ငန်းပေါင်း ၅၀ ပါဝင်ပြီး အောက်တိုဘာလအတွင်းမှာ လုပ်ငန်း ၁၀ ခုကနေ ၂၀ ခုအကြားအပြီးသတ်ညှိနှိုင်းပေးနိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်”လို့ သူကပြောပါတယ်။

၂၀၀၉ ခုနှစ် သတ္တုတွင်းတူးဖော်ရေးပြဋ္ဌာန်းချက်တွေနဲ့အညီ ပြန်လည်စေ့စပ်ညှိနှိုင်းပြင်ဆင်ဖို့ လိုအပ်တဲ့ ကျောက်မီးသွေးလုပ်ငန်း ပဋိညာဉ်စာချုပ် ၇ ခုနဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းပဋိညာဉ်စာချုပ် ၃၄ ခု ရှိပါတယ်။ ပြန်လည် စေ့စပ်ညှိနှိုင်းရာမှာထားရှိတဲ့ ရည်ရွယ်ချက်က လုပ်ငန်းပဋိညာဉ်စာချုပ်တွေကို သတ္တုတူးဖော်ခွင့်လိုင်စင်များအဖြစ် ခွင့်မပြုမီလုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း အစိုးရအတွက် ပိုမိုအကျိုးရှိစေဖို့ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ် သတ္တုတူးဖော်ရေးဥပဒေအရ လုပ်ငန်းလုပ်ပိုင်ခွင့်ပဋိညာဉ်စာချုပ် (ကန်ထရိုက်စာချုပ်)ကို လိုင်စင်အဖြစ်ပြောင်းလဲထုတ်ပေးပြီး နိုင်ငံတော်ရဲ့ လုပ်ပိုင်ခွင့်ကို ပိုမိုရယူထားဖို့ ရည်ရွယ်ထားပါတယ်။

ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အကြာမှာ အပြီးသတ်ပြန်လည်ညှိနှိုင်းမှုတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရှုပ်ထွေးတဲ့ပြဿနာ အမျိုးမျိုးတွေကြောင့် အစိုးရက သတ်မှတ်ရက်အတိုင်း မဆောင်ရွက်နိုင်ဘဲ အကြိမ်ကြိမ် ရက်ရွှေ့ပေးခဲ့ရပါတယ်။

## ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### နယူးယောက်

ရေနံစိမ်း ဝယ်လိုအားက ယခုနှစ်အတွင်းမှာခန့်မှန်းထားတာထက် ပိုမိုမြင့်တက်လာလိမ့်မယ်လို့ ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်)ရဲ့ အထွေထွေအတွင်းရေးမှူး အဗ္ဗဒါလာဆလင်း အယ်လ်ဘာဒရီက ပြောကြားပြီးနောက်ပိုင်း အောက်တိုဘာ ၈ ရက်နေ့မှာ ရေနံစိမ်းဈေးကွက်မြင့်တက်လာကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

### ဘရပ်ဆဲလ်

အွန်လိုင်းငွေပေးချေမှုဈေးကွက်ကိုဖွင့်လှစ်နိုင်ဖို့အတွက် အွန်လိုင်းငွေပေးချေမှုစည်းမျဉ်းတွေကို ဥရောပပါလီမန်က အောက်တိုဘာ ၈ ရက်မှာ မဲခွဲဆုံးဖြတ် အတည်ပြုခဲ့ရာ အတည် ပြုလိုက်တဲ့ စည်းမျဉ်းသစ်များအရ ကြွေးမြီဘီလ်များကို ငွေပေးချေရာတွင် ကုန်ကျစရိတ်သက်သာစေပြီး ငွေကြေးလိမ်လည်မှုများကိုလည်းဟန့်တားနိုင်မှာဖြစ်ကြောင်း ဥရောပပါလီမန်ရဲ့ ကြေညာချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာဖော်ပြပါတယ်။

### ဂျကာတာ

နိုင်ငံသားများနဲ့ ပူးပေါင်း၍ သော်လည်းကောင်း၊တိုက်ရိုက်သော်လည်းကောင်း အင်ဒိုနီးရှားအိမ်ခြံမြေဈေးကွက်ကို ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းများရရှိရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားမှုရှိလာကြောင်း Jones Lang LaSalle (JLL) အိမ်ခြံမြေအဖွဲ့ရဲ့ ပြောကြားချက်ကို ကိုးကား၍ အင်တာရာသတင်းမှာ ဖော်ပြပါတယ်။

### ပေကျင်း

သုံးနိုင်ငံအပြန်အလှန်ကုန်သွယ်နိုင်ဖို့ ရည်ရွယ်တဲ့ ကုန်သွယ်မှုဆွေးနွေးပွဲကို တောင်ကိုရီးယား၊ တရုတ်နဲ့ ဂျပန်နိုင်ငံတို့ကဒီဇင်ဘာလမှာ ပြန်လည်ကျင်းပမှာ ဖြစ်ကြောင်း တရုတ်နိုင်ငံစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ် သတင်းမှာ ဖော်ပြပါတယ်။

**USA**

## အမေရိကန်ရေနံစိမ်းထုတ်လုပ်မှု ကျဆင်းဖွယ်ရှိ

ရေနံစိမ်းဈေးနှုန်းတွေ ထူးထူးခြားခြားပြန်လည်မြင့်တက်မလာပါက အမေရိကန်ပြည်ထောင်စုရဲ့ ရေနံထုတ်လုပ်မှုကို မကြာမီပြန်လည်လျှော့ချတော့မှာဖြစ်ကြောင်း၊ အကယ်၍ဒီလိုလျှော့ချပြီးနောက်ပိုင်းမှာ ဝယ်လိုအားမြင့်တက်လာမယ်ဆိုပါက ဒီလို ထုတ်လုပ်မှုလျှော့ချလိုက်တဲ့အတွက် ဈေးကွက်ထဲမှာ ဈေးနှုန်းတွေပြန်လည် မြင့်တက်လာနိုင်ကြောင်း ရေနံစိမ်းထုတ်လုပ်ရေးဌာန အမှုဆောင်တွေက အောက်တိုဘာ ၆ ရက်နေ့မှာ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်နိုင်ငံက နုန်းကျောက်မှ ရေနံစိမ်း ထုတ်လုပ်နိုင်မှုကြောင့် လွန်ခဲ့တဲ့၁၀နှစ်အတွင်း ကမ္ဘာ့ရေနံထုတ်လုပ်မှုကို မြင့်တက်စေခဲ့ပေမယ့် ရေနံစိမ်းဈေးနှုန်းတွေက အဆမတန် နိမ့်ကျနေတဲ့အတွက် အမေရိကန်နိုင်ငံ ရဲ့ နုန်းကျောက်မှ ရေနံထုတ်လုပ်မှု ဆက်လက်ဖွံ့ဖြိုးရေး ကို အထောက်အကူ မပေးနိုင်အောင်ဖြစ်နေကြောင်း ရေနံထုတ်လုပ်ရေးကဏ္ဍမှ အဆင့်မြင့်အရာရှိများရဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ လန်ဒန်ရေနံစိမ်းနဲ့ ငွေကြေးဆိုင်ရာကွန်ဖရင့်သို့ တက်ရောက်လာသူကိုယ်စားလှယ်တွေက ပြောပါတယ်။

"အမေရိကန်နိုင်ငံရဲ့ ရေနံစိမ်းထုတ်လုပ်မှု အတော်ကလေးကျဆင်းလာမယ်လို့ မြင်မိပါတယ်"လို့ EOG Resources ရေနံကုမ္ပဏီရဲ့ အကြီးအကဲဟောင်း မတ်ပါပါက ကွန်ဖရင့်မှာ ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ရေနံထုတ်လုပ်မှုက ယခုလမှာ အတက်အကျမရှိ တန့်နေပြီး လာမယ့်နှစ် နှစ်ဦးပိုင်းကစပြီး စတင်ကျဆင်းလာလိမ့်မယ်လို့ Riverstone Holding LLC ရဲ့ ဖက်စပ်အဖွဲ့ဝင်ဖြစ်နေသူ ပါပါက ပြောပါတယ်။

ရေနံထုတ်လုပ်မှု ကျဆင်းရတဲ့ အဓိကအကြောင်းရင်းက နုန်းကျောက်ထုတ်လုပ်မှု လုပ်ငန်းသစ်တွေအတွက် ဘဏ်တွေရဲ့ချေးငွေမရရှိလို့ ဖြစ်ကြောင်း သူကပြောပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ရေနံထုတ်လုပ်မှုက ၂၀၁၂ ခုနှစ် နှစ်လယ်ကစပြီး နှစ်စဉ်တစ်ရက်ကို စည်တစ်သန်းဝန်းကျင်ထွက်ရှိခဲ့ပါတယ်။ အဲဒီလို ထုတ်လုပ်နိုင်တာဟာ နုန်းကျောက်လွှာမှ ရေနံစိမ်းနဲ့ သဘာဝဓာတ်ငွေ့ထုတ်ယူတဲ့ တူးဖော်မှုနည်းစနစ်တွေကို အဓိကအသုံးပြုနိုင်လို့ ဖြစ်ပါတယ်။

**EU**

## ဗောက်စ်ဝက်ဂွန်ကားများကို ဇန်နဝါရီလတွင် ပြန်လည်သိမ်းယူမည်ဟု ကုမ္ပဏီအမှုဆောင်ချုပ်ပြော

ဗောက်စ်ဝက်ဂွန် ကုမ္ပဏီက ဒီဇယ်ဓာတ်ငွေ့ထုတ်လွှတ်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ကားများကို ၂၀၁၆ ခုနှစ်ဇန်နဝါရီလမှ စတင်ပြီးပြန်လည်သိမ်းယူ၍ပြန်လည် ပြင်ဆင်မှုလုပ်ငန်းများကို ၂၀၁၆ ခုနှစ်အကုန်မှာ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျာမန်သတင်းစာ Frank furter Allgemeine Zeitung (FAZ) နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ကုမ္ပဏီအမှုဆောင်ချုပ် မက်သီရပ်မူလာက ပြောပါတယ်။

"အစီအစဉ်အတိုင်း အကောင်အထည်ဖော်နိုင်မယ်ဆိုရင်တော့ ဇန်နဝါရီမှာ ကျွန်တော်တို့ လုပ်ငန်းစနိုင်ပါမယ်။ ကားတွေအားလုံးကို ၂၀၁၆ ခုနှစ်အကုန်မှာ ပြန်လည်အပြီးတပ်ဆင်ပေးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" လို့ မူလာက ပြောပါတယ်။

ဒီဇယ်ဓာတ်ငွေ့ ထုတ်လွှင့်မှု ပြဿနာကြောင့် ကုမ္ပဏီရဲ့စတော့ ရှယ်ယာဈေးနှုန်းတွေကျဆင်းခဲ့ပြီး ကုမ္ပဏီရဲ့နာမည်ကိုလည်း ပြင်းထန်စွာ ထိခိုက်စေခဲ့ပါတယ်။ ဒီပြဿနာမှာ ပါဝင်ပတ်သက်နေတဲ့ ကုမ္ပဏီဝန်ထမ်း အနည်းငယ်သာရှိမယ်လို့ ယုံကြည်ကြောင်း မူလာက FAZ ကိုပြောပါတယ်။ ဒါပေမယ့် သူ့အရင်တာဝန်ယူခဲ့တဲ့ မာတင်ဝင်းတားကွန်းကဒီအကြောင်းအသေးစိတ်ကို သိရှိခဲ့ခြင်း ရှိ၊ မရှိကို မူလာက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပါဘူး။ ဗောက်စ်ဝက်ဂွန်ရဲ့ အုပ်ချုပ်မှုကို ဗဟိုကနေထိန်းချုပ်တဲ့စနစ်ကိုတဖြည်းဖြည်းလျှော့ချပေးသွားမှာဖြစ်ကြောင်း သူကပြောပါတယ်။

"ယခုကြုံတွေ့ရတဲ့ အကျပ်အတည်းက ဗောက်စ်ဝက်ဂွန်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ပြင်ဆင်ဖို့ကျွန်တော်တို့ကို အခွင့်အလမ်းတွေပေးထားပါတယ်။ ကျွန်တော်တို့က ကုမ္ပဏီအရွယ်အစားကို ကျစ်ကျစ်လျစ်လျစ်ဖြစ်စေချင်တယ်။ ဗဟိုကချုပ်ကိုင်ထားတာကို လျှော့ချချင်တယ်။ ကုန်အမှတ်တံဆိပ်အတွက် တာဝန်ယူမှု ပိုမိုရှိစေချင်တယ်"လို့ မူလာက ပြောပါတယ်။

ဒီပြဿနာကို အမေရိကန် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအေဂျင်စီကိုတင်ပြပြီး ရက်သတ္တပတ်ပေါင်းများစွာကြာမှ အများပြည်သူကို ကြေညာတဲ့အတွက် ကုမ္ပဏီက ငွေကြေးဈေးကွက်တွေကို အကြောင်းကြားတာ နောက်ကျလွန်းတယ်ဆိုတဲ့ စွပ်စွဲချက်ကို သူက ငြင်းဆိုပါတယ်။

**EAST ASIA**

## ဂျပန်ဆေးဝါးကုမ္ပဏီက အရှေ့တောင်အာရှမှာ လုပ်ငန်းများတိုးချဲ့

ဂျပန်နိုင်ငံမှာ အသားအရေပြုပြင်ထိန်းသိမ်းရေးပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ Rohto Pharmaceutical ကုမ္ပဏီက အရှေ့တောင်အာရှမှာ လုပ်ငန်းချဲ့ထွင်ဖို့ အစီအစဉ်ရှိကြောင်း နီးကေးသတင်းမှာ ဖော်ပြပါတယ်။ ကုမ္ပဏီက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲတဲ့ စတိုးဆိုင်တွေဖွင့်လှစ်ပြီး ဈေးကွက်တစ်ခုချင်းလိုအပ်ချက်အလိုက် ဖြည့်ဆည်းပေးနိုင်မယ့် ပစ္စည်းတွေကို ထုတ်လုပ်ပေးဖို့ ကုမ္ပဏီက စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန်နိုင်ငံ အိုဆာကာအခြေစိုက်ဖြစ်တဲ့အဲဒီကုမ္ပဏီက လောလောဆယ် ဗီယက်နမ်မှာ စတိုးဆိုင်နှစ်ဆိုင်ကိုဖွင့်လှစ်ထားပါတယ်။ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှာ ဒီဆိုင်အရေအတွက်ကို ၂၀ ထိ တိုးမြှင့်ပြီး မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့မှာ ဆိုင်ခွဲတွေ ဖွင့်လှစ်ဆောင်ရွက်သွားဖို့ လည်း စီစဉ်ထားပါတယ်။

ဗီယက်နမ်နိုင်ငံမှာလုပ်ငန်းတွေ တိုးချဲ့နိုင်ဖို့အတွက် Rohto က ဗီယက်နမ်ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီကုမ္ပဏီက ဗီယက်နမ်တောင်ပိုင်းရှိ ဟိုချီမင်းစီးတီးနဲ့ ဟနွိုင်းတို့မှာရှိတဲ့ စူပါမားကက်ကြီးတွေမှာ ဆိုင်ခွဲတွေ ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။

မိတ်ကပ်ဌာနခွဲမှာလို ဝန်ဆောင်မှုအမျိုးမျိုးကိုပေးနိုင်ဖို့အတွက် ကုမ္ပဏီကအမျိုးသမီးဝန်ထမ်းများကို စတိုးဆိုင်စာရေးများအဖြစ် လေ့ကျင့်ခန့်ထားပေးမှာ ဖြစ်ပါတယ်။ ယခုအချိန်ထိတော့ ကုမ္ပဏီထုတ်ကုန်တွေ ကိုအဓိကအားဖြင့် ဗီယက်နမ်ရှိ ပုဂ္ဂလိက ဆေးဆိုင်တွေမှာ ရောင်းချလျက်ရှိပါတယ်။

ယခုအခါ ယူနီလီဗားလို ကမ္ဘာ့ဈေးကွက်မှာ ဆေးဝါးကုမ္ပဏီကြီးတွေ ဈေးကွက်ထဲဝင်လာတဲ့အတွက် နည်းစနစ်သစ်နဲ့ ဈေးကွက်ကို ချဉ်းကပ်ဖို့ Rohto အမှုဆောင်အဖွဲ့က ဆုံးဖြတ်ခဲ့ပါတယ်။

Rohto ကုမ္ပဏီက ဗီယက်နမ်ဈေးကွက်ထဲကို ၁၉၉၆ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပြီး မျက်စဉ်းခတ်ဆေးမှအစ အခြားကုသရေးဆေးဝါးမျိုးစုံကို ရောင်းချပါတယ်။ ကုမ္ပဏီက ဗီယက်နမ်မှာ စက်ရုံတစ်ရုံတည် ဆောက်ထားပြီး အရှေ့တောင်အာရှမှနှစ်စဉ် အမေရိကန်ဒေါ်လာ ၁၆၆ သန်း ရပါတယ်။

**SOUTH ASIA**

## အိန္ဒိယအစိုးရက ဆေးဝါးကုသရေး လုပ်ငန်းသုံး ကိရိယာ ထုတ်လုပ်ရေး စက်မှုဇုန် တည်ထောင်မည်

ဆေးဝါးလုပ်ငန်းသုံး ကိရိယာထုတ်လုပ်ရေးလုပ်ငန်းမှာ သန္ဓေတည်စအဆင့်မှာသာ ရှိသေးတာကြောင့် ဒီလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံတောင်ပိုင်းမှာ ဆေးဝါးကုသရေးလုပ်ငန်းသုံး စက်မှုဇုန်နှစ်ခုကို အိန္ဒိယနိုင်ငံအစိုးရက ထူထောင်ဖို့ စီစဉ်နေကြောင်း ဘိဇနက်စတန်းဒတ်သတင်းမှာ ဖော်ပြပါတယ်။ စက်မှုဇုန်တည်ထောင်ဖို့ အစိုးရက ချန်နိုင်းမြို့အနီးမှာ ဧက ၄၀၀ နဲ့ ဟိုက်ဒရာဘတ်မြို့မှာ ဧက ၁၀၀ သတ်မှတ်ပေးခဲ့ပါတယ်။ လောလောဆယ်မှာ နိုင်ငံအနှံ့မှာ ဆေးဝါးသုံးကိရိယာထုတ်လုပ်ရေး ယူနစ်ပေါင်း ၈၀၀ ပျံ့နှံ့တည်ရှိနေပါတယ်။

"ဒီလုပ်ငန်းက သီးခြားသွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် တည်ရှိနေဖို့လိုအပ်ပြီး သီးခြားသတ်မှတ်ထားတဲ့ စက်မှုဇုန်ကို တည်ထောင်ခြင်းအားဖြင့် တစ်မူထူးခြားတဲ့ သွင်ပြင်လက္ခဏာကို အကောင်အထည်ပေါ် အောင်ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေနိုင်ပါတယ်။ ဒီစက်မှုဇုန်မှာ သုတေသနနဲ့ ဖွံ့ဖြိုးရေးရာဌာန၊ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုတိုးတက်ရေး၊ စစ်ဆေးစမ်းသပ်ရေးနဲ့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးစတဲ့ လုပ်ငန်းနဲ့ဆက်နွယ်နေသမျှအားလုံးကို စုစည်းပေးထားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကဏ္ဍ စွမ်းရည်ပြည့်ပြည့်ဝဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်နေရာတည်းမှာ ကိစ္စအဝဝကို စုဆည်းဆောင်ရွက်နိုင်ခွင့်ရှိဖို့လိုအပ်ပါတယ်"လို့ ဆေးဝါးဌာနရှိ အရာထမ်းတစ်ဦးက ပြောပါတယ်။

ဟိုက်ဒရာဘတ်မှာ ပြည်ထောင်စုအစိုးရပိုင် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းဖြစ်တဲ့ India Drugs and Pharmaceuticals ပိုင်မြေပိုဧက ၅၀၀ ရှိပါတယ်။ အစိုးရက အဲဒီနေရာမှာလည်း ဆေးဝါးထုတ်လုပ်ရေး ဇုန်တစ်ခုကို တည်ထောင်မှာဖြစ်ပြီး ဆေးဝါးကုသရေးလုပ်ငန်းသုံးကိရိယာ ထုတ်လုပ်ရေးအတွက် ဧက ၁၀၀ ကိုအသုံးပြုမှာဖြစ်ကြောင်း သူကပြောပါတယ်။ ဒီလုပ်ငန်းအတွက် ဝန်ကြီးအဖွဲ့ရဲ့ အတည်ပြုချက်လိုအပ်မှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အမေရိကန် ပြည်ထောင်စုက ၂၀၁၅ ခုနှစ်အတွင်း အတိုးနှုန်းမြှင့်တင်မယ်ဆိုတဲ့ အလားအလာ မှေးမှိန်လာခြင်းနဲ့ ရေနံစိမ်းတွေမြင့်တက်ခြင်းစတဲ့ အကြောင်းများကြောင့် အာရှဒေသ ငွေကြေးများရဲ့ ရက်သတ္တပတ်အလိုက် မြင့်တက်မှုက ၁၇ နှစ်အတွင်း အမြင့်ဆုံး အခြေအနေကို ရောက်ရှိခဲ့ပါတယ်။

ကမ္ဘာမှာစီးပွားရေးအရ ဒုတိယ အကြီးမားဆုံးဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အကြီးမားဆုံးကုန်သွယ်ဖက်ဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကလည်း ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ စက်တင်ဘာလအတွက် စီးပွားရေး အခြေပြကိန်းဂဏန်းတွေက လာမယ့် ရက်သတ္တပတ်မှာ ထုတ်ပြန်မှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေပေမယ့် အမေရိကန်ဗဟိုဘဏ်ရဲ့ ဆုံးဖြတ်ချက်ကြောင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေကို ထွန်းသစ်စ အာရှဈေးကွက်ဘက်ကို ဦးတည်စေခဲ့ပါတယ်။

## တရုတ်ယွမ်

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာနရဲ့ ထုတ်ပြန်ချက်အရ တရုတ်ဗဟိုဘဏ်ရဲ့ ရည်ညွှန်းဖလှယ်နှုန်းကို သုည ဒသမ ၁၂ ရာခိုင်နှုန်းမြှင့်တင်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၄၉၃ ယွမ်နှုန်းသတ်မှတ်ခဲ့ပါတယ်။ လက်ငင်းဈေးကွက်မှာ ဒေါ်လာနဲ့ယွမ် ဖလှယ်နှုန်းကို ၂ ရာခိုင် နှုန်းအကြား အတက်အကျဖြင့် ဖလှယ်ခွင့်ပြုထားပါတယ်။

## အိန္ဒိယရူပီး

ပြည်တွင်း ရှယ်ယာဈေးနှုန်းများ မြင့်တက်နေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ဘဏ်များက ဒေါ်လာငွေကြေးများကို ပြန်လည်ရောင်းထုတ်လာကြတဲ့အတွက် အောက်တိုဘာ ၉ ရက်နေ့ နံနက်ပိုင်းဈေးကွက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၂၀ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၄ ဒသမ ၈၆ ရူပီးနှုန်း ရှိခဲ့ပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ အခြားအဓိက ငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးကျဆင်းနေခြင်းကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

## ဂျပန်ယန်း

အမေရိကန်ဒေါ်လာနဲ့ ဂျပန်ယန်းငွေဖလှယ်ရာမှာ နယူးယောက်ဈေးကွက်မှာ အောက်တိုဘာ ၈ ရက်က ရှိခဲ့တဲ့ဖလှယ်နှုန်းထက် အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်ပြီး အောက်တိုဘာ ၉ ရက်နေ့မှာ အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေးတို့ရဲ့ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ယန်း ၁၂၀ ဝန်းကျင်မှာ ရှိနေခဲ့ပါတယ်။

အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီမှာ ဒေါ်လာ-ယန်းဖလှယ်နှုန်းက နယူးယောက်မှာ တစ်ဒေါ်လာကို ၁၁၉ ဒသမ ၈၉ ယန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၁၉ ဒသမ ၈၀ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့မနက် ၉ နာရီမှာ တိုကျိုဈေးကွက်ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၉ ဒသမ ၉၅ ယန်းနှုန်း ဖြစ်ခဲ့ပါတယ်။

ယူရိုငွေကြေးတန်ဖိုးက အောက်တိုဘာ ၈ ရက် ညနေက တစ်ယူရိုကို နယူးယောက်ဈေးကွက်မှာ ၁ ဒသမ ၁၂၇၁ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၂၂ ယန်း၊ တိုကျိုဈေးကွက်မှာ ၁ ဒသမ ၁၂၉၀ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၂၆ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၂၈၄ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၂၆ ယန်းနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

အမေရိကန် ဗဟိုဘဏ်ရဲ့ စက်တင်ဘာ အစည်းအဝေးမှတ်တမ်း ထုတ်ပြန်ပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာကို ယုံကြည်မှုကျဆင်းလာတဲ့အတွက် အောက်တိုဘာ ၉ ရက်နေ့မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးမြင့်တက်လာခဲ့ပါတယ်။

ဒေါ်လာ-ရင်းဂစ် ဖလှယ်နှုန်းက အောက်တိုဘာ ၈ ရက်ညနေ ၅ နာရီမှာ ၄ ဒသမ ၂၃၃၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၅၅၀ ရင်းဂစ်နှုန်းထိ ရင်းဂစ်တန်ဖိုးမြင့်တက်လာခဲ့ပါတယ်။

တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာလည်း အများအားဖြင့် ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

တောင်ကိုရီးယားဝမ်ငွေကြေးက ယခုရက်သတ္တပတ်အတွင်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပေမယ့် ဒီလိုငွေတန်ဖိုးမြင့်တက်မှု ရေရှည်မြင့်တက်မယ့်အလားအလာတစ်ခုအဖြစ် ယူဆလို့မရကြောင်း လေ့လာဆန်းစစ်သူတို့ကပြောပါတယ်။ ဒါပေမယ့် နေ့အလိုက်တိုးတက်မှုနှုန်းကိုကြည့်ရင် ဝမ်ငွေကြေးတန်ဖိုးကအပြောင်းအလဲမရှိဘဲ တစ်ဒေါ်လာကို ၁၁၉၅ ဒသမ ၀၀ ဝမ်နှုန်း ရှိနေပါတယ်။

## ထိုင်းဘတ်

စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်အဖြစ် အစိုးရက ဘတ်ငွေ ဘီလီယံပေါင်းများစွာ သုံးစွဲခဲ့တဲ့အတွက် ထိုင်းနိုင်ငံစီးပွားရေးက ၂၀၁၆ ခုနှစ်မှာ ၃ ရာခိုင်နှုန်း တိုးတက်မယ်လို့ ထိုင်းဘဏ္ဍာရေးဝန်ကြီးက အောက်တိုဘာ ၇ ရက်က ပြောပါတယ်။ ဒါကြောင့် ထိုင်းဘတ်ငွေတန်ဖိုးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ ယခုရက်သတ္တပတ်အတွင်း ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ပြီး အောက်တိုဘာ ၉ ရက်နေ့ က တစ်ဒေါ်လာကို ၃၅ ဒသမ ၆၅ ဘတ်နှုန်းရှိခဲ့တဲ့အတွက် ၂၀၁၃ ခုနှစ် စက်တင်ဘာနောက်ပိုင်းအမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# တရုတ်နိုင်ငံက အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုစနစ်ကို ယွမ်ငွေကြေးဖြင့် စတင်

တရုတ်နိုင်ငံသုံးယွမ်ငွေကြေးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ်ဆောင်ရွက်မှုရဲ့ ခြေလှမ်းတစ်ရပ်အဖြစ် တရုတ်နိုင်ငံက အပြည်ပြည်ဆိုင်ရာငွေပေးချေမှုစနစ်ကိုစတင်ခဲ့ကြောင်း ရှင်ဟွာသတင်းမှာ အောက်တိုဘာ ၈ ရက်နေ့က ဖော်ပြပါတယ်။

ရှန်ဟဲမြို့မှာစတင်လိုက်တဲ့ တရုတ်အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုစနစ် (China International Payment System-CIPS) ပထမအဆင့်အရပြည်တွင်းပြည်ပမှ ငွေကြေးအဖွဲ့အစည်းတွေရဲ့ နယ်စပ်ဖြတ်ကျော် ငွေပေးငွေယူရှင်းလင်းမှုနဲ့ အကောက်ခွန် ရှင်းလင်းမှုလုပ်ငန်းတွေမှာ ယွမ်ငွေကြေးနဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်တဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်နဲ့ အချိန်ကိုလျှော့ချနိုင်ခဲ့ပြီး ယွမ်ငွေကြေးကို ကမ္ဘာသုံးအဖြစ် ရောက်ရှိအောင်ဆောင်ရွက်ရာမှာ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ကြောင်း တရုတ်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဖန်ယီဖေးက ပြောပါတယ်။

ယခင်က နယ်စပ်ဖြတ်ကျော်ပြီး ယွမ်ငွေကြေးဖြင့် ငွေပေးငွေယူရှင်းလင်းရာမှာ ဟောင်ကောင်၊ စင်ကာပူနဲ့ လန်ဒန်မြို့တို့မှာရှိတဲ့ ပင်လယ်ရပ်ခြားယွမ်ငွေကြေးရှင်းလင်းရေးဘဏ်များမှတစ်ဆင့်သော် လည်းကောင်း၊ တရုတ်ပြည်မကြီးရှိ ငွေလွှဲဘဏ် (Corresponding Bank) တစ်ဆင့်သော်လည်းကောင်း ဆောင်ရွက်ရပါတယ်။

တရုတ်စီးပွားရေးကို ကျားကန်ပေးဖို့နဲ့ တရုတ်ပြည်တွင်း စီးပွားရေးလုပ်ငန်းတွေ "ပြည်ပထိုးဖောက်ရေး" (Going Abroad) မဟာဗျူဟာကိုမြှင့်တင်ဖို့ အတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ CIPS စနစ်က အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်နေကြောင်း မစ္စတာဖန်က ပြောပါတယ်။

# အလုပ်အကိုင်ရရှိမှု အခြေအနေ နိမ့်ကျနေဆဲဖြစ်ပေမယ့် ၂၀၁၅ ခုနှစ်အတွင်း အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးဖွယ်ရှိ

စက်တင်ဘာလအတွင်းက ထုတ်ပြန်ခဲ့တဲ့ အလုပ်အကိုင် အစီရင်ခံစာအရ အလုပ်အကိုင်ရရှိမှု အခြေအနေ အားနည်းနေတာဟာ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေး နှေးကွေးကျဆင်းနေဆဲဆိုတာကို ပြသနေပါတယ်။

ဒါကြောင့် ဗဟိုဘဏ်ရဲ့ စီးပွားရေး မူဝါဒပြုပြင်ပြောင်းလဲပေးဖို့အတွက် နှောင့်နှေးသွားစေနိုင်ပါတယ်။ မည်သို့ပင်ဆိုစေ ဗဟိုဘဏ်အတိုးနှုန်းများကို ယခုနှစ်အတွင်း မြှင့်တင်ပေးနိုင်လိမ့်မယ်လို့ ဘော့စတွန် ပြည်နယ် ဗဟိုဘဏ် အကြီးအကဲ အီးရစ်ရိုဆင်ဂရင်းက ယုံကြည်နေဆဲဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထား ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက နှစ်ရာခိုင်နှုန်းအောက် ကျဆင်းနေပြီး အလုပ်လက်မဲ့နှုန်းက ၅ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်မှုရှိနေမယ်ဆိုရင် အများစုက မျှော်လင့်နေတဲ့ အတိုးနှုန်းမြှင့်တင်မှုကို လာမယ့်နှစ်အထိ ရွှေ့ဆိုင်းထားဖို့ ဆန္ဒရှိကြောင်း ရိုက်တာသတင်းနဲ့ တွေ့ဆုံခန်းမှာ ရိုဆင်ဂရင်းက ပြောပါတယ်။

ဘဏ္ဍာရေးအကျပ်အတည်း ကြီးမားစွာဖြစ်ပေါ်ခဲ့တဲ့ ၂၀၀၈ ခုနှစ်နောက်ပိုင်း အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကို သုည ရာခိုင်နှုန်းဝန်းကျင်မှာ ထိန်းသိမ်းထားဆဲ ဖြစ်ပါတယ်။ ယခုအချိန်မှာ စဉ်းစားစရာရှိတာက အမေရိကန်ပြည်ထောင်စုရဲ့ စားသုံးမှုနဲ့ တခြားသုံးစွဲမှုတွေက ကမ္ဘာ့ကုန်စည်ဈေးနှုန်းတွေနဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေတွေရဲ့ ရိုက်ခတ်မှုဒဏ်ကိုခံစားနေရတဲ့ ပို့ကုန်နဲ့ အခြားကဏ္ဍတွေရဲ့ ကျဆင်းနိုင်မှုကို အစားထိုးကာမိနိုင်တဲ့အထိ မြင့်တက် လာပါ့မလားဆိုတဲ့ အချက်ဖြစ်ကြောင်း သူကပြောပါ တယ်။

အကယ်၍ ယခုနှစ် ဒုတိယနှစ်ဝက်မှာ အလုပ်လက်မဲ့နှုန်းမြင့်တက်ပြီး စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းက ၂ ရာခိုင်နှုန်းအောက်ကျနေဦးမယ်ဆိုရင်တော့ အတိုးနှုန်းမြှင့်တင်ပေးမယ့်ကိစ္စကို ၂၀၁၆ ခုနှစ်ထိစောင့်ဆိုင်းဖို့လိုမှာဖြစ်ကြောင်း သူကပြောပါတယ်။ ဒါပေမယ့် အကြာကြီးစောင့်နေမယ်ဆိုရင်တော့ အမှားတွေ ပိုပြီးကျူးလွန်မိသလိုဖြစ်နိုင်ကြောင်း သူကပြောပါတယ်။

# ဇနီးသည်ကို ကလေးစရိတ် တစ်လ အမေရိကန်ဒေါ်လာ နှစ်သောင်းခွဲပေးလိုက်ရတဲ့ အဆိုတော် စတိဗ်ဝမ်ဒါ



ပေါ့ပ်နဲ့ R&B အဆိုတော် အမေရိကန်လူမျိုး စတိဗ်ဝမ်ဒါဟာ ဇနီးသည်ကို ကွာရှင်းထားပြီးဖြစ်ပေမယ့် ဇနီးသည်က တရားရုံးမှာ ကလေးစရိတ်တောင်းခံခဲ့ပါတယ်။

လော့စ်အိန်ဂျလိစ်တရားရုံးက စတိဗ်ဝမ်ဒါကို ကလေးစရိတ်တစ်လကို အမေရိကန်ဒေါ်လာ နှစ်သောင်းခွဲပေးဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။ စတိဗ်ဝမ်ဒါဟာ ဇနီးသည် ခိုင်မီလတ်မောရစ္စနဲ့ လွန်ခဲ့တဲ့ ခြောက်နှစ်ခန့်ကတည်းက ကွာရှင်းထားပြီးဖြစ်ပေမယ့် ကလေးစရိတ်ရလိုမှုနဲ့ စတိဗ်ကို တရားစွဲဆိုခဲ့တာဖြစ်ပါတယ်။

ခိုင်မီလတ်မောရစ္စဟာ စတိဗ်ရဲ့ ဒုတိယမြောက်ဇနီးသည်ဖြစ်ပြီး ၁၀နှစ်အရွယ် သားငယ် မန္တလာနဲ့ ၁၄နှစ်အရွယ် သမီးကြီး ခိုင်လန်းတို့အတွက် ကလေးစရိတ်တောင်းခံခဲ့တာဖြစ်ပါတယ်။

လော့စ်အိန်ဂျလိစ် တရားရုံးကလည်း သူတို့နှစ်ဦးကို တရားဝင်ကွာရှင်းခွင့်ပြု လိုက်ပြီလည်းဖြစ်ပါတယ်။ စတိဗ်ဟာ ကလေးစရိတ် တစ်လ အမေရိကန်ဒေါ် လာ နှစ်သောင်းခွဲကို မောရစ္စရဲ့ဘဏ် စာရင်းထဲကို ထည့်ပေးရမှာဖြစ်ပါတယ်။

စတိဗ်နဲ့မောရစ္စတို့ဟာ ၂၀၀၁ ခုနှစ် က လက်ထပ်ခဲ့ပြီး ကလေးနှစ်ဦးရထား ပြီးချိန် ၂၀၀၉ခုနှစ်မှာ တစ်သီးတစ်ခြား စီ နေထိုင်ခဲ့ကြပါ တယ်။ သူတို့နှစ်ဦးဟာ ၂၀၁၂ခုနှစ်မှာ တရားဝင်လမ်းခွဲကြဖို့ အတွက် တရားရုံးတော်ကို လျှောက်ထားခဲ့ကြတယ်လို့ ဆိုပါတယ်။

အသက် ၆၅နှစ်ရှိပြီဖြစ်တဲ့ စတိဗ်မှာ ဇနီးသည်ငါးဦးက မွေးဖွားတဲ့ သားသမီး ကိုးယောက်အထိ ရှိနေပြီဖြစ်ပါတယ်။ လက်ရှိမှာ သူဟာ သူ့ရဲ့အတူနေချစ်သူ မော်ဒယ် ဘရေစီကမွေးဖွားခဲ့တဲ့ နီယာဆိုတဲ့ သမီးငယ်လေးက အငယ်ဆုံးသမီးလေးဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီအငယ်ဆုံးသမီးလေး နီယာကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလကမှ မွေးဖွားခဲ့တာဖြစ်ပါတယ်။

# AFI ရဲ့ တစ်သက်တာအောင်မြင်မှုထူးချွန်ဆုကို ရရှိသွားခဲ့တဲ့ Star War သီချင်းရေးသူ ဂျွန်ဝီလျံ




ကမ္ဘာတစ်လွှားမှာသိပ်ဖွဲ့ဇာတ်ကား နဲ့ အောင်မြင်မှုသရဖူကို စိုက်ထူနေဆဲဖြစ်တဲ့ Star War ရုပ်ရှင်ဇာတ်ကားရဲ့ နောက်ခံသီချင်းကို စပ်ဆိုသီကုံးပေးခဲ့တဲ့ သီချင်းရေးဆရာ ဂျွန်ဝီလျံကို အမေရိကန်ရုပ်ရှင်သိပ္ပံ (American Film Institute-AFI)က ချီးမြှင့်ပေးခဲ့ တဲ့ တစ်သက်တာအောင်မြင်မှုထူးချွန်ဆုကို ရရှိသွားခဲ့ပါတယ်။

ဂျွန်ဝီလျံဟာ အကယ်ဒမီဆု ငါး ကြိမ်တိုင်ရရှိခဲ့ပြီးဖြစ်တာကြောင့် ခုလို တစ်သက်တာအောင်မြင်မှုထူးချွန်ဆုကို ချီးမြှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဂျွန်ဝီလျံဟာ နောက်ခံသီချင်းများ နဲ့ Star War, Jaw, Schindler's List နဲ့ E.T. စတဲ့ ရုပ်ရှင်ကားတွေရဲ့ ဇာတ် ဝင်သီချင်းတွေ၊ နောက်ခံတေးသီချင်းတွေကို စပ်ဆိုသီကုံးပေးခဲ့သလို တခြားဇာတ်ကားအများအပြားမှာလည်း နောက်ခံတေးသီချင်းတွေကို ရေးစပ်သီ ကုံးပေးခဲ့သူဖြစ်ပါတယ်။

အမေရိကန်ရုပ်ရှင်သိပ္ပံရဲ့အဆိုပါ ဆုချီးမြှင့်ပွဲကို ၂၀၁၆ခုနှစ် ဇွန်လ ၉ ရက်နေ့မှာ ကျင်းပမှာဖြစ်ပါတယ်။ "ဂျွန်ဝီလျံဟာ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ ရုပ်ရှင်ဇာတ်ကားတွေရဲ့ နောက်ခံတေးသီချင်းတွေကို ရေးပေးနေတာပါ။ သူရေးတဲ့သီချင်းတိုင်းဟာလည်း အောင်မြင်တဲ့ဇာတ်ကားတိုင်းမှာ ပါဝင်နေလေ့ရှိပါတယ်"လို့ AFI ဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဆာဟိုးဝပ်စထရိန်းဂျား က ပြောကြားခဲ့ပါတယ်။ ဒီဆုဟာ AFI ရဲ့ ၄၄ ခုမြောက် တစ်သက်တာအောင်မြင်မှုထူးချွန်ဆုဖြစ်တယ်လို့ ဆိုပါတယ်။



# မွေးပေါက်လို့ အယ်လ်ဘမ်ထွက်ရက်နောက်ကျခဲ့ရတဲ့ ဆယ်လီနာဂိုမက်ဇ်

အဆိုတော်ရုပ်ရှင် မင်းသမီးချော ဆယ်လီနာဂိုမက်ဇ်ဟာ သူ့ရဲ့ ခန္ဓာကိုယ်မှာ ပွေးပေါက်နေခဲ့ တာ ကြောင့် သူ့ ရဲ့ ဒုတိယ အယ်လ်ဘမ် ထွက် ရက် နောက်ကျခဲ့ရတာ ဖြစ်တယ်လို့ ဘီလ်ဘုတ်နယူးစ်ကို ပြောကြားလိုက်ပါတယ်။

ဆယ်လီနာဟာ သူ့ရဲ့ခန္ဓာကိုယ် မှာ ပွေးပေါက်နေတာကြောင့် အဲဒီအရေပြားရောဂါကို ခတ်ရောင်ခြည် ကုထုံးနဲ့ကုသခဲ့ရပါတယ်။ ၂၀၁၄ခုနှစ် တစ်နှစ်လုံး သူဟာ လူတွေနဲ့ ခပ်ကင်း ကင်းနေခဲ့သလို ဒုတိယတစ်ကိုယ်တော်အယ်လ်ဘမ် Revival ကိုလည်း ဖိဖိစီးစီး မလုပ်နိုင်ခဲ့ဘူးလို့ဆိုပါတယ်။

"ကျွန်မ မနှစ်က တစ်နှစ်လုံး စိတ် ရှုပ်နေခဲ့တာပါ။ ဒီရောဂါက ကျွန်မကို စိတ်ဒုက္ခပေးနေခဲ့တာပါ။ ဒီရောဂါက ကူးစက်မြန်တဲ့ရောဂါဖြစ်သလို ရောဂါကြောင့်လည်း လူတောထဲမတိုးရဲလောက်တဲ့အထိ ဖြစ်ရပါတယ်။ခတ်ရောင်ခြည် ကုထုံးနဲ့ကုသပြီး ရောဂါလုံးဝပျောက်ကင်းတဲ့အထိ လူသူထူထပ်တဲ့နေရာတွေကို ရှောင်ကြဉ်ခဲ့ရပါတယ်။ မီဒီယာတွေကတောင် ကျွန်မ ပြန်လည်ပြုပြင်ရေးစခန်းကို ရောက်နေပြီလို့ ရေးသားခဲ့ကြပါတယ်။ တကယ်တော့ ကျွန်မမှာ ဖော်ပြပြောပြလို့မရတဲ့ဒီ အရေပြားရောဂါကြောင့်ပါ။ ခုတော့ အဲဒီရောဂါဆိုးကြီး ပျောက်ကင်းသွားပါပြီ"လို့ ပြောကြားခဲ့ပါတယ်။

ဆယ်လီနာဟာသူ့ရဲ့ဒုတိယမြောက် တစ်ကိုယ်တော် တေးအယ်လ်ဘမ်ဖြစ်တဲ့ Revival နဲ့ပတ်သက်ကြီး ဖျော်ဖြေရေး ခရီးစဉ်တစ်ခုထွက်ဖို့ ရှိတယ်လို့လည်း ဆို ပါတယ်။

# လေဖြတ်ရောဂါနဲ့ ကွယ်လွန်သွားတဲ့ Three 6 Mafia အဖွဲ့ဝင် အမေရိကန်ရက်ပါအဆိုတော် ကွတ်ပ်စတာကန်နီကာ



Three 6 Mafia အဖွဲ့ဝင် အမေရိကန်ရက်ပါအဆိုတော် ကွတ်ပ်စတာကန်နီကာဟာ လေဖြတ်ရောဂါနဲ့ အောက်တိုဘာလ ၉ ရက်နေ့က ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။

သူဟာ အောက်တိုဘာလ ၄ရက်နေ့မှာ လေဖြတ်ဝေဒနာကို ခံစားခဲ့ရပြီး သတိလစ်မေ့မြောခဲ့ကာ ဦးနှောက်သေဆုံးသွားခဲ့ပါတယ်။

အသက် ၄၀သာရှိသေးတဲ့ ကွတ်ပ်စတာဟာ အမေရိကန် ရက်ပါလောက မှာ အောင်မြင်ကျော်ကြားတဲ့ ရက်ပါ အဆိုတော်တစ်ဦးဖြစ်သလို ရက်ပါလူငယ်ခြောက်ဦးနဲ့ဖွဲ့စည်းထားတဲ့ Three 6 Mifia ရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင်သူဟာ ဂန်းစတား ဂိုဏ်းအဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါ တယ်။

သူကွယ်လွန်သွားတယ် ဆိုတာကို သူ့ရဲ့သူငယ်ချင်းဖြစ်တဲ့ ဒီဂျေ ပေါလ်က သူ့ရဲ့ပရိသတ်တွေကို အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းက ဖေ့စ်ဘုတ်မှ တစ်ဆင့် အသိပေးခဲ့တာဖြစ်ပါတယ်။

ကွတ်ပ်ဟာ တင်နက်ဆီပြည်နယ် အခြေစိုက် ရက်ပါအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Three 6 Mafia အဖွဲ့ကို စတင်တည်ထောင်ခဲ့တဲ့သူလည်းဖြစ်ပါတယ်။

"ကျွန်တော်တို့ လက်တွဲလာခဲ့တာ နှစ်နှစ်ဆယ်တောင်ရှိသွားခဲ့ပါပြီ။ တကယ့်ညီအစ်ကိုတွေလိုပါပဲ။ ခုတော့ ကွတ်ပ်ကွယ်လွန်သွားတဲ့အတွက် ညီတစ်ယောက်ဆုံးရှုံးသွားသလိုပါပဲ"လို့ ပေါလ်က သူ့ရဲ့ဖေ့စ်ဘုတ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

ကွတ်ပ်ဟာသူ့ရဲ့ အယ်လ်ဘမ်သစ် ဖြစ်တဲ့ Devil's Playground 2 ကို ဖြန့်ချီဖို့ စီစဉ်နေဆဲမှာပဲ ကွယ်လွန်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့အဲဒီအယ်လ်ဘမ်ဟာ အောင်မြင်မှုရရှိမယ့် အယ်လ်ဘမ်ဖြစ် လာနိုင်တယ်လို့ဆိုပါတယ်။ သူဟာ အဲဒီ အယ်လ်ဘမ်မှာပါဝင်တဲ့သီချင်းတွေနဲ့ လာမယ့်လမှာ ဂီတဖျော်ဖြေပွဲတစ်ခုပြုလုပ်ဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။


An Ideal Showcase for 3 industries/ အဓိကစီးပွားရေးလုပ်ငန်းစဉ် ၃ခုအတွက်အကောင်းဆုံးသောပြပွဲကြီး
AGRI MYANMAR 2015
LIVESTOCK MYANMAR 2015
AQUA FISHERIES MYANMAR 2015
The Biggest International Show For Agriculture,Livestock, Aquaculture and Fisheries in Myanmar
မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ၊မွေးမြူရေး ၊ရေလုပ်ငန်း နှင့် ငါးလုပ်ငန်းတို့အတွက် အကြီးမားဆုံးအပြည်ပြည်ဆိုင်ရာ နိုင်ငံတကာပြပွဲ
၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၄ရက်နေ့မှ၁၆ရက်နေ့အထိ
မြန်မာကွန်ဗင်းရှင်းစင်တာ ၊ ရန်ကုန် ၊ မြန်မာ
ဤဗိတ်စာကိုယူဆောင်လာပြီးVietnam
ခေါက်ဆွဲ "Pho" ကို
မေတ္တာလက်ဆောင်သုံးဆောင်နိုင်ပါသည်။
14 - 16
October, 2015
MCC
Yangon, Myanmar
Free Entrance
09:00am - 05:00pm
Daily
Contact Myanmar:
(+95) 1 552 931
Email:
info@minhvi.com
Highlight exhibitors:
Group exhibitors from Vietnam veterinary pharmaceutical manufacturers: FIVEVET, MEBIPHA, ASIFAC, UV, etc
Group exhibitors from Netherland Economic Mission: De Hues, Van Aarsen, Pas Reform, Marel Stork, MSD, etc
HOT TOPIC: "Myanmar-Netherlands Poultry Partnership Launch" on Thursday 15th October
စိတ်ဝင်စားဖွယ်ကောင်းသော ပြပွဲပြသသူများ
- ဗီယက်နမ်နိုင်ငံ တိရိစ္ဆာန် ကျန်းမာရေး၊ ဆေးပညာ နှင့် ဆက်နွယ်နေသော ကုန်ပစ္စည်းများ ထုတ်လုပ် သော ကုမ္ပဏီများဖြစ်သည့် - FIVEVET, MEBIPHA, ASIFAC, UV နှင့် အခြား စိတ်ဝင်စားဖွယ်ရာ ပြပွဲပြသသူများ
- နယ်သာလန်နိုင်ငံမှ စီးပွားရေးနှင့်ပတ်သက်ပြီး အမြော်အမြင်ရှိသော ကုမ္ပဏီများဖြစ်သည့် - De Hues, Van Aarsen, Pas Reform, Marel Stork, MSD စသော ပြပွဲပြသသူများ
စိတ်ဝင်စားဖွယ်ကောင်းသော သတင်းအချက်အလက်
- အောက်တိုဘာလ ၁၅ ရက် (ကြာသပတေးနေ့) တွင် မြန်မာ-နယ်သာလန် မွေးမြူရေးဆိုင်ရာ အကျိုးတူပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်။
Organized by/ စီစဉ်သူ
Supported by/ ထောက်ပံ့ထားသူများ
MFVP
Media Sponsors:/ မီဒီယာ ကမကထပြုသူများ
THE Farmer
Food & Beverage Online www.21food.com
Aquaculture Directory
AQUA FEED


နွေရာသီနဲ့မှားရတဲ့ မွှေးရနံ့
စွတ်စိုထိုင်းမှိုင်းမှုကြောင့် အဝတ်အစားတွေ
အောက်သိုးသိုးရနံ့ ထွက်တတ်တဲ့မိုးရာသီမှာ
"FUJI မွှိုနံ့ရှင်းဆပ်ပြာခရင်(မ်)" နဲ့ လျှော်ပြီး
အိမ်ထဲမှာလှန်းလိုက်တော့ ရနံ့လေးကမွှေးလွန်းလို့
ကျေးငှက်ကလေးတွေက နွေရာသီနဲ့မှားခဲ့ရပြီပေါ့။
FUJI ULTRA
FUJI ULTRA
အနံ့လေးက မွှေးနေတာပဲ

# COMMERCE INTERNATIONAL



# ကမ္ဘာ့ပထမဆုံးရွှေရောင်ဆန် ရှေ့ပြေးစမ်းသပ်စိုက်ပျိုးဖို့ ဘင်္ဂလားဒေ့ရှ်ပညာရှင်တို့ အသင့်ဖြစ်

ရွှေရောင်ဆန် (Golden Rice) လို့ လူသိများ ပြီး ဗီတာမင်အေကြွယ်ဝတဲ့ ဆန်တစ်မျိုးကို စီးပွားဖြစ်မထုတ်လုပ်မီ ကွင်းဆင်းစမ်းသပ်မှုများ ဆောင်ရွက်ဖို့ ဘင်္ဂလားဒေ့ရှ် ဆန်သိပ္ပံပညာရှင်တို့ အသင့်ရှိနေကြောင်း သည်ဒေးလီးစတားသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာပေါ်မှာ ပထမဆုံးပေါ်ခဲ့တဲ့ ဇင့်ဓာတ် ကြွယ်ဝတဲ့ ဆန်သုံးမျိုးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက အောင်မြင်စွာဖော်ထုတ်နိုင်ပြီးနောက်ပိုင်း ဗီတာမင်အေကြွယ်ဝတဲ့ ဆန်အမျိုးအစားကို ဆက်တိုက်ဖော်ထုတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ မျိုးရိုးဗီဇပြုပြင်ထားတဲ့ ရွှေရောင်ဆန်ကို မျိုးရိုးဗီဇပြုပြင်ရေး ဓာတ်ခွဲခန်းမှာ စမ်းသပ်အောင်မြင်ပြီးပြီဖြစ်လို့ ဘင်္ဂလားဒေ့ရှ်ဆန်သုတေသနသိပ္ပံ (Bangladesh Rice Research Institute BRRI) က ဆန်မျိုးသစ် GR-2E BRRI dhan 29 ကို ယခုနှစ် နိုဝင်ဘာ ဆောင်းရာသီကစပြီး သီးခြားသတ်မှတ်ထားတဲ့ စမ်းသပ်စိုက်ကွင်းမှာ စိုက်ပျိုးမှာဖြစ်ပါတယ်။

ဒီနောက်ပိုင်းမှာတော့ စမ်းသပ် စိုက်ကွင်း အများအပြားမှာ စိုက်ပျိုးသွားမှာဖြစ်ပြီး ဒီနောက်ဆုံး အဆင့်ပြီးမှ လယ်သမားတွေကို ဖြန့်ဖြူးသွားမှာဖြစ်ကြောင်း BRRI မှ အရာရှိတွေက ပြောပါတယ်။

ဗီတာမင်အေဓာတ်လို့ အများက သိထားတဲ့ Beta Carotene ဓာတ်ကြွယ်ဝတဲ့မျိုးအဖြစ် ရရှိအောင် ရွှေရောင်ဆန်ရဲ့ မျိုးရိုးဗီဇကို ပြုပြင်ထားပါတယ်။ သာမန်ဆန်မှာ Beta Carotene ပါဝင်ခြင်း မရှိပါဘူး။ ဒါကြောင့် ဆန်ကိုအဓိကအစားအစာ အဖြစ် မှီဝဲစားသုံးမယ်ဆိုရင် ဗီတာမင်အေချို့တဲ့ရောဂါ (Vitamin A Deficiency-VAD) ဖြစ်တတ်ပါတယ်။ ဒီရောဂါ က ကလေးငယ်တွေနဲ့ ကိုယ်ဝန်သည်မိခင်တွေကို ပြင်းပြင်း ထန်ထန် နှိပ်စက်တတ်ပါတယ်။

တစ်နေ့ကို ရွှေရောင်ဆန် ဂရမ် ၁၅၀ စားသုံးရင် အရွယ်ရောက်ပြီး လူတစ်ယောက်အတွက် တစ်နေ့တာလိုအပ်မယ့် ဗီတာမင်အေဓာတ်ကို ရရှိနိုင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအများစုက ကယ်လိုရီရရှိဖို့ လိုတဲ့ပမာဏရဲ့ ၇၀ ရာခိုင်နှုန်းကို ဆန်ကိုစားသုံးခြင်းဖြင့် ရရှိတာဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကောက်ယူထားတဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ ဘင်္ဂလားဒေ့ရှ်မှာ မူလတန်းကြိုအရွယ်ကလေး ငါးယောက်မှာ တစ်ယောက်က ဗီတာမင်အေချို့တဲ့နေပါတယ်။ ကိုယ်ဝန်သည်မိခင် ၂၃ ဒသမ ၇ ရာခိုင်နှုန်းက ဗီတာမင်အေချို့တဲ့နေပါတယ်။

ကလေးအရွယ်မှာ မျက်လုံးကွယ်ရတဲ့ အဓိကလက်သည်က ဗီတာမင်အေ ချို့တဲ့မှုကြောင့်ဖြစ်ကြောင်းနဲ့ တစ်ကမ္ဘာလုံးခြုံကြည့်ရင် ဗီတာမင် အေချို့တဲ့မှုကိုအကြောင်းပြုပြီး ကလေးငယ်သေဆုံးမှုက တစ်နှစ်မှာ ၆ ဒသမ ၇ သန်းရှိပြီး မျက်စိကွယ်သူ သုံးသိန်းခွဲရှိကြောင်း BRRI က ပြောပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# အီဘိုလာကာကွယ်ဆေးကို ဂျွန်ဆင်အင်ဂျွန်ဆင်က ဆီရီယာလီယွန်တွင် စတင်စမ်းသပ်မည်

အီဘိုလာကာကွယ်ဆေးကို ဆေးပေးခန်းစမ်းသပ်မှုအဖြစ် ဆီရီယာလီယွန်နိုင်ငံတွင် ဂျွန်ဆင်အင်ဂျွန်ဆင် (Johnson & Johnson) ကစတင် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြထားပါတယ်။ အနောက်အာဖရိကမှာ အီဘိုလာရောဂါဖြစ်ပွားမှု ကျဆင်းမှေးမှိန်လာပြီဖြစ်ပေမယ့် ဒီဆေးထုတ်လုပ်မှုကို အရှိန်မြင့် ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်။



ယခုစတင်ဆောင်ရွက်တဲ့ လေ့လာစမ်းသပ်မှုမှာ ထုတ်လုပ်ထားတဲ့ဆေးဝါးရဲ့ ဘေးကင်းလုံခြုံမှုနဲ့ ခန္ဓာကိုယ်တွင်းမှာ ရှိတဲ့ ရောဂါပိုးကို ဆေးရဲ့တုံ့ပြန်မှုစတဲ့အချက်တွေကို လေ့လာသွားမှာဖြစ်ပါတယ်။ ဒီရောဂါပိုးကြောင့် ဂီနီအာ၊ လိုင်ဘေးရီးယားနဲ့ ဆီရီယာလီယွန်နိုင်ငံတို့မှ လူပေါင်း ၁၁၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ပါတယ်။

ယခုအခါ အဆိုပါနိုင်ငံများမှာ ရောဂါထပ်မံဖြစ်ပွားမှု မရှိတော့ဘူးလို့ ရောဂါစတင်ဖြစ်ပွားခဲ့တဲ့ ၂၀၁၄ ခုနှစ် မတ်လနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ယခင်ရက်သတ္တပတ်က ကြေညာခဲ့ပါတယ်။

ဂီနီအာနိုင်ငံမှာ ဇူလိုင်လအတွင်းက ဆေးပေးစမ်းသပ်မှုအဖြစ် မတ်နဲ့နယူးလင့် ဂျနက်တစ်ကထုတ်လုပ်တဲ့ ကာကွယ်ဆေးကို စမ်းသပ်ခဲ့ရာ ၁၀ ရာခိုင်နှုန်းအောင်မြင်ခဲ့တဲ့အတွက် ကမ္ဘာပေါ်မှာ အီဘိုလာကာကွယ်ဆေးကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ကွဲပြားခြားနားတဲ့ လူအုပ်စုအလိုက် သင့်တော်မယ့် ကာကွယ်ဆေးများကို ထုတ်လုပ်နိုင်ရန်သိပ္ပံပညာရှင်များနဲ့ ဆေးဝါးကုမ္ပဏီတို့က ဆက်လက်ကြိုးပမ်းကြပါတယ်။

Medecins Sans Frontiers အဖွဲ့ဝင်လှုပ်ရှားမှုအဖွဲ့များကလည်း ကာကွယ်ရေးဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်တင်ရေးနဲ့ ဈေးနှုန်းသက်သက်သာသာနဲ့ အများအပြားဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ဖို့ စိတ်ဝင်စားလျက်ရှိပါတယ်။ ရှေ့ပြေးစမ်းသပ်မှုအဖြစ်ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ရာ ကနဦးကာကွယ်ဆေးထိုးခံကြမယ့် ပထမဆုံးစေတနာ့ဝန်ထမ်းများကို ရွေးချယ်ထားပြီးဖြစ်ကြောင်း ကာကွယ်ဆေးထုတ်လုပ်ရန် Bavarian Nordic နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ဂျွန်ဆင်အင်ဂျွန်ဆင်က ပြောပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

DATE: 12th October 2015

<< August And September Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 18.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Leading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်သုံးနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။